


တစ်ကိုယ်တော်မြွေဓားရှင်
ကာစဉ် ၁
တာစဉ် ၂
နှစ်မျိုးပေါင်းချုပ်ထားသည်

# ကျော်နှင်းအောင်

တစ်ကိုယ်တော်မြွေဓားရှင်

စာစဉ် ( ၂၀ )

( ဆက်သိမ်းပိုင်း )

[ ၃၄ ]

## ကျန်ရောက်ဖူးရဲ့ ကံကြမ္မာ

မြွေဓားရှင်သည် ကျန်အင်းမြို့သို့ တစ်နေ့၌ ရောက်ရှိလာခဲ့သည်။

မြို့မှာ [၁၀]နှစ်တာ ကာလအတွင်း မည်သို့မျှ မပြောင်းလဲဘဲ ရှိ၏။

သူတို့မိသားစု မြွေအလမ္ဘာယ် ပြသခဲ့သောနေရာ ရောက်လျှင် သူ၏မျက်စိထဲ ငယ်စဉ်ကအဖြစ်များမှာ ကြေးမုံ အသွင် ပြန်လည်၍ အရိပ်ထင် မြင်ယောင် ခဲ့သည်။

မြွေဓားရှင်မှာ အံကိုတင်းနေအောင်ကြိတ်လျက်....

'ကျုပ်လာပြီ မြို့စားရေ၊ ကျုပ်မိဘတွေ သေဆုံးခဲ့သလို ခင်ဗျားတို့မိသားစုလဲ အသေဆိုးနဲ့ သေစေရမယ်'

စိတ်ထဲသို့ကြိမ်းဝါးရင်း မြင်းညိုကြီးအား စားသောက်ဆိုင် တစ်ခုရှေ့၌ ရပ်တန့်လိုက်သည်။

သူ့အဖို့ ကျန်အင်းမြို့မှာ စိမ်းသောမြို့တစ်မြို့ မဟုတ်ပါချေ။ ကျန်အင်းမြို့ကသာလျှင် သူ့အား သူစိမ်းပြင်ပြင်ရှိနေမည် ဖြစ်သည်။

လွန်ခဲ့သော အတိတ်ကာလမှ ကျင်စွိဆိုသော ကောင်လေးကား အခြေခံ သိုင်းပညာ သောက်သာ တတ်မြောက်ပြီး မှုန်ကုပ်နေသည့် ခုနစ်နှစ်ရွယ် ကလေးတစ်ဦးသာ ဖြစ်ခဲ့သည် မဟုတ်ပါလား။

ရွှေမြို့ပေါ် စားသောက်ဆိုင်။

သူက ဆိုင်းဘုတ်ကို ငေးကြည့်လျက် အံ့သြနေမိလေသည်။

ဤဆိုင်မှာ တချိန်က သူတို့မိသားစု စတည်းချရာ၊ ကွန်းခိုရာ စားသောက်ရာ ဆိုင်ကြီးတစ်ဆိုင်သာ ဖြစ်၏။

သူတို့မိသားစုအား အထင်ကြီးလေးစားကြည်ညိုကြသော ဆိုင်ဖြစ်၏။

ဆိုင်ပိုင်ရှင် ဖမ်ယွူကြီး၏ အသက်ကို ကယ်တင်ခဲ့ဖူးသောကြောင့် ဖခင်ဖြစ်သူအား ကျေးဇူးတင်မဆုံး ဖြစ်လျက် ကျန်အင်းမြို့သို့ ရောက်တိုင်း သူ့ဆိုင်၌သာ တည်းခိုနေထိုင်စေခဲ့၏။

သူတို့မိသားစုအတွက် လိုလေသေးမရှိအောင် ပြုစုလေ့ရှိ၏။

ခရီးတစ်ခု၌ ပိုးထိုးနေသော ဖမ်ယွူကြီးအား ဖခင်က တွေ့ရှိပြီး ဆေးကုသပေးခဲ့သဖြင့် အသက်ချမ်းသာရာ ရရှိခဲ့သည်။

ထို့ကြောင့် ဖခင်အား ကျေးဇူးတင်ဂုဏ်ပြုသောအားဖြင့် သူက စားသောက်ဆိုင်နာမည်ကိုပင် မြွေမြို့တော်ဟု အမည်တပ်ကာ ဖွင့်လှစ်ခဲ့လေသည်။

သို့ကြောင့်ပင်လျှင် ကျန်အင်းမြို့၌ မြွေပွဲတော်ကို ကျင်စွိတို့ မိသားစုက လာရောက်ပြသခဲ့ခြင်း ဖြစ်သည်။

ခုတော့ သည်မြွေမြို့တော်မှ တစ်ဖြစ်လဲကာ ရွှေမြို့တော် နာမည်သစ်နှင့်ဖြစ်နေ၍ ကျင်စွိမှာ ဇဝေဇဝါဖြစ်လျက် ဝင်ရောက်ခဲ့မိ၏။

'ဟုတ်ပါတယ်၊ ငါငယ်ငယ်တုန်းက နေထိုင်ခဲ့ဖူးတဲ့ စားသောက်ဆိုင်ကြီး တစ်ခုပါပဲ'

မြွေဒေးရှင်က ဆိုင်၏ အခင်းအကျင်းများကို ကြည့်ရှု၍ တစ်ချိန်က သူတို့မိသားစု တည်းခိုခဲ့သည့် စားသောက်ဆိုင် ဖြစ်မှန်း သိလိုက်ရသည်။

ချောင်ကျကျ စားပွဲလွတ်တစ်လုံး၌ ဝင်ရောက်ထိုင်ပြီး ဆိုင်အား အကဲခတ်ကြည့်ရှုသေးသည်။

ဆိုင်မှာ ယခင်ကအတိုင်း စည်းကားမြဲရှိ၏။ စားသောက်သူများနှင့် ဆူညံ နေခဲ့သည်။

သူနှင့် ခပ်လှမ်းလှမ်း အကွာအဝေးရှိ ထောင့်သိမ်း စားပွဲနောက်၌ ပိန်ပိန်ရှည်ရှည်အရပ်ကြီးနှင့်လူတစ်ဦးကို ရုတ်တရက် တွေ့လိုက်မိသဖြင့် ကျင်စွိ ပြုံးလိုက်မိလေသည်။

ထိုလူမှာ သူ၏မုတ်ဆိတ်မွေး တစ်ထွာခန့်ကို လက်နှင့် အသာပွတ်သပ်၍ တစ်စုံတစ်ရာကို စဉ်းစားနေဟန် ရှိလေသည်။

မျက်မှန်အဝိုင်း သေးသေးလေးအား တပ်ဆင်လျက် မျက်မှောင်ကုတ်ပြီး နေသည့်အတွက် သူက ချက်ချင်းမမှတ်မိခြင်း ဖြစ်သည်။

ဤသူကား သူတို့မိသားစုအား တစ်ချိန်က အလွန်လေးစား ခင်မင်ခဲ့ရသည့် မြေမြို့တော် စားသောက်ဆိုင် ပိုင်ရှင်ဖြစ်သူ ဖမ်ယူကြီးပင် ဖြစ်၏။

သူ၌ စာကြည့်မျက်မှန်ဝိုင်းသေး တပ်ဆင်ထားသည်နှင့် အရွယ်အားဖြင့် အနည်းငယ် ပိုမို ရင့်ရော်လာသည်မှ အပ ယခင် ဆယ်နှစ်ကျော် အချိန်ကာလများ အတိုင်းပင် ဖြစ်သည်။

ထိုစဉ် စားပွဲထိုးအလုပ်သမားတစ်ဦးက သူ့စားပွဲရှေ့၌ လာရောက် ရပ်လာ၏။

'ဘာသောက်မလဲ ဆရာ၊ အစားစားချင်ရင်လဲ ခေါက်ဆွဲကြော် ဆီချက် ထမင်း အံကုန်ရပါတယ် ခင်ဗျာ'

စားပွဲထိုးမှာ လုပ်နေကျအတိုင်း နှုတ်မှ ဘုရစပ် ရွတ်လိုက်သဖြင့် သူကပြုံးမိ၏။

'ကြက်သားဆန်ပြုတ် တစ်ပွဲပေးပါ၊ အဲ နောက်ပြီး ဟောဟို ဦးကြီး ဖမ်ယူကိုလဲ ပြောလိုက်စမ်းပါ ခင်ဗျာ၊ ဒီဆိုင်မှာ မြေသခင်လူလေး ရောက်နေတယ်လို့'



စားပွဲထိုးက သူ့အား ခြေဆုံး ခေါင်းဆုံး အကဲခတ်ပြီး ခေါင်းညိတ်ကာ သူ့အနီးမှ လျင်မြန်စွာ ထွက်ခွာသွားလေသည်။

မကြာမီ ဆိုင်ရှင် ဖမ်ယူကြီး အရပ်ကြီး ကိုင်းကိုင်းနှင့် သုတ်သီးသုတ်ပျာ လျှောက်လှမ်းလာသည်ကို တွေ့ရ၏။

သူ့နောက်မှ စားပွဲထိုးကလည်း ကြက်သားပန်းကန်အား ကိုင်ကာ လိုက်ပါလာလေသည်။

ကျင်စွ ရှေ့သို့ ရောက်လျှင် ခြေစုံရပ်ပြီး မျက်မှန်ပေါ်မှ ကျော်၍ ကြည့်ရှု၏။

ကျင်စွကလည်း ညင်သာစွာ ပြုံးပြလိုက်သည်။

အဘိုးကြီးက မျက်ခမှောင်ကုတ်ပြန်သည်။

'ကျွန်တော် ကို မမှတ်မိတော့ဘူးလား ဦးကြီးဖမ်'

'မင်း....မင်း မြေသခင်လူလေး မဟုတ်လားကွယ့်'

'ဟုတ်ပါတယ်၊ မြေဟုရင် ကျင်ဖွန်းရဲ့သားလေ၊ ဦးကြီးဖမ်ရဲ့'

စားပွဲထိုးက ကြက်သားဆန်ပြုတ်ပန်းကန်ကို ချပေးလိုက်ရာ ဖမ်ယူကြီးက ဆန်ပြုတ်ပန်းကန်ကို ကြည့်ပြီး....

'အင်း....လူကသာပြောင်းလဲသွားပေမယ့် ငယ်ကအကြိုက်တော့ မပြောင်းလဲသေးဘူးနော်၊ လူလေးရဲ့ အကြည့်တွေကလဲ အလျင်ကအတိုင်းပဲ မှုန်ကုပ်ကုန်လေး'

ဆိုင်ရှင် ဖမ်ယူကြီးမှာ ငယ်စဉ်က သူ့ဆိုင်၌ စားသောက်တိုင်း သူက ကြက်သားဆန်ပြုတ်ကိုသာလျှင် စားသောက်

တတ်ခြင်းကို သတိရပြီး ပြောလိုက်ခြင်းသာ ဖြစ်လေတော့သည်။

ထို့ပြင် သူက ငယ်စဉ်ကလေးဘဝကပင် မှုန်ကုပ်ကုပ် ရှုတည်တည်နေတတ်သည့် သူဖြစ်ကြောင်း ဖမ်ယူကြီးက အမှတ်တရ ပြောနေပြန်၏။

မည်သို့ဖြစ်စေ ဖမ်ယူကြီးအား ကြည့်ရှု အကဲခတ်ရသည်မှာ ဝမ်းသာအားရ ဖော်လို့ကောင်း အမူအရာမျိုးမရှိချေ။

သာမန် နေ့စဉ် တွေ့မြင်နေရသူများနှင့် စကားပြောဆိုနေသည့်နှယ်ပင်ဖြစ်၍ ကျင်စွ်မှာ နားမလည်နိုင်အောင် ဖြစ်သွားမိသည်။

ဦးကြီးဖမ်ယူ တစ်ယောက် သူ့အပေါ်၌ သဘောထား ပြောင်းလဲသွားခဲ့ပြီဟု ယူဆလိုက်မိ၏။

ထိုသို့ တွေးမိသည်နှင့် ကျင်စွ်၏ မျက်နှာသည်လည်း ပြုံးနေရာမှ မှုန်ကုပ်သွားရပြန်လေသည်။

ထိုအခါ ဖမ်ယူက သူ့မျက်နှာအနီးသို့ ကိုယ်ကိုကိုင်းဆန့်ပြီး တိုးလျစွာ ပြောလေ၏။

'လူလေး ဆန်ပြုတ်သောက်ပြီးရင် ဆိုင်အနောက်ဘက် ဦးကြီးဖမ်အခန်းထဲ ဝင်ခဲ့ပါ၊ ဒီမှာ မြို့စားကြီးရဲ့လူတွေ အများကြီး ရှိနေကြတယ်ကွယ့်၊ ဒါကြောင့် နားလည်ပါ လူလေးရယ်'

သူက အံ့ဩနေသည့်အမူအရာနှင့် နားထောင်ပြီး ခေါင်းကိုသာ ဆတ်ခနဲ ညိတ်ပြလိုက်မိသည်။



ထို့နောက် ဆိုင်ရှင် ဖမ်ယူကြီးလည်း သူ့အပါးမှ လျင်မြန်စွာ ထွက်ခွာသွားရာ ကျင်စွ်မှာ ကူခြေဖျက် ဆန်ပြုတ်အား သောက်နေလိုက်ရလေသည်။

ဆန်ပြုတ်သောက်ပြီးသောအခါ မြွေဓားကြီးကို ခါးလည်မှ ကောက်ကိုင်လျက် ခပ်တည်တည်နှင့် ငွေသိမ်းစားပွဲရှိရာသို့ ခြေလှမ်းကို ဦးတည်လိုက်၏။

ငွေသိမ်းစားပွဲနောက်မှ ဖမ်ယူက သူ့အား မည်သည့် စကားမှ မပြောဆိုတော့ဘဲ နောက်ဘက် သူ့အခန်းသို့ သွားရောက်သည့်လမ်းကိုသာလျှင် လက်ညှိုးထိုးလျက် ညွှန်ပြသဖြင့် သူလည်း ထိုလမ်းအတိုင်း လျှောက်လှမ်းသွားလေ၏။

အခန်းတစ်ခုကိုတွေ့၍ အနီးမှ အလုပ်သမားတစ်ဦးကို မေးမြန်းပြီး ဝင်ရောက်နေလိုက်၏။ မဝေးမနှောင်းမီ ဖမ်ယူကြီး အခန်းထဲသို့ လိုက်လာသည်ကို တွေ့ရလေ၏။

အခန်းထဲရောက်သည်နှင့် ဖမ်ယူကြီးက သူ့အား ရင်းနှီးခင်မင်စွာ လက်ယမ်းနှုတ်ဆက်ရှာ၏။

'လူလေးကို တွေ့တွေ့ချင်း ဝမ်းသာမိပေမယ့်၊ အပြင်မှာက အန္တရာယ်များလွန်းလို့ ဦးကြီးလဲ မျိုသိပ်ထားရတယ်ကွယ့်၊ ခုမှပဲ အေးအေးဆေးဆေး ဝမ်းသာစကား ပြောရတော့တယ်၊ အင်း...မြွေဘုရင်...မြွေဘုရင် နှမြောစရာလူတွေပဲ၊ မြို့စားညစ်ကြောင့် အသက်ဆုံးရှုံးရှာကြတယ်နော်'

ဖမ်ယူကြီး၏ အမူအရာမှာ ဝမ်းသာနေဟန်ရှိရာမှ စကား ပြောရင်း မျက်နှာသည် ဝမ်းနည်းကြေကွဲနေသည့် အရိပ်တို့ ထင်ဟပ်လာသည်အား တွေ့ရှိရ၏။

ကျင်စွံက အံကို တင်းနေအောင် ကြိတ်လိုက်မိပြန်၏။

'ကျွန်တော့်မိဘတွေ သေရသလို သူတို့မိသားစုကိုလဲ ကျွန်တော် လက်စားချေဖို့ ပြန်လာခဲ့တာပဲ ဦးကြီး ဖမ်'

နှုတ်ကသည်း တစ်လုံးချင်း ဖွင့်အန်ပြောချလိုက်မိ၏။

ဖမ်ယူကြီးက ကျင်စွံအား မျက်လုံးနှစ်လုံးကို ပြူးကြည့်လာသည်။

ထို့နောက် ကျင်စွံ အံ့သြနေသည့်စကားတို့ကို ပြောပြသည်။

'မြို့စားကတော်နဲ့ သားတော် ကျွန်ရဲတင်တို့ နှစ်ဦးဟာ မင်းရဲ့ ရွှေသတ္တဝါလေးကြောင့် သေဆုံးခဲ့ကြတာကို မင်း မသိဘူးလားကွယ်'

'ခင်ဗျာ'

သူသည် အမှန်တကယ်ပင် အံ့သြမှင်တက်မိကာပါးစပ်မှပင် အာမေဋိတ်သံ ထွက်သွားရလေ၏။

'ရွှေသတ္တဝါလေးက သူတို့သားအမိကို သတ်လိုက်တယ် ဟုတ်လား ဦးကြီးဖမ်'

'ဩော်...မင်းရဲ့မြွေလေးက ပေါက်သတ်လိုက်တာကွ'

'ဟင်...ရွှေသတ္တဝါလေးက အဆိပ်မှမရှိဘဲ ဦးကြီးရဲ့'

'ဟာ...အဆိပ်မှ အလွန်ပြင်းထန်တဲ့အဆိပ်တဲ့ကွ၊ သားအမိ နှစ်ယောက် တုံးခနဲ သေသွားကြရတာတဲ့'

သူသည် ဖမ်ယူကြီး၏ ပြောစကားကြောင့် အလွန်မှပင် အံ့သြနေမိလေတော့သည်။ သူ့မြွေလေးသည် ခုလို အလွန်အဆိပ်ရှိ သည်ဟု မကြုံဖူးခဲ့။



ဖခင်ကလည်း သတိမပေးခဲ့။ သူတော်ကောင်း မြွေလေး တစ်ကောင်ပင် ဖြစ်ခဲ့၏။

တစ်ခါက ဖခင်ပြောဖူးသည့် အချို့ မြွေသူတော်စင်မျိုး များသည် တစ်သက်တာတွင် တစ်ခါမျှသာ အမျက်ထွက်၍ ထိုအမျက်ကြောင့် အဆိပ်သည်လည်း အလွန်တစ်ရာ ပြင်းထန် တတ်လေရာ ယင်းအဆိပ်သင့်သော လူသတ္တဝါမှန်သမျှမှာ မည်သည့်ဆေးမှ မမီဘဲ တခဏအတွင်း သေဆုံးရတတ်သည်ဟု ပြောဆိုသံ ကြားဖူးခဲ့လေသည်။

ထို့ပြင် ထိုသို့ လူသတ္တဝါတစ်ဦးဦးအပေါ် အမျက်ဒေါသ ထွက်ပြီး ပေါက်မိခဲ့သော် ၎င်းသည်လည်း သူ့ကိုယ်သူအဆုံး စီရင်လေ့ရှိကြသည်ဟု ဆို၏။

အဆုံးစီရင်ပုံမှာလည်း အစာရေစာ မစားသောက်တော့ဘဲ အငတ်ခံ၍ သေလိုက်ခြင်း ဖြစ်သည်။

ရွှေသတ္တဝါလေးသည်လည်း ဖခင်ပြောခဲ့ဖူးသော သူတော် စင် မြွေမျိုးများလား။ ဒါဆိုလျှင် ၎င်းသည်လည်း ဤအခါ တွင် ရှိအုံးတော့မည် မထင်ပေ။

'အင်း ဒါကတော့ သူတို့အပြစ်နဲ့သူတို့ ခံလိုက်ကြရတာ ပဲ၊ ကျွန်တော်ကတော့ မြို့စားကြီး ကျွန်ရောက်ဖူးကို လက် စား ချေရမှ ကျေနပ်မယ် ဦးကြီးဖမ်၊ ဒါမှ ကျွန်တော့်မိဘ တွေအပေါ်မှာလဲ တာဝန်ကျေမယ်လို့ ယူဆတယ်လေ'

'ဦးကြီးလဲ စာနာပါတယ် လူလေး၊ ဒါပေမယ့် ဒီကိစ္စက အင်မတန် အန္တရာယ်များတယ်ကွယ်၊ မြို့စားကြီး ကိုယ်တိုင်က သူ အင်မတန်ချစ် အင်မတန်မြတ်နိုးတဲ့ မိန်းမနဲ့ သားတော်

လေး ငါးသဆိုးရတဲ့အတွက် အလွန်ပဲ ဒေါသထွက် နာကြည်း နေပုံရတယ်။

'မင်းမိဘတွေကို သတ်နိုင်ခဲ့ပေမယ့် မင်းတစ်ယောက် လွတ်မြောက်သွားတာကို သတိထားမိခဲ့တယ်၊ ဒါကြောင့် တစ်နေ့နေ့မှာ သူ့ဆီကို မင်း လာရောက် လက်စားချေလိမ့် မယ်လို့လဲ ယူဆထားတယ်။

'အစဉ်ပဲ သူ့ ရဲမက်တွေကို တပ်လှန့်နိုးဆော်ထားတယ်၊ မြေဘုရင်နဲ့ ပတ်သက်တဲ့ သားချင်းဆွေမျိုးမိတ်ဆွေများကို တွေ့တဲ့ နေရာတိုင်းမှာ စစ်ဆေးမေးမြန်းခြင်းမရှိ သတ်ဖြတ် ပစ်ရမယ်လို့ ခွင့်ပြုအမိန့်ပေးထားခဲ့တယ်ကွယ်'

ဖမ်ယူကြီးမှာ မြို့စားကြီးအား နာကြည်းနေသည်နှင့်အတူ ကြောက်ရွံ့ ထိတ်လန့်နေသည့် အမူအရာမျိုးလည်းပေါ်လွင် နေခဲ့လေ၏။

'ဘာပဲဖြစ်ဖြစ် ကျွန်တော်ကတော့ ဒီ လူယုတ်မာကြီးကို သတ်ပစ်ရမှ ကျွန်တော့်ဘဝ အဓိပ္ပာယ်ရှိမယ်လို့ မှတ်ယူနေ မိတယ် ဦးကြီးဖမ်၊ ဖြစ်တဲ့နည်းနဲ့ အသက်စွန့်လုပ်ကြံရမှာပါ ပဲ ဦးကြီးဖမ်၊ အန္တရာယ်မရှိစေရပါဘူး ခင်ဗျာ'

သူ့စကားကြောင့် ဖမ်ယူကြီးမျက်နှာမှာ ရဲခနဲ ဖြစ်သွား ခဲ့လေသည်။

'လူလေးရဲ့စကားက ဦးကြီးအတွက် ရှက်ဖို့ကောင်းသလို မေးနည်းရာလဲ ကောင်းလှတယ်၊ ဦးကြီးပြောပြနေတဲ့ အခြေ အနေတွေကို လူလေးသိထားရအောင်လို့ စိုးရိမ်ပူပန်ပြီးပြော တာ ဖြစ်တယ်ကွယ့်။



ဦးကြီး ကြောက်ရွံ့ထိတ်လန့်လို့လူလေးကို ပစ်ပစ်ခါခါ ဥပေက္ခာပြုလိုတဲ့ သဘောနဲ့ ပြောတာမဟုတ်ဘူးကွယ့်၊ မြို့စား ကြီးကို လက်စားချေမယ့် ကိစ္စမှာ ဦးကြီးလဲ အဘတ်နိုင်ဆုံး ပါဝင်ကူညီမှာပါ လူလေးရယ်။

'မြေဘုရင် ကျင်ဖုန်းဟာ ဦးကြီးရဲ့ အသက်သခင်ကျေးဇူး ရှင် တစ်ဦးပါ၊ သူ့ကျေးဇူးကြောင့် လူ့ဘဝမှာ ဒီအရွယ် အထိ အသက်ရှင် လှုပ်ရှားနေရတာကို ဦးကြီးမမေ့ဘူးကွယ်'

ကျင်စွံက ဦးကြီးဖမ်၏ တုံ့ပြန်မှုစကားကြောင့် စိတ် မကောင်း ဖြစ်သွားမိ၏။

သူက မြေမြို့တော် စားသောက်ဆိုင်အဖြစ် ပြောင်းလဲ သွားရခြင်းကို အကဲခတ်ပြီး ဦးကြီးတစ်ယောက် သူတို့ မိသားစုနှင့် ပတ်သက်ပြီး အနှောင့်အယှက်ပေးခြင်း ခံနေရ သည်ဟု ထင်မြင်ကာ စေတနာနှင့် ပြောဆိုလိုက်ခြင်းသာ ဖြစ် လေသည်။

ဒါကို ဦးကြီးဖမ်က အဓိပ္ပာယ်တစ်မျိုး ကောက်ယူကာ ဝမ်းနည်းစကား ပြောဆိုလာခြင်း ဖြစ်၏။

ထို့ကြောင့် သူက ဦးကြီးဖမ်အား ပြန်လည်ဖြေရှင်းပြ ပြောဆိုရပြန်သည်။

'ဦးကြီးဖမ်ရဲ့ ဆိုင်နာမည် ပြောင်းနေတာကို မြင်တွေ့ပြီး မြို့စားကြီးရဲ့ အနှောင့်အယှက် အန္တရာယ်တွေကို ဦးကြီးဖမ်က ခံနေရလေယ်လို့ ယူဆပြီး ပြောမိခြင်းပါ ဦးကြီးဖမ်ရယ်။

'ကျွန်တော့် မိသားစု ကိစ္စကို ကျွန်တော်လဲ အသက်စွန့် လို့ တာဝန်ယူချင်တယ်လေ၊ ဦးကြီးဖမ်တို့ စီးပွားရေး နေ

ရေး ယိုင်ရေးတွေမှာ အန္တရာယ်မကျရောက်စေချင်တဲ့ သဘော ပါပဲ ဦးကြီးရဲ့။

'ဘယ်လိုမှမအောက်မေ့ပါနဲ့နော်၊ ကျွန်တော်တို့မိသားစု အပေါ်မှာ ဦးကြီးရဲ့သံယောဇဉ်ကို ကျွန်တော် နားလည်ပါ တယ် ခင်ဗျာ'

ဖမ်ယူကြီးက ညင်သာနားလည်စွာ ကျင်စွံအား ပြုံးပြ လေသည်။

'လူလေးဟာ ဦးကြီးရဲ့ သားအရင်းဆိုလဲ မမှားပါဘူး ကွယ်၊ လူလေးရဲ့ မိဘတွေ ကွယ်လွန်ပြီးတဲ့နောက် ဦးမှာ တာဝန်ရှိတာပေါ့၊ ဒါကြောင့် လူလေးတို့ရဲ့ ဇာတိရပ်ရွာကို လှူလွှတ်ပြီး ရှာဖွေပေးခိုင်းပါသေးတယ်။

'ဒါပေမယ့် လူလေးက အဲဒီရပ်ရွာမှာ မရှိတော့ဘူးလေ၊ ဒါနဲ့ ထပ်ပြီး ရှာဖွေစုံစမ်းခိုင်းပြန်တော့ သတင်းရတယ်၊ အထံးကျွန်တောမှာ တောတွင်းသားအဖြစ်နဲ့ နေထိုင်တာကို သိရတယ်။

'ဦးကြီးလဲ လူလွှတ်ခေါ်ခိုင်းပေမယ့် တောအုပ်ကြီးထဲ မဝင်ရဲတာနဲ့ လက်လျှော့ပြီး ပြန်လာခဲ့ကြရတယ်၊ လူလေး ဟာ မြို့ပြသားတွေကို ရှုမုန်းနေတဲ့ လူငယ်လေးတစ်ဦးဖြစ် နေတာ သိရတော့ ဦးကြီးလဲ မတတ်နိုင်တော့ဘူး။

'အထံးကျွန်တောမှာ လူလေးရှိနေတာကို ဦးကြီး သိ ပေမယ့် မြို့စားကြီးဘက်ကလူတွေ သိမှာစိုးလို့ ဖုံးကွယ် ထားရတယ်၊ လူလေးရဲ့ သိုင်းပညာစွမ်း ထက်မြက်မှုတွေကို



ကြားနေရတော့ တစ်နေ့နေ့တစ်ချိန်ချိန်မှာ ကျွန်အင်းမြို့ကို လူလေးရောက်လာမယ်ဆိုတာ သိပြီးသားပါကွယ်။

'လူလေး လူလားမြောက်အရွယ် ရောက်လာတာနဲ့ မြို့စား ကြီးကို တွေ့ဆုံဖို့ ကျိန်းသေလောက်ရှိတာ၊ ငယ်စဉ်က လူလေး စိတ်ဓာတ်ကို သိထားတဲ့ဦးကြီးက တွက်ဆထားပြီးသားပါပဲ လူလေးရဲ့။

'ဒါဆို လူလေးကို ဦးကြီးအများကြီး ကူညီမယ်၊ အကူ အညီ ပေးနိုင်အောင်လဲ မြို့စားကြီးဘက်မှာ ဦးကြီးတို့လူ အချို့ကို ထည့်ပေးထားခဲ့တယ်ကွယ်၊ ဒါကြောင့် လူလေး ကို ဦးကြီး အများကြီး ကူညီမယ်လို့ ပြောနိုင်တာပေါ့'

ကျင်စွံကား ဦးကြီးဖမ်ယူ၏ စေတနာ သံယောဇဉ် ကြီးမားမှုကို အံ့သြလျက် ဝမ်းသာအားရ ဖက်နမ်းလိုက်မိ တော့သည်။

'အို....ကျွန်တော်တို့မိသားစုအပေါ် အလွန် သံယောဇဉ် ထားတဲ့ ဦးကြီးဖမ်ပါပဲ၊ ကျွန်တော့်ဦးကြီးဆိုင်ကို အလျင် ဝင်မိတာ မှန်ကန်သွားတာပေါ့ခင်ဗျာ၊ ပထမတော့ ဦးကြီး ကိုတောင် အသိမပေးဘဲ တစ်ခါတည်း အိမ်တော်အတွင်း ဝင်ပြီးတိုက်မလို့'

ဖမ်ယူက ကျင်စွံစကားကြောင့် ခေါင်းကိုခါယမ်းလျက် ပြုံးနေ၏။ သူ့အား ကြင်နာသော အကြည့်နှင့်ကြည့်နေပြီး....

'အဲဒါက မိုက်မှားတဲ့စိတ်၊ တလွဲအံပင်ကောင်း အသုံးချ

 တာနဲ့ဘူတယ် လူလေးရဲ့၊ တကယ်က တစ်ဖက်ရန်သူကို အနိုင်

တိုက်လိုသူတိုင်းဟာ ရန်သူရဲ့ အားသာချက်၊ အားနည်းချက်တွေကို အလျင် လေ့လာကြရတယ်ကွယ့်။

'ရန်သူကို လျှော့မတွက်ဘဲ ကိုယ့်ဘက်က အတွက်စေ့စေ့ စဉ်ပြီးမှ ရန်သူရဲ့အားနည်းချက်ကို အခွင့်ရတာနဲ့ တစ်ဖြုန်းနက် အပြင်းအထန် ဖိတိုက်တော့တာကွယ့်၊ တိုက်ပွဲမှာလဲ ကိုယ့်ကိုကိုယ် ယုံကြည်ချက် အပြည့်အဝ ထားရတယ်။

'သတိဆိုတာကိုလဲ ပိုတယ်မရှိ အစဉ်အမြဲ ခေါင်းထဲထည့်ထားရမယ် လူလေးရဲ့၊ အင်း....လူလေးသာ ဦးကြီးဆီမဝင်ဘဲ တစ်ယောက်တည်း ကျန်အင်းရောက်တာနဲ့ မြို့စားကြီးစံအိမ်ဘက် ဝင်ဖို့ကြိုးစားရင်တော့ မြို့စားကြီးရဲ့ထောင်ချောက်ထဲ တန်းမိမှာ အသေအချာပဲပေါ့။

'လူလေးရဲ့အကြံအစည် လက်စားချေ လုပ်ကြံမှုလဲ သဲထဲ ရေသွန်ဖြစ်သွားမှာ အမှန်ပဲ'

ကျင်စွမ်မှာ ထိုအခါမှ ဦးကြီးဖမ်၏ အတွေ့အကြုံ ရင့်ကျက်မှု အမြော်အမြင်ကြီးမားမှုကို လေးစား ချီးကျူးမိတော့သည်။

သူ့အဖို့ လက်မတင်လေးသာ ကံကောင်းထောက်မ သွားခြင်း ဖြစ်၏။ ဒါမှ မဟုတ်ရင်ဖြင့် မြို့စားကြီး၏ ကျားခံတွင်း ထောင်ချောက်ထဲ ဆင်းသက်အမိခံရမှာ သေချာသလောက် ဖြစ်၏။

'ကျေးဇူးပါပဲ ဦးကြီးဖမ်၊ ကျွန်တော့် အဖို့ကတော့ သတ်ဖို့နဲ့သေဖို့ပဲ အသင့်ပြင်လာခဲ့လာတာပဲ ခင်ဗျာ'



ဖမ်ယူကြီးက သူ၏ပခုံးကို အသာပုတ်ရင်း....

'ဘယ်ဟုတ်ပါ့မလဲ လူလေးရယ် လူလေးမှာ မသိတာတွေ အများကြီးကွယ့်၊ အဓိကကတော့ အသက်ဆိုတာကို ဉာဏ်စောင့်တယ်တဲ့၊ ဘယ်လောက်ပဲပညာတော်တော် ဆင်ခြင်ဉာဏ်ဆိုတာ မရှိရင် တစ်နေ့ ရန်သူရဲ့လှည့်ဖျားမှုမှာ ကိုယ့်ရဲ့ပညာဟာ ရေတိမ်နစ် အရှုံးပေးသွားတယ်လေ။

'ခုလဲ လူလေးဟာ သိုင်းပညာတွေ နှစ်ပေါင်းများစွာ လေ့ကျင့်ခဲ့လို့ သိုင်းစွမ်းထက်မြက်မှာ ဦးကြီးဖမ် ယုံကြည်တယ်၊ ဒါပေမယ့် အဲဒီသိုင်းကျမ်းဟာ တစ်ယောက်နဲ့ ၁၀ ယောက်၊ ၂၀ ယောက် တိုက်ခိုက်မှာပေါ့၊ လူ တစ်ထောင်ကို အနိုင်ယူလို့ ရပါ့မလား၊ လူ တစ်သောင်းကိုရော တိုက်လို့ရပါ့မလား။

'နောက်ပြီး ကိုယ့်သိုင်းစွမ်းကို ပြလို့မရအောင် တိုက်ခွင့်မသာအောင် ကြိုတင် ကြံစည်အကွက်ဆင်ထားတဲ့ ထောင်ချောက်ထဲ သက်ဆင်းခဲ့ရရင် ဘယ်လို လုပ်မလဲ၊ ကိုယ်အရှုံးခံရတော့မှာပါကွယ်'

'မှန်ပါတယ် ခင်ဗျာ'

အေး....ဦးကြီးဖမ်ဟာ လူလေးလို သိုင်းစွမ်းထက်မှာ မဟုတ်ဘူး၊ လူလေးလို ငယ်ရွယ်တဲ့ အင်အားတွေမရှိတော့ဘူး မှန်တယ်၊ ဒါပေမယ့် လူလေးထက်သာတဲ့အရာတွေ ဦးကြီးဖမ်မှာ ကျန်ရှိသေးတယ်လေ။

အဲဒါဘာလဲဆိုတော့ လူတွေအကြောင်း, လူတွေရဲ့စိတ်, လူတွေရဲ့စရိုက်၊ အဲဒါတွေကို လူလေးထက် ဦးကြီးဖမ်က ပိုသိ

မှာ သေချာတယ်၊ ဒါတွေကို အခြေခံပြီး တိုက်ပွဲတစ်ပွဲကို ဦးကြီးစီစဉ်နိုင်တယ်၊ ဖန်တီးနိုင်တယ်

'ကျွန်တော် ယုံကြည်ပါတယ် ဦးကြီးရယ်'

ကျော်စွာက ဦးကြီးဖမ်အား စိတ်ချယုံကြည်စွာပြောကြားလိုက်မိ၏။

ဖမ်ယူကြီးက သူ၏လက်ဖဝါးကို ကြင်နာစွာ ဖျစ်ညှစ်ပြီး...

'လူလေးရဲ့ သိုင်းစွမ်းနဲ့ ဦးကြီးဖမ်ဉာဏ်စွမ်းကို ပေါင်းပြီး ဒီမြို့စားယုတ်ကို သုတ်သင်ရင် မအောင်မြင်နိုင်စရာမရှိပါဘူး လူလေးရယ်'

ကျော်စွာကလည်း ဖမ်သူ၏ လက်သွယ်သွယ်ကို ပြန်လည်ဆုပ်ညှစ်လျက်....

'ကျွန်တော့်ခန္ဓာကိုယ်ကိုဦးကြီးဖမ်ဆီမှာ အပ်နှံပါတယ် ခင်ဗျာ၊ သင့်တော်သလို ဦးကြီးဖမ်ညွှန်ကြားပါ၊ကျွန်တော်လိုက်နာပါမယ်၊ မြို့စားလူယုတ်မာကို အချိန်ရရင် ဘာလုပ်ရလုပ်ရ ကျွန်တော်လုပ်ပါမယ်ဦးကြီး'

ဖမ်ယူကြီးက သူ့အား ရင်ခွင်ထဲထည့်ထားကာ ဖက်လိုက်သည်။

'ဝမ်းသာတယ် လူလေးရယ်၊ အနှစ်နှစ် အလလက မျှော်လင့်နေတဲ့ ငါ့သား ဦးကြီးဆီကို ရောက်လာကာဘည်းက ကျန်အင်းမြို့စား ကျန်ရောက်ဖူးဟာ ကံကြမ္မာဆိုးရွားသွားပြီဆိုတာ ဦးကြီးအတပ်သိလိုက်ပြီကွယ့်၊လူလေးရဲ့မိဘ၊ဦးကြီး



ရဲ့ ကျေးဇူးရှင်မိတ်ဆွေတွေကို သတ်ဖြတ်ခဲ့တဲ့ ကျန်ရောက်ဖူးသူ့ကို လက်စားချေဖို့အခွင့်အရေး တို့များ ရနိုင်ပါပြီကွယ်'

ရင်ခွင်ချင်းအပ်နှံ ထားသော မြေခွေးရှင်ကျော်စွာနှင့်ဖမ်ယူကြီးတို့နှစ်ဦး၏ ရင်ထဲ၌ကား အနှစ်နှစ်အလလမှ မျှော်မှန်းရည်စူးထားသည့် 'လက်စားချေရေး' ပန်းတိုင်ကား လက်တစ်ကမ်းသာ လိုတော့သည်ကို အသီးသီး နားလည်သိရှိနေကြလေတော့သည်။

'ကဲ...လူလေး၊ ခရီးပန်းလာပြီ၊ အနားယူချေဦး'

နှစ်ဦးသား လူချင်းခွဲဖို့ နှုတ်ဆက်ကြသည်။

'ညဘက်ကျရင် ဦးကြီးဖမ်အခန်းထဲပြန်လာခဲ့ကြားလား၊ အသေးစိတ်အစီအစဉ်ဆွဲကြမယ်၊ ခုတော့ ခရီးသည်ဟစ်ဦးလိုက္ခန္ဓြေမပျက်သာ တည်းခိုခန်းတစ်ခန်းမှာ နားနေတော့၊ လူလေးကို အလုပ်သမားတစ်ဦး အခန်းကို လိုက်ပို့ပေးလိမ့်မယ်'

သို့ဖြင့် ကျော်စွာမှာ စားသောက်ဆိုင်ရှိ တည်းခိုခန်းတစ်ခန်းသို့ အလုပ်သမားတစ်ဦး လိုက်လံပို့ဆောင်ပေးသဖြင့် ရောက်ရှိသွားခဲ့သည်။

တံခါးကို ပိတ်ပြီးသည်နှင့် အိပ်ရာထက် စိတ်လက် ပေါ့ပါးစွာ လှဲချလိုက်ရာ လည်ပင်းတွင် စည်းထားသော ချစ်သူကျင့်ပို့၏ လည်စည်းပဝါနီစက မျက်နှာကို လာဖုံးအုပ်သဖြင့် သူက တစ်ယောက်တည်း ပြုံးလိုက်ပြီး

'တို့များ မင်းဆီ မကြာမီ ပြန်လာနိုင်ခဲ့တော့မှာပါ အချစ်ရယ်'

[ ၃၅ ]

## တစ်ကွက်ကျန်၍ ခံရခြင်း

ဦးကြီးဖမ်ယူ၏ အခန်းထဲသို့ သူဝင်ရောက်သွားသောအခါ အဝတ်အစားများအ[illegible]နှ်ပေကျ စုတ်ပြတ်နေသည့် သူတောင်းစား တစ်ဦးအား ဦးကြီးဖမ်၏အရှေ့ဝယ် ကျကျနနထိုင်လျက် စကားပြောဆိုနေသည်ကို တွေ့လိုက်ရသဖြင့် ကျင်စွံ အံ့အားသင့်သွားမိသည်။

ကျင်စွံ၏ အမူအရာအား ဦးကြီးဖမ်သည် ရိပ်မိလိုက်၍ သူ့ကို ပြုံးပြပြီး ရှေ့မှ သူတောင်းစားကြီးအား လက်ညှိုးထိုးပြလျက်....

'လူလေး အံ့ဩနေသလား၊ ဒါ တကယ့် သူတောင်းစားကြီး တစ်ဦး မဟုတ်ပါဘူး၊ ဦးကြီးဖမ်ရဲ့ လူတစ်ဦးပါ။

'သူက မြို့စားကြီးရဲ့ စားဖိုဆောင်မှာ အမှုထမ်းနေတယ်၊ ဒီကို ရုပ်ဖျက်ပြီး လာဆက်သွယ်တာကွယ့်၊ တစ်ချိန်တုန်းကတော့ ဦးကြီး အားအကိုးရဆုံးသော မြေမြို့ခေါ် စားသောက်ဆိုင်ရဲ့ စားဖိုမှူးကြီး လောင်ချင်ဟုတ်ပါပဲ'

ကျင်စွံက လောင်ချင်ဟုတ်အား နှုတ်ဆက်ဂါရဝပြုသည့်အနေဖြင့် လက်နှစ်ဖက်ကိုပူးလျက် လက်သီးဆုပ်ကာ ရင်ဝယ်အပ်လိုက်သည်။ လောင်ချင်ဟုတ်ကလည်း မတ်တတ်ရပ်ကာ ထိုနည်းအတိုင်း ပြုလုပ်သည်။

'ကြားရတဲ့ သတင်းကတော့ အခြေအနေကောင်းပါပဲ လူလေးရဲ့၊ မနက်ဖြန်လပြည့်နေ့မှာ မြို့စားကြီးရဲ့ စံအိမ်တော်တွင်း ဧည့်သည်တော်တစ်ဦးကို ညစာတည်ခင်း ဧည့်ခံပွဲရှိတယ်လို့ ပြောတယ်ကွယ့်၊ ဧည့်ပွဲရှိသတဲ့ အတော်တော်များများကိုလဲ ဖိတ်ကြားထားတယ်တဲ့။

'မြို့စားကြီးဟာ ဖိတ်ကြားထားတဲ့ အထူး ဧည့်သည်တော်တွေနဲ့အတူ အချက်သေစာ သောက်စားကြလိမ့်မယ်။

'ဒါဟာ တို့များအတွက် ကောင်းသော အခွင့်အလမ်းတစ်ရပ်ပဲလူလေး'

ကျင်စွံမှာလည်း ကြားရသော သတင်းစကားအတွက် အလွန်ပင် ဝမ်းသာသွားမိသည်။ သူ့အဖို့ မြို့စားကြီး ကျန်ရောက်ဖူးအား အချိန်မရွေး နေရာမရွေး တိုက်ခိုက်လိုစိတ် ပြင်းပြနေသူဖြစ်၍ မျှော်လင့်နေသော အခွင့်အရေးကြီး ရရှိ



လာပြီ ဆိုသောကြောင့် အတိုင်းတက်အလွန် ကျေနပ်ဝမ်းမြောက်နေမိသည်မှာ အမှန်ပင်။

တကယ်တော့ သူ့ဆန္ဒက ကျန်ရောက်ဖူးအား သေသေကျေကျေ အသက်စွန့် ဝင်ရောက်တိုက်ခိုက်ပစ်လိုက်ချင်သည်။ လူငယ်တစ်ဦးပီပီ နိုင်နိုင်ရှုံးရှုံး တုံးဆိုလျှင်တိုက်လိုက်ချင်သည့် စိတ်သာ ရှိခဲ့သည်။

သို့သော် ဖမ်ယူကြီးနှင့် တွေ့ဆုံသောအခါ သူ့အားသည်ဆန္ဒမျိုးကို မျိုသိပ် ထိန်းချုပ်ခိုင်းလျက် ဤလူ၏အင်္ဂါကိုက် ဝင်ရောက်တိုက်ခိုက်ရန် စောင့်ဆိုင်းစေသဖြင့် ရက်သတ္တပတ်များ ကြာမြင့်ခဲ့ခြင်းသာ ဖြစ်သည်။

'ဒါဖြင့် မနက်ဖြန် လုပ်ကြမှု စနိုင်ပြီပေါ့နော်'

ကျင်စွံက တက်ကြွစွာ မေးမြန်းလိုက်ရာ....

'အို....ကျိန်းသေတာပေါ့လူလေးရာ၊ နက်ဖြန် မှောင်ရီပျိုးစအချိန်မှာ ဟောဒီ လောင်ချင်ဟုတ်က စားဖိုထဲက အမိုက်သရိုက်တွေကိုပစ်ဖို့ စံအိမ်နောက်ဖေးပေါက် အပြင်ကို ထွက်လိမ့်မယ်ကွယ့်။

'သူ့လည်း ပြန်အဝင်မှာ တို့များက အဲဒီလှည်းနဲ့ တံခါးစောင့်တွေ မရိပ်မိအောင် ဝင်ကြဖို့ပဲ၊ ဒါပေမယ့် စိုးရိမ်စရာ သိပ်မရှိပါဘူး၊ နောက်ဖေးပေါက် ဖွင့်ပေးမယ့် အစောင့်နှစ်ယောက်အနက် တစ်ယောက်ကတို့များလူပါပဲ။

ကျန်တစ်ယောက် မသိအောင် သူကြံစည်ပါလိမ့်မယ်၊ အဲ....သိသွားရင်လဲ အဲဒီအစောင့်ခမျာ ကံဆိုးဖို့ပေါ့ကွယ်၊ ဟဲ ဟဲ....'

ဖမ်ယူကြီးမှာ သူ့အစီအစဉ်ကို ကျေနပ်သဘောကျလျက် ပြုံးပြုံးကြီးနှင့် ပြောပြနေခဲ့သည်။

'ဒီတော့ တို့များက နေမဝင်မီ နောက်ဖေးပေါက်ရဲ့ မလှမ်းမကမ်းမှာ စောင့်ဆိုင်း နေကြဖို့ပဲလေ၊ အတတ်နိုင်ဆုံး တို့ စံအိမ်ဝင်းထဲမရောက်မီ မရိပ်မိကြအောင် ဝင်နိုင်ဖို့ပဲကွ။'

'အေး....ညွှန်သည်တွေ ဥဒဟို ဝင်ထွက်နေမှာမို့ တို့များ အတွက် အခွင့်အလမ်းသာမှာပါလေ'

'စံအိမ်တော်ထဲရောက်သွားရင်တော့ ကျွန်တော့်တာဝန် ထားပါဖမ်၊ မြို့စားကြီးအိပ်ခန်းဆီ ကျွန်တော် အရောက် ပို့နိုင်ပါတယ်ခင်ဗျာ'

လောင်ချင်ဟုတ်ကလည်း သူ့ဘက်မှ တာဝန်ကို အာမခံ နေသည်။

'ကောင်းပြီလေ၊ လောင်ချင်ဟုတ်က စံအိမ်တော်ကို ဣန္ဒြေ မပျက် ပြန်ဝင်ပေတော့၊ အတွင်းကလူတွေကိုလဲ အကြောင်း ကြားထား လမြည့်နေ့ည လုပ်ဖြစ်တယ်လို့ ဟုတ်လား'

'ဟုတ်ကဲ့ ဖမ်၊ ဒါဖြင့် ကျွန်တော်သွားမယ်'

'အေး အေး၊ အားလုံး ပိပိရိရိရှိပါစေ'

လောင်ချင်ဟုတ်မှာသူတောင်းစားကြီးတစ်ဦးအသွင်နှင့် အခန်းထဲမှ တုန်တုန်ယင်ယင်ဖြင့် ထွက်ခွာသွားတော့သည်။

'ဟင်း'

ဖမ်ယူက စိတ်ကို တုံးတုံး ချလိုက်ဟန်ဖြင့် စတင်ပြော သည်။



'ကဲ....လူလေး၊ မင်းရဲ့ဆန္ဒတွေတော့ ပြည့်ပြီ၊ မနက်ဖြန် ညမှာ တို့များရဲ့ရန်သူ မြို့စားကြီး ကျန်ရောက်ဖူးကို တမလွန် သို့ ပို့ဖို့ ဘယ်လိုနည်းက အကောင်းဆုံးဆိုတာ မင်းစိတ်ကူး ပေတော့၊ ဒါကိုသာ တွေးတောချည်တော့'

ကျင်စွင်က ဦးကြီးဖမ်၏ စကားကြောင့် တိတ်ဆိတ်စွာ ပြုံးလိုက်မိ၏။ သူ့ရဲ့ ခါးက အသွားကို သွေးစရာမလိုအပ် သည့် မြွေခါးတစ်လက် မဟုတ်ပါလား။

သို့ရာတွင် သူက ဦးကြီးဖမ်၏ စကားအတိုင်း လိုက်လျော စွာ ဖြေကြားလိုက်သည်။

'ဟုတ်ကဲ့ပါ ဦးကြီးဖမ်၊ မြို့စားကြီးရဲ့ ခေါင်းကို ဖြတ် တောက်နိုင်ဖို့တော့ အမြဲကာမ်း ကျွန်တော့်ခါး ထက်မြနေပါ တယ် ခင်ဗျာ'

'အေး....အေး၊ ကောင်းတယ်....ကောင်းတယ်၊ ငါကတော့ ဒီမြို့စားယုတ်ရဲ့ နှုတ်ခမ်းမွေးကို နုတ်ပစ်ရရင် ကျေနပ်ပါပြီကွ ဟား ဟား'

'ဆွဲနုတ်ရုံတင် မကပါဘူး ရိတ်တောင် ရိတ်ရပါမယ် ဦး ကြီး ဖမ်ရေ'

နှစ်ဦးသား ပျော်ရွှင်စွာပင် ရယ်မောလိုက်ကြမိတော့ သည်။

★

အချိန်က ညနေဆည်းဆာ။

နေဝင်းကြီးက အနောက်ဘက်ကျွန်းသို့ တိုးဝင် ငုပ်လျှိုးရန် နှုတ်ဆက်နေလေပြီ။

ယင်းကြောင့် အရှေ့ဘက် မိုးကောင်းကင် တစ်ခြမ်းလုံးဝယ် အမှောင်ထုက စိုးမိုးလာပြီ ဖြစ်သဖြင့် တစ်ဦးကိုတစ်ဦး ညီအစ်ကို မသိတသိ အခြေအနေမျိုး ဖြစ်နေ၏။

ကျွန်အင်းမြို့ တစ်လွှား၌လည်း အမှောင်ထုက တစ်စနှင့်တစ်စ မျိုဝါးလာသဖြင့် ရပ်ကွက်အချို့၌ ဟိုတစ်ကွက် သည်တစ်ကွက် မီးအိမ်များကို ထွန်းညှိ၍နေကြပြီ ဖြစ်လေသည်။

မြို့စားကြီး ကျွန်ရောက်ဖူး၏ စံအိမ်တော်ရှေ့ဝင်း အိမ်တွင်ကား ဧည့်သည်တော်များနှင့် စည်ကားနေခဲ့သည်။

စံအိမ် လုံခြုံရေး သိုင်းသမားနှင့် ရဲမက်တို့မှာ ရောက်ရှိလာသည့် ဧည့်သည်များအား စစ်ဆေးလျက် ဝင်ပေါက်မှာ ဝင်ခွင့်ပြုလျက် ရှိ၏။

စံအိမ် ဝင်းအတွင်း၌မူ မီးတုတ်များ၊ မှန်အိမ်များ၊ ဖယောင်းတိုင်များ စသည်ဖြင့် ထွန်းညှိထားခဲ့၍ အလင်းရောင်များ ထွန်းလင်းနေ၏။

မြို့၏ မျက်နှာဖုံး လူကြီးလူကောင်းများကား မျက်နှာကောင် အပြုံးတို့ တပ်ဆင်လျက် တစ်ဦးကို တစ်ဦး နှုတ်ဆက်ကြ၊ နောက်ပြောင်ကြ၊ စကားစမြည် ပြောဆိုကြနှင့် ဆူညံနေကြလေသည်။



မြို့စားကြီး၏ စံအိမ်တော်အမှုထမ်းများမှာလည်း တာဝန်ယ်စီနှင့် ဧည့်ခံနေကြရသဖြင့် မအားလပ်အောင် အလုပ်ရှုပ်လျက် ရှိကြပေသည်။

စံအိမ် လုံခြုံရေး သိုင်းသမားအချို့နှင့် ရဲဘော်များမှာ ဧည့်သည်များအား အကဲခတ် စောင့်ကြည့် နေကြကုန်လေသည်။

မြို့စားကြီး ကျွန်ရောက်ဖူးကား အရပ် ထောင်ထောင် မောင်းမောင်း နှုတ်ခမ်းမွေး သဲ့သဲ့နှင့် ဝတ်ရုံနီကို ခြုံလျက် ခါးတွင် မားရှည်ကြီးကို ချိတ်ထားသော ပုဂ္ဂိုလ်ကြီး တစ်ဦးနှင့် ရယ်ကာမောကာ စကားပြောဆိုလျက် ရှိနေကြသည်။

မြို့စားကြီးနှင့် စကားပြောဆိုနေသည့် ပုဂ္ဂိုလ်မှာ မြို့စားကြီး၏ အဟူးဧည့်သည်တော်ကြီး ဖြစ်သည့် သိုင်းလောကတွင် နာမည်ထင်ရှား ကျော်ကြားလှသော 'ဓားဘုရင် လူစုချန် သာလျှင် ဖြစ်၏။

ထိုပုဂ္ဂိုလ်ကြီးမှာ ထွားကျိုင်းလှသည့်ပြင် ခန္ဓာကိုယ်ကြီးမှာလည်း ကြံ့ခိုင် တောင့်တင်းလှသဖြင့် လူ့ဘီလူး တစ်ဦးသဖွယ် ကြောက်မက်ဖွယ် ကောင်းလှသော အသွင်ကို ဆောင်ထားသည်။

မျက်နှာကြီးကလည်း ခက်ထန် တင်းမာသော မျက်နှာထားမျိုး ရှိသောကြောင့် သူ့ဥပဓိရုပ်မှာ ထူးထူးခြားခြား ဧည့်ပရိသတ် အလယ်တွင် ထင်းထင်းကြီးကို ပေါ်လွင်နေခဲ့လေသည်။

မြို့စားကြီးကိုယ်တိုင် ဖိတ်ကြားခဲ့ရသည့် ပုဂ္ဂိုလ်ဖြစ်သောကြောင့် သူ၏ ဂုဏ်သတင်းမှာလည်း သိုင်းလောက၌ ပျံ့လွင့်လျက် ထင်ရှားနေမည်မှာ မလွဲပေ။

သြဇာညောင်းသော မားစွမ်းထက်သော ရှုံးပွဲမရှိသော စားသမားကြီးတစ်ဦး ဖြစ်လေသည်။

ထို့ကြောင့်ပင် ကျန်အင်း တစ်မြို့လုံးရှိ သိုင်းသမားများနှင့် မြို့သူမြို့သားတို့မှာ ထိုပုဂ္ဂိုလ်ကြီးအား ညစာစားပွဲတည်ခင်း ဧည့်ခံမှုကို စိတ်ဝင်စားလျက် ရှိကြလေသည်။

မားဘုရင် လူစုချန်မှာ သေရည်ကို အလွန် နှစ်ခြိုက်တတ်သူ တစ်ယောက် ဖြစ်လေရာ ညစာမစားမီ မြို့စားကြီးက ကျန်အင်းမြို့မှ အကောင်းဆုံး အရက်များနှင့် ဧည့်ဝတ်ပြုနေလေသည်။

မြို့စားကြီး ကျန်ရောက်ဖူးကား သိုင်းပညာရပ်နှင့် ပတ်သက်၍ လေးစား ကြည်ညိုတတ်သူ ဖြစ်၍ သိုင်းလောကမှ ဆရာတစ်ဆူသဖွယ် ထင်ရှား သတ်မှတ်ခြင်း ခံရသော စားဘုရင် လူစုချန်လို သိုင်းသမားကြီး တစ်ယောက်က လာရောက် လည်ပတ်သည်ကို အလွန်ပင် ဂုဏ်ယူ မော်ကြွားနေသည်။

ထို့ကြောင့် ဓားဘုရင်အား လိုလေသေးမရှိ သူကိုယ်တိုင် ဧည့်ခံလျက် ရှိလေသည်။

'လိုအပ်တာရှိရင် ပြောကြားပါ ဆရာကြီး၊ ကျန်အင်းမြို့မှာတော့ ကျုပ်အရာရာကို ဖြည့်ဆည်းပေးနိုင်ပါတယ်။



'အသောက်လား၊ အစားလား၊ အပျော်လား အားလုံး ရစေမယ်နော်၊ ဟဲ ဟဲ ဟဲ'

သူက ဓားဘုရင် လူစုချန်အား ဖော်ရွေစွာ ပင့်သနွှာရ စကား ပြောကြားလိုက်သည်။

ဓားဘုရင်က သူ့စကားကြောင့် အရုပ်ဆိုး ကျည်းတန်လှသော မျက်နှာကြီးအား ပြုံးဖြီးဖြီး လုပ်ကာ....

'အင်း.... ကျုပ်ကတော့ အသောက်ရော၊ အစားရော၊ အပျော်ရော အားလုံးဗျို့၊ တစ်ခုမှ မချန်ချင်ဘူးဗျာ၊ ဟ.... ဟ....ဟ'

'ဟား ဟား ဟား ရတယ် ဆရာကြီးရယ်၊ ကျုပ်ဆီကို ရောက်လာတဲ့ ဆရာကြီးလို လူမျိုးရဲ့ ဆန္ဒကို မဖြည့်ဆည်းရင် ကျုပ် ရှိုင်းစိုင်းရာ ဧည့်ဝတ်မကျေရာ ရောက်သွားမှာပေါ့ဗျာ၊ ဟဲ ဟဲ ဟဲ။

'ခုတော့ သောက်ဦးလေ၊ ဝရင် အကောင်းဆုံး အစာတွေ စားကြမယ်၊ ပြီးတော့....ဟီး ဟီး ဆရာကြီးအတွက် နုထွတ် စိုပြည်တဲ့ မိန်းကလေးတစ်ယောက် အဆင်သင့် ရှိနေစေရပါမယ် ဟုတ်လား'

ဟား ဟား ဟား မြို့စားကြီး ကျန်ရောက်ဖူးဟာ အင်မတန်ကို ခင်မင်ဖို့ကောင်းတဲ့ ပုဂ္ဂိုလ်ပဲဗျို့။

ကျုပ်တော့ ကျန်အင်းကို အလည်အပတ်ရောက်လာတာ ကံကောင်းတာပဲလို့ ပြောရမယ်ဗျာ၊ ဟဲ ဟဲ ဟဲ'

အဆီပြန်နေသော မျက်နှာကြီး ပေါ်မှာ မီးဝင်းဝင်းတောက်နေသော မျက်လုံးအစုံမှာ တစ်စုံတစ်ရာသော စိတ်ကူးကြောင့် အရောင်လက်နေသည့် အသွင်ဆောင်နေတော့သည်။

ထိုအချိန်၌ မှောင်ရိပ်ကျနေခဲ့သော စံအိမ်တော်ကြီး၏ နောက်ဖေးဘက် အမှိုက်သရိုက်များကို စွန့်ပစ်ထားသည့် အမှိုက်ကုန်းကြီးနှင့် မလှမ်းမကမ်း နေရာ၌ အရိပ်နှစ်ရိပ်သည် အမှောင်ထဲတွင် ငြိမ်သက်စွာ ရှိနေကြ၏။

သူတောင်းစားသားအဖ ဖြစ်ဟန်တူသည့် ထိုလူ နှစ်ဦးမှာ စံအိမ်တော် နောက်ဖေးအား မကြာမကြာ လှမ်းမျှော်ကြည့်ရှုနေကြသည်။ သူတို့အနီးသို့ သွားရောက် နားစွင့်နေပါမူ....။

'လောင်ချင်ဟုတ်ကြီးက ခုထိ ထွက်မလာသေးပါလား ဦးကြီးဖမ်'

လူငယ်သူတောင်းစားက စိတ်စောစွာဖြင့် မေးမြန်းလိုက်သဖြင့် ဖခင်ဖြစ်ဟန် တူသည့် သူတောင်းစားကြီးက...

'တံခါးဖွင့်ပေးမယ့် တံခါးစောင့် အမှုထမ်းတွေ မအားလပ်သေးလို့ ထင်တယ်ကွ၊ အချိန်ကတော့ ဒီအချိန်ဟာ လာသင့်တဲ့အချိန်ပဲ'

နေရောင်ပျောက်၍ မိုးပင် စုံးစုံးချုပ်နေခဲ့သည့် အချိန်သို့ ရောက်ရှိနေခဲ့ပေပြီ။ လောင်ချင်ဟုတ်က ထွက်မလာနိုင်ခဲ့သေးချေ။

အမှိုက်ပုံအနီးတွင်ဖြစ်၍ မှက်များ ခြင်များကလည်း သူတို့အား အင်နှင့် အားနှင့် ဝိုင်းဝန်း၍ ကိုက်ခဲကြကုန်



သည်။ ထို့ကြောင့် တဖတ်ဖတ်နှင့် နှစ်ဦးသား ရိုက်နေကြရသည်။

'စံအိမ်ထဲ တစ်စုံတစ်ရာသတင်းများ ပေါက်ကြားသွားလားမသိဘူးနော်'

'ငါ့လူတွေက စိတ်ချရပါတယ် လူလေးရယ်'

ထိုစဉ် နောက်ဖေးဝင်းတံခါး ဖွင့်လိုက်သဖြင့် မီးရောင်များက အပြင်ဘက်သို့ ပျံ့လွင့်ရောက်ရှိလာခြင်းကြောင့် သူတို့နှစ်ဦးစလုံး အမှောင်ရိပ်ကျသည့်ဘက်သို့ ခုန်ဝင်လိုက်ကြရသည်။

'ဟော....တံခါးပေါက်က လောင်ချင်ဟုတ်အမှိုက်လှည်းကြီး တွန်းလာနေပြီ ဦးကြီးဖမ်'

'အေးပါ....မြင်ပါတယ်ကွယ်'

နောက်ဖေးပေါက်မှ လှည်းတစ်စီး ထွက်ပေါ်လာကာ အမှိုက်ကုန်းထံသို့ ဦးတည်ရွေ့လျားလာလေသည်။

မကြာမီ သူတို့အနီးသို့ ရောက်ရှိလာပြီး လှည်းပေါ်တွင် ပါလာသည့် အမှိုက်မျိုးစုံအား သွန်ချ ယက်၍ စွန့်ပစ်နေသည်။

'လှည်းအောက်ထဲ ဝင်ကြ၊ ကြိုးတွေနဲ့သိုင်းဖြီး ကိုယ့်ကိုယ်ကို ကပ်တွယ်ထားပါ၊ အပေါက်ဝမှာ ကိုယ့်လူတစ်၊ ကခြားလူ သုံး ရှိတယ်'

လောင်ချင်ဟုတ် အမှိုက်များကို စွန့်ပစ်ရင်း ပါးစပ်မှ တလှုပ်လှုပ်နှင့် တိုးတိုးလေးရေရွတ်နေသဖြင့် သူတောင်းစား

နှစ်ဦးမှာ အဖို့ကျလှည်းအောက်သို့ ကိုယ်များကို လှိမ့်ဝင်လိုက်ကြလေသည်။

လှည်းအောက်၌ ကြိုးနှစ်စကို ချည်နှောင်လျက်သား အဆင်သင့်တွေ့လျှင် သူတို့က တစ်စစီ ကိုယ်ကိုပတ်ချည်လိုက်ကာ လှည်းကိုယ်ထည်နှင့် ချည်နှောင်လိုက်ကြသည်။

အပေါ်မှ လောင်ချင်ဟုတ်က အမှိုက်များအား စွန့်ပစ်နေဆဲ။ လေတချွန်ချွန်နှင့် အပေါက်ဝ၌ လုံခြုံရေး သိုင်းသမားနှစ်ဦးနှင့် ရဲဘက်တစ်ဦးက သူ့အား စောင့်ကြည့်နေကြ၏၊

စံအိမ်တင်းမှ မီးရောင်များကြောင့်လည်း အလင်းဝါဝါတို့က အမှိုက်ပုံးထိ ခပ်ပျပျ ရောက်ရှိနေခဲ့သည်။

မျက်နှာများကို သဲသဲကွဲကွဲ မြင်နိုင်စွမ်းသည့် အလင်းမဟုတ်ပေ။

မကြာမီ လောင်ချင်ဟုတ်၏ လှည်းထက်မှ အမှိုက်များကုန်စင်သွားသဖြင့် သူ့ထံမှ မေးမြန်းသံတို့ တဖွဖွပေါ်လာပြန်၏။

'သွားမယ်ဒနော်၊ အဆင်သင့်ဖြစ်ကြပြီလား'

'ဖြစ်ပြီ'

လှည်းအောက်မှလည်း လေသံနှင့်ပင် ဖြေဆိုလိုက်သဖြင့် လောင်ချင်ဟုတ်က လှည်းကို စံအိမ်တော်ဘက်သို့ ပြန်လည်တွန်းလာခဲ့သည်။

ရဲမက်နှစ်ဦးနှင့် သိုင်းသမားနှစ်ယောက်က လှည်းပေါ်သို့ အကဲခတ် လှမ်းကြည့်ကြသည်။



လှည်းထက်ဝယ် မည်သည့်အရာမှမပါလာသဖြင့် ကျေနပ်သွားကြပြီး စံအိမ်ဝင်းပေါက် အထဲသို့ ရှေ့မှဦးဆောင်၍ ဝင်ရောက်သွားကြ၏။

လောင်ချင်ဟုတ်လည်း သူတို့နောက်မှ လှည်းကိုတွန်းလိုက်သွားလေသည်။

လုံခြုံရေး အစောင့်နှစ်ဦးက ဝင်းတံခါးကို ပြန်လည်ပိတ်၏။

ထိုပိတ်သူနှစ်ဦးအနက် တစ်ဦးမှာ ဦးကြီးဖမ်၏ လူတစ်ဦးဖြစ်သည်။

ရဲမက်နှစ်ယောက်က ရပ်ကြည့်နေရာမှ တစ်ယောက်သော ရဲမက်က အမှိုက်တွန်းလှည်းအောက်မှ အပြင်သို့ ထွက်ကျနေသည့် အဝတ်စကြီးကို မြင်တွေ့သွားပြီး....

'ဟော.. စားဖို့မှူး၊ အမှိုက်တွေကို ကုန်စင်အောင် မစွန့်ဘူး....'

လောင်ချင်ဟုတ်အား မာန်မဲလိုက်သည်။

'ဟင်'

လောင်ချင်ဟုတ်မှာ ရဲမက်ကြီး၏စကားကို ကြားသဖြင့် ကြည့်ရှုလိုက်ရာ ဦးကြီးဖမ်၏ သူတောင်းစား ဝတ်ရုံရှည်ကြီး အဖျားပိုင်းကို တွေ့လိုက်ရသောကြောင့် ထိတ်လန့်စွာ ဟင် လိုက်မိလေသည်။

'သွား....ဒီအဝတ်စုတ်စကြီးကို သွားပြန်ပစ်ချေ'

'ဟာ... ဒါ....ဒါကို နောက်....နောက်မှပဲ ပစ်....ပစ်....'

လောင်ချင်ဟုတ်က အဝတ်စကြီးကို ဆွဲထုတ်ရခက်နေမည် စိုးသဖြင့် ငြင်းနေစဉ်ပင် ရဲမက်ကြီးက အဝတ်စကြီးကို စိတ် မရှည်ဘဲ ဆွဲလိုက်ရာ....

အ အ အ'

ဖမ်ယူကြီး၏ ခြေတစ်ဖက်က အပြင်သို့ ပါလာလေတော့ သည်။

'ဟာ'

'ဟင်'

'ဟေ'

'အီး'

'အင့်'

ဖမ်ယူကြီး၏ ခြေထောက်တစ်ဖက်အား တွန်းလှည်းအပြင် သို့ ပါလာသဖြင့် ရဲမက်များမှာ အံ့အားသင့်လျက် အာမေ ဋိတ်သံများ ကိုယ်စီ ထွက်ပေါ်လာသည်နှင့် တစ်ပြိုင် နက် ဖမ်ယူကြီး၏သူ ရဲမက်က သူ့ရှေ့မှ အဝတ်စကို ဆွဲထုတ်လိုက်



သော ရဲမက်ကြီးအား လက်ထဲမှ ဓားရှည်နှင့် ရင်ဝအား စိုက်ချလိုက်၏။

ကျန်ရဲမက်များမှာ မမျှော်လင့်သော အဖြစ်ကို တွေ့မြင် သွားသဖြင့် ရုတ်တရက် မှင်တက်မိနေရာ လောင်ချင်ဟုတ်က ဝှက်လာသော သားလှီးဓားနှင့် ရဲမက်တစ်ယောက်၏ဝမ်းဗိုက် ကို လှမ်းထွက်လိုက်သကဲ့သို့ လှည်းအောက်မှ ကျင်စွံကလည်း အပြင်ဘက်မှ အခြေအနေမှန်ကို ရိပ်မိ သိရှိလိုက်သောကြောင့် မြေခွေးကြီးနှင့် အောက်ဘက်မှ ရဲမက်တစ်ဦး၏ ခြေထောက် ကို လှဲခုတ်ချလိုက်ပြန်သည်။

ထို့ကြောင့် အံ့သြထိတ်လန့်သံများနှင့် မချေးမငြှောင်းပင် ညည်းညူသံများကဆက်တိုက်ထွက်ပေါ်လာခြင်းသာဖြစ်လေ သည်။

သူတို့သုံးဦးကား မတိုင်ပင်ရဘဲ တစ်ယောက်လုပ်ရပ်ကို တစ်ယောက်က လျှပ်တစ်ပြက် နားလည်လိုက်ကာ လှုပ်ရှား လိုက်ကြခြင်း ဖြစ်၏။

အလွန်တိုတောင်းလှသော အချိန်လေးအတွင်း၌ ရဲမက် သုံးယောက်ကား မည်သည့်ခုခံကာကွယ်မှုမှုပင် မတုံ့ပြန်နိုင်ဘဲ နောက်ဖေးပေါက်ဝဝယ် ဘုံးခနဲ လဲကျကာ အံ့သြသော မျက်လုံးအစုံများဖြင့် ကြည့်ရှုလျက် ညည်းညူ၍ သေဆုံးကုန် ကြတော့၏။

ထို့နောက် ပထမဆုံး လှုပ်ရှားမှုကို စတင်လိုက်သူမှာ ဖမ်ယူကြီးသာလျှင် ဖြစ်သည်။

'ကဲဟေ့.... ဒီအလောင်းကောင်တွေကို လှည်းအောက်က ကြိုးနဲ့ သိုင်းချည်ပြီး ထားကြရအောင်၊ လူ့ခလေးရေ...မင်းနဲ့ ငါကတော့ ဟောဒီ ရဲမက်နှစ်ဦးရဲ့ အဝတ်အစားတွေကို လဲဝတ်လိုက်ကြမယ်၊ဒါမှ မရိပ်မိနိုင်မှာကွ'

ကျင်စွံလည်း ဖမ်ယူကြီး ပြောကြားသည့်အတိုင်း ရဲမက်တစ်ဦး၏ ဝတ်စုံကို ချွတ်၍ လဲလှယ်ဝတ်ဆင်လိုက်လေသည်။

ထိုအခါ သူတို့လူစု၌ လောင်ချင်ဟုတ်နှင့် ရဲမက်သုံးဦးဖြစ်သွားလေတော့သည်။

သို့နှင့် စားဖိုဆောင်သို့ ရောက်သောအခါ လောင်ချင်ဟုတ်က မီးဖိုထဲ၌ လူရှင်းမရှင်း အလျှင်ကြည့်ရှုကာ လူလစ်သည်နှင့် သူတို့ရဲမက်သုံးဦးအား လျှင်မြန်စွာ အိမ်ထဲ ဝင်ရောက်ခိုင်းတော့သည်။

အတွင်းလူ ရဲမက်က ဦးဆောင်လျက် စံအိမ်ထဲသို့ ဂူး မပျက်ပင် ဝင်ရောက်သွားခဲ့ကြလေသည်။

'ညွှန်ခန်းရဲ့ ခန်းဆီးနောက်ကွယ်မှာ ဓားလွတ်ကိုင် သိုင်းသမားတွေ ပုန်းကွယ်စောင့်နေကြတာရှိတယ်'

ရှေ့မှသွားရင်း ရဲမက်က မြို့စားကြီးစံအိမ်တော်တွင်းမှ လျှို့ဝှက်လုံခြုံရေး အစောင့်အကြပ်များအကြောင်း ပြောပြသွား၏။

'မျက်နှာကြက် ခေါင်မိုးထက်မှာလဲ မြားကိုင်ရဲမက်တွေ အစောင့်ထားသေးတယ်၊အပေါ်မော့မကြည့်နဲ့၊ရိပ်မိသွားနိုင်တယ်၊ခုအတိုင်းက ကျွန်တော်တို့ကို ရဲမက်အစစ်တွေပဲလို့ ထင်ပြီး ဘယ်လိုမှ သံသယဝင်မှာ မဟုတ်ဘူး'



ထိုရဲမက်က သတိပေးထားလိုက်သော်လည်း ကျင်စွံကမူ အပေါ်သို့ မသိမသာ မော့၍ ကြည့်ဖြစ်၏။

ထိုအခါ မျက်နှာကြက်များ၌ လေးထောင့်ကွက် ဆန်ခါပေါက်များ ထား၍သည်ကို တွေ့ရ၏။ ထိုအပေါက်ထဲမှ လေးမြားသမားများက စံအိမ်တွင်းသို့ ကြည့်ရှုနေမည် ဖြစ်သည်။

ထို့ပြင် အချို့လှေကားများကို တက်နေစဉ်၌လည်း ထို ရဲမက်က ရှေ့ဆုံးမှ ဝင်ရောက်သွားပြီး ပြောပြပြန်၏။

‘ကျွန်တော်တက်တဲ့ ခြေလှမ်းအတိုင်း တက်ကြပါ၊ လှေကားတွေမှာ အံ့ဝှက်လုပ်ထားတယ်၊ ကျွံကျပြီး ခြေထောက်တွေ သံညှပ်နဲ့ မိသွားလိမ့်မယ်နော်’

သူပြောသည့်အတိုင်း ကျန်လူများကလည်း သူ၏ ခြေကျအတိုင်း တက်ကြပ်နှင်း၍ တက်ကြရလေသည်။

သူတို့က လေးယောက်ဖြစ်သည်။

ဖမ်ယူကြီး၊ကျင်စွံ၊လောင်ချင်ဟုတ်နှင့် အတွင်းလူ့ရဲမက်တို့ ဖြစ်၏။

သူတို့ သွားရောက်ရမည့် ခရီးစဉ်က မြို့စားကြီး၏ အိပ်ခန်းသို့ ဖြစ်သည်။ အိပ်ခန်းသို့မရောက်မီ တွေ့ရှိရမည့် အန္တရာယ်

များအား သူတို့အုပ်စုကအသက်စွန့် တိုက်ခိုက်ကြမည်သာဖြစ်သည်။

ရည်မှန်းချက်က မြို့စားကြီး၏ အသက်ဇီဝိန်အား ဖြစ်သည့်နည်းနှင့်ခြွေကြရန် ဖြစ်လေသည်။

စံအိမ်ကြီးအတွင်း၌ ထားရှိသော ထိုလုံခြုံရေး ဆောင်ချောက်များအားလောင်ချင်ဟုတ်နှင့် အတွင်းလူရဲမက်သားတို့သာလျှင် သိရှိနိုင်ကြသည်။

သည်လိုနှင့် စံအိမ်နောက်ဖေးပေါက်မှ စတင်ခဲ့သောသူတို့၏ ခရီးမှာ မြို့စားကြီး အိပ်စက်သည့် အိပ်ခန်းအနီးသို့ရောက်ရှိလာကြတော့သည်။

ထိုအချိန်ထိ စံအိမ်၏ လုံခြုံရေးသမားများကို သူတို့ရှောင်တိမ်းနိုင်ခဲ့၏။

ပို၍ အဆင်ချောမွေ့နေသည်မှာ လောင်ချင်ဟုတ်မှလွဲ၍ကျန်သည့်လူများမှာ ရဲမက်များ၏ဝတ်စုံနှင့် ဖြစ်နေကြသောကြောင့် ရန်သူ၏ သံသယရှိခြင်းကို မခံကြရချေ။

ထို့ပြင် လောင်ချင်ဟုတ်ဆိုသည်က စံအိမ်ဝင်း၏ စားဖိုမှူး တစ်ဦးမှန်း လူတိုင်း သိရှိထားကြကုန်သည်။

သို့ဖြင့် လမ်းခုသက်၌ တွေ့ဆုံရင်ဆိုင်ကြသော အမှုထမ်းများ ရဲမက်များအား ဣန္ဒြေမပျက်ပင် နှုတ်ဆက်လာခဲ့ကြသည်။

မြို့စားကြီး ကျန်ရောက်ဖွး၏ အိမ်ဆောင်တော်သို့ ဆိုက်ရောက်လာကြလေသည်။



ထိုအခန်းကား အခြားအခန်းများထက် ပိုမိုကျယ်ဝန်းလျက် အစောင့်တစ်ဦးအား အခန်းဝ၌ စောင့်ကြပ်နေသည်ကို တွေ့ခဲ့ရသဖြင့် သူတို့လူစုမှာ ခပ်သည်တည်ပင် ထိုအစောင့်ထံသို့ ဦးတည်လျက် လှမ်းထွက်လာကြ၏။

အခန်းစောင့် ရဲမက်မှာလည်း သူတို့ ဦးတည်လာနေသည့် ရဲမက်သုံးဦးနှင့် စားဖိုမှူး လောင်ချင်ဟုတ်အား ပြူးကျယ်သော မျက်လုံးအစုံဖြင့် ငေးကြောင်ကြည့် နေ၏။

ဖမ်ယူက ရှေ့ဆုံးမှ လျှောက်လှမ်းသွားကာ အခန်းရှေ့ရောက်သည်နှင့် အခန်းစောင့်ရဲမက်အား ပြောကြားလိုက်သည်။

'မြို့စားကြီးနဲ့ တို့များ စကားပြောစရာရှိတယ်ကွ'

'အဲဒါ ဘာလို့ ကျုပ်ကို လာပြောရသလဲဗျာ'

'မင်းက မြို့စားကြီးရဲ့ အိပ်ခန်းစောင့်ပဲ'

'သူ အခုမရှိဘူး၊ ညေ့ခံပွဲမှာ သွားပြောချေ'

အိပ်ခန်းစောင့် ရဲမက်က သူတို့အား မသင်္ကာသော မျက်လုံးအစုံဖြင့် ပြန်လည်ကြည့်ရှုလျက် ခပ်တင်းတင်းတုံ့ပြန်လေသည်။

ထိုအခါ ကျင်စွီက ရှေ့ကို တိုးထွက်လာပြီး....

'ဘာပြောတယ်ကွ'

သူမေးကာ အစောင့်၏ ပခုံးကို ခပ်ဆတ်ဆတ်ဖိလိုက်ရာ အစောင့်ခမျာ အကြောပိတ်ခံရလျက် ငြိမ်သက်တိတ်ဆိတ်သွားရှာတော့၏။

တကယ်တော့ သူတို့လူစုမှာ ညော့ခံပွဲ၌ မြို့စားကြီးအား ရှာဖွေတိုက်ခိုက်သည်ထက် မြို့စားအိပ်ခန်းသို့ တစ်နည်းနည်းဖြင့် ရောက်အောင် ဝင်ပြီး စောင့်နေကြရန် ဆုံးဖြတ်လျက် ရောက်ရှိလာကြခြင်း ဖြစ်သည်။

မည်သည့်နည်းနှင့်မဆို မြို့စားကြီးမှာ ညော့ခံပွဲဝယ် သောက်စားပြီးသည်နှင့် အိပ်ခန်းသို့ ရောက်ရှိလာရမည်သာ။

ခုတော့ ထိုအစီအစဉ်ဖြင့် သူတို့သည် မြို့စားကြီးအခန်းဆီသို့ ရောက်ရှိခဲ့ကြလေပြီ။

အိပ်ခန်းစောင့် ရဲမက်မှာ အခန်းဝဝယ် ကောင့်တောင့်ကြီး ရပ်လျက် သူတို့အား ပြုံးကြောင်ကြောင် ကြည့်နေရှာတော့သည်။

'အို...လူလေးက အကြောပိတ်ပညာလဲ တတ်ထားတာကိုး'

'လိုအပ်လာတော့လဲ ထုတ်သုံးရတာပေါ့ ဦးကြီးဖမ်'

မြေခြားနှင့် ကျင်စွ° အကြောပိတ်ပညာရပ်ပါ တတ်မြောက်ထားသည်အား ကျန်လူများက သိရှိသွားကြသဖြင့် ဝမ်းမြောက်အားဘက်သွားကြ၏။

'ကဲ...အခန်းတံခါးဖွင့်ပြီး ဝင်နေကြမယ်'

ဖမ်ယူကြီးက ပြောပြောဆိုဆိုနှင့် မြို့စားကြီး၏ အခန်းတံခါးအား တွန်းဖွင့်ဝင်လိုက်၏။

'ဝုန်း'

မမျှော်လင့်ဘဲ ဖမ်ယူကြီးမှာ အခန်းပြင်သို့ လွင့်စဉ်ထွက်လာသဖြင့် သူတို့အားလုံး အံ့အားသင့်နေကြစဉ် မြို့စားကြီး



အခန်းထဲမှ လုံခြုံရေး သိုင်းသမားများနှင့် ရဲမက်အချို့ထွက်ပေါ်လာပြီး ဝိုင်းဝန်းတိုက်ခိုက်ခြင်းအား ခံကြရလေတော့သည်။

'ဟိတ်'

'ဟေး ဟေး ဟေး'

'ဝှစ်....ဝှစ်....ဝှစ်'

'ထန်....ထန်....ထန်'

'အ....အီး....အ'

သူတို့၏ ရဲမက်များ ရင်ဝဝယ် ဓားဒဏ်ရာနှင့် လဲကျသွားပြီး ညည်းညူနေရှာသည်။

လောင်ချင်ဟုတ်လည်း လျင်မြန်စွာ ခုန်ဆုတ်လိုက်ရပြန်သည်။

ကျင်စွ°ကမူ အခန်းထဲမှထွက်၍ တိုက်လာသော ဓားသမားများ၏ ဓားချက်များကို ပေါ့ပါးသွက်လက်စွာ ခုခံတိုက်ခိုက်နေရသည်။

ဖမ်ယူက လဲကျနေရာမှ သတိပေးနေရှာသည်။

'ဟော့....တို့လူတွေ ခုခံမနေနဲ့တော့၊ ကြာရင် ပိုဆိုးလာလိမ့်မယ်၊ လွတ်အောင်သာ ပြေးကြကွာ'

မြို့စားကြီး၏ ရဲမက်များက သူတို့လူများကိုဖိ၍ တိုက်ကြသည်။

ထို့ပြင် မြို့စား၏ လက်ရွေးစင် သိုင်းသမားတို့ကလည်း သဲသဲမဲမဲ ပြင်းထန်စွာ တိုက်နေကြသည်။

ထို့ကြောင့် အချိန်အနည်းငယ်အတွင်း ကျင်စွိမှတစ်ပါး ကျန်လူများမှာ မခုခံနိုင်ကြဘဲ အသီးသီး ဓားဒဏ်ရာများနှင့် လဲကျ ညည်းညူနေရရှာတော့သည်။

ကျင်စွိကမူ ရဲမက်များသော်လည်းကောင်း၊ သိုင်းသမားတို့သော်လည်းကောင်း ဒဏ်ရာရအောင် မတိုက်ခိုက်နိုင်ကြသေးချေ။

ကျင်စွိ ဓားချက်ကြောင့် သိုင်းသမားအချို့နှင့် ရဲမက်အချို့မှာမူ ဓားဆိပ်တက်လျက် အမြှုပ်ထွက်သူထွက်၊ အကြောဆွဲသူဆွဲဖြင့် တွန့်လိမ်ကောက်ကွေးနေကြရှာသည်။

မြို့စား၏ လုံခြုံရေး ဓားသမားအချို့မှာ ကျင်စွိ၏ မြွေဓားချက်ကြောင့် သူတို့လူအချို့ အဆိပ်တက်ဝေဒနာခံစားရင်း အသက်ပျောက်ကုန်သည်ကို တွေ့မြင်ကြရာ ကျင်စွိအား သဲသဲမဲမဲ ဖိတိုက်နေခြင်းမှ ကြောက်ရွံ့ ထိတ်လန့်လျက် နောက်ဆုတ်သွားကြလေသည်။

ကျင်စွိကား တိုက်ပွဲကို ဦးဆောင်လျက် ပေါ့ပါး သွက်လက်စွာ ရန်သူတို့အား တိုက်ခိုက်နေသည်။

သူ၏ ဓားကွက်များက ရန်သူတို့အတွက် ရှောင်တိမ်းရန် ခက်ခဲတတ်သဖြင့် မကြာခဏ ဓားချက်ထိရှနေကြကုန်သည်။

'ဝှစ်....ဝှစ်'

'ထန်....ထန်....အ'

သူ၏ မြွေဓားအား ဆီးခံကာကွယ်နိုင်လျှင်လည်း တစ်ချက် နှစ်ချက်သာလျှင် ဖြစ်သည်။ သုံးချက် လေးချက်ဆိုလျှင်



ဓားချက်တို့က တစ်နေရာမဟုတ်တစ်နေရာကို ထိခိုက်မိကြသည် ချည်းပင်။

ထိခိုက်ရှမိလျှင်တော့ ထိုလူများ မကြာမီ အချိန်အတွင်း အမြှုပ်ထွက်လျှင်ထွက် မထွက်လျှင်အကြောဆွဲကာ မျက်လုံးများ ပြူးလျက် သေဆုံးသွားရတော့သည်။

ထို့ကြောင့် တိုက်ပွဲအနေအထားက မြွေဓားရှင် ကျင်စွိ၏ ဓားကွက်များကသာလျှင် လွှမ်းမိုး ခြယ်လှယ် ထားနိုင်ခဲ့လေသည်။

စံအိမ်ကြီး အပေါ်ထပ်ဝယ် ဓားသံတို့က တခြိမ်ခြိမ်နှင့် ဆူညံနေတော့သည်။

ကျင်စွိတို့ ဘက်မှ သုံးယောက်သောလူများ ဒဏ်ရာရလျက် လဲကျနေသည့်နည်းတူ ရန်သူများ ဘက်မှလည်း ဆယ်ယောက်ကျော်ကျော်ခန့်မှာ ကျင်စွိ၏ မြွေဓားချက်ကြောင့် ကြမ်းပြင်ပေါ်ဝယ် အတုံးအရုံးနှင့် သေဆုံးကုန်ကြရပြီ ဖြစ်သည်။

မြို့စားလူများမှာ ကျင်စွိ၏ မြွေဓားချက်များအား ကခုန်ကလျားနှင့် ရှောင်ရှားနေကြရတော့သည်။

ထိုအချိန်တွင် စံအိမ်အပေါ်ထပ်သို့ ဝုန်းခနဲ ပုဂ္ဂိုလ်နှစ်ဦး ခုန်ပျံရောက်ရှိလာသည်။

'ဟာ....မြို့စားကြီး ရောက်လာပြီကွ'

ရဲမက်တစ်ဦး၏ ဝမ်းသာအားရ အော်ဟစ်လိုက်သံ ကြားသဖြင့် ကျင်စွိ ထိုပုဂ္ဂိုလ်နှစ်ဦးအား လှမ်း၍ကြည့်သည်။

မည်သူက မြို့စားမှန်းမသိချေ။

တစ်ဦးက နှုတ်ခမ်းမွေးကားကား ထောင်ထောင်မောင်းမောင်း။ တစ်ယောက်က နှုတ်ခမ်းမွေးသဲ့သဲ့၊ ပိန်ပိန်ရှည်ရှည်၊ နှစ်ဦးစလုံးကမူ ကျင်စွံအား စားတော့ ဝါးတော့မတတ် စူးစိုက် ကြည့်နေကြသည်။

ကျင်စွံအား မည်သူမည်ဝါနန်း မသိကြချေ။

ကျင်စွံကတော့ သူတို့အား တည်ငြိမ်စွာ ရင်ဆိုင်လိုက်သည်။

မြို့စားကြီး ကျန်ရောက်ဖူးက စတင်မေးမြန်းလာသည်။

'ဟေ့....မင်း ဘယ်သူလဲကွ၊ ငါ့စံအိမ်ထဲ ဝင်ရောက်ကျူးကျော်ပြီး စော်ကားနေတာ မိုက်ရိုင်းလှချည်လား'

ထိုအမေးကြောင့် ထိုပုဂ္ဂိုလ်မှာ ကျန်အင်းမြို့စားကြီးမှန်း ကျင်စွံ သိရလေသည်။ သူ့အဖို့ အဓိက တိုက်ခိုက်ရမည်မှာ မည်သူမှန်း သိနိုင်သွားတော့သည်။

'သိချင်လဲ ပြောရတာပေါ့ မြို့စားကြီးရယ်၊ ကျုပ်ဖခင်က မြွေဘုရင် ကျင်ဖုန်းဆိုတာပဲ၊ ဒါလောက်ဆို ခင်ဗျားကြီး သိလောက်ပြီ ထင်ပါတယ်'

'ဟေ'

မြို့စားကြီး ကျန်ရောက်ဖူးမှာ မျက်နှာ ကွက်ခနဲ မျက်သွားတော့၏။ သို့ရာတွင် သူက လျင်မြန်စွာ ဣန္ဒြေပြန်ဆည်လျက် တုံ့ပြန်သည်။

'ဟဲ ဟဲ ဟဲ ဒါဆိုလဲ မင်းဟာ ကျားရှေ့ မှောက်လျက်လဲတာပဲပေါ့ကွာ'



ဟန်ကိုယ်ဖို့လုပ်လျက် တုံ့ပြန်လိုက်သော်လည်း မြွေဘုရင် ကျင်ဖုန်းရဲ့သား ဆိုတာဘည်းက သူ့မျက်စိထဲ ငယ်စဉ်ကပင် သိုင်းပညာကို အရွယ်နှင့်မလိုက်အောင် တိုက်ခိုက်တတ်သူ ကျင်စွံအား မြင်ယောင်သွားမိသည်။

'ကျားရှေ့မှာ မှောက်လျက်တော့ မလဲဘူး၊ ကျားရင်ကိုခွဲပြီး ကျားရဲ့အသည်းကို စားဖို့လာတာဗျို့'

ကျင်စွံက ပြောပြောဆိုဆို မြွေခေါင်းကြီးကို ရိပ်ခနဲဝင့်ကာ ခုန်ဝင်သွားလေရာ မြို့စားကြီးခမျာ လည်ပင်း ပြတ်ပါမသွားဖို့စိုးရိမ်ထိတ်လန့်စွာ ရှောင်လိုက်ရရှာလေသည်။

ကျင်စွံ၏ ခေါင်းချက်က လျင်မြန် သွက်လက်လှသကဲ့သို့ စေးကွက်ကလည်း ခပ်ဆန်းဆန်းဖြစ်နေ၍ မြို့စားကြီးမှာ တုန်လှုပ်ချောက်ချားသွားမိရှာ၏။ ထို့အတူ ခေါ်ဘုရင် လူစုချန်မှာလည်း မျက်မှောင်ကြုတ်၍ ကျင်စွံ၏ ခေါင်းချက်ကို သေချာစွာ ဆန်းစစ်နေမိသည်။

'မင်းနာမည် ဘယ်သူလဲ'

ကျင်စွံ ခေါင်းကြီးကို စူးစိုက်ကြည့်လျက် ခပ်ထန်ထန် မေးမြန်း၏။

'မြွေခေါင်းရှင် ကျင်စွံ၊ အထိုးကျန် ကျင်စွံ'

'ဟင်'

ခေါ်ဘုရင် လူစုချန်ကိုယ်တိုင် မျက်နှာမှာအရေးကြောင်းများ တွန့်သွားရ၏။

'မြွေ ခေါင်း ရှင် ကျင် ကျင် စွံ'

သူ့နှုတ်ဖျားက လိုက်လံရွတ်ဆိုနေခဲ့သည်။

'ဩော်....မင်းက မြွေခေါင်းရှင် ဖြစ်နေပြီကိုး'

မြို့စားကြီး ကျွန်ရောက်ဖူးကာလည်း အံ့ဩစွာ ရေရွတ်ပြန်သည်။ သူ့အမူအရာ၌ ထိတ်လန့်စိုးရိမ်မှုများက အထင်းသား ပေါ်လွင်နေ၏။

အနှစ်နှစ်အလလ စိုးရိမ်ကြောင့်ကြမှုတွေက အခုတော့ ရောက်ရှိလာခဲ့ချေပြီ။ သို့ရာတွင် မြို့စားကြီးမှာ ခေါင်းဘုရင် လူစုချွန်လို ပုဂ္ဂိုလ်ကြီးအပေါ်၌ ရှိနေသဖြင့် ဟစ်အားတော့ တက်မိပြန်သည်။

ထို့ကြောင့် ကျင်စွဲအား မာန်သွင်းကာ တုံ့ပြန်တိုက်ခိုက်ရန် စတင်၏။

'ဟိတ်'

မြို့စားက ခေါင်းကို နှစ်လမ်းသွားလှုပ်ရှားလျက် ခေါင်းကွက်သစ်ကွက် ဖန်တီးပြီး ဝင်ရောက်သွားခဲ့သည်။

'ဝှစ် ဝှစ် ဝှစ်'

'ထန် ထန် ထန်'

ကျင်စွဲကမူ မြို့စား၏ နှစ်လမ်းသွားခေါင်းချက်ကို လျပ်တစ်ပြက် ခုခံကာကွယ်နိုင်လိုက်သည့်ပြင် ခေါင်းချက်တစ်ချက်ကိုလည်း မြို့စား၏ လှုပ်ရှားမှုမဆုံးခင်မှာ ပို့ဆောင်ပေးလိုက်သဖြင့် ခေါင်းဖျားက မြို့စား၏ အပြာရောင်ဝတ်ရုံကြီးကိုဖြတ်ချပစ်လိုက်ရာ မြို့စားခမျာ မျက်လုံးအစုံပြူးကျယ်လျက် ချော်ချား သွားရှာလေသည်။

'ဟာ'



ခေါင်းဘုရင် လူစုချွန်မှာလည်း အံ့အားသင့်သွားရာမှ သူ့ကို တကြမ်း ဝင်ရောက်တိုက်ခိုက်လေသည်။

သူ၏ ခေါင်းမှာ အလွန်ရှည်လျားလှသည့် ပြင် အရှိန်အဟုန်ကလည်း ပြင်းလှပေသည်။

'ဝှီး ဝှီး ဝှီး'
'ထန် ထန် ထန်'

သို့ရာတွင် ဓားဘုရင်၏ ပြင်းထန်လှသော ဓားချက်များအား သူ၏ မြွေဓားက လမ်းခုလတ်မှာပင် ဆီးကြို ခုခံနိုင်ခဲ့၏။

တစ်ဖန် သူ၏ သွက်လက်မြန်ဆန်လှသော တုံ့ပြန်ဓား ချက်များအား ဓားဘုရင် လူစုချန်ခမျာ အလျှင်မီအောင် မခုခံနိုင် ရှာခဲ့။

ပွတ်ကာသီကာဖြင့် လူစုချန်အား အထိတ်တလန့်ဖြစ်သွား စေလေ၏။

လူစုချိန်မှာ ဓားကွက် လေးကွက် ထွက်လာသည်နှင့် ကျင်စွ ကလေးငါးခြောက်ကွက် ပြန်လည် တုံ့ပြန်လိုက်၏။

ကျင်စွ^ိ၏ ဓားကွက်များက လူစုချန်အဖို့ အသေအလဲ ခုခံကာယ်ကွယ်ခဲ့ရသည့် ဓားကွက်များပင် ဖြစ်သည်။

သူ့အဖို့ မြွေဓားရှင်၏ ဓားချက်အား အပွန်းအရှ အထိ အခိုက်ခံ၍မဖြစ်မှန်း သိနေသောကြောင့် ပို၍ စိုးရိမ်ထိတ်လန့် နေခြင်း ဖြစ်သည်။

ထို့ကြောင့် ကျင်စွ^ိအား တိုက်ခိုက်ရသည်ထက် သူ့ကိုယ် သူပင် အနိုင်နိုင် ခုခံကာကွယ်နေရတော့သည်။

ဓားဘုရင်၏ အခြေအနေကိုကြည့်လျက် မြွေဓားရှင် အား တိုက်ခိုက်ရန်စောင့်ဆိုင်းနေသည့် မြို့စားမှာ ဓားဘုရင် ၏ အနေအထား မဟုတ်တော့သည်အား ရိပ်မိ သိရှိသော ကြောင့် သူ့နောက်လိုက် ရဲမက်များအား အနီးပတ်ဝန်းကျင် မှာ ရှာဖွေကြည့်လိုက်မိ၏။

ထိုစဉ် ရဲမက်အချို့ အပေါ်ထပ်သို့ အပြေးကလေးတက် ရောက်လာသည်အား တွေ့ရှိရသဖြင့် အားတက် ဝမ်းမြောက် သွားလေသည်။

ထိုရဲမက်များမှာ သူ၏ လက်ရွေးစင်လေးသည်တော်များ ဖြစ်ကြ၏။ သူတို့၏ လက်ထဲ၌ လေးမြားများ ကိုင်ဆောင်ထား ကြလေသည်။

လေးသည်တော်များက ဆယ်ယောက်ခန့် ရှိ၏။

'ဟေ့ မုဆိုးဒူးထောက် တစ်ပြိုင်နက်ပစ်ကြစမ်း'

မြို့စားက အော်ဟစ်အမိန့်ပေးလိုက်သဖြင့် လေးသည် တော်များမှာ ချက်ချင်းပင် မုဆိုးထိုင်ထိုင်ပြီး မြွေဓားရှင်



အား လေးနှင့်ချိန်းကြတော့၏။ ဓားဘုရင်ကထိုပစ်ကွင်းမှလွတ် မြောက်ရန် အခန်းတစ်ခုထဲ ခုန်ဝင်သွားခဲ့သည်။

မြွေဓားရှင်မှာ တစ်ပြိုင်နက် အရှိန်ပြင်းစွာ ဝင်ရောက် လာသည့် မြားတံများအား မြွေဓားနှင့် ဝှေ့ယမ်းရိုက် ထုတ်ရ၏။

'ပွစ် ဝှစ် ဝှစ်'

'ခြွမ် ခြွမ် ခြွမ်'

သူ၏ဓားချက်များက မြားတံများအား မဝင်သာအောင် တားဆီး ကာကွယ်ထားနိုင်ခဲ့လေသည်။

မြို့စားသည် မျက်မှောင်ကြုတ်သွားလျက် စဉ်းစားနေပြန် သည်။

'ဟိတ်....လေးသမား ငါးယောက် အပေါ်မျက်နှာကြက် ပေါက်က သွားပစ်ချေ'

သူ့မျက်လုံးက မျက်နှာကြက်ပေါက်ကို ရောက်သွားပြီး လေးသည်တော်များအား အမိန့်ပေးလိုက်ပြန်သည်။

ငါးယောက်သော လေးသမားများသည် မျက်နှာကြက် အပေါ် မလှယ်ပေါက်မှ တက်ရောက်ရန် ထွက်ခွာသွားခဲ့ သည်။

ကျန်လေးသည်တော် ငါးယောက်ကမူ အဆက်မပြတ် မြွေဓားရှင်အား ပစ်ခတ်နေကြဆဲ ရှိသည်။

မကြာမီ မျက်နှာကြက်အပေါ်စီးမှ မြားတံတို့ ကျရောက် လာပြန်သည်။

'ဝှစ် ဝှစ် ဝှစ် ဝှစ်'

'ခြမ်း ခြမ်း ခြမ်း ရှစ်'

'အ အ အ'

အပေါ် မျက်နှာကြက်မှ လျှပ်တစ်ပြက် ဝင်လာသော မြားတံတစ်ချောင်းက မြေခွေးရှင် ကျင်စွိ၏ ပခုံးသားအား လာရောက် စူးဝင်သွားခဲ့သည်။

မြားတံက တန်းလန်းကြီး အသားထဲ နစ်ဝင် စိုက်ထောင်နေ၏။

'ဟေး ဟေး ဟေး ဟေး'

မြို့စားကြီး ကျန်ရောက်ဖူးက အားရဝမ်းသာ အော်ဟစ်ကြွေးကြော်နေ၏။

ဓားဘုရင် လူစုချန်ကလည်း ရုတ်တရက် ဝင်ရောက် ပိုင်းချလာသည်။

'ဟိတ်....သေစမ်းဟ'

သို့ရာတွင် ထိုဓားချက်အား ကျင်စွိက အနီးရောက်မှ ပွတ်ကာသီကာ ရှောင်တိမ်းလိုက်နိုင်၏။

ထို့ကြောင့် ဓားချက်က ကျင်စွိအား မထိမှန်ဘဲ ထောင်စိုက်နေသည့် ပခုံးသားမှ မြားတံကိုသာ အရင်းမှ ဖြတ်တောက်သွားခဲ့ပြန်သည်။

'ဒုတ်'

'အ အ'

တိုက်ပွဲ အခြေအနေက ပြောင်းပြန် ဖြစ်သွားပြန်တော့သည်။



မြားတံများက မျက်နှာနှစ်ဖက်မှ အဆက်မပြတ် ဝင်ရောက်လာသည့်ပြင် ဓားဘုရင် လူစုချန်နှင့် ကျန်ရောက်ဖူးတို့၏ လျှပ်တစ်ပြက် တိုက်ခိုက်လာမှုများကလည်း မကြာခဏ အန္တရာယ် ဖြစ်လာသောကြောင့် သူ့ဘက်က ရှုံးနိမ့်ဖို့ များသွား၏။

သို့ဖြင့် သည်နေရာမှ ထွက်ခွာရန် ဆုံးဖြတ်လိုက်ပြီး သူ့အား ထွက်ပြေးရန် သတိပေးနေသည့် ဖမ်ယူကြီးအား လဲကျနေသည့် နေရာကို လှမ်းကြည့်လိုက်ရာ ဖမ်ယူကြီးမှာ အသက်ပျောက်လျက် ငြိမ်သက်နေသည်အား တွေ့ရှိလိုက်ရလေတော့သည်။

သူတို့လေးယောက်အနက်၊ သူတစ်ယောက်တည်းသာ ကျန်ရစ်တော့သဖြင့် ရန်သူတို့၏ ပိတ်ဆို့ တိုက်ခိုက်နေမှုအား အကဲခတ်လိုက်ပြီး ပြတင်းပေါက်ရှိသောဘက်သို့ မျက်နှာမူလိုက်ကာ ရှေ့သို့ ဖိတိုက်လိုက်၏။

သူ၏ ဓားကွက်များက မြို့စား၏ ဓားသမားတို့အတွက် ထူးခြား ဆန်းကြယ်သောကြောင့် သူဖိတိုက်သောဘက်၌ ရန်သူများမှာ နောက်သို့ မခုခံနိုင်ဘဲ ဆုတ်ပေးကြရသည်။

ထိုအခွင့်အရေးအား စောင့်ဆိုင်းနေသော ကျင်စွိမှာ ပြတင်းပေါက်နှင့် နီးကပ်သော နေရာသို့ ရောက်သောအခါ ရုတ်တရက် စံအိမ်ပြင်ပသို့ ခုန်ထွက် လွတ်မြောက် သွားလေတော့သည်။

ဓားဘုရင် လူစုချန်နှင့် မြို့စားကြီး ကျန်ရောက်ဖူးတို့မှာ ကျင်စွိ၏ လျှင်မြန်လှသော လျှပ်တစ်ပြက် လှုပ်ရှား ထွက်ခွာ

သွားခြင်းအား အံ့ဩမှင်တက်မိဖြီး ငေးကြောင်ကြောင်ကြည့်နေရာမှ သတိရလိုက်သောအခါ ကျင်စွ ကစ်ယောက်ကား စံအိမ်ဝင်း ပြင်ဖသို့ ရောက်ရှိလျက် အမှောင်ထုဝယ် တိုးဝင်ပျောက်ကွယ် သွားလေတော့သည်။

[ ၃၉ ]

## မြို့စားကြီး ကျန်ရောက်ဖူး၏ ဇာတ်သိမ်း

မြွေစားရှင် ကျင်စွ သည် ပခုံးတွင် မြားဒဏ်ရာရရှိလျက် ထွက်ပြေး လွတ်မြောက် သွားခဲ့သော်လည်း မြေမြို့တော် စားသောက်ဆိုင်သို့ ပြန်လည်ရောက်ရှိသွားသောအခါ အထဲ မဝင်နိုင်အောင် အခြေအနေက ဖြစ်ပေါ်နေသည်အား တွေ့ရှိရလေတော့သည်။

မြို့စားကြီး၏ ရဲမက်များနှင့် လက်ရွေးစင် သိုင်းသမားတို့က ဖမ်ယူကြီး၏ စားသောက်ဆိုင်မှ အမှုထမ်းများအား

ရိုက်နှက် ဖမ်းဆီးနေကြသည့်အပြင် ဆိုင်ကိုလည်း စိတ်ရှိလက်ရှိ ရိုက်ခွဲဖျက်ဆီးပစ်နေကြသည်ကို စိတ်မကောင်းဖွယ်ရာ တွေ့ရှိခဲ့ရ၏။

ထို့ကြောင့် မြေမြို့တော် စားသောက်ဆိုင်သို့ မဝင်တော့ဘဲ မှောင်ရိပ်ခိုကာ ပြန်ထွက်လာခဲ့လေ၏။

မြားဒဏ်ရာမှ သွေးများကလည်း တစိမ့်စိမ့်နှင့် ယိုစီးနေရာ ကျင်စွဲမှာ တစ်ချက်တစ်ချက်၌ ခေါင်းထဲမှ မိုက်ခနဲ မိုက်ခနဲ ဖြစ်လျက် သဲလုလဲခင် ဖြစ်နေခဲ့လေသည်။

သို့ရာတွင် အားတင်းလျက် ခိုအောင်းစရာနေရာကို ရှာဖွေနေစဉ် တစ်နေရာအရောက်၌ ရှေ့သို့ ဟပ်ထိုးလဲကျကာ သတိမေ့မြောသွားခဲ့ရတော့သည်။

ထိုအချိန်ဝယ် ယင်းနေရာအနီးသို့ အဘိုးအို တစ်ဦးနှင့် မိန်းမပျိုတစ်ဦးသို့ ရောက်ရှိလာကြလေသည်။

အဘိုးအိုမှာ ကျန်အင်းမြို့မှ ဆင်းရဲသားများအား အခမဲ့စေတနာဖြင့် ဆေးကုသပေးနေသော ဆေးဆရာကြီး အလင်းမဲ့တန်တိတ်စီး ဖြစ်ပြီး မိန်းမပျိုမှာ သမီးဖြစ်သူ တန်ရောက်အင်ဆိုသူလေး ဖြစ်ကြသည်။

မိန်းမပျိုလေးက ဖခင်ကြီးအားအမှောင်ထုထဲဝယ် လက်ကိုတွဲကာ လျှောက်လှမ်းလာခြင်း ဖြစ်၏။ တန်တိတ်စီးမှာ မျက်စိနှစ်ကွင်း အလင်းမရရှာသော မျက်မမြင်ဆေးဆရာကြီးတစ်ဦးပင် ဖြစ်သည်။



မျက်စိမမြင်သော်လည်း ဆေးစွမ်းက ထက်မြက်သူ ဖြစ်၍ ကျန်အင်းမြို့တစ်ဝိုက် ဆင်ခြေဖုံးနေ ဆင်းရဲသားတို့မှာ သူ့ကိုအားကိုးအားထား ပြုနေကြရလေသည်။

လူကလည်း အသပြာဆရာ မဟုတ်ဘဲ စေတနာအရင်းခံလျက် ကုသပေးတတ်လေရာ လူတိုင်း၏ ချစ်ခင်လေးစားမှုအား ခံရသည်။

ယခုလည်း မုဆိုးမကြီးတစ်ဦး၏ ဝေဒနာကို ကုသပြီး ပြန်လာကြခြင်း ဖြစ်လေသည်။

သူတို့သားအဖ အမှောင်ထုဝယ် တရွေ့ရွေ့လျှောက်လှမ်းလာခဲ့ကြသည်။

'ဟေ့ မိန်းကလေးရဲ့၊ ဒီနားရောက်မှ အဖေ့နှာခေါင်းထဲ သွေးညှီနံ့ ရလာသလားလို့ကွယ်'

အဘိုးကြီး အလင်းမဲ့ တန်တိတ်စီးက တန်ရောက်အင်၏လက်ကိုဆွဲပြီး ဖြည်းညင်းစွာ လျှောက်လှမ်းနေရာမှ ပြောလိုက်သဖြင့် သမီးဖြစ်သူမှာ သတိထားပြီး ပတ်ဝန်းကျင်အနံ့အသက်ကို ရှူရှိုက်ကြည့်နေမိ၏။

ထို့နောက် ဖခင်အား ပြန်လည်၍ ပြောကြားနေလေသည်။

'ဟုတ်တယ် အဖေ၊ သမီးနှာခေါင်းထဲမှာလဲ အနံ့အသက်တစ်ခုခု ရနေသလိုပဲ၊ ဘာမှန်းသာမသိတာ'

နှစ်ဦးသား နှာခေါင်းအား တရှုံ့ရှုံ့လုပ်ရင်း ဆက်လက်လျှောက်လှမ်းသွားကြပြန်သည်။

'အမေ့'

ဆက်လျှောက်လို့မှ ဆယ်လှမ်းမျှပင် မလှမ်းမိသေးပေ။ မိန်းကလေး တန်ရောက်အင်ထံမှ အထိတ်တလန့် အော်ဟစ်လိုက်သံ ကြားသဖြင့် အလင်းမဲ့ တန်တိတ်စီးက ပျာပျာသလဲ မေးမြန်းလိုက်၏။

'ဘာ....ဘာဖြစ်လို့လဲသမီး....ဟင်'

'ဒီ....ဒီမှာ ဘာကြီးလဲ မသိဘူး၊ သမီး ခလုတ်တိုက်မိလိုက်လို့'

တန်ရောက်အင်က ဖခင်အား ပြန်လည်ဖြေကြားပြီး ဒူးကိုင်ထောက်လျက် တိုက်မိသည့်အရာအား လက်နှင့် စမ်းသပ်ကြည့်လိုက်သည်။

'ဟာ....အမေ၊ အမေ လူ....လူကြီး'

မိန်းကလေးက ကြောက်ရွံ့တုန်လှုပ်စွာ ကမန်းကတန်းထရပ်လိုက်ပြီး ပြောနေသည်။

'ဟေ....လူ ဟုတ်လား သမီး'

'ဟုတ်တယ် အမေ၊ လမ်းပေါ်မှာ ကန့်လန့်ဖြတ်ကြီး လဲနေတယ်၊ ဘာဖြစ်လို့လဲ မသိဘူး'

'သေသေချာချာ စစ်ဆေးကြည့်ပါဦး သမီးရယ်၊ အသက်မှ ရှိသေးရဲ့လားလို့'

တန်ရောက် အင်ခမျာ ဖခင် စကားကြောင့် ကြောက်ကြောက် လန့်လန့်နှင့် လက်နှစ်ဖက်ဖြင့် စမ်းသပ်ကြည့်ရှုနေလေသည်။

သူမလက်ထဲတွင် ပျစ်ချွဲစေးကပ်သော အရာများကို စမ်းမိပြီး....



'အို....သွေးတွေ....သွေးတွေ အမေ၊ ဒဏ်ရာရပြီး လဲကျနေတဲ့ လူတစ်ယောက်ပဲ၊ အသက်လဲ ရှူနေရှာတယ်'

'ဟင်....ဒါဆို အသက်ရှိသေးတာပေါ့၊ အမေ့ကို ပြစမ်းကွယ်'

တန်ရောက်အင်က ဖခင်ဖြစ်သူအား လဲနေသော လူအနီး၌ ထိုင်စေပြီး စမ်းသပ်စစ်ဆေး၏။

ဆေးဆရာကြီး အလင်းမဲ့ တန်တိတ်စီးက အမှောင်ထဲမှ လူ၏ခန္ဓာအား စမ်းသပ်သောအခါ မြားဒဏ်ရာကို တွေ့ရှိသွားတော့သည်။

'အင်း....မြားချက်မှန်ပြီး လဲနေတဲ့သူပဲ သမီး၊ အဖေတို့ မကယ်ရင်တော့ သူ့ခမျာ အသက်ဆုံးရှုံးရတော့မယ်'

'ဟုတ်တယ် အဖေ၊ သူ့မှာ သွေးတွေ အရမ်းထွက်နေတယ်'

'ကဲ....ကဲ တို့များ သူ့ကို အိမ်သယ်ဆောင်သွားကြတာပေါ့ကွယ်'

သို့နှင့် မြားဒဏ်ရာကြောင့် လဲကျနေသည့် မြွေဓားရှင်ကျင်စွ၏ လေးလံသော ကိုယ်ခန္ဓာကြီးအား သားအဖနှစ်ဦးခမျာ တရွှေ့ရွှေ့ မနည်း သယ်ဆောင်သွားကြလေတော့သည်။

မြွေဓားရှင် ကျင်စွကား အရှုပ်ကြီးပြတ်ပမာ သတိမေ့မြောလျက်....။

၄၀

အလင်းမဲ့ တန်တိတ်စီးက ဒဏ်ရာအား ဆေးထည့်ကုသပြီး တန်ရောက်အင်ကမူ သူ့အား ပြုစုစောင့်ရှောက်ခဲ့လေတော့သည်။

ကျွန်အင်းမြို့၏ ဆင်ခြေဖုံး ရပ်ကွက်လေး တစ်နေရာ၌ ရက်သတ္တတစ်ပတ်ခန့် တန်တိတ်စီးတို့ သားအဖ၏ ကုသစောင့်ရှောက်မှုကို ခံယူရန် ရှေ့ဆက်ရမည့်ခရီးအား ကျင်စွံတစ်ယောက် စဉ်းစားတွေးတောနေခဲ့၏။

အင်း....ငါလဲ ဆရာကြီး အလင်းမဲ့တို့ အိမ်လေးမှာ ဆေးကုသခံနေတာ တစ်ပတ်လောက်ရှိခဲ့ပြီ၊ သူတို့သားအဖခများ ငါ့ကြောင့် တာဝန်တွေ ပိုနေရရှာကြတယ်၊ တန်ရောက်အင်လေးက သနားစရာ၊ ဖခင်ကြီးတစ်ဖက်, လူနာဖြစ်တဲ့

ဒေါ်ကိုတစ်ဖက် ပြုစုနေရှာတယ်၊ ဒေါ်မှာလဲ တာဝန်ကရှိသေးတယ်'

သည်အိမ်မှာ ဆက်နေထိုင်ဖို့ မသင့်တော့ဘူး။

သည်နေ့တော့ သူတို့ကို နှုတ်ဆက်ပြီး ထွက်ခွာမှ ကောင်းမယ်။ သူ၏မြားဒဏ်ရာများလည်း ဆရာကြီး တန့်တိတ်စီး၏ ဆေးစွမ်းကြောင့် အလွန်လျင်မြန်စွာ ပျောက်ကင်းလုနီးပါး ဖြစ်ခဲ့သည်။

မြားတံက သူ၏ပခုံး ကြွက်သားရှိ အကြောများကို ဖြတ်တောက် စူးဝင်သွား၏။ တန့်တိတ်စီးနှင့်သာ မတွေ့ရလျှင် ကျင်စွံအဖို့ အကြောသေလျက် ဟိုဘက်လက်မှာ လုံးဝ အသုံးကျမည် မဟုတ်တော့။

ခုတော့ ဆရာကြီး တန့်တိတ်စီး၏ အကြောပြင်ပေးလျက် ကုသပေးမှုကြောင့် မူလလှုပ်ရှားမှုအတိုင်း ပြန်လည်လှုပ်ရှားနိုင်ပြီ ဖြစ်သည်။

ထို့ကြောင့် သည်အိမ်လေးမှ ထွက်ခွာရန်ဆုံးဖြတ်လိုက်မိတော့သည်။

ထိုညဝယ် ကျင်စွံတစ်ယောက်က အိပ်ရာမဝင်မီ နက်ဖြန်နံနက်၌ သူပြန်တော့မည်ဖြစ်ကြောင်း ဆရာကြီးထံခွင့်တောင်း အသိပေး၏။

'အေး...အေး...မင်းရဲ့ဒဏ်ရဲ့ ဒဏ်ရာကလဲ ပျောက်ကင်းလု ဖြစ်နေပြီပဲ၊ ဆန္ဒရှိလို့သွားမယ်ဆိုရင်တော့ သွားနိုင်ပါတယ်၊ တို့များကို အားနာပြီးတော့ ဒီကထွက်သွားတာဆိုရင် မသွားပါနဲ့လို့ တားပါရစေ။



'တို့သားအဖအဖို့ မင်းတစ်ယောက်အတွက် အပန်းမကြီးပါဘူးလေ'

'ဟုတ်ပါတယ် အစ်ကို၊ ဒဏ်ရာက ပျောက်တယ်ဆိုပေမယ့် အကင်း သေလှတာမဟုတ်ဘူး၊ အနားဆက်ယူဖို့ကောင်းပါတယ်။

'အစ်ကို့ရေးက အရေးမကြီးဘူး ဆိုရင်တော့ နောက်ထပ် ရက်သတ္တ တစ်ပတ်လောက်တော့ နေစေချင်တယ် အစ်ကိုရယ်'

တန်ရောက်အင်ကလည်း မျက်ရည်ဝဲစွာဖြင့် သူ့အား ဝင်ရောက်ပြောကြားရှာ၏။ သူမမျက်လုံးအစုံ၌ သူ့အား ကြင်နာရိပ်များ လွှမ်းမိုးနေသည်။ ရက်သတ္တ တစ်ပတ်မျှ အတူနေထိုင်စဉ် သံယောဇဉ်များက တွယ်ရစ်နှောင်ဖွဲ့နေဟန် ရှိရှာသည်။

ကျင်စွံက အနူးအညွတ်တောင်းပန်ရလေသည်။

ဆရာကြီးတို့သားအဖရဲ့ ကျေးဇူးက ကျွန်တော့်အပေါ် အလွန်ကြီးမားပါတယ် ခင်ဗျာ၊ ဒီမှာလူနာ တစ်ယောက်နဲ့ နေထိုင်ရစဉ် ကာလတစ်လျှောက်လုံး ကျွန်တော့်ကို သား အရင်းလို စောင့်ရှောက်ပြီး အစ်ကိုရင်းတစ်ဦးလို ပြုစုကြတဲ့ မေတ္တာစေတနာတွေကို ဒီတစ်သက် မေ့နိုင်မှာမဟုတ်ပါဘူး၊ ဒါပေမယ့် ကျွန်တော့်မှာ ဘဝနဲ့အမျှ ဆောင်ရွက်ရမယ့် တာဝန်တစ်ရပ်က ရှိနေပါသေးတယ် ဆရာကြီးရယ်။

'အဲဒါကြောင့် ကျွန်တော်သွားရမှာဖြစ်ပါတယ် ခင်ဗျာ၊ နောက်ပြီးတော့...'

သူက နောက်ထပ်ပြောကြားမည့်စကားအား ပြောသင့် မပြောသင့် ချင့်ချိန် စဉ်းစားလျက် စကားဆက်ကို ဖြတ်တောက်ထားလိုက်သဖြင့်....

'နောက်ပြီးတော့ ဘာဖြစ်လို့လဲဟင်....အစ်ကို'

တန့်ရောက်အင်လေးက သိချင်ဇောနှင့် စိတ်စင်စားစွာ အဆောတလျင် မေးမြန်းလာလေသည်။

'ပြောပါကွယ် တို့များကို မိသားစုလို သဘောထားပြီး ပွင့်ပွင့်လင်းလင်းသာ ပြောပါကွယ်'

ဆရာကြီး အလင်းမဲ့ တန့်တိတ်စီးကပါ ဝင်ရောက် ဟိုက်တွန်း မြန်သောကြောင့် ကျင်စွဲမှာ ဖွင့်ဟပြောရလေတော့သည်။

'ဒီလိုပါခင်ဗျာ၊ ကျွန်တော့်ကြောင့် ဆရာကြီးတို့ သားအဖပါ မင်းပြစ်ဒဏ် သင့်မှာစိုးလို့ပါ ခင်ဗျာ'

'ဟေ'

'ရှင်'

သားအဖ နှစ်ယောက်စလုံးထံမှ အံ့ဩသံများက တစ်ပြိုင်နက် ပေါ်ထွက်လာခဲ့ကြတော့သည်။

သူတို့၏မျက်နှာများ၌ အံ့ဩထိတ်လန့်သော အမူအရာများက အထင်းသား ပေါ်လွင်နေခဲ့လေသည်။

'အစ်ကို....အစ်ကိုက မင်း ...မင်းဒဏ်သင့်....သင့်'

တန့်ရောက်အင်၏ နှုတ်ခမ်းများတို့က တုန်တုန်ယင်ယင် ထစ်သစ်ငေါ့ငေါ့နှင့် ရှိနေကြရှာသည်။

'လူလေးက ရာဇဝတ်မှု ကျူးလွန်ခဲ့သူလားကွယ်'



သားအဖနှစ်ဦးက ကိုယ်စီမေးမြန်းလာကြသဖြင့် ကျင်စွဲမှာ မနေသာလေတော့၊ သူ၏အဖြစ်တို့ကို အမှန်အတိုင်း ပြောကြားရတော့၏။

သူ၏ ရွှေသတ္တုဝါလေးမှ အစပြုလျက် သူ၏မိဘတို့ အသတ်ခံရပုံ၊ သူလွတ်မြောက်ခဲ့ရပုံ၊ တောထဲ၌ အထီးကျန်ကြီးပြင်းခဲ့ရပုံ၊ အိပ်မက်ထဲ၌ သူတော်စင်ဆရာကြီးထံမှ သိုင်းပညာရပ်များ သင်ကြားတတ်မြောက်ခဲ့ရပုံနှင့် နောက်ဆုံး ဦးကြီးဖမ်၏ အကူအညီဖြင့် မြို့စားကြီး ကျန့်ရောက်ဖူးအား ဝင်ရောက်တိုက်ခိုက်ပုံများကို ပြောပြလိုက်လေတော့သည်။

'ဒါဖြင့် ခုမြားဒဏ်ရာက မြို့စားကြီးရဲ့ လေးသမားတွေ ပစ်ခတ်လို့ ရလာတဲ့ဒဏ်ရာပေါ့နော်'

'ဟုတ်တယ် ညီမ'

တန့်ရောက်အင်၏ မျက်လုံးအစုံ၌ မျက်ရည်များ စို့သီနေသည်ကို တွေ့ရှိရသည်။

ထိုမျက်လုံးမှ တစ်စုံတစ်ခုသောအရောင်များက တောက်လက်နေသည်အား ထူးဆန်းစွာ တွေ့မြင်နေရလေသည်။

ထို့ပြင် သူမ၏မျက်နှာ၌ တစ်ခါဖူးမျှ မမြင်မတွေ့ဖူးသော အမူအရာအသွင်အပြင်တို့ကိုလည်း ထူးခြားစွာ တွေ့ရှိရသည်။

သူမနည်းတူ ဆရာကြီး၏ မျက်နှာ၌လည်း ယိုနည်းနှင်နှင် ထူးခြားသော ခံစားမှုကြောင့် တစ်မျိုးတစ်ဖုံသော အသွင်အပြင်တို့က အထင်းသား ရှိနေသည်။

'တောက်....အစ်ကို့ကို ညီမ ကူညီမယ်၊ အဲဒီမြို့စားကြီးကို ညီမတို့သားအဖကလဲ အစိမ်းလိုက် ဝါးစားပစ်ချင်ကြတာပါပဲ၊ မတတ်နိုင်လို့ နေကြရတာ သိလား'

သည်တစ်ခါ အံ့သြရသူက ကျင်စွံ ဖြစ်နေပြန်တော့၏။

'အို....ညီမတို့လဲ နာကြည်းစရာ ရှိတယ်လား'

'မနာကြည်းဘဲ နေနိုင်ပါ့မလား အစ်ကို၊ သူ့ကြောင့် ညီမတို့သားအဖ မေမေနဲ့ ခွဲခွဲကြရတယ်လေ၊ မေမေက သူ့စံအိမ်တော်မှာ အမှုထမ်းခဲ့ဖူးတယ်'

'ပြောမနေပါနဲ့တော့ သမီးရယ်၊ အဟောင်းက အသစ်ဖြစ်ပါတယ်'

ဆရာကြီး အလင်းမဲ့ တန်တိတ်စီးက အံကိုကြိတ်လျက် တားမြစ်သည်။

'ဟုတ်ပါတယ် ညီမရယ်၊ ဆရာကြီး မကြားချင်တာ မပြောပါနဲ့တော့'

ကျင်စွံကလည်း စိတ်မကောင်းစွာဖြင့် တားဆီးလိုက်သည်။

မိန်းကလေး တန်ရောက်အင်မှာ မျက်လုံးအိမ်မှ မျက်ရည်ပေါက်ကြီးများကို လိမ့်အင်းစေပြီး....

'အခုမှတော့ ပြောပါရစေတော့ အဖေရယ်၊ အစ်ကိုကလဲ သူ့အဖြစ်ကို ပြောကြခဲ့တာပဲ မဟုတ်လား၊ ညီမတို့မှာ အစ်ကိုလိုပဲ ကြေကွဲဝမ်းနည်းစရာအဖြစ်တွေ ဆုံခဲ့ဖူးပါတယ်ဆိုတာကို သိချင်ပါတယ်'



အလင်းမဲ့ တန်တိတ်စီးက မည်သို့မှ မတုံ့ပြန်ဘဲ တိတ်ဆိတ်ငြိမ်သက်နေလေသည်။

တန့်ရောက်အောင်က ဆက်ပြောသည်။

'မေမေဟာ မြို့စားကြီးစံအိမ်မှာ မိသားစုအခြေအနေအရ အလုပ်ထမ်းခဲ့ရရှာတယ်၊ အဲဒီအချိန်က ဖေဖေ့ရဲ့ မျက်လုံးအစုံကလဲ ကွယ်ပျက်ကာစ ညီမကလဲ အရွယ်မရောက်သေးတဲ့ ကလေးသာသာအရွယ်၊ ဒါ့ကြောင့် မေမေက တစ်ဖက်တစ်လမ်းက စံအိမ်မှာ အလုပ်ဝင်လုပ်ရတော့တယ်။'

'မေမေ့အရွယ်က သုံးဆယ်ပတ်ဝန်းကျင်ဆိုတော့ လှသေးတဲ့အရွယ်၊ ဒါကို လူယုတ်မာကြီးက မျက်စိကျပြီး စော်ကားဖို့ ကြံစည်ခဲ့တယ်အစ်ကို၊ ချော့တစ်ခါ ချောက်တစ်လှည့် နည်းမျိုးစုံနဲ့ကြံဆောင် လှည့်ဖျားခဲ့ပေမယ့် မေမေဟာ

ဖေဖေ မျက်မမြင်လင်အပေါ်မှာ မွှတ်တစ်ပေါက်မှ သစ္စာမဖောက်ခဲ့ဘူးလေ'

တန့်ရောက်အင်က ကြေကွဲဝမ်းနည်းစွာဖြင့် သိမ့်ခနဲရှိုက်လိုက်ပြီး စကားကို ခေတ္တရပ်လိုက်ရှာသည်။

ကျင်စွ ကာ စိတ်ဝင်စားစွာ နားစွင့်နေမိသည်။

တန်တိတ်စီးကမူ အံကိုကြိတ်လျက် မမြင်ရသော မျက်လုံးအစုံဖြင့် တစ်နေရာသို့ စူးကြည့်နေသည်။

'နောက်ဆုံးတော့ လူယုတ်မာ မြို့စားကြီးဟာ မေမေ့ကို ကြံလို့မရတော့ စံအိမ်က ရတနာပစ္စည်းတွေကို ခိုးယူပါတယ်ဆိုပြီး စွပ်စွဲလို့ ဖမ်းဆီးလိုက်တယ်၊ နောက်ပြီး အကျဉ်းခန်းထဲမှာ အမျိုးမျိုး နှိပ်စက်လို့ မေမေ့ကို လက်ခံလာအောင် ဖျားယောင်း ပြန်သေးတယ်။

'အကျဉ်းထောင်က လွတ်ပေးမယ်၊ ပစ္စည်းဥစ္စာတွေ ထောက်ပို့ပေးကမ်းမယ်၊ မြို့စားကတော်အဖြစ် တင်မြှောက်မယ် စသည်ဖြင့် မေမေ့သူ့ဘက်ပါလာအောင် စည်းရုံးသိမ်းသွင်းပေမယ့် မေမေကငြင်းဆန်နေလို့ အစာရေစာ အငတ်ထားပြီး သတ်ပစ်လိုက်တယ်အစ်ကို၊ မေမေ့ အဖြစ်က ဘယ်လောက် ရင်နာစရာ ကောင်းသလဲဟင်'

'တောက်'

ကျင်စွ ကလည်း မခံမရပ်နိုင်စွာဖြင့် တောက်ခေါက်လိုက်မိတော့သည်။

'လူယုတ်မာကြီးကို လက်စားချေဖို့ ယော်ကတည်းက ညီမရဲ့စိတ်ထဲမှာ ရည်ရွယ်ထားခဲ့ပြီးသားပဲ အစ်ကို၊ တစ်နေ့နေ့



အခွင့်အရေးရလာတာနဲ့ ဒီမြို့စားယုတ်ကို လုပ်ကြံဖို့ ဆုံးဖြတ်ခဲ့တယ်၊ ခုတော့ ဒီအခွင့်အရေးက ရလာပြီလေ၊ အစ်ကိုနဲ့ ညီမတို့ရဲ့ အဖြစ်ခြင်းက အတူတူပါပဲနော်'

'ကောင်းပြီလေ၊ အစ်ကိုအဖို့ကတော့ ဒီတစ်ခေါက် စံအိမ်ထဲကို အန္တရာယ်ကင်းကင်းနဲ့ ရောက်သွားဖို့ပဲ၊ မြို့စားယုတ်ရဲ့ သိုင်းစွမ်းကတော့ အစ်ကို့တွက် မပြောပလောက်ပါဘူး၊ သူ့ခေါင်းကို လွယ်လွယ်နဲ့ ဖြတ်နိုင်မှာပါ'

ကျင်စွ ကာ သူ့ဘက်က အာမခံပြောကြားလိုက်သည်။

'စံအိမ်ထဲရောက်ဖို့တော့ ညီမတာဝန်ထားပါအစ်ကို၊ ညီမကြံပါ့မယ်'

တန့်ရောက်အင်ကလည်း သူမ တာဝန်ယူမည့်အပိုင်းကို ပြောကြားသည်။

'ကဲ... ကဲ ဒါဆိုရင် စောစော အိပ်ရာဝင်ကြချေကွယ်၊ ဒီညတော့ ဘယ်လိုလုပ်ကြရင် ကောင်းမလဲဆိုတာ စဉ်းစားကြတာပေါ့၊ မနက်ဖြန် တစ်စုံတစ်ရာ အကြံအစည် တစ်ခုခုတော့ ပေါ်ပေါက်လာမှာပါ၊ ဟုတ်လားကွယ်'

အလင်းမဲ့ တန်တိတ်စီးက လူငယ်နှစ်ဦးအား နှစ်သိမ့်၍ စောစော အိပ်ရာ ဝင်ခိုင်းလေသည်။

'ဟုတ်ကဲ့ပါ... ဖေဖေ'

ထို့နောက် အဘိုးကြီးက အိပ်ရာထဲ ဝင်သွားလေတော့သည်။

ကျင်စွ နှင့် တန့်ရောက်အင်တို့မှာမူ ရုတ်တရက် အိပ်မပျော်နိုင်ကြပေ။ သူတို့နှစ်ဦး၏ မျက်လုံးထဲ၌ မြို့စားကြီး ကျန်ရောက်

ဖူး၏ မျက်နှာကိုသာ မုန်းတီးစက်ဆုပ်စွာ အသီးသီး မြင်ယောင်နေမိကြလေတော့သည်။

☆

မြို့စားကြီး ကျန်ရောက်ဖူး၏ စံအိမ်တော်ဝင်း ပေါက်စသို့ မိန်းမပျိုတစ်ဦးနှင့် မျက်မမြင် အဘိုးကြီး တစ်ယောက်တို့ လာရောက် ရပ်တန့်လေသဖြင့် လုံခြုံရေး ဝင်းပေါက်စောင့် ရဲမက်များက စစ်ဆေး မေးမြန်းနေကြလေသည်။

'ဟေ ....ဘာကိစ္စလဲ'

ရဲမက်တစ်ဦးက မိန်းမပျိုနှင့် အဘိုးကြီးတို့အား ခြေဆုံးခေါင်းဆုံး ကြည့်လျက် ခပ်ထန်ထန် မေးမြန်းလိုက်လေတော့သည်။

အခြားရဲမက် သုံးလေးဦးကလည်း ခပ်လှမ်းလှမ်းမှ သူတို့အား စောင့်ကြည့်နေကြသည်။

'ကျွန်မတို့သားအဖ စံအိမ် အမှုထမ်းမတစ်ဦးကို တွေ့ဆုံကုသဖို့ ရောက်ရှိလာခဲ့ကြတာပါ'

'အမှုထမ်းနာမည် ဘယ်သူလဲ'

'ကျင်အိန်းပါရှင်'



'ဩော်...ကျင်အိန်းလား၊ ဟုတ်တယ်....ဟုတ်တယ်၊ ဒီမိန်းမကြီး ဗိုက်အောင့်နေတာ မနားတမ်းပဲ၊ လူးလိမ့်နေရှာတယ်'

စောင့်ကြည့်နေကြသူ ရဲမက်များထဲမှ တစ်ဦးက ဝင်ရောက် ထောက်ခံလိုက်သဖြင့် စစ်ဆေးနေသည့် ရဲမက်၏ မျက်နှာကြောမှာ အနည်းငယ် ပြေလျော့သွားပြီး....

'မင်းတို့ သားအဖက ဘယ်သူတွေလဲ'

'ဆေးဆရာကြီး အလင်းမဲ့ တန်တိတ်စီးတို့ သားအဖပါ'

အလင်းမဲ့ တန်တီတ်စီးဟူသည့် နာမည်ကြားလိုက်သည်နှင့် ရဲမက်မှာ မျက်ခုံးနှစ်ဖက်ကို မြှင့်လိုက်ကာ မုတ်ဆိတ်မွေးရှည်နှင့် ကြောင်တောင်ကန်း နေရှာသည့် အဘိုးအို၏ မျက်နှာကို ကြည့်ရှုလိုက်သည်။

ဆေးဆရာ အဘိုးအိုကား တိတ်ဆိတ်ငြိမ်သက်စွာ ရှေ့တူရူသို့သာ ကြည့်ရှုနေ၏။

အချိန်က ညနေ ဆည်းဆာချိန်ဖြစ်၍ အဘိုးအိုမျက်နှာမှာ ရယ်နေသလား၊ ပြုံးနေသလား မည်သို့မျှ မခွဲခြားနိုင်ဘဲ ရှိသည်။

'အင်း.... မြို့မြောက်ပြင်က ဆေးဆရာကြီး ထင်ပ'

'ဟုတ်ပါတယ်၊ ကျွန်မ အဖေကို ဒေါ်ကျင်အိန်းလူနာတစ်ယောက် ကုသဖို့ လာရောက် ခေါ်ထားလို့ပါ'

'ကောင်းပြီလေ၊ ဒါဆိုလဲ ဝင်ကြ'

ရဲမက်က ဝင်းပေါက်တံခါးကို အသာ ဖွင့်ဟပေးလိုက်သည်။

မိန်းမပျိုတို့ သားအဖက လျှင်မြန်စွာ ဝင်ရောက်လိုက်ကြသည်။

'ကျောင်းအိန်းတို့ အမှုထမ်းအဆောင်ကို သိကြလား'

'ဟုတ်ကဲ့....သိပါတယ်ရှင်'

မိန်းမပျိုက ပြန်လည် ဖြေကြားပြီး စံအိမ်တော် ဝင်းအတွင်းသို့ ဝင်ရောက်သွားကြလေသည်။

ဝင်းပေါက်စောင့် ရဲမက်တစ်စုမှာ ဆေးဆရာ သားအဖအား နေ့ာက်မှ ကြည့်ရှုလျက်...

'အင်း....မိန်းကလေးက တော်တော်လှတာပဲကွ'

တစ်ဦးသော ရဲမက်က မိန်းမပျို၏ နောက်ကျောကို မမှိတ်မသုန် ကြည့်ရှုလျက် ပြောဖန်လိုက်သဖြင့်....

'ဟား...,ဟား....ဟား မျက်မမြင် ဆေးဆရာ ဖခင်ကြီးကို ဖေးမ လက်တွဲ ခေါ်ချင်လို့လားကွယ့်'

ခေါ်သင့်ရင်တော့ ခေါ်ရမှာပေါ့ဗျာ၊ ဟဲ....ဟဲ....ဟဲ'

ပထမ ပြောဆိုသော ရဲမက်က မျက်နှာကို စပ်ဖြဲဖြဲလုပ်လျက် ပါးစပ်အရသာခံ ပြောလိုက်ပြန်သည်။

'ဟင်း....မင်းပုံစံနဲ့ဆိုရင် တစ်ရက်တောင် မြဲမှာ မဟုတ်ဘူးကွ'

'ကောင်မလေးက ဆက်ဆက်ကြဲဟ၊ တော်ရုံတန်ရုံ ယောက်ျားသမားလောက်တော့ သူက သနားတယ်လို့ ပြန်ပြောလိုက်မှာကွယ့်'



အမှုထမ်းဆောင်ဘက်သို့ တရွေ့ရွေ့ သွားနေသော ဆေးဆရာကြီး တန့်တိတ်စီးတို့ သားအဖနှစ်ယောက် လှမ်းမျှော်ကြည့်ရင်း တစ်ယောက် တစ်ပေါက်ဖြင့် ကျီစယ် နောက်ပြောင်ကျန်ရစ်ခဲ့ကြသည်။

သို့နှင့် အမှုထမ်းဆောင်ရှိ ဒေါ်ကျောင်းအိန်းအိမ်သို့ ဆေးဆရာကြီး တန့်တိတ်စီးတို့ ရောက်ရှိသွားကြလေသည်။

'အမယ်လေး... အား... အား ကယ်ကြပါဦး၊ နာ....နာတယ်'

'ဟီး ...ဟီး....ဟီး'

အိမ်ရှေ့သို့ သူတို့နှစ်ဦး ရောက်သွားသည်နှင့် အတွင်းဘက်မှ အော်ဟစ် ညည်းညူသံများက ဆီးကြို နှုတ်ဆက်သည်။

'ဒေါ်ကျောင်းအိန်း....ဒေါ်ကျောင်းအိန်း၊ ဆေးဆရာကြီး တန့်တိတ်စီး ရောက်လာပြီ၊ တံခါးဖွင့်ပါဦးရှင့်'

မိန်းမပျိုက တံခါးရှေ့မှ ရပ်ပြီး လှမ်းခေါ်လိုက်ရာ ညည်း ညူသံမှာ တိတ်သွားပြီး တံခါးတစ်ချပ် ပွင့်လာကာ....

'ဝင်....ဝင်....ဝင်ကြမြန်မြန်....ဟင်း'

မိန်းမကြီးတစ်ဦး၏ ဦးခေါင်းက ပြူထွက်လာပြီး ခပ်တိုးတိုးလေး ခေါ်လိုက်၍ သူတို့နှစ်ဦးလည်း အိမ်ထဲသို့ တိုးဝင်လိုက်ကြသည်။

'အင်း....ခုမှပဲ ငါ့မှာ ဝင်္ကကျွတ်တော့တယ်အေ၊ တဟင်း

၂၄ ဟင်း တဟဲဟဲနဲ့ တစ်နေ့လုံး ညည်းညူနေရတယ်လေ'

ဗိုက်ခေအောင့်ရောဂါ စွဲကပ်နေခဲ့သည်ဆိုသော ကျောင်းအိန်း အမည်ရှိ မိန်းမကြီးက မျက်နှာကို မဲ့ရွဲ့ကာ ပြောဆိုလိုက်သဖြင့် မိန်းမပျိုက ပြုံးပြီး....

'ကျေးဇူးပါပဲ ကြီးတော် ကျောင်းအိန်းရယ်၊ ဝင်းပေါက်ဝမှာ ရဲမက်တွေက စစ်လားဆေးလား ခေးလားမြန်းလား လုပ်နေတာနဲ့ မနည်းကြီးကို လိမ့်ခဲ့ရတာ၊ ဒါတောင် သူတို့က မယုံသင်္ကာနဲ့ နောက်က မျက်စိတစ်ဆုံး စောင့်ကြည့်နေကြသေးတယ်....ဟင်း'

'ကဲ ကဲ... ဒါဆို မြန်မြန်လုပ်၊ နောက်ဖေးပေါက်က ထွက်တဲ့လမ်းရှိတယ်'

ကျောင်းအိန်းက စိုးရိမ်စွာ သောဆော်လိုက်သဖြင့် ကြောင်တောင် ကန်းနေသည့် မုတ်ဆိတ်ဖြူနှင့် ဆေးဆရာကြီးက မျက်နှာပေါ်မှ နှုတ်ခမ်းမွေး မုတ်ဆိတ်မွေးများနှင့် အသားပေါ်စယ် ကပ်ထားသော ဂျုံစေးများကို လက်နှင့်ခွာချပစ်လိုက်သည်။

ထို့နောက် လက်ထဲမှာ ကိုင်ထားသည့် တောင်ဝှေး လက်ကိုင်တုတ်ကို စွန့်လိုက်ကာ ကျောပြင်စယ်ဝှက်ယူလာသည့် မြွေဓားကြီးကို ဆွဲထုတ်ကိုင်စွဲလိုက်၏။

တန်ရောက်အင် မိန်းမပျိုကလည်း သူမခြေထောက်၌ ကပ်လျက် ကြိုးနဲ့ချည်နှောင် ဝှက်ယူလာသည့်ဓားအား ဘောင်းဘီထဲမှ ထုတ်လိုက်သည်။

'လာကြ လာကြကွယ့်'



ဒေါ်ကျောင်အိန်းသည် မြွေဓားရှင် ကျင်စွံနှင့် တန်ရောက်အင်တို့ နှစ်ဦးအား နောက်ဖေးတံခါးကို အသာလှပ်လျက် ဟိုဟိုသည်သည် ကြည့်ပြီး ပန်းချုံများအတွင်းသို့ ဦးဆောင်ခေါ်ငင်သွားလေ၏။

သူတို့လည်း နောက်မှ သတိနှင့် လိုက်ပါသွားကြလေသည်။

အဆောင်နောက်ဘက်ရှိ ပန်းရုံများကို ဖြတ်သန်းလိုက်သည်နှင့် မြို့စားကြီး၏ စံအိမ်တော်ကြီးအား လှမ်း၍မြင်တွေ့ရလေသည်။

'ဟိုမှာ တွေ့လား စံအိမ်ကိုမြင်နေရပြီ၊ ဟောဟိုသစ်ပင်ပေါ် တက်ပြီး ခုန်ချလိုက်တာနဲ့ စံအိမ်ဝင်းထဲ ရောက်သွားမှာပဲကွယ့်'

ကျောင်အိန်း ညွှန်ပြလိုက်သည့်သစ်ပင်မှာ အလွန်ကြီးမားသည့် ညောင်မုတ်ဆိတ်ပင်ကြီးသာ ဖြစ်၏။

'ကျေးဇူးပါပဲ ကြီးတော် ကျောင်အိန်းရယ်၊ ကျွန်မတို့ သွားလို့ ရပါပြီ၊ ကြီးတော်သာ အမြန်ပြန်ပေတော့နော်'

'စိတ်ချပါ ခင်ဗျာ၊ ကြီးတော့်တွက် အန္တရာယ်ရှိတယ်၊ အိမ်ကို အရောက်ပြန်ချေပါ'

'ဒါဖြင့် ငါပြန်မယ်နော်၊ လူတွေကြားအောင် ဆက်ပြီး အော်ဟစ်နေရဦးမယ်ဟဲ့၊ ဒါမှ နင်တို့ ငါ့အိမ်ထဲမှာပဲ ရှိနေသေးတယ်လို့ ထင်မှတ်ကြမှာ ကဲ....သွားကြ သွားကြ'

ကျောင်အိန်းကြီးသည် မြွေဓားရှင်တို့ နှစ်ဦးအား နှုတ်ဆက်ပြီး နောက်ဘက်သို့ ပြန်လှည့်သွားလေတော့သည်။

ကျင်စွ နှင့် တန်ရောက်အင်တို့လည်း ညောင်မှတ်ဆိတ်ပင်ကြီးပေါ်သို့ လျင်မြန်စွာ တက်ရောက်လျက် တစ်ဖက်ကိုချောင်းချို လိုက်ကြလေသည်။

'ဟိတ်... ဘယ်သူတွေလဲ ရပ်စမ်း'

စံအိမ်ကြီးဘက်သို့ ခြေချလိုက်မိသည်နှင့် သူတို့နှစ်ဦးအား ရဲမက်တစ်ဦးက တွေ့မြင်သွားပြီး မေးမြန်းလိုက်ခြင်း ဖြစ်သည်။

အချိန်မှာလည်း မှောင်ရီပျိုးစ အချိန်ဖြစ်နေသောကြောင့် ရုတ်တရက် တစ်ယောက်မျက်နှာ တစ်ယောက် ထင်ထင်ရှားရှား မသိနိုင်တော့ပေ။

မိန်းမပျို တန်ရောက်အင်နှင့် ကျင်စွ မှာ တစ်ဦးကိုတစ်ဦး လှမ်းကြည့်မိသည်။

ရဲမက်က အလွန်နီးကပ်နေပြီဖြစ်၍ မတိမ်းသာ မရှောင်သာ ဖြစ်နေခဲ့သည့် စံအိမ်တော်ကို ရောက်ရန်လည်း အနည်းငယ် လျှောက်လှမ်းရဦးမည် ဖြစ်သည်။

တန်ရောက်အင်က အခြေအနေကိုလျင်မြန်ပါးနပ်စွာ ထိန်းသိမ်း လိုက်သည်။

'ကျွန်...ကျွန်မတို့လူငယ်ချင်း ချိန်း...ချိန်းတွေတယ်ရှင်'

မိန်းမပျိုက ကြောက်ကြောက်ရွံ့ရွံ့ အမူအရာမျိုးနှင့် ဖြေကြား၏။

ကျင်စွ ကမူ မည်သည့်စကားမှမဆိုဘဲ တိတ်ဆိတ်စွာ ရပ်နေသည်။

ရဲမက်က တစ်လှမ်းချင်းလှမ်းလာရာက...



'ဟင်း... ချိန်းတွေစရာရှားလား၊ ဒီအိမ်ဝင်းထဲ ရှုပ်ရှုပ်ယှက်ယှက် လာလုပ်နေကြတယ်၊ မင်းတို့ ဘယ်သူ့သားသမီးတွေလဲ၊ ပြောကြစမ်းပေါ့'

'ကျွန်...ကျွန်မတို့ကို မိဘတွေနဲ့ မတိုင်...တိုင်ပါနဲ့ရှင်'

တန်ရောက်အင်သည် စိုးရိမ်ထိတ်လန့်သည့်ဟန်နှင့် ပြောဆိုလိုက်ပြန်ရာ ရဲမက်မှာ သူတို့အနီးသို့ ရဲတင်းစွာ ချဉ်းကပ်လာပြီး ခြောက်လှန့်ရန် တိုးကပ်လာခဲ့၏။

'မရဘူး၊ မင်းတို့မိဘတွေဆီ ပို့ရမှာပဲကွ'

သူက မိန်းမပျို၏လက်ကို ဖမ်းဆွဲပြီး ခြိမ်းခြောက်တော့ရာ ကျင်စွ က နောက်ဘက်ဝယ် ဝှက်ထားသော လက်တစ်ဖက်က ရုတ်တရက်ထွက်လာပြီး ရဲမက်၏ နောက်ကျောသား မြေခွေးဦးနှင့် ထောက်ထားလိုက်လေသည်။

'ခင်ဗျား၏ တရစပ်မေးနေတဲ့ ပါးစပ်ကို ခုချိန်က စပြီး ပိတ်ထားလိုက်ပေတော့၊ ကျုပ်အမိန့်ပေးတာကို နားထောင်လို့ ရှေ့က ဦးဆောင်ပြီး ကြွပေရော့ဗျို၊ မြို့စားကြီးရှိမယ့် စံအိမ်ကြီးဆီ လှမ်းစမ်း ကိုယ့်လူ'

မမျှော်လင့်ဘဲ ရဲမက်ခမျာ ဓားဦးချွန်နှင့် ကျောရိုးကို အထောက်ခံလိုက်ရသဖြင့် ထိတ်လန့်သွားရှာသည်။

သူ၏ဓားကို ရှောင်ရန် စိတ်ကူးမိသော်လည်း ရန်သူ၏ ဓားဦးက မိမိကျောအား စူးနေပြီဖြစ်၍ စိတ်ကူးကို စွန့်လွှတ်လိုက်ရပြန်၏။

'သွားလေ ရှေ့က'

ကျင်စွက ရဲမက်၏ကျောအား ဓားချွန်နှင့်ဖိထိုးလိုက်ရာ ရဲမက်မှာ ကျောတွန့်သွားရှာသည်။

ထို့နောက် ရဲမက်မှာ ကျင်စွတို့နှစ်ဦးအား ဦးဆောင်လျက် ရှေ့မှ လျှောက်လှမ်းသွားတော့သည်။

ကျင်စွတို့ နှစ်ဦးက မျက်လုံးအစုံကို ပတ်ဝန်းကျင်ကို ကြည့်ရှုအကဲခတ်လျက် သတိနှင့် ဆက်ကြပ်လိုက်၏။

မကြာမီ စံအိမ်ကြီး၏တံခါးပေါက်သို့ ရောက်ရှိသွားတော့သည်။

'အစောင့်တွေ ရှင်းလင်းတဲ့လမ်းက ဝင်နော်၊ လမ်းမှာ တစ်စုံတစ်ယောက်နဲ့ တွေ့ဆုံတာနဲ့ ကိုယ့်လူ အလျင်သေပြီသာ မှတ်တော့'

ကျင်စွက စံအိမ်ထဲဝင်ခါနီး ဆင်မံသတိပေး ခြိမ်းခြောက်လိုက်ပြန်သည်။

'တံခါးမလွယ်ပေါက်က အစောင့်နည်းတယ်ဗျ'

ရဲမက်က တုံ့ပြန်ဖြေကြားရင်း ဝင်၏။

သူပြောကြားသည့်အတိုင်းပင် အစောင့်ရဲမက် တစ်ဦးတလေမှ မတွေ့ရှိရချေ။

'မြို့စားကြီး အခန်းကိုသာ အမြန်ဆုံးရောက်အောင်သွား'

ကျင်စွက ရဲမက်အား အမိန့်ပေးလိုက်သည်။

အချို့နေရာများ၌ မျက်နှာကြက်ပေါ်တွင် လေးသည်တော်များ စောင့်ကြည့်နေကြရာ ကျင်စွက ထိုနေရာရောက်လျှင် ဓားကို ပေါ်ပေါ်တင်တင်မထောက်တော့ဘဲ မသိမသာ ကိုယ်နှင့်ကွယ်၍ ဝှက်ထား၏။



လေးသည်တော်များမှာလည်း ရဲမက်တစ်ဦးကဦးဆောင်လာသဖြင့် သူတို့လူစုအား ဂရုမစိုက်ခဲ့တော့ချေ။

သည်လိုနှင့် မျက်နှာကြက်ပေါ်မှ လေးသည်တော်များ၏ အန္တရာယ်မှ လွတ်မြောက်ဖြတ်သန်းခဲ့ကြလေသည်။

မြို့စားကြီး၏အခန်းအနီးသို့ ရောက်ရှိ သွားသောအခါ အခန်းပေါက်ဝတွင် စောင့်ကြပ်နေသည့်ရဲမက်က ဇဝေဇဝါ ဟန်နှင့် သူတို့အား လှမ်းကြည့်လေသည်။

'မြို့စားကြီးရှိလား'

စတင်၍ ကျင်စွက မေးမြန်းလိုက်ရာ ကျင်စွ ရှေ့မှ ရဲမက်အား အခန်းစောင့်ရဲမက်က သေချာစွာ အကဲခတ်ကြည့်ရှုပြီး....

'ဘာကိစ္စလဲကွ'

'သူ သူတို့က တွေ့ တွေ့ချင်လို့တဲ့'

'သူတို့က ဘယ်သူတွေလဲ'

ကျင်စွတို့ ဖမ်းလာသော ရဲမက်၏ ဖြေကြားချက်ကို မျက်မှောင်ကြုတ်လျက် အခန်းစောင့် ရဲမက်က ပြန်လည် မေးမြန်းပြန်သည်။

'မင်းတို့ မြို့စားကြီးကို လက်စားချေဖို့ ရောက်လာကဲ့လူတွေ'

ရုတ်တရက် ကျင်စွ ဝင်ရောက်ဖြေဆိုလိုက်သော စကားကြောင့် အခန်းစောင့်ရဲမက်ခမျာ လူ၏ခါးဝယ်ချိတ်ဆွဲထားသည့် ဓားကို ဆွဲထုတ်ရန် လှုပ်ရှားလိုက်၏။

သို့သော် သူ့ ဓမျာ မားကိုအငြင်ရောက်အောင် မဆွဲထုတ်နိုင်ရှာ။ သူ့ ထံသို့ မြွေဓားရှင်ကျင်စွိ၏ တွန်းလွှတ်လိုက်သော ရဲမက်ကြီးက ဖြတ်၍ လဲကျလာသောကြောင့် ဖြစ်လေသည်။

ရဲမက်နှစ်ဦးစလုံး ကြမ်းပြင်ထက်သို့ လုံးထွေး ကျရောက်သွားတော့၏။ တစ်ပြိုင်နက်ပင် တန်ရောက်အင်က ရဲမက်တစ်ဦး၏ ဦးခေါင်းအား ဓားရိုးဖြင့် ရိုက်ချလိုက်လေသည်။

'ဒုတ်'

'အ အ အ'

ကျင်စွိကလည်း အောက်မှ ပိလဲနေရှာသည့် ရဲမက်၏ မျက်နှာကို ခြေဖျားနှင့် ခတ်ကန်လှည့်လိုက်ရာ....

'ခွပ်'

'အင့်'

နောက်ပြန်လန်လဲကျသွားတော့သည်။

'ဝုန်း'

မြွေဓားရှင် ကျင်စွိက မြို့စားကြီး ကျန်ရောက်ဖူး၏ အခန်းတံခါးအား ဆောင့်ကန်ဖွင့်လိုက်လေသည်။

'ယာ'

'ဟင်'

မြို့စားကြီးနှင့်အတူ ဓားဘုရင် လူစုချန်ကို တွေ့ရှိလိုက်ရသည်။

သူတို့က အံ့ဩထိတ်လန့်သွားဟန်နှင့် နှုတ်မှ အာမေဋိတ်သံ ကိုယ်စီလည်း ထွက်ပေါ်သွားတော့သည်။



'ဟဲ ဟဲ အံ့ဩသွားလား မြို့စားမင်းရဲ့'

ကျင်စွိက မြွေဓားကြီးကို တယမ်းယမ်းလှုပ်ခါကာသူတို့နှစ်ဦးထံ လျှောက်လှမ်းလာသည်။

ဓားဘုရင် လူစုချန်က ကျောမှဓားကြီးကို လျင်မြန်စွာ ဆွဲထုတ်ရင်း ကြိမ်းနေ၏။

'ရှုပ်'

'ဟား ဟား ဟား မြွေဓားရှင်ကြီးက သေချင်လို့ရောက်လာပြန်ပကော၊ ဟန်ကျလိုက်လေ'

'သေချင်လို့တော့ မဟုတ်ဘူး၊ သတ်ချင်လို့ဗျ၊ နားလည်လား'

ကျင်စွိက နှုတ်မှပြောရင်း လက်မှ မြွေဓားကြီးအား ဆတ်ခနဲ ရှတ်တရက်ဆန့်ထုတ်လိုက်ရာ ဓားဘုရင် လူစုချန်ခမျာ ကြောက်၍ ထိတ်လန့်စွာဖြင့် နောက်သို့ခုန်ဆုတ်လိုက်ရှာသည်။

မြို့စားက မိန်းမပျို တန်ရောက်အင်အား မမှိတ်မသုန် စိုက်ကြည့်နေရာက ဓားဘုရင်၏ ခုန်ပျံလိုက်မှုကြောင့် သူပါ ရောယောင်၍ ခုန်ပေါက် နောက်ဆုတ်လိုက်၏။

'ခစ် ခစ် ခစ်'

မိန်းကလေးက လှောင်ပြောင်ရယ်မောလိုက်သဖြင့်....

'မင်း မင်း မင်း အလင်းမဲ့ တန်တိတ်စီးရဲ့သမီး မဟုတ်လားကွ'

'သိပ်ဟုတ်တာပေါ့ မြို့စားမင်းရယ်၊ ဟင်း ဟင်း'

မသိမ့်မြင်တန်နှင့် မိန်းမပျို့က မြေကြားရင်း ဓားကို ရှေ့သို့ ထုတ်ဆန့်လိုက်သည်။

'ဩော်….မင်းကလဲ မင်းရဲ့အဓမအာစား ငါ့ကို လက်စားချေမလို့ပေါ့ ဟုတ်လား'

တန်ရောက်ခင်က နှုတ်မှ ပြန်မဖြေပါလေတော့။

လက်မှဓားကိုသာ မြှိုဓားထံရောက်အောင် ပို့လွှတ်လိုက်ခြင်းဖြင့် တုံ့ပြန်လိုက်လေသည်။

'ဝှစ် ဝှစ် ဝှစ်'

'ထန် ထန် ထန်'

မြွေဓားရှင်ကလည်း ဓားတုရင်ထံသို့ ဓားကွက်တစ်ကွက် လက်ဆောင်ပါးလိုက်ပြန်သည်။

ထိုဓားကွက်ကား ကင်းမြီးကောက်ဓားကွက်ဖြစ်၏။

ဓားချက်ကား ခပ်စိပ်စိပ် တရစပ် ချန်သွားထံ ချဉ်းကပ်ပို့လွှတ်နေသော ဓားကွက်မျိုး ဖြစ်၏။

'ရှပ် ရှပ် ရှပ်'

'ဝှစ် ဝှစ် ဝှစ်'

'ဝှီး ဝှီး ဝှီး'

ဓားတုရင်မှာ ခုခံကာကွယ်သည်ထက် ရှောင်တိမ်းခုန်ပျံခြင်းဖြင့် အသက်ဘေးမှ လွတ်အောင် လှုပ်ရှားနေရ၏။

'ဟ….ဘယ်လိုလဲ ဓားတုရင်ကြီးရဲ့၊ အပြေးသခင် ဘွဲ့ကိုပါ ယူတော့မလို့ထင်တယ်၊ ဒီလောက် မစိုးရိမ်ပါနဲ့ဗျာ၊ ဒါကျုပ်ရဲ့ ပထမဦးဆုံးသော ပညာမဲ့ ဓားကွက်တစ်ကွက်ပါဗျာ၊ လက်ထဲက ဓားနဲ့ ပြန်လည်ခုခံကာကွယ်ကြည့်ပါဦး၊ ဟဲ ဟဲ'



မြွေဓားရှင်က ပြက်ရယ်ပြုသောစကားနှင့် သူ၏ ဒေါသကို ဆွလိုက်သဖြင့် ဓားတုရင်မှာ မျက်နှာကြီးနီမြန်းလျက် ရှက်ရှက်နှင့် ဓားကို ဝှေ့ယမ်း၍ ဓားကွက်တစ်ကွက်ကို ဖန်တီးကာ တုံ့ပြန်လာတော့၏။

'ဟူး ဟူး ဟူး'

သူ့လက်မှဓားကို မွှတ်နေအောင်လှည့်ပြီး ခုန်ဝင်လာခြင်းဖြစ်၏။ ဓားမှာ ပန်ကာတစ်ခုသဖွယ် တဟူးဟူးမြည်လျက် ဓားချက်အား မမှန်းဆတတ်အောင် ရောက်ရှိလာခြင်း ဖြစ်သည်။

ထို့ကြောင့် မြွေဓားရှင်က ချက်ချင်းပင် ဓားပိုက်ကွန်ဓားကွက်နှင့် ကာရ ထားလိုက်သည်

မြွေဓားကြီးမှာ ဘယ်ညာယိမ်း၍ ယပ်တောင်သဖွယ် ဝှီးခနဲ ဝှပ်ခနဲ လှုပ်ရှားနေသည်မှာ ဓားရိပ်ကိုသာလျှင် မြင်တွေ့ရလေသည်။

'ဝူးတန် ဝူးတန် ဝူးတန်'

'ဝှစ် ဝှစ် ဝှစ်'

သံပန်ကာတစ်ခုနှင့် သံယပ်တောင်တစ်ချပ်တို့ ထိခတ်သံများ ဆူညံသွား၏။

ဓားတုရင်မှာ ၊ သူ၏ ဓားကွက်က ကျင်စွံအား မည်သို့မျှ အန္တရာယ်ပြု ဒုက္ခမပေးနိုင်မှန်း သိသွားသောအခါ ဓားချက်အား ပြန်လည်ရုပ်သိမ်းသွားတော့သည်။

'ဟဲ ဟဲ လုပ်စမ်းပါဦး၊ ဓားကွက် အသစ်အဆန်းလေးတွေ၊ မှတ်သားချတာပေါ့ ဓားတုရင်ကြီးရဲ့'

ကျင်စွံက ပြက်ရယ်လှောင်ပြောင်လိုက်သောကြောင့် ဓားဘုရင်မှာ နှုတ်ခမ်းမွေးကြီးများ ဖေါင်ထလျက် ရှူးရှူးရှဲရှဲ ဖြစ်နေတော့၏။

သို့ဖြင့် သူက ဒေါသများနှင့် ဓားချက်များအား ပို၍ လွှတ်လာပြန်သည်။

'ဝှစ် ဝှစ် ဝှစ်'
'ထန် ထန် ထန်'
'ဟား ဟား ဟား'

မြွေဓားရှင်က ကျီစယ်ရယ်မောရင်း လွယ်ကူစွာ ခံနေလိုက်၏။ တစ်ဖန် ရှက်ရမ်းရမ်းနေသော ဓားဘုရင်အား လျှပ်တစ်ပြက် ဓားကွက်တစ်ကွက်ကို ဖန်တီးလျက် တုံ့ပြန်တိုက်ခိုက်လိုက်ရာ ယင်းဓားချက်အား ဓားဘုရင်ခမျာ ခံမတားဆီးနိုင်ဘဲ နောက်သို့ ခုန်ဆုတ်လိုက်ရရှာ၏။

တကယ်တော့ ထိုဓားကွက်ကား မြွေဓားရှင်၏ ဆရာတစ်ဆူဖြစ်သော သူတော်စင်ကြီး မကြာခဏ ပြသသော လျှပ်နွယ်စီးဆက် ဓားကွက်သာ ဖြစ်၏။

လျှပ်စီးလက်သည့်နှယ် မြန်ဆန် သွက်လက်လှပြီး ခံရသူအဖို့ မျက်စိတစ်မှိတ် လျှပ်တစ်ပြက်အတွင်း ဓားချက်များက ချက်ချင်း ရောက်ရှိလာခြင်း ဖြစ်၏။

ထို့ကြောင့် ဓားဘုရင် လူစုချန်မှာ မြွေဓားရှင်ကျင်စွံ၏ လျှပ်နွယ်စီးဆက် ဓားကွက်အား မကာကွယ်နိုင်ဘဲ အထိတ်တလန့်နှင့် နောက်သို့ ခုန်ဆုတ်လိုက်ရလေသည်။



သူ၏ မျက်စိ အစုံဝယ် သင်းခနဲ လက်ခနဲသာလျှင် မြင်တွေ့လိုက်ရပြီး ဓားသွားများက ရိပ်ခနဲ ရိပ်ခနဲ ကျရောက်လာခြင်းကြောင့် မည်သို့မျှ မတားဆီး မကာကွယ်နိုင်ဘဲ နောက်ဆုတ်ပေးလိုက်ရခြင်း ဖြစ်၏။

သို့သော် သူ၏ အထိတ်တလန့်ဖြင့် ခုန်ဆုတ်မိခြင်းက သူ့အတွက် အမှားကြီးတစ်ရပ် ကျူးလွန် ပြုလုပ်လိုက်မိခြင်းပင် ဖြစ်သည်။

အဘယ်ကြောင့်ဆိုသော် မြို့စားကြီး ကျုန်ရောက်ဖူးနှင့် သဲသဲမဲမဲ တိုက်ခိုက်နေခဲ့သည့် တန်ရောက်အင်၏ ရှေ့သို့ ကံဆိုးလှစွာ ကျရောက်သွားသောကြောင့် ဖြစ်၏။

တန်ရောက်အင်က လျင်မြန်သွက်လက်လှစွာ သူမ၏ ဓားဦးနှင့် ဓားဘုရင်၏ ကျောပြင်ကို ခပ်ဆတ်ဆတ်လေး ဖိထိုးသွင်းလိုက်ရာ ဓားဘုရင်ခမျာ တွန့်ခနဲ တစ်ချက်ဖြစ်သွားလျက် ရန်သူ မိန်းကလေးအား လက်ပြန် လှဲခုတ်ချလိုက်မိလေသည်။

ထိုသည်ပင် သူ၏ ဒုတိယ မဟာအမှားတစ်ရပ် ဖြစ်ခဲ့ပြန်ပါ၏။

ယင်း အခွင့်အရေးကို မလွှတ်တမ်း အသုံးချလျက် မြွေဓားရှင် ကျင်စွံက ပွင့်ဟသွားသော သူ၏ ရင်အုံသို့ ထိုးဓားတစ်ချက် ပို့လွှတ် လိုက်ပြန်ပါသည်။

'ဝှစ်'
'ထန်'
'ရှပ်'

'အင့်'

ခါးဘုရင်၏ လွဲခုတ်ခါးချက်က အားပါ ပြင်းထန်သော်လည်း တန့်ရောက်အင်က သူ၏ ခါးသွားနှင့် ဆီးတား ခံနိုင်လိုက်၏။

ထိုသော် ခါးဘုရင် လူစုချန်အဖို့မှာကား မြွေခါးရှင်ကျင်စွ၏ သောက်ခါးချက်ကိုမူ မလွှဲရှောင်နိုင်ခဲ့ပါချေ။

မြွေခါးဦးက သူ၏ ရင်အုံတည့် ထိုးဖောက် ဝင်ရောက်သွားခဲ့သည်။

တန့်ရောက်အင်၏ ခါးချက်က ခါးဘုရင်၏ နောက်ကျောမှ ဝဲရှုဘက် ရင်အုံသို့ ဖောက်ထွက်သွားသည်နှင့် ဒုတိယမြောက် ကျင်စွ၏ ခါးချက်ကလည်း ရှေ့ဘက်မှ နောက်ကျောသို့ ပေါက်ထွက်သွားခြင်း ဖြစ်၏။

မြွေခါးချက် ထိသည်နှင့် ခါးဘုရင်ကြီးခမျာ တွန့်လိမ်ကောက်ကွေးလျက် ခန္ဓာကိုယ် တစ်ကိုယ်လုံး ပြာနှမ်းကာ ကြွမ်းပြင်ထက် လဲကျ သေဆုံးသွားတော့သည်။

[ ၃၂ ]

မြို့စားကြီး ကျန်ရောက်ဖူးကား သူအလွန် ယုံကြည် အားကိုးရသော ခါးဘုရင် လူစုချန်တစ်ယောက် သူ၏ရှေ့မှောက်ဝယ် အသေဆိုးနှင့် ပုံပျက် ပန်းပျက် သေဆုံးသွားရခြင်းအား မြင်တွေ့ရ၍ ဆောက်တည်ရာမဲ့ တုန်လှုပ် ချောက်ချားသွားလေသည်။

အဘယ်ကြောင့်ဆိုသော် မြွေခါးရှင် ကျင်စွ၏ ခါးဦးက သူ့ဘက်သို့ မျက်နှာမူ ဦးတည်လာပြီ မဟုတ်ပါလား။

အရပ်သူ အလင်းမဲ့ တန့်တိတ်စီး၏ သမီးငယ်လေးကိုပင် တိုက်ခိုက် အနိုင်ယူဖို့ မလွယ်ကူရသည့် အခိုက်ဝယ် မြွေခါးရှင် ကျင်စွ နှယ် ခါးသမားကောင်း တစ်ဦး၏ အပြင်းအထန်

တိုက်ခိုက်မည့် အရေးက သူ့အတွက် အသက်အန္တရာယ်အား စိုးရိမ်ပူပန်ရခြင်းတို့ ဖြစ်စေတော့သည်။

ဟဲ....ဟဲ....ဒီတစ်ခါတော့ မြို့စားကြီးရဲ့ အလှည့်ပေါ့ များ

ကျင်စွ ၏ ရယ်ကျဲကျဲဖြင့် ပြောဆိုလိုက်သော စကားများက သူ့အား များစွာ ထိတ်လန့်၍ သွားစေပြန်ပါလေသည်။

ရှင့်ရဲ့ ယုတ်မာတဲ့ ခေါင်းကြီးကို ကျွန်မရဲ့ ဟောဒီဓားနဲ့ ဖြတ်ချပစ်ရမယ်၊ နားလည်လား

တန်ရောက်အင်ကလည်း လက်ထဲမှ ဓားအား စင့်လျက် မုန်းတီးစက်ဆုပ်စွာ ကြိမ်းဝါးလိုက်ပြန်ရာ မြို့စားကြီးမှာ ပို၍ ချောက်ချားသွားလေသည်။

တကယ်တော့ သူတို့ နှစ်ဦးစလုံးက မိမိအား လက်စားချေရန် လာရောက် တိုက်ခိုက်သူများပင်လျှင် ဖြစ်ကြောင်း သူ ကောင်းကောင်း သိရှိ၏။

သူတို့၏ မျက်လုံးအစုံများက နာကြည်းမှုများဖြင့် ဖိတ် ဖိတ်လက် တောက်ပနေကြသည်ကို မြင်တွေ့နေရလေတော့ သည်။

သူ့အဖို့ သည်တစ်ပွဲ၌ လွတ်မြောက်ရန် လမ်းစက မမြင်နိုင်အောင် ဖြစ်နေရပြီ။

သူ၏ ရဲမက်တပ်ဖွဲ့ဝင်များမှာလည်း သူ၏ အခန်းထဲဝယ် ရန်သူတွေ ရောက်ရှိ တိုက်ခိုက်နေကြခြင်းအား မည်သူမှ သိမ်း ရိပ်မိကြပုံ မရချေ။



အတတ်နိုင်ဆုံး ခုခံကာကွယ်ရင်း အခွင့်သာသည်နှင့် အသက်ဘေးမှ လွတ်မြောက်ရန် ညှိနေရာမှ အမြန်ဆုံး ထွက်ပြေးရတော့မည်ဟု စိတ်ကူးမိလျက် မိမိ၏ ကြောက်ရွံ့ ထိတ်လန့်စိတ်များအား ရန်သူတို့ မရိပ်မိနိုင်စေရန် မျက်နှာကြောကို ဖိုမိုတင်းရင်း ကြည့်ရှုလိုက်လေသည်။

နှုတ်မှလည်း ဟန်ကိုယ် ဖို့လုပ်ကာ....

အေး၊ငါ့ခေါင်းကိုပဲဖြတ်သွားမလား မင်းတို့နှစ်ယောက်စလုံးရဲ့ နှုတ်တဲ့ အသည်းနှလုံးတွေကပဲ ငါ့ဟင်းလျာ နံနက်စာ ဖြစ်သွားမလားပေါ့၊ ဟဲ....ဟဲ

ကျန်ရောက်ဖူးက နှုတ်ခမ်းမွေးကိုတွန့်ပြီး မျက်လုံးအစုံကို မှေးစင်းလျက် ရန်သူအား သိမထင်သည့် အမူအရာအား တမင်လုပ်ကာပြောကြားလိုက်သဖြင့်မိန်းမပျိုလေးတန်ရောက်အင်မှာ လွန်စွာ ရှုံ့ရှာမုန်းတီးလှသောအသွင်များ မျက်နှာဖြူဖြူလေးပေါ်ဝယ် အထင်းသား ပေါ်လွင်သွားလေတော့ သည်။

'ရှင့်အတွက် နံနက်စာဆိုတာ မရှိတော့ဘူးရှင့်'

မိန်းမပျိုက နှုတ်မှ ကြိမ်းဝါးသည်နှင့်တစ်ပြိုင်နက် ခြေလက်ကိုလည်း စတင်လှုပ်ရှား လိုက်လေသည်။

သူမက ကျန်ရောက်ဖူးထံ ခုန်ပျံရောက်ရှိသွားပြီး တိမ်မာယာစားကွက်နှင့်ထုတ်၍ တိုက်ရန် ကြိုးစားသည်။

သို့သော် မိန်းမပျိုမှာ မြို့စားကြီး ကျန်ရောက်ဖူး၏ စကားကြောင့် ဒေါသနှင့် စတင်တိုက်သော တိုက်ကွက်မှာ

သူမအဖို့ အမှားကြီးတစ်ရပ်ကို ကျူးလွန်လိုက်မိသလို ဖြစ်သွားသည်။

တိမ်မာယာဓားကွက်မှာ မြို့စားကြီးအတွက် အလွန်မှပင် သေးနုပ်သောတိုက်ကွက် ဖြစ်နေသည့်ပြင် ထိုဓားကွက်က ရန်သူအား အပေါ်စီးမှ ခုန်ပျံ တိုက်ခိုက်ရသော ဓားကွက်လည်း မဟုတ်ပေ။

တန်ရောက်အင်က ဆန္ဒစောပြီး မြို့စားကြီးထံ ခုန်ပျံလိုက်ပြီးမှ တိမ်မာယာနှင့်တိုက်ရန် ကြိုးစားမိခြင်း ဖြစ်သည်။

တကယ်တော့ တိမ်မာယာကား မြေဝယ်လျှပ်တိုက် ဝေ့ဝိုက်လျက် ရန်သူအား ဓားချက်သုံးလေးချက်ပို့လွှတ်ပြီးကာမှ ရန်သူ့ အလစ်အငိုက်ကို အခွင့်အရေးရယူ၍ ရုတ်တရက်လေမှာ ခုန်ပျံဆီးတိုက်ရသော မာယာဆန်သည့် ဓားကွက်တစ်ကွက်သာ ဖြစ်သည်။

ခုတော့ တန်ရောက်အင်မှာ ဒေါသကြောင့် ရန်သူအား အလောတကြီး မှားယွင်းစွာ တိုက်ခိုက်မိလေပြီ ဖြစ်သည်။

ထို့ကြောင့် ကျန်ရောက်ဖူး၏ ဓားချက်တစ်ချက်က သူ့အား အန္တရာယ်ကြီးမားစွာ စောင့်ကြိုတိုက်ခိုက်ခြင်းကို ခံလိုက်ရရှာတော့သည်။

သူမ၏ တိမ်မာယာဓားချက်ကို အလွယ်တကူ ရှောင်တိမ်းလျက် လျင်မြန်သွက်လက်လှသော သူ၏ 'လျှပ်ပူးဓားဦး'နှင့် ဆီးကြိုထောက်ပြီး တုံ့ပြန်လိုက်သဖြင့် တန်ရောက်အင်၏ ရင်ညွန့်ဆီသို့ ဓားဦးက စူးဝင်ရောက်ရှိသွားလေသည်။

'ရှပ်'



'အင့်'

'ဟင်'

လေထက်မှအကျ မြို့စားဓားဦးကအပင့် ရင်ညွန့်ထဲ ဓားချွန်က လျင်မြန်စွာ ထိုးဖောက်သွားသဖြင့် တန်ရောက်အင်မှာ အံ့အားသင့်လျက် နာကျင်စွာ ညည်းညူသံတစ်ချက် ပေါ်ထွက် သွားရှာသည်။

မြေဓားရှင် ကျင်စွံမှာ ထိုမြင်ကွင်းကြောင့် ဟင်ခနဲ အာမေဋိတ်သံတစ်ခု ထွက်သွားခဲ့သော်လည်း သူ၏ လက်ထဲမှ မြေဓားကိုမူ လှံတံတစ်ချောင်းကဲ့သို့ မြို့စားကြီး ကျန်ရောက်ဖူး၏ လည်မျိုဆီသို့ ပစ်လွှတ်လိုက်နိုင်ခဲ့လေသည်။

ကျန်ရောက်ဖူးနှင့် မြေဓားရှင်မှာ ကိုးနှစ်ပြန်ခန့်ကွာဝေးလှသော်လည်း မြေဓားရှင် ကျင်စွံ၏ တည့်မတ်ဖြောင့်တန်းစွာပင် ပစ်လွှတ်ခဲ့သော ဓားသွားအရှိန်က ပြင်းထန်စွာ မြို့စား၏ လည်မျိုအား သွားရောက် စူးဝင်ခဲ့လေသည်။

'ဝှစ်'

'အ....အ....အ'

ကျန်ရောက်ဖူး၏ မျက်နှာမှာ မိန်းမပျိုတန်ရောက်အင်အား သူ၏ ဓားချွန်နှင့် ရင်ညွန့်ကို ထိုးဖောက်အနိုင်ယူခဲ့ခြင်းအတွက် ကျေနပ်အားရစွာ ပြုံးရိပ်ရှိသေးသည်။

ထိုအပြုံးများက အဆုံးမသတ်သေးမီ လျှပ်တစ်ပြက် ဝင်ရောက်လာသည့် မြေဓားရှင်၏ ဓားသွားက လည်မျိုထံ အရှိန်ပြင်းစွာ ရောက်ရှိလာသည်ကို မြင်တွေ့လိုက်ရသဖြင့်

ကြောက်ရွံ့တုန်လှုပ်စွာ ရှောင်တိမ်းနိုင်ရန် ကြိုးစားလိုက်သေးသည်။

သို့သော် သူ၏ လျင်မြန်သွက်လက်မှုက မြွေဓား၏ အမြန်နှုန်း အရှိန်ကို မမီနိုင်သဖြင့် လည်မျိုလည့်တည့်အား ဓားဦးက ဝင်ရောက် စူးနစ်ခြင်းကို ခံလိုက်ရလေတော့သည်။

ထို့ကြောင့် ငယ်သံပါအောင် အော်ဟစ်လိုက်သည့် မြို့စားကြီး၏ အသံနက်ကြီးက စံအိမ်တော်အတွင်း ဝယ် ပဲ့တင်ထပ် ရိုက်ခတ်သွားလေတော့သည်။

သူ၏မျက်နှာမှာ ကြောက်ခမန်းလိလိ တုန်လှုပ်ထိတ်လန့်နေသည့်အသွင် ဖြစ်ပေါ်နေကာ မျက်လုံးအစုံက ပြူးထွက်နေသည့်ပြင် မျက်နှာတစ်ပြင်လုံး၌လည်း အပြာရောင်များ ချက်ချင်းသမ်းတက်လာခဲ့၏။

မြွေဓားကြီးက လည်မျိုကိုထိုးဖောက်လျက် နံရံကိုသွားရောက် စိုက်ဝင်နေသည်ဖြစ်ရာ မြို့စားကြီး၏အပြာရောင်သမ်းသော မျက်နှာကြီးက မျက်လုံးကြီးများ ပြူးကျယ်လျက် ဓားသွားပေါ်တင်ရှိလျက်နေသည်။

နံရံပေါ်ဝယ် ချိတ်ဆွဲထားသော မြို့စားအရုပ်တစ်ရုပ်နှယ် တန်းလန်းကြီး ဖြစ်လျက်ရှိသည်။

သူ၏ရှေ့၌မူ ရင်ညွန့်၌ ဓားဒဏ်ရာ ရရှိလျက် ဝေဒနာခံစားနေရှာသော မိန်းမပျို တန်ရောက်အင်လေးမှာ ဒဏ်ရာမှ ထွက်ကျလာသော သွေးစိမ်းရှင်များအား လက်နှင့်ပိတ်လျက် နာကျင်စွာ ညည်းညူလျက်ရှိရှာ၏။



ကျင်စွံက လွှားခနဲ သူမထံ ခုန်ပျံရောက်ရှိခဲ့သည်။ မိန်းကလေးအား စွေ့ခနဲပွေ့ချီကာ လက်တစ်ဖက်က မြို့စားကြီး လည်မျိုထိုးဖောက်၍ နံရံဝယ်စိုက်ဝင်နေသော မြွေဓားကြီးကို ဆွဲနုတ်ယူလိုက်သည်။

'ဒုတ်'

'ဝုန်း'

မြို့စားကြီး၏လည်မျိုမှ သွေးများက ဝေါခနဲပန်းထွက်လာသည်နှင့်အတူ ခန္ဓာကိုယ်ကြီးကလည်း ကြမ်းပြင်ပေါ်သို့ အရုပ်ကြိုးပြတ်ပုံလျက် ကျရောက်သွားတော့သည်။

သည်အခန်းထဲမှ အမြန်ဆုံးထွက်ခွာမှဖြစ်မည်ဟု ကျင်စွံ တွေးလိုက်မိသောကြောင့်ဖြစ်သည်။

ထို့ကြောင့် မိန်းကလေး၏ခန္ဓာအား ပခုံးပေါ်ထမ်းတင်လိုက်ပြီး အခန်းပြင်သို့ တစ်ရှိန်ထိုးထိုးထွက်လိုက်၏။

'ဝုစ် ဝုစ် ဝုစ်'

'ထန် ထန် ထန်'

'ရှပ် ရှပ် ရှပ်'

'အ အ အ'

အခန်းပြင်သို့ရောက်သည်နှင့် မြို့စား၏ဓားသမား ရဲမက်အချို့နှင့် ရင်ဆိုင်ဆုံတွေ့ရ၏။

ကျင်စွံက လျင်မြန် သွက်လက်စွာဖြင့် ရှေ့မှ တားဆီးတိုက်ခိုက်လာကြသော ရန်သူဓားသမားများအားလုံး ထိုးဖောက် တိုးပြန်၍ ထွက်လာနိုင်ခဲ့၏။

ကျင်စွိ၏ ခါးချက်နှင့် ရဲမက်များလည်း ညည်းညူ အော်ဟစ်ကျန်ရစ်ခဲ့ကြလေသည်။

ကျင်စွိကား ဒဏ်ရာရရှာသည့် တန်ရောက်အင်လေးအား ပခုံးပေါ်ထမ်းလျက် လာလမ်းအတိုင်း ထွက်ခွာလာခဲ့သည်။

စံအိမ်အဘားပေါက်မှတစ်ဆင့် ညောင်မုတ်ဆိတ်ပင်ဆီသို့ အသွား၌ ရဲမက်တစ်ဦးနှင့် ရင်ဆိုင် တွေ့ဆုံပြန်လေရာ ထိုရဲမက်က လက်ညှိုးထိုးလျက် အော်ဟစ်၏။

'ရန်သူဟေ့ ရန်သူ'

'ဝှစ် ဝှစ်'

'အင့်'

ရဲမက်ခမျာ ရန်သူဟု နှစ်ခွန်းမျှသာ အော်နိုင်ရှာ၏။

ကျင်စွိက တန်ရောက်အင်အားထမ်းလျက် ခုန်ပျံကာ ရဲမက်၏ရင်ဝဆီသို့ ခါးဦးကို ထိုးသွင်းလိုက်သောကြောင့် ဖြစ်သည်။

ရဲမက်မှာ လက်ညှိုးထိုးလျက် တန်းလန်းပုံလျက်သား လဲကျသွား၏။ လက်ညှိုးမှာမူ မြွေခေါင်းရှင် ဦးဘည်သွားမည့် ညောင်မုတ်ဆိတ်ပင်အား ပြည့်နှင့်လျက်ရှိနေဆဲဖြစ်သည်။

'သေတာတောင် လက်ညှိုးရုပ်မသွားဘူး ဟင်'

မြွေခေါင်းရှင်က တစ်ကိုယ်လုံး ပြာနှမ်းပြီး သေဆုံးနေသော ရဲမက်၏သက်ကို စံအိမ်ဘက်ဆီသို့ ရွေ့သွားအောင် ခြေထောက်နှင့် ပိတ်ကန်လိုက်မိသည်။



ထိုအခါ ရဲမက်၏လက်ညှိုးထိုးနေသော လက်မှာ စံအိမ်ဘက်အပေါက်ဝဆီသို့ ပြောင်းရွေ့ထိုးပြနေလေတော့၏။

'အေး... ဒီလိုမှပေါ့ကွ'

ကျင်စွိ၏နောက်မှ တီးတိုးရေရွတ်လျက် တစ်ဖက်သို့ လှစ်ခနဲ ခုန်လိုက်ရာ ညောင်မုတ်ဆိတ်ပင်ပေါ်သို့ ရောက်ရှိသွားတော့သည်။ အရွက်များ အခက်များနှင့် ညောင်ပင်မှအနွယ်များကြောင့် သူ့အား အလွယ်တကူ မတွေ့ရှိနိုင်တော့ချေ။

ထိုအချိန်တွင် ဝင်းစောင့်ရဲမက်အချို့ ရောက်ရှိလာပြီး...

'ရန်သူအထဲမှာ ရှိမယ်ကွ၊ လာကြ...လာကြ'

ခေါင်းဆောင်တစ်ဦးဖြစ်ဟန်တူသော ရဲမက်က သေဆုံးနေသည့် ရဲမက်အား ကြည့်ရှု စံအိမ်ထဲ ဝင်လိုက်ကြရန် အမိန့်ပေးလိုက်သဖြင့် ရဲမက်များမှာ စံအိမ်မလွယ်ပေါက်မှ အသီးသီးသို့ ဝင်ရောက်သွားကြတော့သည်။

မြွေခေါင်းရှင် ကျင်စွိကား ညောင်မုတ်ဆိတ်ပင်ဘက်မှ တစ်ဖက်သို့ ခုန်ချလိုက်ပြီး ပန်းရုံများကို အကာအကွယ်ယူလျက် ဒေါ်ကျင်အိန်းရှိရာ အဆောင်သို့ လာလမ်းအတိုင်း ခပ်သွက်သွက်လျှောက်လမ်းလာခဲ့သည်။

မကြာမီ ဒေါ်ကျင်အိန်း၏ နောက်ဖေးတံခါးပေါက်သို့ ကျင်စွိ ရောက်ရှိသွားလေသည်။

'ကြီးတော် ကျင်အိန်း...ကြီးတော် ကျင်အိန်း၊ တံခါးဖွင့်ပါဦး'

ကချင်းပင် အတွင်းမှတံခါးဖွင့်သံကြားပြီး နောက်ဖေးတံခါး ခပ်ဟဟပွင့်လာလေသည်။

'အို....မိန်းကလေး သေနတ်တွေနဲ့ပါလား'

'ဟုတ်တယ် ကြီးတော်၊ သူ....သူ ဒဏ်ရာရလာတယ်'

'ဝင်....ဝင် အိမ်ထဲကို မြန်မြန်ဝင်ကွယ်၊ အန္တရာယ်တွေ ရှိတယ်'

စိုးရိမ်ဘကြီးဖြင့် ဒေါ်ကျင်အိန်း နောက်ဖေးတံခါးအား ပြန်လည်ပိတ်ထားလိုက်၏။

'မြို့စားကြီးတော့ သေကျန်ရစ်ပြီ ကြီးတော်၊ စံအိမ်ခြင်း တစ်ဝင်းလုံးလဲ ရဲမက်တွေနဲ့ ခြေချင်းရှုပ်ကုန်ပြီ၊ ကျွန်တော်တို့ ဒီဝင်းထဲက ဘယ်လိုထွက်ကြမလဲ ဟင်'

'ဒုက္ခပဲကွယ် မိန်းကလေးက ဒဏ်ရာရလာတယ် ဆိုတော့ တိုက်ခိုက်ပြီး ထွက်ဖို့မလွယ်ဘူးနော့'

'ကျွန်တော် တစ်ယောက်တည်းအတွက်က ဖောက်ထွက်လို့ ရပါတယ်၊ သူက ဒဏ်ရာနဲ့ဆိုတော့'

မြေခြားရှင် ကျင်စွမ်မှာ အကြံရကျပ်နေဟန်ဖြင့် ပြောလိုက်ရာ....

ဒေါ်ကျင်အိန်းကြီးလည်း အနည်းငယ် စဉ်းစားဟန်ပြုပြီး....

'ဒါဖြင့် ဒီလိုလုပ်တယ်၊ မင်းဆရာကြီး တန်တိတ်စီးပုံ ပြန်လုပ်စမ်း၊ ငါက တန်ရောက်အင်ရဲ့ အင်္ကျီ အဝတ်အစားတွေ လဲဝတ်မယ်၊ မိန်းကလေးကိုတော့ ငါ့ရဲ့ အဝတ်အစားတွေ လဲပေးပြီး ဗိုက်နာနေတဲ့ဟန်နဲ့ တို့များ ဖေးမတွဲခေါ်သွားကြမယ်၊ ခုလိုညဘက်ကြီးဆိုတော့ ရုတ်တရက် သတိထားမိကြမှာမဟုတ်ဘူး'



'ကောင်းပြီလေ ဒီလမ်းပဲရှိတောမတာပဲ'

မြေခြားရှင် ကျင်စွမ်လည်း မည်သို့မျှ ဆင်ခြေမတက်နိုင်ဘဲ ကျင်အိန်း ပြောသကဲ့သို့ ဆရာကြီး တန်တိတ်စီး အသွင်ကို သာ အလျင်အမြန် ပြန်လည် ပြုလုပ်နေရတော့သည်။

ဒေါ်ကျင်အိန်းက မိန်းကလေး တန်ရောက်အင်နှင့် အဝတ်အစား လဲလှယ်ဝတ်ဆင်နေလေသည်။

ကျင်စွမ်က တစ်ဖက်သို့လှည့်ပြီးနေရ၏။

မကြာမီ ကျင်စွမ်က မျက်မမြင် အလင်းမဲ့ တန်တိတ်စီး အသွင်ဖြစ်သွား၍ တန်ရောက်အင်လေးက ကြီးတော်ကျင်အိန်း သဏ္ဌာန်ပေါက်သွားကာ ဒေါ်ကျင်အိန်းကြီးကား တကယ့် ဗီဘီ မိန်းမပျို တန်ရောက်အင်လေးဟန် ပေါ်လွင်သွားခဲ့ကြတော့သည်။

'ကဲ....သွားကြစို့'

'သူတို့ရိပ်မိသွားရင်တော့ ကြီးတော် ကျင်အိန်း လွတ်အောင်သာပြေးနော်၊ တန်ရောက်အင်လေးကိုလဲ ပါအောင်ခေါ်သွားပါ၊ ရန်သူတွေကို ကျွန်တော် ကြာနိုင်သမျှ ကြာအောင် ထိန်းထားလိုက်ပါမယ် ဟုတ်လား'

'စိတ်ချစမ်းပါကွယ်၊ ဒီအခြေရောက်မှတော့ ငါလဲ မြို့စားစံအိမ်ဝင်းထဲ မနေဝံ့တော့ပါဘူး'

ဒေါ်ကျင်အိန်းက မြေခြားရှင်အား ပြန်လည် ပြောပြီး ဒဏ်ရာရနေသည့် တန်ရောက်အင်အား ဖေးမ၍ တွဲယူလိုက်သည်။

တစ်ဖက်မှ မြွေခားရှင်တစ်ဖြစ်လဲ့ အလင်းမဲ့ တန်တိတ်စီး ဟန်နှင့် ကျင်စွ ကလည်း အသာအယာ ထိန်း၍ ကိုင်ဆွဲထားပေ၏။

ထိုစဉ် တန်ရောက်အင် မိန်းမပျိုလေးက ပြန်လည် သတိဝင်လာ၏။

'အင်း အင်း အင်း'

ညည်းညူနေသဖြင့် ဒေါ်ကျင်အိန်းက သူမနား အနီးသို့ တိုးကပ်၍ တိုးလျစွာ ပြောကြားလိုက်သည်။

'မိန်းကလေး သတိရနေပြီလား၊ တို့များ စံအိမ်ပေါက်ဝ ဂိတ်ကိုဖြတ်ကြမယ်၊ မိန်းကလေးကို ကြီးတော် ကျင်အိန်း အဝတ်အစားတွေ ဝတ်ဆင်ပေးထားတယ်။

'မိန်းကလေးက ဗိုက်နာချင်ယောင်ဆောင်ရမယ်၊ ဆေးဆရာအိမ်လိုက်ပြီး ကုဖို့ အကြောင်းပြမယ် ကြားလား၊ ပိပိရိရိရှိပါစေ၊ သူတို့ရှေ့ကျရင် ညည်းလို့ရတယ် ဟုတ်လား၊ ဗိုက်အောင့်ခနဘာပေါ့'

တန်ရောက်အင်လေးက နာကျင်မှု ဝေဒနာများ ကြားမှ ဦးခေါင်းကို ညိတ်ပြသည်။

'သွားစို့'

သို့ဖြင့် သူတို့သုံးဦးသား စံအိမ်ဝင်း ပေါက်ဝသို့ တလှုပ်လှုပ် ဦးတည်သွားကြသည်။

တန်တိတ်စီးကလည်း တုန်တုန်ချည့်ချည့်ဖြင့်...

ဗိုက်အောင့်နေသည့် ကြီးတော် ကျင်အိန်းကြီးကလည်း တအင်းအင်း တအဲအဲဖြင့် မိန်းမပျို တန်ရောက်အင်ကလည်း



လူနာဝေဒနာသည်ကို ဖေးမလျက် တွဲခေါ်လျှောက်လှမ်းလာဟန်ဖြင့်...

အသီးသီး ပိပိရိရိ ဣန္ဒြေရရ ရောက်ရှိသွားကြ၏။

သူတို့လူစုအား တွေ့သည်နှင့် ဝင်းပေါက်ဝစောင့် ရဲမက်များက မှတ်မိသွားပြီး လှမ်းမေးသည်။

'ဆရာကြီး တန်တိတ်စီးတို့လား ခင်ဗျာ'

'ဟုတ်တယ်'

'ပြန်ကြတော့မလို့လား'

'ဟုတ်ကဲ့ရှင်၊ ဟောဒီမှာ လူနာကြီးတော်က မခံမရပ်နိုင်အောင် အောင့်နေလို့တဲ့၊ ကျွန်မတို့ အိမ်ခေါ်သွားပြီးနေမလို့ပါရှင်'

'အင်း....အင်း....အင်း....အောင့်တယ် အောင့်တယ် ဟင်းဟင်း'

တန်ရောက်အင်ကလည်း နှုတ်မှ တအင်းအင်း ညည်းညူပြလိုက်၏။

ကြီးတော် ကျင်အိန်းကလည်း တန်ရောက်အင် မိန်းမပျို အသံနှင့် တူအောင် အသံကိုဖျက်ပြီး ဖြေကြားလိုက်၏။

'ဟင်း....အရေးထဲ အဲဒီအဒေါ်ကြီးကလဲတစ်မျိုးဘဲ'

စိတ်မရှည်သော ရဲမက်တစ်ဦးထံမှ အသံတစ်သံ ထွက်ပေါ်လာသဖြင့် ဒေါ်ကျင်အိန်းက- အသံသေးသေးနှင့် ပြန်လည်မေးမြန်းလိုက်၏။

'ဝ ဝ....ဘာဖြစ်လို့များပါလိမ့်ရှင်'

'ဘာဖြစ်ရမလဲ၊ စံအိမ်ဝင်းထဲ ရန်သူအချို့ ရောက်နေလို့ ရှာဖွေနေကြတယ်ဗျ၊ သွားကြ မြန်မြန်၊ ကြားက အချောင်သေကုန်ကြလိမ့်မယ်'

'အို ..ဟုတ်လား၊ ဒါဆို မြန်မြန်လေးပြန်မှ၊ လာ လာ၊ ဖေဖေ စံအိမ်ထဲ ရန်သူတွေရောက်နေလို့တဲ့'

ဒေါ်ကျင်အိန်းက စိုးရိမ်ပူပန်သော လေသံနှင့် ဖခင်ဖြစ်သူ တန်တိတ်စီးအား လှမ်းပြောကာ ဝင်းပေါက်မှ ခပ်သုတ်သုတ် ထွက်လိုက်ကြသည်။

ရဲမက်တစ်ဦးက သူတို့လူစုအား အနောက်မှနေ ကြည့်ရှုလျက်....

'တောက်....ဆေးဆရာသမီး အပြန်မှာ စကားလေး ဘာလေး ပြောစမ်းကြည့်မယ်လို့ စိတ်ကူးထားတာ၊ ခွီး...လွတ်ကုန်ပြီ၊ သောက်ရေးထဲ ဘယ်ခွေးမသား ရန်သူက ဝင်းထဲရောက်နေလဲ မသိဘူး ဟင်း'

မချင့်မရဲ မကျေမချမ်းဖြင့် မြည်တွန်တောက်တီးကျန်ရစ်သည်။

ကျင်စွ°တို့လူစုမှာ ရဲမက်များမြင်သာသည်အထိ တရွေ့ရွေ့ဖြင့် ဖြည်းညင်းစွာ လျှောက်လှမ်းသွားနေကြသော်လည်း အတော်လေး လှမ်းသွားသည်နှင့် ကျင်စွ°က တန်ရောက်အင်လေးအား စွေ့ခနဲ ပခုံးပေါ်ထမ်းတင်ကာ ခပ်သွက်သွက်လေး လျှောက်သွားကြတော့၏။

မြို့စားကြီး၏ စံအိမ်ဝင်းထဲ၌ကား မြို့စားကြီး၏လည်မျိုမှ ခပ်အိမ် ... စားဒဏ်ရာရရှိလျက် သေဆုံးနေသည်ကိုတွေ့မြင်ကြရပြီးစံအိမ်



ဝင်း တစ်ခုလုံး ပွက်လောရိုက်ကာဆူညံအော်ဟစ်နေကြကုန်တော့သည်။

ထိုအချိန်ဝယ် မြေခွေးရှင်ကျင်စွ°တို့လူစုမှာ အလင်းမဲ့ တန်တိတ်စီး၏အိမ်ဆီသို့ ရောက်လုနီးနေပြီ ဖြစ်သည်။

စံအိမ်ဝင်းတစ်ခွင်လုံး မြို့စားအား သတ်ဖြတ်သွားသည့် ရန်သူအား မတွေ့ကြသည့်အဆုံး ဝင်းပေါက်က လုံခြုံရေး ရဲမက်များထံ ဓားသမားတို့ ရောက်ရှိလာကြလေသည်။

'ဟေ့ ....ဝင်းပေါက်ဂိတ်က ၊လူဝင်လူထွက်ရှိလားကွ'

ဝင်းပေါက်ဝ ရဲမက်တစ်ဦးက မေးမြန်းလာသော လုံခြုံရေး ဓားသမားအား မကျေမနပ်ဖြင့်လှမ်းကြည့်ပြီး....

'ရှိတယ်ဟေ့ ၊ ဘာဖြစ်လို့လဲကွ'

'ဘာ....ခုချိန်မှာ စံအိမ်ဝင်းက ထွက်သွားတဲ့လူရှိတယ်၊ ဟုတ်လား ရဲမက်ကြီး'

'ဟုတ်တယ်၊ ဆေးဆရာကြီး တန်တိတ်စီးတို့ သားအဖပဲ၊ ကျုပ်တို့ဆီက အမှုထမ်း ဒေါ်ကျင်အိန်းရော ပါသွားသေးတယ်ဗျ'

ရဲမက်ကလည်းသူ့ ထံမှထွက်သွားသည့်သူများမှာ မျက်နှာသိ များသာဖြစ်ကြောင်း လူစိမ်းတစ်ဦးမှမပါကြောင်း ဖြေကြားလိုက်၏။

သို့သော် လုံခြုံရေးဓားသမားကမူ သူ့အား ဖြေကြားခြင်းအား လုံးဝကျေနပ်မှုမရှိဘူ အော်ဟစ်လိုက်၏။

'အဲဒါ ရန်သူတွေဗျ၊ မြို့စားကြီးနဲ့ဓားဘုရင်ကို သတ်ဖြတ်သွားတဲ့ ရန်သူတွေ နားလည်လား'

'ဟေ'

ဝင်းပေါက်ဝရှိ ရဲဘက်များမှာ မျက်နှာ ဆီးရွက်ခန့် သေးငယ်သွားပြီး တအံ့တဩဖြင့် လုံခြုံရေးဓားသမားများအား လှမ်းကြည့်မိကြ၏။

'ဟေ…အလင်းမဲ့ တန်တိတ်စီးရဲ့အိမ်ကို လိုက်ကြမယ်၊ မြင်းတွေပြင်စမ်း'

လုံခြုံရေးဓားသမားအချို့မှာ လှုပ်လှုပ်ရှားရှား ဖြစ်သွားကြလေတော့သည်။

ထိုအချိန်ဝယ် ကျင်စွတို့လူစုကား တန်တိတ်စီးနှင့် တွေ့ဆုံနေကြပြီ ဖြစ်သည်။

'ဖြစ်ရလေ သမီးရယ်'

ဆရာကြီး တန်တိတ်စီး၏ သမီးဖြစ်ရပ်ကို ကြားသိရပြီး ယူကျုံးမရ ညည်းတွားလိုက်ရှာသည်။

'စိတ်မကောင်းပါဘူး ဆရာကြီးရယ်၊ ကျွန်တော်လဲ သူ့ ဓားချက်ထိသွားမှ မြင်လိုက်ရတာ နောက်ကျသွားပြီခင်ဗျ'

ကျင်စွက စိတ်မကောင်းစွာ ဆရာကြီးအား ဝင်ရောက်နှစ်သိမ့်စကား ဆိုမိ၏။

'သမီး…သမီး၊ ကျေနပ်ပါတယ် ဖေဖေ၊ ဖေဖေ့အတွက် လက်စားချေခဲ့ရတာပဲ၊ သမီး အဲ့သက်နဲ့လဲရကျိုးနပ်ပါတယ်လေ၊ သမီး ဒီဒဏ်ရာနဲ့သေရင်တောင် သေပျော်ပါပြီ'

တန်တိတ်စီးက သမီးဖြစ်သူ၏ဒဏ်ရာကို လက်ဖြင့်စမ်းသပ်ကြည့်ရှုလိုက်၏။



ထို့နောက် ခေါင်းကိုယမ်းခါ၏။

'သမီး လူ့လောကမှာ အသက်ရှင်ခွင့်ရမှာ မဟုတ်တော့ဘူး'

ဆရာကြီး၏အသံက တုန်လှုပ်နေသည်။

နှုတ်မှသည်း စကားစုကိုပြောသွက်ဖို့ခက်ခက်ခဲခဲကြိုးပမ်းရှာသည် တင်၏။

မိန်းကလေးက ဖခင်၏လက်ကို ဖျစ်ညှစ်လျက်…

'သမီးသေပျော်ပါတယ် ဖေဖေရယ်၊ ဟောဒီ ဟောဒီ… မြေခွေးရှင် အစ်ကိုကျင်စွက လူယုတ်မာကို သတ်ဖြတ်နိုင်ခဲ့ပြီပဲ'

ထိုစဉ် တန်ရှောက်အင် မိန်းမပျို၏ ရင်ညွန့်မှဒဏ်ရာက သွေးအချို့ ပွက်ခနဲ အန်ထွက်လာပြန်သည်။

'အစ်…အစ်ကို…ကျင်…ကျင်စွ…ကျေး…ကျေးဇူး'

မိန်းမပျိုလေး တန်ရှောက်အင် နှုတ်ဖျားအသံ တိုးလျလျလေး ထွက်ပေါ်လာသည်။

သို့ရာတွင် စကားက အဆုံးမသတ်နိုင် တဖြည်းဖြည်း တိုးညင်းလျက် တိမ်ဝင်သွားရှာသည်။ သူမ သေဆုံးသွားခဲ့ပြီ။

'ဘောက်'

အလင်းမဲ့ တန်တိတ်စီးထံမှ ကျယ်လောင်သော ဘက်ခေါက်သံတစ်ချက် ပေါ်လာ၏။

ကြီးတော် ကျင်အိန်းပင် တန်ရှောက်အင် မိန်းမပျိုလေးအား ပွေ့ပိုက်ထားရာမှ ထိတ်လန့်လျက် မော့ကြည့်မိသည်။

ကျင်စွံကလည်း တအံ့တသြဖြင့် အလင်းမဲ့ ဆရာကြီးအား လှမ်းကြည့်ဖြစ်သည်။

ဆရာကြီးတန်တိတ်စီး၏ မျက်နှာမှာ နာကြည်းမှု ကြေကွဲဝမ်းနည်းမှုနှင့် ဒေါသများ ရောပြွမ်းနေသည့် အရိပ်အယောင်တို့ လွှမ်းမိုးနေသလိုရှိ၏။

မမြင်မတွေ့နိုင်သော သမီးဖြစ်သူ တန်ရောက်အင်လေး၏ ရုပ်အလောင်းကို ငေးစိုက်ကြည့်ရင်း တည်ငြိမ်စွာ ပြောကြားပြန်၏။

'ငါ့သမီးလေးကြောင့် လူ့ဘဝမှာ ငါအသက်ရှင် နေထိုင်ခဲ့တာပဲ၊ သူမရှိတော့တဲ့အချိန်ဟာ ငါ့အတွက် သေနေ့ပဲကွယ်၊ တဲ....ကဲ မင်းတို့လဲ တော်ရော ထွက်ခွာသွားကြတော့၊ မကြာခင် ဒီကို မြို့စားရဲ့ ကျွန်ခွေးတွေ ရောက်လာကြမှာ မလွဲဘူး။

'သူတို့တွေကို တမလွန်အရောက်ပို့ ပေးဖို့ ငါ ဆုံးဖြတ်လိုက်ပြီ၊ မင်းတို့နှစ်ဦးကိုလဲ နောက်ဆုံးအကြိမ်အဖြစ် ငါ နှုတ်ဆက်ခဲ့ပါတယ်ကွယ်၊ သွားတော့....သွားကြတော့၊အချိန်မရှိတော့ဘူးလေ'

ကျင်စွံနှင့် ဒေါ်ကျန်အိမ်းတို့နှစ်ဦးမှာ တစ်ဦးကိုတစ်ဦး ပြန်အလှန် လှမ်း၍ ကြည့်မိကြ၏။

ဆရာကြီးတို့ သားအဖနှစ်ဦး၏ အဖြစ်ကို ကြေကွဲစွာဝမ်းပမ်းတနည်း စိုက်ကြည့်မိကြပြီး ကျင်စွံက စကားကို စတင်ပြောကြား၏။



'ရန်သူတွေ ဘယ်လောက်လာလာ ကျွန်တော်တို့ဂရုမစိုက်ပါဘူး ဆရာကြီး၊ ကြောက်ရွံ့ဆုတ်ခြေးစရာ တစိုးတစိမှလဲ စိတ်မကူးမိပါဘူး။

'ဆရာကြီးနဲ့အတူ လောအတူရှင်မကွဲ တိုက်ခိုက်ကြမှာပါခင်ဗျာ'

'ဟုတ်ပါတယ် ဆရာကြီး၊ ကျွန်မတို့ ထွက်မပြေးချင်ပါဘူး၊ထွက်ပြေးတိမ်းရှောင်ရတာထက် ရန်သူကို ကြံ့ကြံ့ခံတိုက်ခိုက်ပြီး အသေခံလိုက်ချင်ပါတယ်'

ဆရာကြီးက ခေါင်းကို ယမ်းခါနေ၏၊

ကျင်စွံနှင့် ဒေါ်ကျင်အိမ်းတို့ နှစ်ဦး၏ စကားများကို သဘောမကျ အလိုမကျသည့်အမူအရာနှင့် ဖြစ်သည်၊

'မဟုတ်ဘူးကွယ်၊မင်းတို့ မှားနေပြီ၊သေသေချာချာ စဉ်းစားကြ၊ခုရောက်လာမယ့်သူတွေက မင်းတို့ရဲ့ အဓိကရန်သူတွေ မဟုတ်ကြဘူး၊ ခွေးတိရစ္ဆာန်သာသာ ကျွန်သပေါက်တွေပါကွယ်၊ ဖက်ပြိုင် တိုက်ရမယ့် သတ္တဝါတွေ မဟုတ်ဘူးလေ၊ မင်းတို့မှာ လုပ်စရာ ဆောင်ရွက်စရာတာဝန်တွေ ကိစ္စတွေ များစွာ ရှိကြမယ်။

'ငါ့အနေနဲ့ ဒီသတ္တဝါတွေကို လွယ်လွယ်ကူကူ အနိုင်ယူနိုင်တဲ့ နည်းလမ်းလျှို့ဝှက်ချက်တွေ ရှိထားပါတယ်၊ မင်းတို့ဘာမှ မပူပန်ကြနဲ့ကွယ့်၊ ကိုယ့်လမ်း ကိုယ့်ခရီးကို ဘေးကင်းရန်ကင်း ဖြောင့်ဖြောင့်ဖြူးဖြူးသွားကြစေချင်တယ်။

ဆရာကြီးစကားကို နားထောင်ပါ မြွေဓားရှင် လူလေးရယ်၊မိကျင်အိမ်းလဲ ဒီအတိုင်းပဲ၊မင်းတို့ရဲ့ အဓိကရန်သူတော်

လူယုတ်မာ မြို့စား သေဆုံးခဲ့ပြီ မဟုတ်လား၊ ကျေနပ်ကြတော့ပေါ့'

စည်ငြိမ်ရှည်လျားစွာ ပြောကြားနေသော ဆရာကြီး၏ စကားက သူတို့နှစ်ဦးအား မည်သို့မျှ မငြင်းသာအောင် ဖြစ်နေကြလေသည်။

'ငါပြောတာ နားထောင်ကြမယ်မဟုတ်လား'

'ဟုတ်....ဟုတ်ကဲ့ပါ ဆရာကြီး'

'မိကျောင်အိန်းရောကွယ့်'

'နားထောင်ပါ့မယ် ဆရာကြီး'

ဒေါ်ကျောင်အိန်းကလည်း တိုးညင်းစွာ ဖြေကြားလိုက်ရသည်။

'ကဲ....ဒါဖြင့် ခုချိန်ကစပြီး မင်းတို့ ဒီနေရာက ထွက်ခွာကြ'

မြေခွေးချင် ကျောင်စွ ိနှင့် ဒေါ်ကျောင်အိန်းတို့ မတ်တတ်ရပ်လိုက်ကြသည်။

'အိမ်ဘေးမှာ မြင်းတစ်စီးရှိတယ်၊ ခရီးတွင်အောင် ယူသွားကြ၊ သင့်တော်မယ့် လူက စီးကွယ့်'

'မြေခွေးရှင်ပဲ ယူသွားပါ၊ ကျွန်မက ဒီမြို့မှာပဲတိမ်းရှောင်နေပါ့မယ်၊ မြင်းမလိုအပ်ပါဘူး'

'အိမ်း....ဒါဆိုလဲ လူလေးပဲ ယူသွားချေတော့ သွားကြသွားကြ'



ကျောင်စွ ိက ဆရာကြီးပြောကြားသည့်အတိုင်း အိမ်ဘေးရှိ မြင်းညိုကြီးတစ်ကောင်အား သွားရောက် ယူငင်ကာစီးလိုက်သည်။

'ကျွန်တော်သွားမယ် ဆရာကြီး'

'အေး....အေး'

'ကြီးတော်ကျောင်အိန်း သွားမယ်နော်'

'အေးကွယ်....အန္တရာယ်ကင်း ဘေးကင်းပါစေကွယ်'

ဒေါ်ကျောင်အိန်းက မျက်ရည်လဲ့စွာဖြင့် မြေခွေးရှင်အား ဆုတောင်း မေတ္တာပို့၏။

ကျောင်စွ ိမှာ မြင်းညိုကြီးအား ဆွဲ၍ တစ်ဟုန်ထိုး ထိုနေရာမှ စီးနင်း ထွက်ခွာသွားတော့၏။

မရှေးမနှောင်းပင် ဒေါ်ကျောင်အိန်းမှာလည်း မှောင်ရိပ်ခိုလျက် ဆရာကြီး အလင်းမဲ့အိမ်မှ ထွက်ခွာသွားလေတော့သည်။

သူတို့နှစ်ဦး ထွက်ခွာသွားသည်နှင့် ဆရာကြီး အလင်းမဲ့ တန်တိတ်စီးမှာ မီးတိုင်တွင် အသုံးပြုသော ရေနံဆီအိုးကို ယူဆောင်လျက် အိမ်ပတ်ပတ်လည်ဝယ် လိုက်လံ သွန်းလောင်းနေလေသည်။

ခဏတွင်း၌ အိမ်၏ အောက်ခြေပတ်လည်၌ ရေနံဆီများဖြင့် စိုနစ် အိုင်ထွန်းနေလေတော့၏။

တန်တိတ်စီးမှာ အိမ်၏ အလယ်ဝရှိ ညှော်ခန်း၌ ကုလားထိုင်စာစ်လုံးတွင် အကျအန ထိုင်လျက် ဆေးလိပ်တစ်လိပ်ကို မီးညှိ သောက်ရှုနေ၏။

သူ၏ ဟန်ပန် အမူအရာမှာ အလွန်ပင် တည်ငြိမ် အေးချမ်း၍ မည်သည့် အန္တရာယ်မှ မရှိသည့် အသွင်များ ဆောင်နေသည်။

သို့သော် မကြာမီ အချိန်ကာလအတွင်း ကြမ္မာဆိုးကြီး တစ်ရပ် ပေါ်ပေါက်လာတော့မည်ကိုမူ သူ၏ ရင်ထဲ၌ ကြိုတင်သိရှိနေခဲ့၏။

ဆရာကြီး အလင်းမဲ့ တစ်ယောက် အချိန်များစွာ မစောင့်လိုက်ရချေ။ မျှော်လင့်ထားသည့်အတိုင်း မြို့စားကြီး၏ ရဲမက်အချို့ သူ၏အိမ်ရှေ့သို့ မြင်းကိုယ်စီနှင့် ဆိုက်ရောက်လာကြလေသည်။

မြင်းခွာသံများ အိမ်ရှေ့၌ ရပ်တန့်သွားသည်နှင့် ဆရာကြီး အလင်းမဲ့၏ မျက်နှာဝယ် ပြုံးရောင်များ သမ်းသွားလေသည်။

'ဗျို့...မျက်မမြင်ဆရာကြီး ယွက်ခဲ့စမ်းဗျာ'

လုံခြုံရေး ရဲမက်တစ်ယောက်က ခပ်ထန်ထန် အော်ငေါက်အမိန့်ပေးလိုက်၏။

'ဘယ်သူတွေလဲကွ....ရှိုင်းစိုင်းလှချည်လား'

'မြို့စားကြီးရဲ့ ရဲမက်တွေဗျို့၊ ခင်ဗျားကြီးဆီမှာ ရာဇဝတ်သားတွေ ရောက်နေတယ် မဟုတ်လား'

တန်တိတ်စီးက ရဲမက်များ မခံချင် မြင်လာအောင် တမင်သက်သက် မေးမြန်းလိုက်ခြင်းအား တစ်ယောက်သော ရဲမက်က ပြန်လည် တုံ့ပြန်လိုက်သည်။

'ရှိမရှိသိချင်ရင် အထဲ ဝင်ရှာကြည့်ပေါ့ကွ'



တန်တိတ်စီးလည်း ခပ်မာမာပင် ပြောကြားလိုက်သဖြင့် ရဲမက် တပ်ဗိုလ်ဖြစ်သူမှာ မကျေမချမ်းဟန်နှင့် သူ၏ရဲမက်များအား အမိန့်ပေးလိုက်၏။

'ဟေ့....အိမ်ထဲဝင်ရှာကြစမ်း၊ ဆန်အိုး ဆီအိုးထဲပါ မကျန် လှန်လှောရှာကြကွ....ဟင်း'

ရဲမက်ကြီးက မျက်မမြင် တန်တိတ်စီးအား မျက်ထောင့်နီကြီးနှင့် စိုက်ကြည့်နေ၏။

ရဲမက်များလည်း မြင်းထက်မှဆင်းသက်ကြလျက် အိမ်ထဲသို့ စုပြုံ ဝင်ရောက် ရှာဖွေကြတော့သည်။

ရဲမက်ဗိုလ်ကမူ မြင်းပေါ်မှ မဆင်းဘဲ အိမ်ပေါက်ဝတွင်ပင် ရပ်လျက်ရှိသဖြင့် တန်တိတ်စီးက....

'ဟေ့....မြို့စားကျွန်ကောင်၊ မင်းတို့ရှာနေတဲ့ ရာဇဝတ်သားကို လိုချင်ရင် ဒီနားကို လာခဲ့ကွ၊ ငါကိုယ်တိုင် ပြလိုက်မယ်'

သူ့အား မြို့စားကျွန်ကောင်ဟု ခေါ်ဝေါ်လိုက်သည့် တန်တိတ်စီးအား ရဲမက်ဗိုလ်မှာ ဒေါသဖြစ်သွားပြီး အဘိုးကြီးကို ကျောင်းမှန်းကန်မှန်း သိသွားအောင် ဆုံးမလိုက်မည်ဟု စိတ်ကူးလျက် မြင်းပေါ်မှ ဆင်းချလာ၏။

တန်တိတ်စီးကမူ တည်ငြိမ်အေးဆေးစွာဖြင့် ဆေးလိပ်တစ်လိပ်ကို ဖွာရှိုက်မြဲ ဖွာရှိုက်နေ၏။

'ရာဇဝတ်သား မတွေ့ရင်တော့ ခင်ဗျားကြီးကိုပဲ ဖမ်းသွားရမှာပဲ'

ရဲမက်ဗိုလ်သည် သူ၏ ခါးမှ ဓားကြီးကို ထုတ်လျက် တန်တိတ်စီးထိုင်နေသော ညီခန်းထဲသို့ ဝင်ရောက်လာခဲ့လေသည်။

'ဟဲ....ဟဲ....ဟဲ....ဟဲ ငါ့ကို ဖမ်းဖို့ နေနေသာသာ မင်းတို့ကိုယ်တိုင်တောင် မီးလောင်တိုက်ထဲက လွတ်အောင် ကြိုးစားကြည့်ကြပါဦးကွယ့်၊ ဟား ဟား ဟား'

ထိုသို့ ပြောဆိုရယ်မောပြီး တန်တိတ်စီးသည် လက်ထဲမှ သောက်လက်စ ဆေးလိပ်တိုအား မီးခန့်ဆီ လောင်းချထားသော အိမ်၏အောက်ခြေ တစ်နေရာသို့ ပစ်ချလိုက်လေတော့သည်။

မီးက ဝုန်းခနဲ ရုတ်တရက် ထတောက်လာလေသည်။

'ဟာ'

ရဲမက်ဗိုလ်ခမျာ မီးတောက်အား လျှပ်တစ်ပြက် မြင်တွေ့လိုက်ရသဖြင့် အံ့သြ မှင်တက်မိနေစဉ် တန်တိတ်စီးကမူ ဣန္ဒြေမပျက် ထိုင်နေသော ကုလားထိုင် ပေါ်ဝယ် တဟား ဟားနှင့် ရယ်မောနေဆဲ။

'ဟား ဟား ဟား ဟား'

'မီး မီး မီး မီးတွေဗျို့'

နောက်ဖေးခန်း အိပ်ခန်းထဲမှ ရဲမက်အချို့၏ အသံကားကြောက်လန့်တကြား ပေါ်ထွက်လာလေသည်။

ရဲမက်ဗိုလ် သတိရသောအခါ၌ အိမ်ပတ်ပတ်လည်ဝယ် မီးတောက်များက ဝိုင်းဝန်းနေကြပြီ ဖြစ်သည်။



'ခင်....ခင်....ခင်ဗျားကြီး ကျုပ်....ကျုပ်တို့ကို မီး....မီးလောင်တိုက် သွင်းနေတာပဲ၊ သေ....သေပေတော့'

တန်တိတ်စီး၏ မီးထောင်ချောက်မှန်း ရိပ်မိ သိရှိသော ရဲမက်ဗိုလ်မှာ ဒေါသကြီးစွာဖြင့် ဆရာကြီးအား ဓားဖြင့် ဖိုင်းခုတ်ရန် ရွယ်လိုက်၏။

သို့သော် အလင်းမဲ့ တန်တိတ်စီးက မျက်စိမမြင်နိုင်သော်ငြားလည်း နားကမူ အလွန်ပါးနပ်သူ တစ်ဦးဖြစ်ရာ ရဲမက်ဗိုလ်၏ ဓားချက်ကို ရှောင်တိမ်းလိုက်နိုင်ပြီး လက်ထဲရှိ တောင်ဝှေးတုတ်ကောက်ဖြင့် ဇော့ ယမ်း ရိုက်ချပစ်လိုက်၏။

'ဖုစ်'

'ဒုတ်'

'ရှိုး'

'ခွပ်'

'အင့်'

ရဲမက်ဗိုလ်၏ ဓားချက်က အလင်းမဲ့၏ ခုံကိုသာ ခုတ်ထစ်မိလျက် ဆရာကြီး၏ တုတ်ကောက် ရိုက်ချက်ကမူ ရဲမက်ဗိုလ်၏ မေးဖျားကို မိမိရရ ထိမှန်သွားခဲ့သည်။

'အ..အား အား အား'

အိမ်ပတ်ပတ်လည်ရှိ လောင်မြိုက်နေသည့် မီးညွန့်များထဲသို့ ကျရောက်သွားသော ရဲမက်ဗိုလ်ခမျာ ငယ်သံပါအောင် အော်ဟစ် ညည်းညူလိုက်သည်မှာ သူ၏ ရဲမက်များအတွက် တုန်လှုပ် ချောက်ချားဖွယ် ကောင်းနေ၏။

မီးတောက် မီးညွန့်များကား တချိုးချိုး တချွတ်ချွတ်နှင့် အရှိန်ပြင်းစွာ လောင်ကျွမ်းနေလေရာ ရဲမက်များမှာ ကယ်ပါ ယူပါ တစာစာနှင့် ကမ္ဘာပျက်မတတ် အော်ဟစ်မြည်ကြွေးနေကြကုန်၏။

'အား အား ကယ်ပါဗျို့'

'ပူတယ် ပူတယ် လုပ်ကြပါဦး'

မီးစများက အိမ်တွင်းရှိ မည်သည့်ပစ္စည်းအရာဝတ္ထုကိုမှ ချန်မထား၊ လောင်ကျွမ်းပစ်နေသည်။

'ဟား ဟား ဟား'

အလင်းမဲ့ကမူ သူ၏ကုလားထိုင်ထက်ဝယ် တည်ငြိမ်စွာ ထိုင်ရင်း အော်ဟစ်ညည်းညူနေကြသည့်ရဲမက်များ၏ အသံကို နားဆင်လျက် ဟားတိုက်ရယ်မောနေဆဲရှိ၏။ သို့သော်....

သူ၏ကုလားထိုင် ခြေထောက်များကိုလည်း မီးတောက်အချို့က စွဲလောင်နေခဲ့ပြီဖြစ်သည်။

ညောင်ခန်း၌လည်းကောင်း၊ အိပ်ခန်းထဲ၌လည်းကောင်း၊ နောက်ဖေးမီးဖိုခန်း၌လည်းကောင်း ရဲမက်များ၏မီးလောင်ကျွမ်းသော ခန္ဓာများမှာ မြင်မကောင်းအောင် အနိဋ္ဌာရုံ မြင်ကွင်းများအဖြစ် ပြောင်းလဲနေခဲ့သည်။

အိမ်၏အပြင်ဘက် ရဲမက်များ၏ မြင်းများ သည်ကား မီး၏အပူရှိန်ကြောင့်ကြောက်ရွံ့ထိတ်လန့်စွာ မြည်ဟည်းလျက် ခြေဦးတည့်ရာအရပ်သို့ ဒုန်းစိုင်းပြေးသွားကုန်ကြလေသည်။

အော်သံဟစ်သံ ညည်းညူသံများနှင့် မီးဟုန်းဟုန်းတောက်လောင်နေသည့် အလင်းမဲ့ဆရာကြီး တန်တိတ်စီး၏



အိမ်ထဲသို့ အနီးပတ်ဝန်းကျင်မှ လူအများ ရောက်ရှိလာကြသောအခါ ထိုမီးလောင်တိုက်ထဲမှ ထူးဆန်းသောရယ်မောသံအချို့ကို ခပ်သဲ့သဲ့ကြားနေကြရသဖြင့် အံ့သြတုန်လှုပ်ကြရလေသည်။

မည်သို့ဖြစ်စေ မကြာမီပင် အနိဋ္ဌာရုံ မြင်ကွင်းတို့ကား တိတ်ဆိတ်ငြိမ်သက်လျက် ပြာပုံအဖြစ် ပြောင်းလဲသွားခဲ့လေတော့သည်။

[ ၄၃ ]

## မြေခွေးရှင်နှင့် အနက်ရောင်သိုင်းလောက

မြေခွေးရှင်ကျင်စွံသည် ကျန်အင်းမြို့စားကြီးကျန်ရောက်ဖူးအား မိဘများအတွက် ကလဲ့စားချေပြီးနောက် ပြည်မရှိသိုင်းလောကသို့ ရောက်ရှိသွားခဲ့လေသည်။

ငယ်စဉ်က အထီးကျန်လူငယ်တစ်ဦးဖြစ်ခဲ့သော ကျင်စွံမှာ မြေခွေးရရှိပြီးချိန်မှစ၍တဖြည်းဖြည်းမြေခွေးရှင်ဟူသော ဘွဲ့ထူးအမည်ကို ရရှိခဲ့သဖြင့် အထီးကျန်လူလေးဟု ခေါ်ဆိုခဲ့မှုများ ပျောက်ကွယ်သွားရလေသည်။

အဆိပ်ပြင်းသော မြေခွေး၏အစွမ်းကြောင့် ကျင်စွံမှာ သိုင်းလောကဝယ် တစ်စထက် တစ်စ ထင်ရှားကျော်ကြားလာခဲ့၏။

သူနှင့် ထိပ်တိုက်ရင်ဆိုင်တိုက်ခိုက်ခဲ့ကြသော ရန်သူများသည် အဆိပ်မိ၍ အသေဆိုးနှင့် တွေ့ကြုံသွားရသည်ချည်းဖြစ်၍ ဘော်ရုံတန်ရုံ သိုင်းသမားများမှာ သူ့အား ဝေးဝေးက ရှောင်ကြဉ်သွားကြကုန်၏။

ရှုံးပွဲမရှိ တိုက်တိုင်းနိုင် သိုင်းသမားအဖြစ် လူသိများလာသောအခါဝယ် ငယ်စဉ်ကနှယ် အထီးကျန်မနေတော့ဘဲ သိုင်းလောက၌ ဝင်ဆံ့သော အဆင့်မြင့် သိုင်းသမားကြီး တစ်ယောက်အဖြစ် ပေါ်လွင်လာခဲ့ရသော်လည်း အဆင့်မြင့် သိုင်းသမားကြီးတစ်ဦးအဖြစ် ပေါ်ထွက်လာခဲ့ရလေသည်။

ကျင့်စဉ်က သိုင်းလောက၌ မဟုတ်မမှန်တာကိုမလုပ်။ မှန်သည် တရားသည်ထင်ကလည်း ဒေသမရွေး သိုင်းသမားမရွေး မျက်နှာမထောက်တတ်ဘဲ ဝင်ရောက်တိုက်ခိုက်တတ်သဖြင့် သူ့ရှေ့ဝယ် မတရားမှုကို မလုပ်ဝံ့ခဲ့ကြပေ။

အထူးသဖြင့် အဖြူရောင်သိုင်းသမားများထက် အနက်ရောင်သိုင်းသမားများက သူ့အား ရွံကြောက်ကြီးဖြစ်ကာ ရှောင်တိမ်းတတ်ကြလေသည်။

အဖြူရောင် သိုင်းသမားအချို့သာလျှင် ငယ်ရွယ်ပြီး သိုင်းလောကဝယ်နေရာရလာသောသူ့အား မနာလိုမရှုဆိတ်ဖြစ်နေကြ၏။

မည်သို့ပင်ဖြစ်စေ မြွေဓားရှင်ကတော့ အဖြူရောင်ရော အနက်ရောင်သိုင်းလောကနှစ်ခုလုံး၌ မည်သူမှ ဂရုမစိုက်။ ဂိုဏ်းဂဏများကိုလည်း စိတ်မဝင်စား။ တစ်ကိုယ်တော်သာလျှင် ကျင်လည်ကျက်စားနေထိုင်ခဲ့လေသည်။



ဂိုဏ်းတည်ထောင်၍ ဂိုဏ်းချုပ်လုပ်ရန် တိုက်တွန်းကြသူများကိုလည်း သူက ပြက်ရယ်ပြု ရယ်မောပစ်ခဲ့သည်ချည်းဖြစ်၏။

'ဂိုဏ်းတည်ထောင်တယ်ဆိုတာက ဆရာလုပ် တပည့်မွေးတဲ့ လူလည်လူတတ်တွေ လုပ်စားတဲ့အလုပ်ပဲ၊ ကိုယ်မလုပ်ဝံ့တာကို တပည့်တွေခိုင်း။

'ကိုယ်မတိုက်ရဲတာကို တပည့်ဂိုဏ်းသားတွေကို တိုက်ခိုင်းပြီးတော့ အုပ်စုနဲ့ အင်အားနဲ့ အနိုင်ကျင့်တဲ့သူတွေ အာဏာထူထောင်ကြတဲ့ကိစ္စပါ၊ ကျုပ်လိုလူမျိုးကတော့ ဘယ်သူ့ကိုမှ တပည့်မမွေးသလို ဘယ်သူ့ကိုမှလဲ ဆရာမတင်နိုင်ဘူးခင်ဗျ။

'ဘယ်သူ့အပေါ်မှလဲ ခေါင်းပုံဖြတ် မစားသောက်ချင်ပါဘူး၊ ဆုံးဖြတ်ချက်က တစ်ခုတည်းရှိတယ်၊ ကိုယ့်ဆုံးဖြတ်ချက်သာ ကိုယ့်လုပ်ရပ်ပဲ၊ ဘယ်သူ ကြိုက်ကြိုက် မကြိုက်ကြိုက် ကိုယ်မှန်တယ်ထင်တာ ကိုယ်လုပ်တာ စိတ်အချမ်းသာဆုံးပဲ'

ထို့ကြောင့် သူ့အား ဂိုဏ်းအဖွဲ့အစည်း ထူထောင်ရန် တိုက်တွန်းသူများမှာ လက်လျှော့သွားလေသည်။

အထူးသဖြင့် အနက်ရောင် သိုင်းဂိုဏ်းများက သူ့အား လိုလားစွာ သိမ်းသွင်းစည်းရုံးကြည့်၏။

အရက်နှင့် မိန်းမနှင့် ဖြားယောင်း၏။ ပစ္စည်းဥစ္စာ ငွေကြေးများနှင့် ဆွယ်၏။

သို့သော် ကျင်စွိကမ သာရေး အလုပ်မျိုးဆို မစင်ကဲ့သို့ ရွံရှာသေ၏။

ထို့ကြောင့်လည်း အနက်ရောင် ဂိုဏ်းသားများနှင့် မဟာမိတ်ဖြစ်ရသည်ထက် ထိပ်တိုက်ရင်ဆိုင် ပဋိပက္ခဖြစ်ရသည်က များသည်။

မကြာခဏ အနက်ရောင် ဂိုဏ်းသားများ၏ အနိုင်ကျင့်စော်ကားမှုများကို ဝင်ရောက်ကာ နှိမ်နင်းပေးရလေ့ရှိလေသည်။

တစ်ခါက တစ်ခုသော ခရီးတစ်နေရာ၌ အနက်ရောင် ဂိုဏ်းသားများ၏ အနိုင်ကျင့်လုယက်နေခြင်း ခံရသော ခရီးသည် တစ်စုကို သူတွေ့ကြုံရလေသည်။

ထိုသို့ လုယက်နေသော ဂိုဏ်းမှာလည်း လူများ ဖိန့်ဖိန့်တုန်အောင် ကြောက်လန့်နေကြရသည့် အနက်ရောင် ဒုစရိုက်ဂိုဏ်းများအနက် အထင်ရှားဆုံး၊ ဩဇာအရှိဆုံး ဖြစ်သော ကျောက်ပင့်ကူဂိုဏ်းသားလျှင် ဖြစ်၏။

ထိုစဉ်က ကျောက်ပင့်ကူ ဂိုဏ်းသားများမှာ အယောက်နှစ်ဆယ်ခန့်ရှိ၏။ ခရီးသည်များက အယ်ယောက်ပင်မပြည့်ကုန်သည်များချည်းဖြစ်ကြသည်။ ဓားလှံလက်နက် ပါသူဆို၍ လေးငါးယောက်သာရှိသည်။

ကျောက်ပင့်ကူဂိုဏ်းသားတို့က ထိုခရီးသည်များအား ရိုက်နှက် ခြိမ်းခြောက်၍ ပါလာသော ငွေစနှင့် ပစ္စည်းများကို တောင်းယူလုယက်နေ၏။



ထိုအခိုက် မြွေဒေါ်းရှင် ကျင်စွိကလည်း ယင်းနေရာသို့ မြင်းစီး၍ ရောက်ရှိလာခဲ့သည်။

'ဟင်....လူဆိုးတွေ ခရီးသည်တွေကို အနိုင်ကျင့် လုယက်နေပါလား'

ကျင်စွိက ထိုဓားသမား လူဆိုးများအား အကဲခတ်လိုက်မိ၏။ လူဆိုးများကား ဓားသမား၊ လှံသမား၊ ခက်ရင်းခွသမားနှင့် သံလုံးဆူးချွန်တပ် လက်နက်ကိုင်စွဲထားသူ စသည်ဖြင့် တွေ့ရှိရလေသည်။

တစ်ဦးနှင့်တစ်ဦး လက်နက်ကိုင်စွဲခြင်း မတူကြသော်လည်း တူညီသော အကြောင်းခြင်းရာ တစ်ခုတော့ဖြင့် ရှိလေသည်။

ထိုအကြောင်းကား အားလုံးသော သူတို့၏ မျက်နှာအမူအရာမှာ ရက်စက်ကြမ်းကြုတ်သော အသွင်အပြင်များ ရှိခြင်းပင် ဖြစ်သည်။

သို့ရာတွင် ကျင်စွိက ထိုကြမ်းကြုတ်မှု အသွင်များနှင့် ကိုင်စွဲထားကြသည့် လက်နက်များကို ဂရုမစိုက်နိုင်ခဲ့ပေ။

သူ့ရှေ့ လမ်းခရီး၌ မတရားမှုတစ်ခုကို တွေ့ကြုံရင်ဆိုင်ခဲ့ရပြီ ဖြစ်၍ မည်သို့မျှ ရှောင်လွှဲဖယ်ခွာ သွားလို့ မဖြစ်တော့ချေ။ ထို့ကြောင့် ထိုမတရားမှု အနိုင်ယူမှု ဗိုလ်ကျနေသည့် ဖြစ်ရပ်ထဲ ဝင်ရောက်ပါဝင်လိုက်လေသည်။

'ဟေ့....လူတွေ၊ မင်းတို့ကလက်နက်မဲ့သူတွေကို အင်မတန်သတ္တိကောင်းပြနေကြပါလား၊ မတရားမှုကို မလုပ်ချင်ကြစမ်းပါနဲ့ဗျာ'

ကျောက်ပင့်ကူဂိုဏ်းသားများမှာ လူအများက ဖိန့်ဖိန့်တုန်အောင် ကြောက်လန့်နေကြရသည်။

သူတို့အား မြင်းတစ်စီးနှင့် ဓားတစ်လက်ကို ကျောတွင် လွယ်ထားလေသူ ခရီးသည်လူစိမ်းက ထိုသို့ပြောကြားခြင်း ခံလိုက်ရသဖြင့် အလွန်ပင် အံ့အားသင့်သွားသကဲ့သို့ ဒေါသများလည်းကိုယ်စီဖြစ်ပေါ်သွားကာ မြေခွေးရှင်အား ပြိုင်တူပင် လှည့်ကြည့်မိလေတော့သည်။

ခေါင်းဆောင်ဖြစ်ဟန်တူသည့် မုတ်ဆိတ်ကျင်စွယ် ဗရပျစ်နှင့် သံလုံးဆူးချွန်တပ် လက်နက် ကိုင်ဆောင်ထားသူ လူတစ်ယောက်က ခပ်ထန်ထန် တုံ့ပြန် ဟိန်းဟောက်လိုက်လေသည်။

'ဘာကွ....ငါတို့ကို တားဆီးရအောင် မင်းက ဘာကောင်မို့လို့လဲ၊ ကျောက်ပင့်ကူဂိုဏ်းသားတွေကို ဘယ်လိုကောင်မျိုးကမှ လာအမိန့်ပေးလို့မရဘူး၊ မသေချင်ရင် ကိုယ့်လမ်းကိုယ်သွားစမ်း'

လူပုံက အဖိုးတန်ပစ္စည်းဥစ္စာဟူ၍ ရှိပုံမပေါ်သော မြေခွေးရှင် ကျင်စွယ်အား ခြိမ်းခြောက် မောင်းထုတ်သည်။

ကျင်စွယ်ကရယ်သည်။

'ဟား....ဟား....ကျောက်ပင့်ကူမကလို့ မြောက်ပင့်ကူဖြစ်ဖြစ်ပေါ့၊ ကျုပ်က ဂရုမစိုက်ဘူး၊ ကျုပ် ဘာကောင်လဲဆိုတာတော့ စမ်းကြည့်လိုက်လေ'

'ရှပ်'



ကျင်စွယ်မှာ ပြောပြောဆိုဆို ကျောတွင်လွယ်ထားသော မြေခွေးကြီးအား ထုတ်ယူလိုက်သဖြင့် ကျောက်ပင့်ကူခေါင်းဆောင် မုတ်ဆိတ်ကြီးမှာ ထပ်မံအံ့ဩသွားတော့၏။

ခရီးသည်များမှာလည်း ကျောက်ပင့်ကူဂိုဏ်းသားတို့အား စိန်ခေါ် တိုက်ခိုက်ရန် ပြင်နေသည့် လူငယ်ဓားသမားကို ထူးဆန်းစွာ ကြည့်ရှုငေးမောနေကြသည်။

အချို့ကလည်း လူဆိုးများ၏ လက်ချက်နှင့် သေဆုံးတော့မှာပဲဟု သနားကြင်နာသော အကြည့်များနှင့် ကြည့်ရှုကြသည်။

မုတ်ဆိတ်ကြီးက အံ့ဩရာမှ ဒေါသများပေါက်ကွဲကာ လက်ထဲမှ သံလုံးဆူးချွန်ကြီးနှင့် ဝင်ရှိန်ထိုး လွှဲရိုက်ချလိုက်သည်။

'ဝှီး'

'ထန်'

'ဝုန်း'

'ဟာ'

သို့ရာတွင် ကျင်စွယ်က သူ့ထံသို့ အရှိန်ပြင်းစွာဖြင့် ဝင်ရောက်လာသည့်သံလုံးဆူးချွန်ကြီးအား မြေခွေးကြီးနှင့်ဆီးကြိုခုတ်ထစ်လိုက်လေရာ သံလုံး၌ တပ်ဆင်ထားသည့် သံကြိုးမှာ တိခနဲ ပြတ်သွားလျက် သံလုံးဆူးချွန်မှာလည်း အဝေးတစ်နေရာသို့ လွင့်စဉ်သွားလေသည်။

မုတ်ဆိတ်ကြီးခမျာ ပါးစပ်မှ အာမေဍိတ် 'ဟာ' ခနဲ ဖြစ်သွားရှာသည်။

သူကိုင်စွဲထားသည့် သံမဏိကြိုးမှာ လက်ကောက်ဝတ်ခန့်အရှည် လုံးပတ်ရှိ၍ ထိုကြိုးပြတ်သွားအောင် ထက်မြက်သော ဓားကြီး၏ အစွမ်းအား ထိတ်လန့်အံ့သြသွားခဲ့သည်။

မည်သို့ပင်ဖြစ်စေ သူ့ခမျာ မြွေဓားရှင်၏ ဓားကြီးအား ကြာရှည်စွာ အံ့သြမနေနိုင်ခဲ့ရှာ။ အဘယ်ကြောင့်ဆိုသော် ကျင်စွယ်က လျင်မြန်သွက်လက်လှသော ဓားချက်တစ်ချက်ကို သူ့ထံသို့ ဆက်တိုက်ပို့လွှတ်လိုက်သောကြောင့် ဖြစ်သည်။

ကျင်စွယ် မြွေဓားချက်က လျင်မြန်လွန်းလှသည်ဖြစ်ရာ မည်သို့မျှ ထိုအချိန်တွင်းဝယ် ဒုတိယမြောက် ဓားချက်တစ်ချက်က သူ့ထံရောက်ရှိလာမည်ဟု မမျှော်လင့်ထားသည့် မုတ်ဆိတ်ကြီးမှာ ကမန်းကတန်းပင် လက်ထဲဝယ် ကိုင်စွဲကျန်ရစ်သည့် သံမဏိသံကြိုးပြတ်စနှင့် ဓေ့ယမ်းလျက် ခုခံတားဆီးလိုက်ရသည်။

'ရှစ်'

'ထန်....ထန်'

'အ....အ....အား'

သို့ရာတွင် သူ့လည်မျိုကို ထိုးဖောက်၍ ဝင်လာသည့် ဓားချက်အား လမ်းလွဲသွားသော်လည်း ဓားဦးဖျားက ပခုံးသားကို အနီစင်းကြီးတစ်ချောင်းကို ဖြစ်ပေါ်သွားစေသည်။

ရန်သူ၏ ဓားချက်က လည်မျိုကို ဖောက်ထုတ်၍ လွဲသွားခဲ့သည့်အတွက် မုတ်ဆိတ်ကြီးက ပြုံးလိုက်မိသေးသည်။



ပခုံးပေါ်ဝယ် ရှပ်ထိသွားသည့် ဓားများခြစ်ရာကိုမူ သူက ဂရုမစိုက်။ သို့သော် ထိုခြစ်ရာ ဒဏ်ရာလေးက သူ့အား အန္တရာယ် ပေးသွားနိုင်သည်ကိုမူ ချက်ချင်းသိလိုက်ရပြန်၏။

အဘယ်ကြောင့်ဆိုသော် ထိုနေရာမှ ပြင်းထန်သော အဆိပ်တက်သည့် ဝေဒနာကို ခံစားလိုက်ရခြင်းကြောင့် ဖြစ်လေ၏။

သူ အဆိပ်မိသွားသည်ကို သိရှိလိုက်ရသည်နှင့်တစ်ပြိုင်နက် သူ၏ တစ်ကိုယ်လုံးလည်း ပြာနှမ်းကွေးကောက်ခဲ့ရရှာပြီဖြစ်လေသည်။

တဒင်္ဂအချိန်လေးအတွင်း၌ပင် ရက်စက် ကြမ်းကြုတ်လှသည့် ကျောက်ပင့်ကူဂိုဏ်းခေါင်းဆောင် မုတ်ဆိတ်ကြီးမှာ သနားစဖွယ် အသေဆိုးနှင့် သေဆုံးသွားခဲ့ရရှာတော့သည်။

ထူးဆန်းသည့် အဖြစ်အပျက်က အလွန်မှပင် လျင်မြန်လှသည်ဖြစ်ရာ ကျောက်ပင့်ကူဂိုဏ်းသားများမှာ ရှုတ်တရက်ငေးကြောင်မှင်တက်မိကြည့်ရှုနေမိကြသည်။

ခေါင်းဆောင်ဖြစ်သူ မုတ်ဆိတ်ကြီးတစ်ယောက် ငြိမ်သက်သေဆုံးသွားတော့မှ ရှူးရှူးရှားရှားဖြင့် စတင်လှုပ်ရှားနိုင်ကြတော့သည်။

'ဟေ့....တိုက်ကြစမ်း၊ ဒီ့ကောင့်ကိုမလွှတ်စေနဲ့ကွ'

တစ်ဦးက ကြွေးကြော်ပြီးလျှင် အော်ဟစ်အချက်ပေးလိုက်မှ လက်ထဲရှိလက်နက်များနှင့် ကမူးရှူးထိုး ဝင်ရောက်တိုက်ခိုက်ကြတော့သည်။

'ဝှစ် ဝှစ် ဝှစ်'

'ထန် ထန် ထန်'

'ရှုပ် ရှုပ် ရှုပ်'
'အ အ အ'
'အီး'
'အင့်'
'အိုး'

ကျောက်ပင့်ကူ ဂိုဏ်းသားများနှင့် ကျင်စွံတို့၏တိုက်ခိုက်မှုကား ကြောချင်းပင် ရှုပ်ယှက်ခတ်လျက် ဓားထိခတ်သံ၊ သံချင်းပွန်းတိုက်သံ၊ ဓားချင်းထိမှန်၍ အော်ဟစ်ညည်းညူသံ မြေပြင်ထက်သို့ လဲပြိုကျသံ စသည်ဖြင့် တစ်ပြိုင်နက် ဖြစ်ပေါ်သွားခဲ့ကြလေသည်။

ကျင်စွံမှာ ကျောက်ပင့်ကူ ဂိုဏ်းသားများ အလယ်၌ မြွေတစ်ကောင်ကဲ့သို့ လူးလွန့်တွန့်ခေါက် လှုပ်ရှား၍ ဓားချက်များကို ဝှေ့ယမ်း ခုတ်ထစ်သွားလေ၏။

သူ၏ ဓားကွက်များမှာ သိမ်မွေ့နူးညံ့သလောက် ဂိုဏ်းသား လူဆိုးများခမျာ မခုခံ မကာကွယ်နိုင်ကြဘဲ ဓားသွားနှင့်ထိသူ၊ ဓားဦးနှင့်တိုးသူ၊ ဓားဖျားနှင့်ပွန်းသူ စသည်ဖြင့် အတုံးအရုံးပင် မြွေဓားနှင့်အဆိပ်မိကာ လဲပြိုကျကုန်၏။

ဓားတစ်ကွက်ဖော်လျက် တစ်ကြိမ်လှုပ်ရှား တိုက်ခိုက်လိုက်တိုင်း လူဆိုးများခမျာ ငှက်ပျောပင်များအား ခုတ်လှဲလိုက်သကဲ့သို့ တုံးနဲ့ အပြိုပြိုအလဲလဲ ဖြစ်ကြကုန်သည်။

ဓားကွက်နှစ်ကွက်မျှ ရှိသေး၏။ ရန်သူ ကျောက်ပင့်ကူ ဂိုဏ်းသားများခမျာ ခုနစ်ယောက်ရှစ်ယောက်ခန့် လဲနေကြရရှာပြီ ဖြစ်၏။



'ဟေး ဟေး ဟေး'

ခရီးသွား ကုန်သည်များထံမှ အားပေးသည့် ဩဘာသံတို့ ထွက်ပေါ်လာသည်ဖြင့် ဓားလက်နက်ပါလာသော သူများကလည်း ကျင်စွံဘက်မှ ဝင်ရောက်ကူညီ တိုက်လာကြ၏။

'ဝုစ် ဝုစ် ဝုစ်'
'ထန် ထန် ထန်'
'ဝုံး'
'ဝုန်း'
'အား'

ခရီးသွား ကုန်သည်တစ်ဦးခမျာ ကျောက်ပင့်ကူ ဂိုဏ်းသားတစ်ဦး၏ ဓားချက်နှင့် ခွေခနဲ လဲသွားရှာသည်အား ကျင်စွံ မြင်တွေ့လိုက်ရသည်။

'ခင်ဗျားတို့ ဝင်မတိုက်ကြနဲ့၊ ဘေးထွက်နေကြပါ'
'ဝုစ် ဝုစ် ဝုစ်'
'အီး'
'အ အ'
'အား'

နှုတ်မှ အော်ဟစ်ကာ ဆီးရင်း ကျောက်ပင့်ကူ ဂိုဏ်းသားများအကြား ဓားချက်များကို လျှပ်ပြက်သည့်သို့ ဝှေ့ယမ်းလိုက်လေရာ ရန်သူသုံးလေးဦး မြွေဓားဒဏ်ရာများကိုယ်စီရရှိလျက် လဲကျကုန်သည်အား တွေ့ရှိကြရပေသည်။

'ဟေး ဟေး ဟေး'

ခရီးသည်များလည်း အားရဝမ်းသာ အော်ဟစ်လိုက်ကြပြီး ဒဏ်ရာရရှိသွားသည့် သူတို့လူအား ဝိုင်းဝန်း ပြုစုနေကြပြန်လေသည်။

ကျင်စွ၏ စကားကိုလည်း လိုက်နာကာ ဝင်ရောက် တိုက်ခိုက်ကြခြင်းကို ရပ်တန့်လိုက်ကြလေသည်။

ကျင်စွကား ပျားပိတုန်းတစ်ကောင်ကဲ့သို့ ပန်းပွင့်များ၏ ဝတ်ရည်ကို စုပ်ယူလိုက်သည့်အလား ရန်သူများအားတစ်ယောက်ပြီးတစ်ယောက် လိုက်လံထိုးခုတ် တိုက်ခိုက်နေတော့သည်။

သူ၏ လှုပ်ရှားရွေ့ပြောင်းမှုများမှာ အလွန်လျင်မြန်လွန်းရကား ကျောက်ပင့်ကူဂိုဏ်းသားများခမျာ မည်သို့မျှ ခုခံကာကွယ်နိုင်ခြင်း မရှိဘဲ ကျင်စွ၏ဓားချက်များ အောက်၌သာ ပြုသမျှ နုနေရရှာကြလေ၏။

အချိန်အားဖြင့် များစွာ မဖြုန်းလိုက်ရပါပေ။

ကျောက်ပင့်ကူ ဂိုဏ်းသားများ နှစ်ဆယ်အနက် တစ်ယောက်သာလျှင် အူယားဖားယား အသက်လု၍ ထွက်ပြေးလွတ်မြောက်သွားနိုင်ခဲ့သည်။ ထိုတစ်ယောက်တည်းပင် ကျင်စွက စိတ်လိုသက်ရ လွတ်ပေးလိုက်ခြင်းသာ ဖြစ်၏။

အမှန်တကယ် လိုက်လံတိုက်ခိုက် သတ်ဖြတ်ပါလျှင် ထိုလွတ်မြောက်သွားသည့်လူဆိုးမှာ မုချသေဆုံးရဦးမည် ဖြစ်ပါသည်။

တိုက်ပွဲဖြစ်ရာ နေရာတစ်ဝိုက်ဝယ် ကျောက်ပင့်ကူဂိုဏ်းသားများ၏ သေဆုံးကျန်ရစ်ခဲ့သော ရုပ်အလောင်းများမှာ



တုန်လှုပ်ခြောက်ခြားဖွယ် ကောင်းလောက်အောင် ဖရိုဖရဲဖြစ် ကျန်ရစ်ခဲ့လေသည်။

ခရီးသည် တစ်စုကတော့ မြေခွေးရှင် ကျင်စွအား ကျေးဇူးတင်သော မျက်နှာကိုယ်စီဖြင့် လေးစားကြည်ညိုချီးကျူးကြကုန်တော့သည်။

သူတို့လူစု၌လည်း ကျောက်ပင့်ကူတို့၏ လက်ချက်ဖြင့် ဒဏ်ရာရရှိသူတစ်ဦး ကျန်ရှိခဲ့ပြန်၏။

'ကျေးဇူးတင်လိုက်တာ သူငယ်ရယ်၊ တစ်သက်နဲ့တစ်ကိုယ် ဒီကျောက်ပင့်ကူကောင်တွေကို အနိုင်တိုက် ဆုံးမနိုင်သူဆိုလို့ မောင်ရင်တစ်ဦးတည်း တွေ့ဖူးသေးတယ်ကွယ့်'

ခရီးသည်လူကြီးတစ်ဦး၏ စကားအား ကျင်စွက ပြုံးရုံမျှ ပြုံးပြမိသည်။

'ဟာ.... သိပ်အားရတာပဲ ဆရာလေးရယ်၊ ကျောက်ပင့်ကူ လူတွေ ကျွန်တော်တို့လို ကုန်သည်ခရီးသွားတွေကိုတော့ နိုင်လိုက်တာ လွန်ရော၊ ဟဲ ဟဲ ဆရာလေးနဲ့ကျမှ ကြက်လေး ငှက်လေးတွေ ဖြစ်နေတော့တာပဲ၊ သူတို့ခမျာ အထိမခံ ရွှေပန်းကန် ဖြစ်ရတယ်'

ခရီးသွားလူငယ် တစ်ဦးကလည်း သူ၏ စိတ်ထဲရှိရာကို အားရပါးရ ပြောပြနေပြန်သည်။ ကျင်စွကမူ ပြုံးရုံသာ ပြုံးပြနေ၏။

'ဒါနဲ့ ဆရာလေးရဲ့နာမည်ကို ကျွန်တော်တို့အဖွဲ့ကို ပြောပြခဲ့ပါဦး ခင်ဗျာ၊ နောင်တစ်ချိန် တွေ့ဆုံဟဲ့အခါ ကျေးဇူးရှင် ဆရာလေးကို နှုတ်ဆက်လို့ ရအောင်လို့ပေါ့'

လူရွယ်တစ်ဦးက စိတ်ဝင်စားစွာ မေးမြန်းလာပြန်သည်။ ထို့ကြောင့် မြွေခါးရှင်က တုံ့ပြန် ဖြေကြားရလေသည်။

'မြွေခါးရှင်ကျင်စွံလို့ ခေါ်ပါတယ်'

'မြွေခါးရှင် ဟုတ်လား'

'ဟုတ်ပါတယ် ခင်ဗျာ'

ကုန်သည်ခရီးသွားတစ်စုမှာ တစ်ဦးကိုတစ်ဦး မျက်လုံးပြူး၍ ကြည့်ရှုမိကြ၏။

★

အဘယ်ကြောင့်ဆိုသော် မြွေခါးရှင်၏နာမည်ဂုဏ်သတင်းအား သူတို့တစ်တွေ ကြားဖူးခဲ့သောကြောင့် ဖြစ်လေသည်။

ကုန်သည်ခရီးသည်များဖြစ်၍ အရပ်တကာ နယ်တကာ လှည့်လည် သွားလာသူများဖြစ်ရကား မြွေခါးရှင်၏ ကျော်ကြားသော ကောင်းသတင်းအား သူတို့ကြားသိကြပြီး ဖြစ်သည်။

တရားသောဘက် ရိုးသားသောဘက်မှ အစဉ်အမြဲ ရပ်တည်ခဲ့သော မားသမားလူရွယ် လူစွမ်းကောင်း တစ်ဦးဟု



သူတို့သိရှိထားခဲ့ကြသည်။ ခုတော့ သည်မြွေခါးရှင်က သူတို့၏ ကယ်တင်ရှင် ကျေးဇူးရှင်တစ်ဦးအဖြစ် လာရောက်တွေ့ဆုံခဲ့ကြလေပြီ။

'အို....ဆရာလေးက မြွေခါးရှင်ကိုး၊ ဝမ်းသာလိုက်တာ၊ ဆရာလေးရဲ့အကြောင်း ကျွန်တော်တို့ ကြားဖူးကြပါတယ်၊ ဒါကြောင့်မို့ ဆရာလေးစွမ်းက ထက်တာပဲ၊ ဟော....တိုများ ဒီနေ့ကံဆိုးရာက ကံကောင်းခဲ့တာနော်၊ မြွေခါးရှင်နဲ့မှ ဆိုက်ဆိုက်မြိုက်မြိုက် လာတွေ့ကြတယ်၊ မြို့ကို ကျွန်တော်တို့ အတူသွားကြတာပေါ့နော်'

ကုန်သည်တစ်ဦး၏ ဝမ်းသာအယ်လဲ ခေါ်ဝင်မှုကြောင့် ကျင်စွံကလည်း ခေါင်းညိတ်ပြလိုက်မိ၏။

သို့နှင့် ကောင်းကင်ဖြူမြို့သို့ မြွေခါးရှင် ကျင်စွံမှာ ကုန်သည်တစ်စုနှင့် လိုက်ပါသွားလေသည်။

မြို့သို့ရောက်သောအခါ မြွေခါးရှင်၏သတင်းမှာ ချက်ချင်းပင် တောမီးကဲ့သို့ ပျံ့နှံ့သွားရောက်ရှိသွားတော့သည်။

ကောင်းကင်ဖြူမြို့ကား အဖြူရောင် သိုင်းသမားများထက် အနက်ရောင် သိုင်းသမား ဒုစရိုက်သိုင်းသမားတို့က ပို၍များပြားသေး၏။

ကုန်သည်ခရီးသွားတို့၏ ပြောဆိုချက်နှင့် ကျောက်ပင့်ကူဂိုဏ်းသားဖြစ်သူ လွတ်မြောက်သွားသည့် ဓားသမား၏ ပြောပြမှုတို့ကြောင့်မြို့ခံများအပြင် အနက်ရောင်သိုင်းလောကမှလည်း မြွေခါးရှင်၏ ဓားစွမ်းကို သိနေကြပြီ ဖြစ်သည်။

ကျောက်ပင့်ကူဂိုဏ်းသားများနှယ် ရက်စက်ကြမ်းကြုတ်၍ သိုင်းပညာစုံလင်သည့် လူများကို အနိုင်ယူတိုက်ခိုက်လိုက်သည့် သတင်းမှာ ဒုစရိုက်သမား အနက်ရောင်သိုင်းသမားတို့အဖို့ တုန်လှုပ်ချောက်ချားစရာပင် ဖြစ်ခဲ့သည်။

ထို့ကြောင့် ကျောက်ပင့်ကူ ဂိုဏ်းသားများနှင့် အခြားအနက်ရောင်ဂိုဏ်းသားများ ပူးပေါင်း၍ မြေခြားရှင်အားလုပ်ကြံကြသေးသည်။

တစ်ကြိမ်မဟုတ်၊ နှစ်ကြိမ်မဟုတ်၊ အကြိမ်ကြိမ်အခါခါပင်။ သို့ရာတွင် ထိုအနက်ရောင်ဂိုဏ်းသားတို့သာလျှင် အကျအဆုံး များစွာဖြင့် ဆုတ်ခွာသွားရသည်ချည်း ဖြစ်ခဲ့လေသည်။

မည်သို့ဖြစ်စေ မြေခြားရှင်ကမူ ရင်ဆိုင်တိုက်ခိုက်လာသမျရန်သူတို့အား တည်ငြိမ်စွာ ခုခံဖြိုခွင်းခဲ့နိုင်၏။

သို့ဖြင့် သူ၏ခြားအစွမ်းမှာ ကောင်းကင်ဖြူမြို့တွင်သာမက အခြားမြို့များသို့တိုင်အောင် ပျံ့နှံ့ရောက်ရှိ ကျော်ကြားနေခဲ့သည်။

အနက်ရောင်ဂိုဏ်းများ ဒုစရိုက်သမားတင်မက အဖြူရောင် သိုင်းလောကမှ ဒေသခံ သိုင်းဆရာကြီးများပင်လျှင် မြေခြားရှင်၏ ကျော်ကြား ထင်ရှားလာမှုကို မရှုဆိတ်နိုင်အောင် ဖြစ်လာကြသည်။

ထို့ကြောင့် အချို့အဖြူရောင် သိုင်းသမားများသည် အနက်ရောင် ဂိုဏ်းအဖွဲ့အစည်းများနှင့် ပူးပေါင်းလျက် မြေခြားရှင်အား တိုက်ခိုက်ရန် ကြိုးပမ်းခဲ့ကြလေ၏။



ထိုသူများအနက် နဂါးနက်သိုင်းအဖွဲ့မှ ဂိုဏ်းချုပ်ကြီး ခါးကုန်းကြီး ဂေါ်ကျင်ခုန်းက အဆိုးရွားဆုံးပင် ဖြစ်သည်။ သူက ကျောက်ပင့်ကူဂိုဏ်းနှင့် ပူးပေါင်းစည်းလုံးခဲ့လေသည်။

[ ၄၇ ]

## မည်းညစ်သောအဖြူ

နဂါးနက်ဂိုဏ်းမှ ဂိုဏ်းချုပ်ကြီး ခါးကုန်း ဂေါ်ကျင်ခန်းသည် ကောင်ကင်ဖြူမြို့၌ အတော်အတန် ဩဇာတိက္ကမကြီးမားသော အဆင့်မြင့် သိုင်းဆရာကြီးတစ်ဦး ဖြစ်၏။

သူ၏ ခြောက်ဖက်သွား ဓားစွမ်းကြောင့်လည်း သိုင်းလောကတွင် နာမည်ကြီး ထင်ရှားသူ ဖြစ်သည်။

သူကိုင်ဆောင်သည့်ဓားကြီးမှာ အခြားဓားသမားများကိုင်စွဲသည့် တစ်ဖက်သွားရှိသည့် ဓားရိုးရိုးမဟုတ်။

တစ်လံမျှရှည်လျားသော လုံးဝန်း ဖြောင့်စင်းသည့် ကျပ်လုံးခန့် တုတ်ခိုင်ကြီးမားသော သံမဏိချောင်းအား

ခြောက်ဖက်သွားဖြစ်အောင် ထုဆင်းသွန်းလောင်းထားသော ထူးခြားသည့် ဓားတစ်လက်သာလျှင် ဖြစ်သည်။

ရန်သူအား တိုက်ခိုက်ရာ၌ ဓားကြီး၏ ခြောက်ဖက်သွားက အနိုင်ရရှိအောင် စွမ်းဆောင်ပေးတတ်၏။

ဓားသွားတစ်ဖက်က ရန်သူ၏သွေးများ ပေစွန်းသွားသည်နှင့် အခြားဓားသွားများကလည်း ထိုကဲ့သို့ ရန်သူသွေးများ စွန်းထင်းပေကျံ ကုန်ပါမှ သူ၌ သတ်ချင်ဖြတ်ချင်သည့် စိတ်အဟုန်တို့ ငြိမ်သက်ပြီးဆုံးလေ့ရှိ၏။

အသွားခြောက်ဖက်စလုံး သွေးမစွန်းသမျှ သူ့လက်က ဓားအိမ်ထဲသို့ ပြန်မသွင်းတတ်ခဲ့ပေ။

ထို့ကြောင့် လူတစ်ဦးအား ထိုဓားနှင့် ခုတ်ထစ်လိုက်မိလျှင်ဖြင့် အခြားလူငါးဦးအားလည်း လိုက်လံ တိုက်ခိုက်မှုတတ်သည်။

ဒါကလည်း ခါးကုန်းကြီး ဂေါ်ကျင်ခုန်း၏ စိတ်ပိုင်းဆိုင်ရာ စိတ္တဇတစ်မျိုးသာလျှင် ဖြစ်၏။ သို့သော်....

အဆင့်မြင့် သိုင်းသမားကြီးတစ်ဦးဖြစ်သည့် ဂေါ်ကျင်ခုန်းသည် အခြားသာမန် သိုင်းသမားများကဲ့သို့ မဟုတ်ချေ။

ကိုယ်ကာယ တောင့်တောင့်တင်းတင်း ခိုင်ခိုင်မတ်မတ် မဟုတ်ခဲ့။ ခါးကြီးက ကုန်းကုန်းကြီး ဖြစ်နေသည့်ပြင် လမ်းလျှောက်လျှင်လည်း အလွန် အကြည့်ရ အရုပ်ဆိုးစွာ မြေပြင်ပေါ်ဝယ် လျှောတိုက်သွားပြန်သည့်နှယ် တွေ့ရှိရသည်။



သူ၏အသွင်သဏ္ဌာန်က တိရစ္ဆာန်သတ္တဝါ တစ်ကောင်ကောင်နှင့်သာ တူလှ၏။ ပြူးကျယ်သော မျက်လုံးအစုံနှင့် ထိုမျက်လုံးအထက်မှ ရှည်လျားသောမျက်ခုံးများက မျက်လုံးပေါ်သို့ ဖုံးအုပ်ပြန်ခဲ့၏။

နှာရွက်က ကားကား နှာခေါင်းကချွန်ချွန်၊ ငှက်တစ်ကောင်၏ နှုတ်သီးနှင့်ပင် တူသေးတော့သည်။

ပါးစပ်ကမူ လန်၍တော်ပြန်သည့်ပြင် ထိုပါးစပ်တွင်းမှ မညီမညာပေါက်နေသည့် သွားတို့ကလည်း အပြင်သို့ ငေါ ထွက်နေကြသေးသည်။

သို့ဖြင့် ခါးကုန်းကြီး ဂေါ်ကျင်ခုန်းဆိုလျှင် သူ၏ အသွားခြောက်ဖက်ဓားနှင့် မရင်ဆိုင်ရသေးမီပင် သူ၏အသွင်အပြင်နှင့် ဆုံတွေ့ရသည်ပင် တုန်လှုပ်ချောက်ချား ကြောက်ရွံ့စရာ ကောင်းလှသူတစ်ဦး ဖြစ်၏။

သူက မြွေဓားရှင် ကျင်စွံအား သူ၏ အသွားခြောက်ဖက် ဓားနှင့် အဲားစမ်းခဲ့ဖူးပြီ ဖြစ်သည်။

ထိုအခါ သူ၏ အသွားခြောက်ဖက်ဓားအား မြွေဓားက အနိုင်ယူပြလိုက်၏။

ထိုကတည်းက ခါးကုန်းကြီးမှာ ကောင်းကင်ဖြူတွင် အရှက်ရသွားလျက် မြွေဓားရှင်ကျင်စွံအား မနာလိုမရှုစိတ်စတင်ဖြစ်လေတော့သည်။

သူနှင့် မြွေဓားရှင်ကျင်စွံတို့ တွေ့ဆုံ တိုက်ကြရသော အဖြစ်ကသည်း သူ၏မာန်မာနကြောင့်သာလျှင် ဖြစ်၏။

ထိုနေ့က ခါးကုန်းကြီးမှာ သူ၏ဂိုဏ်းသားများနှင့် စားသောက်ဆိုင် တစ်ခုတွင် သောက်စားမူးယစ်နေ၏။

ထူးထူးခြားခြားပင် ယင်းနေ့၌ ကောင်းကင်ဖြူမြို့ထက်ရှိ ကောင်းကင်သည် ခဲရောင်မိုးသားများနှင့် အုံ့မှိုင်းနေသည်။

ကောင်းကင်ဖြူမြို့ကား အလွန်ထူးဆန်းစွာပင် တစ်နှစ်ပတ်လုံး ဖြူသော ကောင်းကင်ကြီးသာ ရှိတတ်၏။

အခြားဒေသများကဲ့သို့ ပြာလွင်သော ကောင်းကင်လည်း မဟုတ် တိမ်စိုင်တိမ်ခဲ များလည်း မတွေ့မမြင်ရတတ်သော မြို့ဖြစ်၏။ မိုးသားခဲရောင်များ အုံ့၍ ထူးခြားနေ၏။

ဒါကို ခါးကုန်းကြီးက သတိထားမိကာ မကျေမနပ်ဖြစ်လျက် ရှိ၏။

'ဟေ့ တို့မြို့က ထူးထူးခြားခြား အဖြူရောင် ကောင်းကင်မှာ ခဲရောင်တွေ အုပ်ဆိုင်းနေတယ်ကွ၊ ဒါ ကောင်းတဲ့နိမိတ် မဟုတ်ဘူး၊ မကောင်းတဲ့လက္ခဏာပဲကွ၊ ခုလို မကောင်းတဲ့ အချိန်မှာ ရောက်လာခဲ့တဲ့လူတွေဟာ မကောင်းတဲ့လူတွေ ဖြစ်မှာ၊ အေး....အဲဒီလူတွေကို ဆုံးမပစ်ရမယ် နားလည်လား'

'သင့်မြတ်တာပေါ့ ဆရာကြီး'

မူးမူးရူးရူးနှင့် စိတ်ထင်တိုင်း ပြောဆို ရေရွတ်နေသော ဂေါ်ကျင်ခုန်း၏ စကားအား စားသောက်ဆိုင်ရှိလူအားလုံးကြားနေရသဖြင့် ပြဿနာတစ်ခုခုတော့ ပေါ်ပေါက်တော့မည်ကို ကြိုတင်သိရှိနေကြ၏။



ရင်တထိတ်ထိတ်နှင့် စောင့်ကြည့်နေကြကုန်သည်။

ထိုစဉ် ဆိုင်ထဲသို့ သိုင်းသမားနှစ်ဦး ဝင်ရောက်လာကြ၏။ သူတို့၏ခါးများ၌ ဓားကိုယ်စီ ချိတ်ဆွဲထားကြသည်ကို တွေ့ရသည်။

'ဟိတ်... ဟိုဝင်လာတဲ့နှစ်ယောက်ကို ဆွဲခေါ်ခဲ့ကြစမ်း'

ဂေါ်ကျင်ခုန်းက သူ့ဂိုဏ်းသားများကို အမိန့်ပေးလိုက်သဖြင့် သူ့လူများက ထိုဓားသမားနှစ်ဦးအား သွားရောက်ဆွဲခေါ်၏။

ဓားသမားနှစ်ဦးကလည်း ချက်ချင်းပင် ပြန်လည်တုံ့ပြန်သည်။

'ရှပ် ရှပ်'

ခါးမှဓားကို ကိုယ်စီဆွဲထုတ်၍ နဂါးနက်ဂိုဏ်းသားများ ခုခံသည်၊ လူစိမ်းဓားသမားနှစ်ဦးနှင့် နဂါးနက်ဂိုဏ်းသားများ ဆိုင်ဝတွင် တိုက်ခိုက်နေကြလေ၏။

'ဝှစ် ဝှစ် ဝှစ်'

အများနှင့်နှစ်ယောက် ဓားပွဲကား ဓားချင်းပွတ်တိုက်သံကြောင့် ဆူညံနေသကဲ့သို့ မီးပွင့်များလည်း ဖွာခနဲ လွင့်ခနဲ ထွက်ပေါ်လာကြသည်။

နဂါးနက်တို့ လူစိမ်းနှစ်ဦးအား ရုတ်တရက် အပါမခေါ်နိုင်ကြသဖြင့် ခါးကုန်းကြီး ဂေါ်ကျင်ခုန်းမှာ ဒေါကန်လျက်ရှိလေသည်။

ဓားသမားနှစ်ဦးမှာသည်း ဓားရေးက အလယ်အလတ်အဆင့်မျိုး ဖြစ်ကြ၏။ ဂေါ်ကျင်ခုန်းသည် စိတ်မရှည်တော့

ဘဲ သူ့လက်ထဲမှ ခြောက်ဖက်အသွား ဓားကြီးကိုဝင့်လျက် တိုက်ပွဲသို့ လျှောတိုက်ရွေ့ရှား၀င်လာသည်။

'ဝှစ်....ဝှစ် ..ဝှစ်'

ဂေါ်ကျင်ခုန်း၏ လှုပ်ရှားမှုမှာ အလွန်လျင်မြန်သွက်လက် လှုပ်ရှားလျက် လူစိမ်းဓားသမား နှစ်ဦးခမျှ ရုတ်တချက် ခုခံနိုင်စွမ်း မရှိ ဖြစ်သွား၏။

ထို့ကြောင့် ဂေါ်ကျင်ခုန်း၏ ဓားအသွား တစ်ဖက်က တစ်ယောက်သော ဓားသမားထံသို့ ရောက်ရှိသွားခဲ့တော့သည်။

ထို့အတူ ကျန်အသွားတစ်ဖက်ကလည်း ၎င်းအခြား တစ်ယောက်ထံ ဆန့်ကျင်ဘက် တစ်ပြိုင်နက် ဝင်ရောက်သွားပြန်သည်။

'အင့်'

'အ အ'

နှစ်ဖက်သော ဓားသွားက လူစိမ်းဓားသမားတို့အား ဒဏ်ရာအသီးသီးရစေလျက် ရန်ပွဲကို သိမ်းလိုက်စေ၏။

နဂါးနက်ဂိုဏ်းချုပ် ခါးကုန်းကြီး ဂေါ်ကျင်ခုန်း၏ တိုက်ကွက်ကား လျင်မြန်သွက်လက်လွန်းလှ၏။

သူ၏ ပိုပန်းသဏ္ဌာန်နှင့် သူ၏လျင်မြန်ဖျတ်လတ်မှုများမှာ ဆန့်ကျင်ဘက်အသွင်ကို ဆောင်ကြ၏။

ထို့ကြောင့် ကြည့်ရှုနေသူ လူအများအဖို့ အံ့ဩစရာ ဖြစ်သည်။ ဓားသမားလူစိမ်းနှစ်ဦးမှာ အားမတန်၍ မာန်ကို လျှော့လိုက်ရရှာ၏။



တစ်ဦးက ဓားကိုင်လက်ဝယ် ဒဏ်ရာရရှိ၍ တစ်ယောက်ကတော့ ရင်ညွန့်၌ စလွယ်သိုင်း ဒဏ်ရာကြီး ဖြစ်သွားသည်။

'တို့မျိုးဂိုဏ်းက တို့မျိုးစကားကို နာခံမှ ကြိုက်တယ်ကွ၊ အဲ...မနာခံဘူးဆိုရင် အဲဒီလူဟာ တို့အတွက် ရန်သူ'

ဂိုဏ်းချုပ် ခါးကုန်းကြီး ဂေါ်ကျင်ခုန်းက ဓားသမားနှစ်ဦးအား ရီဝေသော သေရည်မူးနေသည့် အကြည့်ဖြင့် ရှုကြည့်ရင်း ပြော၏။

ဓားသမားတို့က မကျေမနပ်သော အမူအရာဖြင့် တုံ့ပြန်မော့ကြည့်နေကြသည်။

ထိုစဉ် ဆိုင်ထဲသို့ လူတစ်ဦး ထပ်မံ ဝင်ရောက်လာသည်။

သို့ရာတွင် ထိုလူကို မြင်လိုက်စဉ်ဝယ် ဂေါ်ကျင်ခုန်းမှာ မျက်လုံးနှစ်လုံးထက်မှ မျက်ခုံးမွေး ရှည်ကြီးတို့က မြင့်တက်သွားကြ၏။ မူးယစ်နေသော အနေထားမှာလည်း ချက်ချင်း ပြေပျောက်သွားသည်။

'မြေခွေးရှင် ကျင်စွ'

ကျင်စွ က ဆိုင်ထဲသို့ မဝင်မီ ထုံးစံအတိုင်း လူများအား အကဲခတ် ကြည့်လိုက်မိလေရာ ထူးဆန်းသလို ခံစားလိုက်ရသည်။

အဘယ်ကြောင့်ဆိုသော် ဆိုင်တွင်ရှိ လူအားလုံး၏ မျက်လုံးများမှာ သူ့ထံတွင်သာ စုပြုံရောက်ရှိနေခြင်းအား တွေ့ရှိလိုက်ရသောကြောင့် ဖြစ်၏။

တစ်စုံတစ်ရာတော့ ဆိုင်တွင်း ဖြစ်ပျက်နေပြီကို နားလည်လိုက်၏။

ထူးခြားသောအသံနှင့် သူ့အားစိုက်ကြည့်နေသည့် ခါးကုန်းကြီး ဂေါ်ကျင်ခုန်းကို သူပထမဦးဆုံး သတိထားလိုက်မိသည်။

တကယ်တော့ သူ့ကိုသာဂေါ်ကျင်ခုန်းကသိ၍ ကျင်စွံက ဂေါ်ကျင်ခုန်းအားမသိခဲ့ချေ။

ထို့ကြောင့် သည်ရုပ်ဆိုး အကျည်းတန် ခါးကုန်းကြီးက သူ့အား အဘယ်ကြောင့် သည်မျှ စူးစိုက်ကြည့်နေရတာလဲဟု တွေးမိသည်။

ထိုအခိုက် ခါးကုန်းကြီးမှာလည်း သည်တစ်ခါဝင်ရောက်လာသူမှာ မြေခွေးရှင် ဖြစ်သောကြောင့် ခုနလူစိမ်း နှစ်ဦးနည်းတူ မပြုမူပြန်လျှင် သူ့သိက္ခာ ကျဆင်းတော့မည်ကို တွေး၏။

လူအများကလည်း ခါးကုန်းကြီး မည်သို့ ဆက်ဆံမည်ကို စိတ်ဝင်စားစွာ စောင့်ကြည့်နေကြသည်။

သို့ဖြင့် နဂါးနက်ဂိုဏ်းချုပ် ခါကုန်းကြီး ဂေါ်ကျင်ခုန်းသည် သူ့ဂိုဏ်းသားတို့အား မျက်စပစ်၍ မြေခွေးရှင်ကို ခေါ်ခိုင်းနေပြန်၏။

ဂိုဏ်းသားတို့လည်း မြေခွေးရှင် ကျင်စွံထံ လျှောက်လှမ်းသွားကြရပြန်သည်။ ထိုဂိုဏ်းသားများက ကျင်စွံအား မြေခွေးရှင်မှန်း မသိရှာကြ၊ ဆရာကြီးဖြစ်သူ၏အမိန့်အတိုင်း ချဉ်းကပ်သွားကြ၏။

'ဟိတ်....ကျုပ်တို့ဆရာကြီးဆီ လိုက်ခဲ့စမ်း'



ခေါ်သမားနှစ်ဦးက တစ်ဖက်တစ်ချက်မှ သူ့လက်မောင်းအား ဆတ်ခနဲဆွဲကိုင်ကာပြောလိုက်သော်လည်း တကယ်တမ်း ဆရာကြီး ခါးကုန်းခေါ် ဂေါ်ကျင်ခုန်းထံ ပြန်လည် ရောက်ရှိသွားကြသူက နဂါး ဂိုဏ်းသားများသာလျှင် ဖြစ်လေသည်။

မြေခွေးရှင် ကျင်စွံက သူ၏လက်မောင်းများအား လာရောက် ကိုင်ဆွဲလာသူနှစ်ဦးကို လက်တစ်ဖက်စီဖြင့် ကိုင်ပေါက်ပစ်လိုက်သောကြောင့် ထိုသူနှစ်ဦးခမျာ သူတို့ဆရာကြီးရှေ့သို့ ခွေးကျ ဝက်ကျ ပုံပျက်ပန်းပျက် ကျရောက်သွားခဲ့ကြလေသည်။

ခါးကုန်းကြီး ဂေါ်ကျင်ခုန်းက သူ့လူနှစ်ဦးအား ထပ်မံတန်ကျော်လိုက်ပြီး ခြောက်ဖက်သွား ဓားကြီးကို ထုတ်လျက် ကျင်စွံ ရှိရာဆီသို့ တစ်လှမ်းချင်း လှမ်းလျှောက်သွားသည်။

'ခင်ဗျား ဘယ်သူလဲ'

'နဂါးနက် ဂိုဏ်းချုပ် ခါးကုန်းကြီးဂေါ်ကျင်ခုန်းဆိုတာ ငါကွ'

'ကျုပ် ဘယ်သူဆိုတာကော သိသား'

'သိတယ်၊ မြေခွေးရှင်ပဲ'

'အိုးဟို....ကျုပ်ကို မြေခွေးရှင်မှန်း သိလျက်နဲ့ ရန်စတယ်ဆိုတော့ တမင်ယှဉ်ချင်လို့ပေါ့ ဟုတ်လား'

'ဟုတ်တယ်ကွ၊ မြေခွေးရှင်ကို အသေသား မြင်ချင်လို့ပေ့'

'ဟာ ဟာ ဟာ မြွေဓားရှင်ကို အသေသား မြင်ရမှာတော့ မဟုတ်ဘူး ခါးကုန်းကြီးသာ ခါးတော့ကြီး ဖြစ်သွားတာ မြင်ရစေမယ်ဗျာ၊ ဟဲ....ဟဲ'

မြွေဓားရှင် ကျင်စွံ ပြက်ရယ်ပြုလိုက်မှုကြောင့် ခါးကုန်းကြီး ဂေါ်ကျင်ခုန်းမှာ မခံမရပ်နိုင်အောင် ဖြစ်သွားပြီး သူ၏ ခြောက်ဖက်သွား ဓားကြီးနှင့် စတင်တိုက်ခိုက်လေတော့သည်။

ခါးကုန်းကြီးက ဒေါသများဖြင့် ရှူးရှူးရှဲရှဲနှင့် ပြင်းထန်စွာ တိုက်ခိုက်နေသော်လည်း မြွေဓားရှင်ကမူ အပြုံးမပျက် ခုခံကာကွယ်ရင်း ဂေါ်ကျင်ခုန်းအား နောက်ပြောင်နေသေးသည်။

အစောတုန်းကပွဲ၌ လျင်မြန်သွက်လက်လှပါသည်ဆိုသော ဂေါ်ကျင်ခုန်းမှာ ကျင်စွံနှင့် တွေ့သောအခါဝယ် ဓားချက်တိုင်း နှောင့်နှေးလျက် တစ်ဖက်လူအား မည်သို့မျှအန္တရာယ် မပေးနိုင်အောင် ဖြစ်နေလေသည်။

'ဟဲ ဟဲ ခါးကြီးက ကုန်းနေတာကိုး၊ နည်းနည်းပါးပါး ဆန့်ပြီး တိုက်ခိုက်ပါလားဗျာ၊ ခပ်မြန်မြန် သွက်သွက်တိုက်ကြ ရရင် ပိုပြီး ပျော်စရာကောင်းမှာဗျ၊ ခုတော့ ဓားပွဲက လိပ်နဲ့တစ်ကောင်နဲ့ ယှဉ်ပြိုင်နေရသလိုပဲ ပျင်းစရာကြီး ဟီး ဟီး'

ပွဲကြည့်ပရိသတ်အချို့က ကျင်စွံ၏ စကားကြောင့် ခွီးခနဲ ရယ်မောသံတစ်ချက် ထွက်ပေါ်လာခဲ့သည်။



သို့ရာတွင် နဂါးနက်ဂိုဏ်းသားများက ထိုအသံထွက်ရာ ဘက်ဆီသို့ လှည့်ကြည့်ရှုလိုက်သဖြင့် ထိုနေရာမှ ပြန်လည် တိတ်ဆိတ်သွားပြန်၏။

ခါးကုန်းကြီးသည် ပို၍ ဒေါသဖြစ်လာပြီး ပြင်းထန်စွာ သဲသဲမဲမဲတိုက်ပြန်သည်၊ ကျင်စွံကမူ ခပ်အေးအေးပင်၊ သို့သော် လျင်မြန်မှုကတော့ ခါးကုန်းကြီး ဂေါ်ကျင်ခုန်းထက် တစ်လှမ်းသာနေမြဲ။

ဂေါ်ကျင်ခုန်းသည် နဂါးနက်ဓားကွက်များ သုတ်သုံးကာ တိုက်နေခဲ့လေသည်။ ထိုဓားကွက်များမှာ တိုက်ပွဲတွင် အလွန်မှ သေရေးရှင်ရေးဖြစ်လာမှ ထုတ်တိုက်ရသော ဓားကွက်များ ဖြစ်သည်။

လူသိမခံသော ဓားကွက်များပင်ဖြစ်ရာ ယင်းဓားကွက် ထုတ်ပြီဆိုလျှင် တစ်ဖက်ရန်သူမှာ အန္တရာယ်ပြင်းစွာ ကျရောက်တော့မည်ကို သိရှိနိုင်၏။

ယခုလည်း ခါးကုန်းကြီးက နဂါးနက်ဓားကွက်ကို ထုတ်သုံးနေပြီဆိုတော့ ကျင်စွံမှာ ကြာရှည်မခံနိုင်တော့ဟု နဂါးနက် ဂိုဏ်းသားများက ပရိသတ်ကြားဝယ် ကြွားဝါနေသည်။

မြွေဓားရှင်မကလို မြွေပါဓားရှင်ဖြစ်ဖြစ် ပွဲသိမ်းခါနီးပါပြီ၊ ကြည့်နေ ဂိုဏ်းချုပ်က နဂါးနက် ဓားကွက်တွေ ထုတ်နေပြီ၊ ခြောက်ဖက်သွားမှာ သွေးများစွန်းထင်ကုန်တော့မှာ မြင်ယောင်သေးတယ်ဗျို

တကယ်က ပွဲက ပြောင်းပြန်ဖြစ်နေ၏။ မြင်ကွင်းက ထစ်ဖက် စောင်းနင်းကြီး။

ခါးကုန်းကြီး၏ နဂါးနက် ခွေးကွက်တစ်ကွက်ဖြစ်သည့် နဂါးခြေဆောင့် ခွေးကွေးကောက်အား ကျင်စွံက အလွယ်တကူ ထိမ်းရှောင်လိုက်နိုင်သဖြင့် ခါးကုန်းကြီးမှာ အံ့အားသင့်သွားရ၏။

သည်ခွေးကွက်အား မည်သူမှ မရှောင်တိမ် နိုင်ခဲ့သေးချေ။ သူနှင့် ရင်ဆိုင် တိုက်ခဲ့သူ ရန်သူမှန်သမျှ သည်ခွေးကွက်အရောက်ဝယ် အရှုံးပေးရသည်ချည်း။

ခုတော့ နဂါးခြေဆောင့် ခွေးကွေးကောက်လည်း မတတ်နိုင်တော့။ မည်သို့ ခွေးက ကွေးကောက်ပါမည်နည်း။

ကျင်စွံက ခါးကုန်းကြီး၏ ခြောက်ဖက်သွားခွေးကြီး၏ လျင်မြန်မှု အရှိန်နှုန်းထက် သူ၏ လျင်မြန်မှုက ဆယ်ဆပြန်သာနေသောကြောင့် ဖြစ်သည်။

သို့ဖြင့် ကျင်စွံ၏ မြေခွေးက အရှိန်ဖြင့် ကျုံဝင်လာသည့် ခါးကုန်းကြီး၏ ကျောမှဖုကို ခွေးသွားနှင့် မပိုင်းဘဲ ခွေးနောက်နှင့် လှမ်းဆောင့်ထည့်လိုက်ရာ....

'အ အ အမယ်လေးဗျာ'

ဂေါ်ကျင်ခုန်းခမျာ ကျောကိုကော့သွားပြီး အသံထွက်အောင် အော်ဟစ်လိုက်မိလေသည်။

ခြောက်ဖက်သွားခွေးမှာလည်း လက်မှလန့်ပြီးလွတ်သွားရာ မြေခွေးရှင်က ခြေဖဝါးနှင့် အသာနင်းထားလိုက်လေသည်။



နဂါးနက် ဂိုဏ်းသားဘို့မှာ သူ့ဘို၏ ဂိုဏ်းချုပ်ကြီး ရှုံးနိမ့်သွားသည်နှင့် ကျင်စွံအား ဟာရကြမ်းဝင်ရော တိုက်ကြလေရာ ပထမခွေးကွက်တစ်ကွက်နှင့်ပင် အတုံးအရုံး ထိမှန်လဲကျကုန်သည်။

ကျင်စွံက ရွှေပိတုန်း ခွေးကွက်နှင့် နှက်လိုက်ခြင်း ဖြစ်သည်။

ပိတုန်းကောင် တုပ်သကဲ့သို့ ခွေးချက်တစ်ချက်တည်းနှင့် ရန်သူသုံးလေးယောက်အား တစ်ပြိုင်နက်ထိမှန် ဒဏ်ရာရအောင် တိုက်ခိုက်ရသော ခွေးကွက်မျိုး ဖြစ်သည်။

ထိမှန်ခံရသောသူတို့မှာ ခွေးသောကဆိုင် ကြမ်းပြင်ပေါ်ဝယ် လူးလှိမ့်ဟန့်ခေါက် ညည်းညူနေကြရှာ၏။

တစ်ကိုယ်လုံးလည်း အပြာရောင်လွှမ်းလာသဖြင့် အဆိပ်ဝေဒနာကို ခံစားနေရပြီဖြစ်ကြောင်း ခါးကုန်းကြီး သိလိုက်သည်။

ထို့ကြောင့် ဂေါ်ကျင်ခုန်းက သူ့ဂိုဏ်းသားများအား တားဆီးလိုက်လေ၏။

'ဟေ့... ရပ်လိုက်ကြစမ်း၊ အားလုံး မသာပေါ်နေလိမ့်မယ်'

ဂိုဏ်းသားများမှာလည်း နှစ်ခါမပြောရချေ။ သူတို့ ကိုယ်တိုင် ကြောက်ရွံ့ထိတ်လန့်စွာ တိုက်နေကြခြင်းပဲ ဖြစ်သည်။

ဂိုဏ်းချုပ်ကြီး အပြစ်ပေးမှုကို မခံလိုသဖြင့် မရနိုင်မှန်းသိလျက်နှင့် တိုက်နေကြခြင်းဖြစ်သည်။

ခုတော့ ဂိုဏ်းချုပ်ကြီးကိုယ်တိုင်က တားဆီး အမိန့်ပေးနေသဖြင့် ချက်ချင်း ချပ်တန့်လိုက်ကြကုန်၏။

ပွဲက သိမ်းသွားပြီ ဖြစ်သည်။

ဂေါ်ကျင်ခုန်းသည် သူ၏ ခါးကုန်းကြီးအား လက် တစ်ဖက်နှင့်နှိပ်ကာ သူ့လူများကိုခေါ်လျက် ကသုတ်ကရက်နှင့် စားသောက်ဆိုင်မှ ထွက်ခွာသွားတော့သည်။

မြွေခေါင်းချက်နှင့် အသက်ဆုံး ကျန်ရစ်ခဲ့သော ဂိုဏ်းသားများကိုပင် မယူဆောင်သွားနိုင်ကြတော့။

နဂါးနက်ဂိုဏ်းသားတို့ ဆိုင်ထဲမှ ထွက်ခွာသွားသည်နှင့် တစ်ပြိုင်နက် တစ်ဆိုင်လုံး လူများမှာ မြွေခေါင်းကျင်စွီထံ စုပြုံရောက်ရှိလာကြကာ ချီးကျူးအားပေးကြ၏။

စားသမား လူစိမ်းနှစ်ဦးကလည်း ကျင်စွီအား ကျေနပ်အားရသော အမူအရာများဖြင့် ကျေးဇူးတင်စကား ဆိုကြသည်။

'ဆရာမြွေခေါင်းရှင်ရဲ့ ခေါင်းစွမ်းကိုတော့ ကျွန်တော်တို့ ပထမဦးဆုံး မြင်ဖူးခြင်းပါပဲခင်ဗျာ၊ တာဝပဲဖြစ်ဖြစ် ဒဏ်ရာရနေတာတောင် မေ့နေကြတယ် ဆရာလေး'

'ဟုတ်ပါတယ်ခင်ဗျာ၊ ကျွန်တော်တို့အဖို့ ခါးကုန်းကြီးရဲ့ စော်ကား အနိုင်ကျင့်မှုကိုတောင် ကျေးဇူးတင်ရမလို ဖြစ်နေပါပြီ'

ကျင်စွီကတော့ ပြုံးရုံသာပြုံးလျက် အသိအမှတ်ပြုထားလိုက်ရသည်။အချို့က လာရောက်မိတ်ဆက်ကြသလို အချို့ကလည်း လာရောက်တပည့်ခံယူကြ၏။



ဆိုင်ရှင် ပေါက်ဖော်ကြီးပင် ကျင်စွီအား ချီးမွမ်းထြတာပေးပြီး ကျေးဇူးတင်စကားဆိုရှာ၏။

'အားကြီး ကျေးဇူးတင်ပါတယ် ဆရာလေး၊ သူတို့လူစုဒီက ထွက်သွားကြတာ ကျွန်တော်တို့အဖို့ အင်မတန်ကို စိတ်ချမ်းသာသွားမိတယ်၊ ဆရာလေးကို ဂုဏ်ပြုချီးကျူးပါရစေခင်ဗျာ၊ကြိုက်တာ မှာယူနိုင်တယ်နော်'

သို့ဖြင့် ကျင်စွီမှာ မိတ်ဆွေသင်္ဂဟလည်း ပေါများလာသည့်ပြင် လူချစ်လူခင်လည်း များပြားလာခဲ့တော့သည်။

ထိုအချိန်၌ ခါးကုန်းကြီး ဂေါ်ကျင်ခုန်းမှာ မြွေခေါင်းရှင်အား လူရှေ့သူရှေ့ဝယ် ရှုံးနိမ့်၍ အရှက်ရခဲ့သောကြောင့် မကျေမချမ်းဖြစ်ကာ တပည့်ဂိုဏ်းသားများအပေါ်၌ မာန်မဲရမ်းကားနေလေသည်။

ထို့နောက် မြွေခေါင်းရှင်အား ကလဲ့စားချေနိုင်ရန် အနက်ရောင် သိုင်းဂိုဏ်းတစ်ဂိုဏ်းဖြစ်သည့် ကျောက်ပင့်ကူဂိုဏ်းနှင့် အဆက်အသွယ်ပြု ပူးပေါင်းရန် ဆုံးဖြတ်လိုက်တော့သည်။

အဖြူရောင် သိုင်းဂိုဏ်းဖြစ်သည့် နဂါးနက်ဂိုဏ်းမှာ မြွေခေါင်းရှင်အား နာကြည်း၍ မုန်းလျက်ရှိရာ ပျက်စီးရာပျက်စီးကြောင်း စတင် ကြံစည်နေခဲ့၏။

ကျောက်ပင့်ကူ ဂိုဏ်းချုပ် ခေါင်းနီကြီး ကျန်းချင်နှင့် ခေါင်းချင်းဆိုင်လျက် စည်းလုံးနေတော့သည်။

အဖြူနှင့် အနက် ပူးပေါင်း စည်းလုံးနေသောကြောင့် မကြာမီ မည်းညစ်သော အဖြူရောင်တစ်မျိုး ပေါ်ထွက်လာမည်မှာ သေချာနေခဲ့တော့၏။

## ရေလေမီးသေ သိုင်းကြေမဟာကျမ်း

ကျောက်ပင့်ကူဂိုဏ်း တည်ရှိရာ ကျောက်တစ်လုံးဒေသသို့ ဓါးကုန်းကြီး ဂေါကျင်ခုန်း ရောက်ရှိလာ၏။

သူ့အား ကျောက်ပင့်ကူ ဂိုဏ်းချုပ်ကြီး ခေါင်းနီကြီး ကျန်းချင်က ဆီးကြိုနေခဲ့သည်။

သူတို့နှစ်ဦးမှာ လျှို့ဝှက် တွေ့ဆုံရန် ချိန်းဆိုထားခဲ့ခြင်းဖြစ်သည်။ အဖြူရောင် သိုင်းဂိုဏ်း တစ်ဂိုဏ်းအဖို့ အနက်ရောင် သိုင်းဂိုဏ်းတစ်ဂိုဏ်းနှင့် မဆက်သွယ်ရချေ။

ထိုသို့ ဆက်သွယ်ကြောင်း ကြားသိလျှင် အဖြူရောင်သိုင်းလောကမှ ထိုသိုင်းဂိုဏ်းအား အသိအမှတ် မပြုတော့ဘဲ အနက်ရောင် သိုင်းဂိုဏ်းတစ်ဂိုဏ်း အဖြစ်သာ ဝိုင်းပယ်လိမ့်မည်ဖြစ်သည်။

တို့ကြောင့် ခါးကုန်းကြီး ဂေါ်ကျင်ခုန်းက သူတို့ချင်း ဆက်သွယ်သည်အား တစ်စုံတစ်ယောက် သိရှိ ပေါက်ကြား မည်ကို စိုးရိမ် ပူပန်၏။ သို့ဖြင့် သူ၏ နဂါးနက် ဂိုဏ်းသား များကိုပင် အသိမပေးဘဲ လျှို့ဝှက်စွာ ရောက်ရှိလာတော့ သည်။

တစ်ခေါင်းလုံး နီကြင်သော ဆံပင်များနှင့် အရွယ်အား ဖြင့် ခြောက်ဆယ်နီးပါးရှိသည့် ခေါင်းနီကြီးမှာ ထန်းပင် ကဲ့သို့သော အရပ်အမောင်း ကိုင်းကိုင်းကြီးအား ညွတ်ကာ ခါးကုန်းကြီးအား ဖက်လဲတကင်း ဆီးကြို၍ နှုတ်ဆက်လိုက် သည်။

'တွေ့ရတာ ဝမ်းသာပါတယ်....ဂေါ်ကျင်ခုန်း၊ ကျုပ် အဖို့ ခုလို နဂါးနက် ဂိုဏ်းချုပ်ကြီး ကိုယ်တိုင် လာရောက် လည်ပတ်တာကို ဝမ်းသာ ဂုဏ်ယူပါတယ်ဗျာ'

ခါးကုန်းကြီးကလည်း ခေါင်းနီကြီးအား ဖက်ယမ်း နှုတ်ဆက်၏။ သို့သော် သူ့အရပ်က ခမြဝယ် ပြားဝပ်နေ သည်နှင့် ခေါင်းနီကြီး၏ ခါးကိုသာလျှင် ဖက်မိလေတော့ သည်။

ထို့ကြောင့် ခေါင်းနီကြီးအား ဦးညွတ်သကဲ့သို့ ဖြစ် သွားသည်နှင့် ကမန်းကတန်း နောက်သို့ ပြန်ဆုတ်လိုက်ရ သည်။

သူ့နှယ် အဖြူရောင် သိုင်းဂိုဏ်းချုပ် တစ်ဦးက အနက် ရောင် သိုင်းဂိုဏ်းတစ်ဂိုဏ်းမှ ဂိုဏ်းချုပ်ကို ဦးညွတ်သည့် အနေအထား ဖြစ်သွားမှာကိုလည်း သူက မလိုလားပေ။



'ဘယ်လိုဖြစ်သွားတာလဲ ဂေါ်ကျင်ခုန်းရဲ့'

ခေါင်းနီကြီးကလည်း အံ့အား သင့်လျက် မေးမြန်းလိုက် သည်။

'ဟဲ....ဟဲ ကျုပ်ခါးက ဟို...မြွေခားရှင် သေချင်းဆိုးနဲ့ တိုက်တုန်းက ဒဏ်ရာရထားတယ်လေဗျာ၊ ဒါကြောင့်...ဒါ ကြောင့်'

'အို ...ကျွတ်....ကျွတ်....ကျွတ် အင်း....ဒီသတ္တဝါဟာ ကျုပ် တို့ကို အင်မတန် အနှောင့်အယှက် ပေးနေတဲ့ကောင်ပဲ၊ ကျုပ် ရဲ့လက်ထောက် မုတ်ဆိတ်ကြီး လုဖုန်းလဲ သူ့လက်ချက်နဲ့ သေ ဆုံးသွားရတယ်၊ အင်းလေ....လုဖုန်းတင် မဟုတ်ပါဘူး၊ ကျုပ် လူတွေ တော်တော်များများ ဆုံးရှုံးလိုက်ရတယ်....တောက်'

'အဲဒါပြောတာပေါ့....ကျန်းချင်ရဲ့၊ သိုင်းလောကမှာ ဒီ ကောင်က ခြွေကြားပင် ဖြစ်လာတယ်၊ ကျုပ်မကြည့်ချင်ဘူး၊ လူတွေက သူ့ဆို မိုးကျရွှေကိုယ်အလား အောက်မေ့ရတယ်၊ ကျုပ်.... သိပ်မုန်းတယ်'

ကျုပ်လဲ ခင်ဗျားလိုပဲ ခံစားရပါတယ်....ဂေါ်ကျင်ခုန်း၊ ကျုပ်က အရွယ်လဲ ထောက်လာလို့ပေါ့ဗျာ၊ ကျုပ်စိတ်ထဲမှာ အတော့်ကို မခံချင် ဖြစ်နေခဲ့တာ။

'သူ့ကို တစ်ဂိုဏ်းလုံး အင်အားနဲ့ သွားတိုက်ဖို့တောင် ရည်ရွယ်ခဲ့တယ်ဗျာ၊ ကျုပ်လက်ထောက်တွေက အတင်း ကန့် ကွက်ကြတာနဲ့ မတိုက်ဖြစ်တာ၊ သူ့မှာက အဖြူရောင်သိုင်း သမား အတော်များများက သူ့ဘက်မှာ ရှိနေကြတယ်'

'မှန်ပါတယ်၊ သူ့နောက်မှာ သူ့ကို အထင်ကြီးတဲ့ သိုင်းသမားအချို့ ရှိနေကြတယ်၊ ကျုပ်တို့ သိုင်းလောကမှ လူကြီးတွေ ကိုယ်တိုင် ပါနေတာ အများကြီးပဲ၊ ဒါကြောင့် ကျုပ်လူကဲခတ်နေတာပေါ့ဗျာ'

'အေးလေ ဘာပဲဖြစ်ဖြစ် ဝေါကျင်ခွန်းလို သိုင်းဂိုဏ်းချုပ်တစ်ဦးနဲ့ ပူးပေါင်းမိမှတော့ ကျုပ်လဲ တစ်အားတက်လာတာ အမှန်ပဲ'

'ကျုပ်ကတော့ သန္နိဋ္ဌာန်ချထားပြီးသားပဲ၊ ကျုပ်အသက်မသေသေးသရွေ့တော့ ဒီကောင့်ကို ကလဲ့စားချေဖို့ စိတ်ထဲမှာ ထားရှိနေတယ်ဗျ'

'ဟား ဟား ဟား ကျုပ်ရင်ထဲမလဲ အဲဒီလို ခံယူချက်ထားပြီးသား ... ဝေါကျင်ခွန်းရဲ့၊ တကယ်ဗျာ ... တကယ်၊ ဟား ဟား'

'ကောင်း... ခင်ဗျားနဲ့ကျုပ်ကတော့ ဒီမြွေခေါင်းရှင် မပျက်စီးသရွေ့ မသေကြသေးဘူးဗျ... နော်'

'အို... စိန်လိုက်လေ၊ ဆံဖြူသွားကျိုးလို့ အဘိုးအိုဖြစ်တဲ့ထိ မပြယ်တမ်း မပျက်တမ်းဗျို့'

သို့ဖြင့် ဆန့်ကျင်ဘက် သိုင်းဂိုဏ်းချုပ်နှစ်ဦးမှာ အလွန်မှပင် ရင်းနှီးကျွမ်းဝင်သူများကဲ့သို့ ပူးပေါင်း မိသွားကြတော့သည်။



အဖြူရောင် သိုင်းလောက၌ သိုင်းဦးသျှောင် ဆရာကြီးတစ်ယောက် ရှိ၏။ ထိုဆရာကြီးမှာ သူမတူအောင် သိုင်းကျမ်းတွေကို ကျော်ခဲ့သူ ဖြစ်သည်။

သိုင်းဂိုဏ်းချုပ် နာယက၊ သိုင်းသမားများ၏ ဥက္ကဋ္ဌ စသည်ဖြင့် ဘွဲ့ထူး ဂုဏ်ထူးနှင့် ကြီးမြတ်သော နေရာများဝယ် နေရာပေးခြင်း ခံရ၏။

သူကလည်း နေရာတိုင်း ဝင်မပါ။ သိုင်းလောကဝယ် မဖြေနိုင် မရှင်းနိုင်ဖြစ်သည့် အခါများ၌သာ ယင်း ပြဿနာကို သူကိုယ်တိုင် ဝင်လာပြီး ဖြေရှင်းပေးလေသည်။

ထို့ကြောင့် သိုင်းလောကနှင့် ဝေးရာ မိုးထိတောင်ထွတ်ပေါ်၌ တစ်ဦးတည်း နေထိုင်လျက် ရှိ၏။

ယင်းတောင်ပေါ်ဝယ် သူ၏ ဘဝတစ်လျှောက် လေ့လာဆည်းပူးခဲ့သည့် သိုင်းပညာရပ်များကို အသေးစိတ် ကျမ်းကြီး တစ်စောင် ပြုစု ရေးသားနေခဲ့သည်။

ထိုအကြောင်းကိုလည်း မည်သူမှ အသိမခံဘဲ ညဥ့်နက်သန်းခေါင်ကျမှ ရေးသားတတ်၏။

ထိုသို့ ရေးသားနိုင်အောင်လည်း မိုးထိတောင်ထွတ်ပေါ်ဝယ် တစ်ဦးတည်း တက်ရောက်နေထိုင်ခဲ့ခြင်းဖြစ်သည်။

တပည့်မိတ်ဆွေများက သူ့အား အဖော်တစ်ယောက် ခေါ်ဆောင်သွားရန် တိုက်တွန်း ပြောကြားကြသော်လည်း ထိုဆရာကြီးက ငြင်းပယ်ပစ်ခဲ့၏။

'မလိုပါဘူးကွယ်၊ ငါ့အသက်အရွယ် အိုမင်းကြီးရင့်လာလို့ မင်းတို့က အထင်သေးပြီး ပြောကြတာလားဟေ့'

'လူပျိုပေါက် ဆယ့်ခြောက်နှစ်သားနဲ့ အချိန်မရွေး အပင်ပန်းခံနိုင်မှုချင်း ပြိုင်လို့ရသေးတယ်ကွယ့်။

'ငါ့ဘာသာတစ်ယောက်တည်း နေပါရစေ၊ အပေါက် အပေါက်များတာ မခံနိုင်ဘူးဟေ့၊ တစ်ယောက် ခေါ်ထားရင် တစ်ပေါက်တိုးတာပဲမဟုတ်လား'

သို့နှင့် သိုင်းဆရာကြီးများက သူ့အားမည်သို့မှဆက်လက်မတိုက်တွန်းဝံ့တော့ဘဲ ဇရေးအကြောင်းရှိမှသာ မိုးထိတောင်ထွတ်ပေါ်သို့ တက်ရောက်ကာ ဆရာကြီးအား တင်ပြတတ်ကြတော့သည်။

ထိုဆရာကြီးကလည်း သိုင်းလောကအတွက် အလွန်အရေးသော ကိစ္စများရှိမှ တောင်အောက်သို့ဆင်းကာ ဖြေရှင်းလေ့ရှိသည်။

လူပုဂ္ဂိုလ်များ၏ အရေးအကြောင်းများဆိုက ဆင်းလေ့မရှိဘဲ နှုတ်ဖြင့်သာ ဆုံးမလွှတ်၊ ညွှန်ပြပေးလိုက်သည်ချည်း ဖြစ်၏။

ကံကောင်းချင်တော့ ထိုသိုင်းဦးသျှောင်ဆရာကြီး၏ သိုင်းပညာစွမ်းမှာ မယုံကြည်နိုင်လောက်အောင် ထက်မြက်လှသည်ဖြစ်ရာ သိုင်းလောကတစ်ခွင်လုံး ယှဉ်ပြိုင်နိုင်သူ တုနိုင်သူမရှိ ဖြစ်ခဲ့သည်။ သူကလည်း ထိုပညာရပ်အား မည်သည့်တပည့်တစ်ဦးတစ်ယောက်ကိုမျှ အမွေပေးသင်ကြားခဲ့ခြင်း မရှိပြန်ပေ။

မည်မျှ သိုင်းစွမ်းထက်သနည်းဆိုသော် စီးနေသောရေကို လက်ဝါးဖြင့် ရိုက်ချလိုက်သောအခါ ရေစီးပင် တန့်သွားတတ်၏။



ထို့ အလူ တဟူးဟူးတိုက်နေသည့်လေပြင်းအား လက်ဝါးပြင်နှင့် ကာဆီး တွန်းထားနိုင်လောက်အောင် စွမ်းအားရှိသည့်အပြင် ထိုလေပြင်းတို့၏ တစ်ဖက်သို့ ရွေ့ပြောင်းသွားအောင် တွန်းပို့ပေးနိုင်၏။ မီးကိုလည်း ထိုနည်းနှင်နှင် အနိုင်ရထား၏။

မီးညွန့်မီးတောက်နှင့် မည်မျှ ပြင်းပြင်း လောင်ကျွမ်းတောက်လောင်နေပါစေ၊ သူ့လက်ဝါးပြင်နှင့် ရိုက်ချလိုက်လျှင် လောင်မြိုက်နေသော ထိုမီးမှာ မီးညွန့် ကျိုးလျက် ငြိမ်းသေသွားရလေသည်။

သိုင်းကျမ်းသိုင်းစာများကိုလည်း ကျေညက်နေသူဖြစ်ရာ မည်သည့်သိုင်းကျမ်းမှ တတ်မြောက် ကျွမ်းဝင်လာသူဖြစ်စေ သူက သိပြီးသား တတ်ပြီးသားသာလျှင် ဖြစ်နေတတ်၏။

ထို့ကြောင့် ယှဉ်နိုင်သူ တုနိုင်သူမရှိဘဲ တစ်ဦးတည်း ဦးသျှောင်အဖြစ် ရပ်တည်နေခဲ့လေသည်။

ကြာတော့လည်း ကြာခဲ့ပြီဖြစ်သည်။

သူ၏အသက်အားဖြင့် ရာနားသို့ ချဉ်းကပ်လာပြီလေ။ သိုင်းလောကမှခေါ်ဝေါ်သော 'ဆရာကြီးသိုင်းဦးသျှောင် ဝူစေပေါင်'မှ ဘိုးဘိုးသိုင်းဦးသျှောင်ဟု ခေါ်ဆိုလာကြပြီဖြစ်၏။

ဘိုးဘိုးသိုင်းဦးသျှောင် ရေးသားပြုစုခဲ့သည့် ရေ လေ မီး သော သိုင်းကြေ မဟာကျမ်းကြီးမှာလည်း အပြီးသတ် နိဂုံးပိတ်နိုင်ခဲ့ပြီဖြစ်တော့သည်။

မိုးထိတောင်ထွတ်ပေါ်သို့ လူနှစ်ဦး ရောက်ရှိလာကြ၏။ နှစ်ဦးအနက် တစ်ဦးမှာ ထန်းပင်ကဲ့သို့ အရပ်ရှည်ကိုင်းကိုင်းနှင့် ကျောက်မင့်ကူ ဂိုဏ်းချုပ် ခေါင်းနီကြီး ကျန်းချင်ဖြစ်၍ ကျန်တစ်ဦးမှာကား အရပ်ပုပု ခါးကုန်းကုန်းနှင့် နဂါးနက် ဂိုဏ်းချုပ် ခါးကုန်းကြီး ဂေါ်ကျင်ခုန်းတို့ဖြစ်ကြ၏။

သူတို့နှစ်ဦးမှာ အသက်အရွယ်များ ကြီးရင့်နေကြသော်လည်း မိုးထိတောင်ထွတ်ပေါ်ရောက်အောင် တက်ရောက်လာနိုင်ကြသည်မှာ အကြောင်းရာတစ်ရပ်ရှိ၏။

ထိုအကြောင်းအရာကိုလည်း နှစ်ပေါင်းများစွာ စောင့်ဆိုင်းခဲ့ကြသူများဖြစ်ရာ မရောက်မနေဟူသော စိတ်ဓာတ်ဖြင့် များဖြင့် တက်ရောက်ခဲ့ကြ၍လည်း တောင်ထွတ်ပေါ်သို့ခုနှယ် ရောက်ရှိခဲ့ကြခြင်းသာဖြစ်သည်။

'အင်း...ကျုပ်တို့နှစ်ပေါင်းများစွာ မျှော်လင့်ခဲ့တဲ့ မိုးထိတောင်ထွတ်ပေါ် နောက်ဆုံးတော့ ရောက်ရတာပဲ မဟုတ်လား'

ချွေးများကို သုတ်လျက် ပြောကြားလိုက်သောခါးကုန်းကြီး၏ စကားအား ကျေနပ်အားရသောအသွင်နှင့် ခေါင်းနီကြီး ကျန်းချင်ကလည်း ပြန်လည်တုံ့ပြန်လာ၏။

'ခါးပေါ့ဗျာ...ခုလောက် နှစ်တွေ ကြာမြင့်လာတော့လဲ လူတွေအားလုံး မေ့လောက်ကြပြီပဲ၊ ကျုပ်တို့အတွက် ပိုလို့ အခွင့်အလမ်းသာတာပေါ့၊ ယိုမြွေဓားရှင်ကျင်စွန်ကြီးတောင် ကျုပ်တို့တွေကို မေ့လောက်နေပြီဗျ'



မိုးထိတောင်ထွတ်ပေါ်မှ လေတိုက် တဟူးဟူးနှင့် တိုက်ခတ်နေလေသည်။

အရာအားလုံးကား အောက်ဘက်၌ ပျားပျားဝပ်ထိကပ် ပုပျပ်နေကြလေသည်။

ကမ္ဘာ့အမြင့်ဆုံးနေရာဒေသတစ်နေရာ၌ လူတို့ရောက်ရှိနေကြပြီဖြစ်၏။

လနှင့်ချီ၍ တက်ရောက်ခဲ့ကြသော ပင်ပန်းမှုဒုက္ခရောက်မှု၊ တော်ပြတ်မှုတို့ကား တောင်ပေါ်လေနှင့်အတူ လွင့်ပါး ကွယ်ပျောက်သွားကြရပြီဖြစ်သည်။

သူတို့နှစ်ဦးစလုံး စိတ်လက် ပေါ့ပါး လန်းဆန်းနေကြသည်။

အရွယ်နှင့် မလိုက်အောင် တက်ကြွ လန်းဆန်းနေခဲ့ကြသည်။

ဒိပင်

'တဲ...အစီအစဉ်အတိုင်း အဘိုးကို တွေ့ကြဖို့ပဲ ရှိတော့တယ်'

ခါးကုန်းကြီး ဂေါ်ကျင်ခုန်းက သူ၏ ခြောက်ဖက်သွားဓားကြီးကို ခါးပယ် အကျအနပြန်ချိတ်၍ မတ်မတ်ရပ်လိုက်သည်။

'အို...ကျွတ်ကျွတ်'

သူ့ကျောက နောက်ချင်သွားသဖြင့် ညည်းညူလိုက်မိက....

'ဟဲ...ဟဲ...နှစ်ပေါင်းများစွာက တော်ရာက နောကျ နေတုန်းပဲလားဗျ ဂေါ်ကျင်ခုန်းရဲ'

ဝါးကုန်းကြီးအား ခေါင်းနီကြီးက စိတ်ကိုဆွကာ မေးမြန်းလိုက်သဖြင့် ဂေါ်ကျင်ခုန်းမှာ မဲ့ရွှံ့နေရာက....

'အင်း....အမှတ်ရအောင် တမင်ဆေးမကုဘဲ ထားခဲ့တာလေဗျာ၊ ဒါမှ နာကြည်းမှုက တစိမ့်စိမ့်ရှိမှာ မဟုတ်လား'

'ဟား ဟား ဟား'

ဂေါ်ကျင်ခုန်း၏ အဖြေအား သဘောကျစွာ ကျန်းချင်က အော်ဟစ်ရယ်မောလိုက်သဖြင့်

'ဘာလို့ရယ်တာလဲ ခေါင်းနီကြီးရ'

'ဩော်....ခင်ဗျားနဲ့ကျုပ်က စိတ်တွေ တစ်ထပ်တည်းကျလို့ပါ'

'ဘာကိုလဲ ပြောစမ်းပါဦးလေ'

'ကျုပ်လဲ မြွေဓားရှင်ကို မမေ့နိုင်အောင် ကျုပ်ဘဝသည့် လက်ကောက်ဂိုဏ်းချုပ် မုတ်ဆိတ်ကြီး လူမှန်းရဲ့ ဦးခေါင်းပြတ်ကို ကျုပ်အိပ်တဲ့ခြေရင်းမှာ ထာဝရထားရှိခဲ့တာဗျ၊ ဒါမှ ကျုပ် သူ့ကို အမြဲတမ်း သတိရနေမှာလေ'

'ဟုတ်ပြီ ဟုတ်ပြီ ဒါကြောင့်လဲ ခင်ဗျားရော ကျုပ်ရော လွန်ခဲ့တဲ့နှစ်ပေါင်းများစွာက သဘောတူထားကြတဲ့အတိုင်း မပျက်မကွက် တစ်သမတ်တည်း ရပ်တည်ခဲ့နိုင်တာပဲ၊ ခုတော့ အကောင်အထည်ပေါ်လုပြီပေါ့ဗျာ'

'ဒီလိုဖဲ ဖြစ်ရမယ် ဂေါ်ကျင်ခုန်းရယ်၊ ကဲကဲ....ဘိုးဘိုး သက်ရှည် ဦးသျှောင်ကြီးကို ရှာဖွေကြစို့ဗျို့'



ခေါင်းနီကြီးက ထန်းပင်ကဲ့သို့သော သူ့အရပ်ကိုင်းကိုင်းကြီးဝယ် ချိတ်ဆွဲထားသည့် ပုဆိန်ရှည်ကြီးအား ပြန်လည်၍ အကျအန ပြုပြင်ပြီး လျှောက်လှမ်းလိုက်သည်။

ထို့နောက် ခေါင်းနီကြီးက လေဟူးဟူးအကြား ဗျိုင်းတစ်ကောင်အလား သူ၏ ခြေလှမ်းကျဲကြီးများဖြင့် လျှောက်နေသကဲ့သို့ ဝါးကုန်းကြီးမှာလည်း လိပ်တစ်ကောင်အလား မြန်နှင့်ကပ်ကာ လျှောက်တိုက် လျှောက်နေကြတော့သည်။

အချိန်မှန်းလွဲချိန်ဖြစ်၍ လေကပြင်းထန်စွာ တိုက်နေသည်။ အရှည်ကြီးနှင့်အပုလေးတို့နှစ်ဦးမှာ တောင်ပေါ်တွင် ခက်ခက်ခဲခဲ လျှောက်လှမ်းရင်း အဘိုးအား နေရာအနှံ့ရှာဖွေနေခဲ့ကြသည်။

သို့ရာတွင် တောင်ပေါ်၌ လူနှင့်တူသူဟူ၍ တိရစ္ဆာန်ပင် တစ်ကောင်တစ်မြီးမှ မတွေ့ရဘဲတိတ်ဆိတ်ငြိမ်သက်နေသည်၊ အသံဟူ၍လည်း တဝုန်းဝုန်းနှင့် တိုက်ခတ်နေသည့် လေသံတို့သာလျှင် တောင်ထွတ်ပေါ်ဝယ် ဆူညံနေခဲ့သည်။

ညနေဆည်းဆာချိန် နေဝင်သည်ထိအောင် အဘိုးအား သူတို့မှာ ရှာမတွေ့နိုင်ဘဲ ရှိသည်။

တောင်ထွတ်တစ်လျှောက် နေရာစုံလည်း နှံ့ခဲ့ပြီ ဖြစ်သည်။

အမှောင်ကလည်း ကဲလာပြီဖြစ်၍ ရှာဖွေရန် လက်လျှော့လိုက်ရတော့သည်၊

'ဟူး....အဲဒါမှ ဒုက္ခပဲခေါင်းနီကြီးရာ၊ အဘိုးသေများ သေပြီလား မသိဘူး'

'ဟာ....မချက်နိုင်တာဘဲ ခါးကုန်းရဲ၊ သေလဲအခေါင်းဆောင့် တွေ့ရမှာပေါ့၊ ခုတော့ ခြေစလက်စကိုဖျောက်နေခဲ့တာ တစ်နေနေရာရာမှာ မှချရှိရမယ်ဗျ။

'ဒီလိုမျိုး အတိုးကြီးတွေက လွယ်လွယ်ကူကူ နေရာမျိုးမှာ ယ်နေပါ့မလဲ ခါးကုန်းရယ်'

ကျန်းချင်၏ပြောဆိုချက်ကလက်ခံချင်စရာဖြစ်၍ ဂေါ်ကျင်ခုန်းမှာ အနည်းငယ် မျှော်လင့်မှု ပြန်လည်ထားမိသည်။

'ဘာပဲဖြစ်ဖြစ်လေ မတွေ့တာတော့ အမှန်ပဲ မဟုတ်လား'

'ခုချိန်မတွေ့ပေမယ့် တစ်နေ့နေ့တော့ တွေ့လာမှာပေါ့၊ အရေးကြီးတာက ရှိဖို့ပဲ၊ ကျုပ်တို့ကလဲ ရှာနေဖို့ပဲလေ'

ကျန်းချင်၏ စကားများက ဂေါင်ဖေါ်ရောက်မှ အလွန်ပင် ကောင်းမွန်နေခဲ့သည်။

ဂေါ်ကျင်ခုန်းအား စိတ်ဓာတ်မကျနိုင်အောင် ထိန်းသိမ်းပေး၏။

'ကဲ....ရှာလို့ဖွလို့မရမယ့် အတူတူ တစ်နေရာမှာ အနားယူကြဦးစို့ဗျနော်'

ဂေါ်ကျင်ခုန်းက ပင်ပန်းစွာ ညည်းညူရင်း ပြောလိုက်သဖြင့် ကျန်းချင်ကလည်း တစ်နေရာကိုလက်ညှိုးညွှန်ပြလိုက်၏။

သောင်နံရံ ချိုင့်တစ်ခု ဖြစ်သည်။ လေတိုက်ခြင်းမှ အကာအကွယ် ရနိုင်သည်။

'ကောင်းသားပဲ၊ အဲဒီမှာပဲ နားစို့ဗျာ'

ဂေါ်ကျင်ခုန်းက ထိုနေရာသို့ ဦးတည်လှမ်းလျှောက်လိုက်သည်။



ကျန်းချင်ကလည်း နောက်မှလိုက်ပါလာလေသည်။

ထိုညဉ့် သူတို့နှစ်ဦး ယင်းနေရာ၌ပင် အိပ်စက်လိုက်ကြတော့သည်။

မနက်မိုးလင်းတော့ နှစ်ဦးစလုံး လှုပ်၍မရကြတော့။

မျက်လုံးတစ်စုံသာလျှင် လှုပ်လှုပ်ရှားရှား ကြည့်ရှုနေနိုင်သည်။

ကျန်အင်္ဂါရပ်များမှာမူ လုံး၀ ရွေ့လို့မရပေ။

'အ....အ....အ'

ဂေါ်ကျင်ခုန်းက ကျန်းချင်ကို စိုက်ကြည့်ကာ စကားပြောသည်။

'အီး....အီး....အီး'

ကျန်းချင်ကလည်း ဂေါ်ကျင်ခုန်းအား ပြန်လည်ကြည့်ရှုကာ ခါးကုန်းကိုပြောသည်။

သို့ရာတွင် နှုတ်က မည်သည့်စကားမှ ပေါ်ထွက်မလာဘဲ အအားအားတအီးအီးနှင့်သာ ဖြစ်နေကြသည်။

တကယ် ပြောဆိုနေကြသည်က မျက်လုံးများနှင့်သာဖြစ်သည်။

သူတို့နှစ်ဦးစလုံး အကြောပိတ်ခံနေရပြီကို နားလည်လိုက်ကြသည်။

ဂေါ်ကျင်ခုန်းပြောသည်မှာလည်း ထိုအဓိပ္ပာယ်ပင်။

ကျန်းချင် ပြန်လည် တုံ့ပြန်လိုက်သည်မှာလည်း ထိုသို့ပင်။

'ဟား ဟာ ဟား'

ရယ်သံကြားလိုက်ကြသဖြင့် ထိတ်လန့်ပြီး မော့ကြည့်လိုက်မိကြသည်။

ကျောက်နံရံမှ ရယ်မောသံထွက်နေခြင်းပင် ဖြစ်၏။

'မင်းတို့ ဘယ်သူတွေလဲ'

စကားသံက ထပ်မံ ထွက်ပေါ်လာပြန်သည်။

'အူ အူ အူ'

ခေါင်းနီကြီးက ကြိုးစား၍ အူ အူ အူ နှင့် အသံက ထွက်လာသည်။

'အေ့ အေ့ အေ့'

ခါးကုန်းကြီးကလည်း ဖြေကြည့်၏။

'ဟား ဟား ဟား'

သည်တစ်ခါ အရယ်ရပ်သွားသောအခါ ကျောက်နံရံဘက်ဆီမှ စကားသံအချို့နှင့် မျက်လုံးအစုံဟု တစ်ပြိုင်နက် တွေ့မြင်ကြလိုက်ရ၏။

မျက်လုံးနှစ်လုံးက ကျောက်နံရံထဲမှ လှုပ်ရှားနေခဲ့သည်။

စောစောတုန်းက မျက်လုံးအစုံကို မှတ်ထားဟန် ရှိလေသည်။

'မနေ့ညနေတည်းက ငါဒီနံရံမှာ ရှိနေခဲ့တာကွ'

'အ အ အ'

'အီး အီး အီး'

ခေါင်းနီကြီးနှင့် ခါးကုန်းကြီးမှာ အ အ အီး အီးနှင့်သာ တုံ့ပြန်နေမိကြ၏။



'မင်းတို့နှစ်ဦးစလုံးရဲ့ လှုပ်ရှားပြောဆိုနေတာတွေကို မြင်တွေ့နေရတာပဲ၊ ကဲ....ဆိုစမ်း မင်းတို့နှစ်ယောက် ဘယ်သူတွေလဲ၊ ဘာဖြစ်လို့ ငါ့ကို သဲသဲမဲမဲ ရှာဖွေနေရတာလဲ'

ဘိုးဘိုးဝှစေ့ပေါင် ထွက်လာခဲ့သည်။ သူ၏ အသားအရေတို့က ကျောက်သားနှင့် တစ်ရောင်တည်း တစ်သွေးတည်း ဖြစ်နေခြင်းအား အံ့သြဖွယ် တွေ့ရှိကြရလေသည်။

'အ အ အ'

ခါးကုန်းကြီး ဂေါ်ကျင်ခုန်းက တအအနှင့် လုပ်နေရာ ဘိုးဘိုးက တဟဲဟဲ ရယ်လိုက်ပြီး....

'အေး....ဟုတ်သားပဲ၊ မေးတော့ မေးပြီး ဖြေဆိုဖို့ အကြောဖွင့်ပေးရမှာ မေ့နေတယ်ကွ'

အဘိုးက ခါးကုန်းကြီး၏ နားရွက်နောက်က ကျော၏ နေရာအား လက်မနှင့်နှိပ်လိုက်ရာ ဂေါ်ကျင်ခုန်းမှာ အကြောပွင့်သွားလေတော့သည်။

'ကျွန်တော်က နဂါးနက်ဂိုဏ်းချုပ် ခါးကုန်းကြီး ဂေါ်ကျင်ခုန်းပါ ဆရာကြီး'

'အေး အေး သူကကော'

'အူ အူ အူ'

'ဟား ဟား ဟား အသက်ကြီးလာတော့ မေ့တတ်နေတယ်ကွယ့်'

ခေါင်းနီကြီးက တအူအူနှင့် အသံပြုလိုက်သဖြင့် အဘိုးမှာ သတိရသွားပြီး အကြောဖွင့်ပေးပြန်၏။

သူ့ကိုတော့ မေးစေ့အောက်က အကြောထစ်နေတာကို လက်သီးနှင့်ရိုက်ကော်လိုက်ရာ ခေါင်းနီကြီး လှုပ်ရှားလို့ ပသွားသည်။

ကျွန်တော်က ကျောက်ပင့်ကူဂိုဏ်းချုပ် ခေါင်းနီကြီး ကျန်းချင်ပါ ခင်ဗျာ'

ခေါင်းနီကြီးစကား ကြားရတော့ အဘိုးမှာ မျက်ခုံးရှည်ကြီးများ မြင့်တက်သွားတော့၏။

တွန့်နေသော နဖူးကြောကြီးများကိုလည်း ရှုံ့လိုက်မိသဖြင့် တစ်စုံတစ်ခုအား စဉ်းစားရကျပ်သည့်နှယ် အသွင်အပြင် ပေါ်သွား၏။

'ဟ....ဘယ်လိုဖြစ်တာလဲ မင်းတို့နှစ်ယောက်က ဆန့်ကျင်ဘက် ဂိုဏ်းသာ တွေ့ပဲကွ၊ ဘယ်က ဘယ်လို ပေါင်းဖက်မိလာကြတာလဲ၊ ပြောစမ်းကွာ'

မထင်မှတ်သော အဘိုးထံမှစကားကြောင့် နှစ်ဦးစလုံး ပါးစပ်အဟောင်းသားဖြင့် တစ်ဦးကိုတစ်ဦး ကြည့်မိကြတော့သည်။

'အဘိုးက ကျွန်တော်တို့ကိုသာ မမှတ်မိတာ ဂိုဏ်းတွေကိုတော့ မှတ်မိသားပဲနော်'

ခါးကုန်းကြီး ဂေါ်ကျင်ခုန်းက စကားကိုလွှဲကာ ရယ်ကျဲကျဲဖြင့် မေးလိုက်ရာ....

'ဟ....လူတွေက အများကြီးကွ၊ ဂိုဏ်းတွေက နည်းတယ်လေကွာ၊ ဘယ်ဟာအနက် ဘယ်ဟာအဖြူ ဆိုတာလောက်တော့ မှတ်မိသေးတာပေါ့'



အဘိုးက ပြုံးလျက် ဖြေကြား၏။

'ကဲ....ဆိုစမ်းပါဦး မင်းတို့ကိစ္စ'

'ဒီလိုပါအဘိုး၊ သူနဲ့ကျွန်တော် ပစ္စည်းတစ်ခုကို သူပိုင်ကိုယ်ပိုင်ပြီး ငြင်းခုံနေကြတာ ခုထိ မပြီးပြတ်နိုင်သေးပါဘူး၊ အဲဒါ အဘိုးဆီသွားပြီး အဆုံးအဖြတ် ယူကြမယ်လို့ နှစ်ဦးသဘောတူပြီး လာခဲ့ကြတာပါခင်ဗျာ'

ခါးကုန်းကြီး ဂေါ်ကျင်ခုန်းက စတင်၍ ရှင်းပြ၏။

'ဟုတ်ပါတယ် အဘိုး၊ ကျွန်တော်တို့ အဘိုးရဲ့ ဆုံးဖြတ်ချက်ကို နာခံဖို့ ရောက်ရှိလာကြတာပါ'

ခေါင်းနီကြီးကလည်း ဝင်ရောက်ထောက်ခံ ပြောဆိုလေသည်။

'ဘာပစ္စည်းများတုံးကွ'

အဘိုးဦးသျှောင်က မေးမြန်းသဖြင့်....

'ဟောဒီ ပစ္စည်းလေးပါပဲခင်ဗျာ'

ခေါင်းနီကြီးက သူ့အိတ်ထဲမှ အရာဝတ္ထုလေး တစ်ခုအား ထုတ်ပြ၏။ ဂေါ်လီလုံးသာသာခန့် အရွယ်ရှိ ရော်ဘာတုံးလေး တစ်တုံးဖြစ်သည်။

'ဒါလေးက ဘာများ အသုံးတည့်လို့လဲကွယ့်'

'ဟဲ ဟဲ အသုံးတည့်တာတော့ အထူးပေါ့ အဘိုးရယ်၊ သိုင်းသမားတွေအတွက် အလွန်သင့်မြတ်တဲ့ အတွင်းအားတိုးပွားစေအေး တစ်မျိုးပါပဲ၊ ဒီရော်ဘာတုံးလေးကို ရေစိမ်ပြီး နေ့စဉ်သောက်သုံးပေးရင် အတွင်းအားတွေ တစ်နေ့တခြား တိုးပွားလာမှာပါ'

'ဟေ'

ခါးကုန်းကြီး ဂေါ်ကျင်ခုန်းစကားကြောင့် အဘိုးမှာ မျက်မှောင်ကြီး ကြုတ်သွားကာ ထိုရော်ဘာတုံးလေးအား စူးစိုက်ကြည့်၏။

'ဒါပေမယ့် အဘိုးခင်ဗျာ၊ သူနဲ့ကျွန်တော် စကားတစ်ခု ကတိပြုထားကြပါတယ်၊ ဒီဆေးလုံးဟာ ကျွန်တော်တို့လို သိုင်းသမားတွေ သင့်မြတ်တယ်ဆိုတာ မှန်ပါတယ်၊ သူရော ကျွန်တော်ရော သောက်သုံးသင့်ကြတဲ့ဆေးတစ်ပါးဖြစ်တာလဲ မှန်ပါတယ်၊အဲ....ဒါပေမယ့်....'

ခေါင်းနီကြီး၏ တစ်ဝက်တစ်ပျက်စကားကြောင့် အဘိုးမှာ စိတ်ဝင်စားသွားပြီး

'ဘာဖြစ်လဲ ပြောစမ်းပါဦးကွယ့်'

'ဩော်....ကျွန်တော်တို့နှစ်ဦး သူပိုင်ကိုယ်ပိုင်အနိုင်ယူ ပြင်းခုံနေကြမယ့်အစား နောက်လာနောက်သားတွေ အတွက်၊ သိုင်းလောကကြီးအတွက် စေတနာတစ်ရပ် ထားကြမလားလို့ပါ အဘိုး'

'အင်း... စိတ်ဝင်စားဖို့ကောင်းပါတယ်'

ခေါင်းနီကြီးက ခါးကုန်းကြီး ဂေါ်ကျင်ခုန်းအား ကြည့်ရှု၏။

'အဲဒါကတော့ အဘိုးပြုစုနေတဲ့ သိုင်းကျမ်းကြီး ပြီးစီးနေခဲ့မယ်ဆိုရင် ဒီဆေးလုံးကို အဲဒီသိုင်းကျမ်းနဲ့အတူ ပါရမီဖြည့်ဖက်အဖြစ် အဘိုးက သိမ်းဆည်း ထိန်းချုပ်ထားပါလို့ အပ်ချင်ပါတယ်'



'ဟင်'

အဘိုး သိုင်းဦးသျှောင်၏မျက်နှာမှာ နီရဲနေတော့သည်။

'မင်းတို့ကို ငါ သိုင်းကျမ်းပြုစုနေတယ်လို့ ဘယ်သူပြောတာလဲကွ'

ဒေါသများဖြင့် အော်ဟစ်လိုက်သဖြင့် ခေါင်းနီကြီးနှင့် ခါးကုန်းကြီးတို့မှာ ထိတ်လန့်သွားပြီး....

'ဘယ်သူမှ မပြောပါဘူး၊ ဒီလိုပဲ သိုင်းလောကမှာ ကြားသိနေရလို့ပါ၊ တကယ်လို့ ပြီးစီးနေခဲ့တယ်ဆိုရင် သိုင်းကျမ်းနဲ့ အတူ ဒီဆေးလုံးပါ အတူသုံးစွဲလေ့ကျင့်မယ့် လူငယ်တစ်ဦး ဟာ ကျွန်တော်တို့ သိုင်းလောကအတွက်ဘုရင်တစ်ဆူသို့မဟုတ် ဦးသျှောင်တစ်ဦး....ဥပမာ ဆရာကြီးလို ပုဂ္ဂိုလ်မျိုးဖြစ်လာ မှာ သေချာပဲပါတယ် အဘိုး၊ဒါဟာ ကျွန်တော်တို့လို အရွယ် တွေ ရင့် အိုမင်းလာတဲ့ သိုင်းသမားများရဲ့ အတွေးအခေါ် စေတနာပိုင်းပါပဲ။

'အဘိုးလို သိုင်းဦးသျှောင်ဆရာကြီးဆိုရင် ကျွန်တော်တို့ ထက် ပိုပြီး တွေးခေါ် စဉ်းစားမိမှာပါ၊နောက်လာ နောင် သားတွေအတွက် ထားရမယ့် စေတနာမေတ္တာ အမွေအနှစ် တွေအဖြစ်နဲ့ပေါ့ ဆရာကြီးရယ်'

ခေါင်းနီကြီး၏ ဆိုစကားများမှာ လက်ခံဖွယ် လေးစား ဖွယ် သဘောတူဖွယ်ကောင်းလှ၏။

နောင်အနာဂတ်လူငယ် မျိုးဆက်သစ်အတွက် ရည်ရွယ် သော စေတနာလုပ်ရပ်များသာလျှင် ဖြစ်၏။

'သူ့၌လည်း ထိုသို့သောရည်ရွယ်ချက် ရှိခဲ့၏။

ထိုစေတနာမျိုးကား၍လည်း နှစ်ပေါင်းများစွာ ညဥ့်နက်သန်းခေါင်မှန်မှန် ရေးသားခဲ့မိသည် မဟုတ်ပါလား။

ထို့ကြောင့် အဘိုးမှာ သူ့ရှေ့ရှိ သိုင်းဂိုဏ်းချုပ်နှစ်ဦးအား လေးစားသွားမိပြီး.....

'အိမ်း.... ရည်ရွယ်ချက်ကတော့ ကောင်းမွန်ပါပေ့ကွယ်၊ ခုလို စေတနာမျိုး ထားရှိနိုင်တဲ့အတွက်လဲ ဝမ်းသာကြည်နူးစရာ ကောင်းပါရဲ့၊ ငါကိုယ်တိုင် အဲဒီစေတနာ ပီတိမျိုး လိုလားတဲ့ အတွက် နှစ်ပေါင်းများစွာ ဒီရေလှေမီးသေ သိုင်းကြေ မဟာကျမ်းကြီးကို ပြုစုခဲ့တာပဲပေါ့။

ငါတို့ဟာ လောကားထစ်အုတ်မြစ်တွေအဖြစ်အနာဂတ်တွင် ဝူးပေါင်းဖြည့်ဆည်းကြတာပေါ့ကွယ်။

'အင်း.... ငါ့သိုင်းကြေမဟာကျမ်းကြီးလဲ ဖြီးစီးအဆုံးသတ်ထားပါပြီကွယ်၊ မင်းတို့ရဲ့ဆန္ဒကို ငါဖြည့်ဆည်းပေးပါ့မယ်။

'ဟုတ်လား.... ကြည်နူးပီတိလေးတွေ ဝေမျှခံစားကြတာ အကောင်းဆုံး အမွန်မြတ်ဆုံးပါပဲကွယ်'

'ဒါဖြင့် ဆရာကြီးပဲ့ သိုင်းကျမ်းနဲ့အတူ ထိန်းထိန်းသိမ်းသိမ်း စုစည်းထားလိုက်ပါ'

ခေါင်းနီကြီးလက်ထဲမှ ရော်ဘာတုံးလေးအား အဘိုးထံသို့ လက်လှမ်းပေးလိုက်၏။

ဘည်တစ်ခါသူက ထိုရော်ဘာတုံးလေးထဲမှ တစ်စုံတစ်ရာအား ဖြုတ်ယူထားလိုက်သည်။

ပြီးတော့ ခါးကုန်းကြီးဘက်သို့ ကိုယ်ကိုလှိမ့်ဝင်လိုက်ကာ မြေပြင်ထက်သို့ အိပ်ချလိုက်လေ၏။



'ဝုန်း'
'ဝုမ်း'
'အင့်'
'အင်း'

အဖြစ်များက လျင်မြန်လွန်းလှ၏။

အဘိုးလက်ထဲမှ ရော်ဘာတုံးလေးမှာ အရှိန်ပြင်းစွာ ပေါက်ကွဲသွားခဲ့သည်။

တကယ်တော့ ထိုရာဘာတုံးလေးကား ပေါက်ကွဲစေတတ်သော ယမ်းလုံးလေးတစ်လုံးသာလျှင် ဖြစ်၏။

ယမ်းလုံးကို ယူဆောင်ကာ အဘိုးအား လုပ်ကြံကြခြင်းပင် ဖြစ်၏။

အဘိုးဝူစေ့ပေါင်ကား အနက်ရောင်ကျောက်ပင့်ကူသိုင်းဂိုဏ်းချုပ် ခေါင်းနီကြီး ကျန်းချင်နှင့် အဖြူရောင်နဂါးနက်ဂိုဏ်းချုပ် ခါးကုန်းကြီး ဂေါကျင်ခုန်းတို့ နှစ်ဦး ဝူးပေါင်းလုပ်ကြံမှုနှင့် အသက်ဆုံးပါးသွားခဲ့ရလေပြီ။

အဘိုး၏ ခန္ဓာဥ္စသွေးအလိမ်းလိမ်းပေကျံ စွန်းထင်းနေလေပြီ ဖြစ်သည်။

လက်နှင့် မျက်နှာများ၌ မြင်မကောင်းအောင်ဒဏ်ရာများက ကြေကျက်ခမန်းလိလီ။ ယမ်းတို့က ပေါက်ကွဲအား ပြင်းစွာဖြင့် အဘိုးအသက်ရှည် ဝူစေ့ပေါင်၏ အသက်ဇီဝိန်အား ချွေမှုန်းသွားခဲ့လေပြီ ဖြစ်သည်။

'ဟား ဟား ဟား'
'ဟား ဟား ဟား'

ခေါင်းနီကြီး ကျန်းချင်၏ အောင်မြင်စွာ ရယ်မောလိုက်သံက မိုးထိတောင်ယွတ်ဝယ် ပဲ့တင်ထပ် မြည်ဟိန်းသွားခဲ့လေသည်။

သူ့လက်ထဲ၌ သွေးစွန်းနေသည့် ပုဆိန်သွားက လက်တောက်နေခဲ့သည်။

ထိုပုဆိန်သွားက ခါးကုန်းကြီး ဂေါ်ကျင်ခုန်း၏ ကျောကုန်းအား ခွဲချသွားခဲ့သည်။

ဂေါ်ကျင်ခုန်းက နာကျင်စွာ ညည်းညူရင်း အံ့သြလွန်းသော အမူအရာဖြင့် ခေါင်းနီကြီး ကျန်းချင်အား ရှုံ့မဲ့မှုန်းတီးစွာ မော့ကြည့်နေလေသည်။

'သစ္စာဖောက်ကြီး ခေါင်းနီ၊ ခင်....ခင်ဗျား ကျုပ်....ကျုပ်ကို သတ်တယ်'

'ဟား ဟား ဟား ဟား ဒါမှ ငါအဘိုး သိုင်းဦးသျှောင်ရဲ့ ကျမ်းမဟာကို တစ်ဦးတည်း ပိုင်တော့မပေါ့။

'ငါတစ်ယောက်တည်း ရေလေမီး သေ သိုင်းကြေမဟာ ကျမ်းကို တတ်မြောက်မှာပေါ့၊ ဟား ဟား ဟား၊ ဒီအခွင့်အရေးရဖို့ ငါ့မှာ နှစ်ပေါင်းများစွာ စောင့်ဆိုင်းလာခဲ့တာပါ ခါးကုန်းရယ်'

ခေါင်းနီကြီးမှာ အရူးတစ်ယောက်သဖွယ် အော်ဟစ်ပြောဆိုရင်း အဘိုးဦးသျှောင်၏ သိုင်းကြေမဟာ ကျမ်းကြီးအား ရှာဖွေနေလေ၏။



မကြာမီပင် သိုင်းဦးသျှောင် ထွက်လာခဲ့သည့် ကျောက်နံရံအတွင်းမှ အံဝှက်နှင့်ထားရှိသော သိုင်းမဟာကျမ်းကြီးအား တွေ့ရှိသွားလေတော့သည်။

ကျမ်းကြီးကား ပေချပ်များ၌ ရေးသားထား၏။

ရှေ့ဆုံးအဖုံး၌ 'ရေ လေ မီး သေ သိုင်းကြေမဟာကျမ်းကြီး'

'ဟား....ဟား....ဟား သိုင်းဦးသျှောင်ဟာ ငါ ဖြစ်သွားပြီကွ'

ခေါင်းနီကြီးမှာ အပျော်လွန်ပြီး ရူးသွားပြီဟုပင်ထင်စရာရှိ၏။ ရေလေမီးသေ သိုင်းကြေမဟာ ကျမ်းကြီးအား ရင်ဝယ် ပွေ့လျက် အော်ဟစ်နေလေသည်။

ခါးခုန်းကြီး ဂေါ်ကျင်ခုန်းမှာ အံကိုကြိတ်လျက် သူ၏ အသွားခြောက်ဖက် ဓားကို တဖြည်းဖြည်းချင်းအသာဆွဲထုတ်နေလေသည်။

ထို့နောက် လက်တွင်ကိုင်စွဲပြီး ကိုယ်ကို တရွတ်တိုက်ဆွဲလျက် ခေါင်းနီကြီးအနီးသို့ မသိမသာလေး တိုးရွေ့သွားနေ၏။

ထို့နောက် ရုတ်တရက် ခေါင်းနီကြီးအား ခြောက်ဖက်သွားနှင့် လှဲခုတ်ပိုင်းချလိုက်၏။

'ဂွစ်'

'ဒုတ်'

'အား'

ခေါင်းနီကြီး၏ ပုဆိန်သွားက ခါးကုန်းကြီး၏ ခေါင်းကိုင် လက်ကို လက်ကောက်ဝတ်မှ ခုတ်ဖြတ်ချသွားသည်။

'ဟဲ့ ဟဲ့ ဟဲ ဘယ်ရမလဲ ခါးကုန်းကြီးရယ်၊ မင်းထက် လျင်လို့ မင်းကို ချောပေါင်းခဲ့တာ ဒီကျမ်းကြီးကို လိုချင် လွန်းလို့ကွ နားလည်လား၊ မင်း ကလဲ စားချေချင်တဲ့ မြေ ခွေးရှင် ဆိုတဲ့ ကောင်လေးကိုလဲ ငါ မင်းအတွက် လက်စား ချေပေးလိုက်မယ် ဟုတ်လား။

ခုတော့ ဒီမိုးထိတောင်ပေါ်မှာ အတိုး သိုင်းဦးသျှောင်နဲ့ သေရစ်ပေတော့ဟေ့

ခေါင်းနီကြီးက ခါးကုန်းကြီး၏ခြောက်ဖက်သွား ခေါင်းကို ကိုင်စွဲထားသည့် လက်ပြတ်ကြီးကို ခြေနှင့်ခတ်ထုတ်လိုက်ကာ တောင်ပေါ်မှ ဆင်းရန်ပြင်လိုက်သည်။

သို့သော် သူ၏ ခြေလှမ်းတို့မှာ တွန့်ဆုတ်သွားခဲ့၏။

အဘယ်ကြောင့်ဆိုသော် ရှောင်ထွက်ပေါ်သို့ မြေခွေးရှင် က တက်ရောက်လာသောကြောင့် ဖြစ်သည်။

တစ္ဆေသူရဲအား တွေ့ရှိလိုက်ရသူပမာ ခေါင်းနီကြီး၏ နီရဲနေသော ဆံပင်တို့မှာ ထိုးထိုးထောင်ထောင်နှင့် ဖြစ်ကုန် သည်။

'မင်း....မင်း မင်း မြေ... မြေ... မြေခွေး....ခွေးရှင်'

မြေခွေးရှင်က အတိုး ဦးသျှောင်နှင့် ခါးကုန်းကြီးတို့၏ အလောင်းတို့ကို ကြည့်ရှု၍...

'အင်း....ကျုပ် နောက်ကျသွားတာပဲ အတိုးရယ်၊ ကျုပ်ကို ခွင့်လွှတ်ပါ'



သူ့နှုတ်မှ တိုးဖွ စိတ်မကောင်းစွာ ရေရွတ်လိုက်မိ၏။

ထို့နောက် ခေါင်းနီကြီး ကျန်းချင်၏ လက်ထဲမှပေချပ် များနှင့် သိုင်းကြေကျမ်း မဟာကြီးအား စိုက်ကြည့်လိုက် မိပြန်သည်။

'ဩော်....ခင်ဗျားကြီးက ဒီကျမ်းကြီးလိုချင်လို့ အတိုးကို သတ်ပစ်လိုက်တယ်ပေါ့ ဟုတ်လား၊ ကဲ....ခင်ဗျား လွတ် အောင် ပြေးပေတော့'

မြေခွေးရှင်၏ မျက်လုံးများမှာဒေါသများနှင့်ရဲရဲတောက် နေခဲ့၏။ မြေခွေးကြီးကိုလည်း ကျစ်ကျစ်ပါအောင်ဆုပ်ကိုင် ထားလေသည်။

ခေါင်းနီကြီးမှာကား ပုဆိန်ရှည်ကြီးကို တစ်ဖက် ကျမ်း မဟာကြီးကို တစ်ဖက် ကိုင်လျက် တုန်လှုပ်ခြောက်လန့်နေ သည်။

'မင်း... မင်းနဲ့ငါ တစ်... တစ်ယောက်တစ်ဝက် ယူ... ယူကြ ရအောင်လေနော်'

မျက်နှာကို ပြုံးဖြဲဖြဲ လုပ်လျက် မြေခွေးရှင်အား ညှိလိုက် သေး၏။

'ဘာဗျ၊ ခင်ဗျားလိုလူမျိုးဆီမှာ ဒီလိုတန်ဖိုးမဖြတ်နိုင်တဲ့ ပညာတွေ ပေါက်ကွက်တောင် မထားရစ်ခဲ့နိုင်ဘူး၊ ခင်ဗျား တွက်ဆထားခဲ့ရမှာက အဲဒီပဲဗျ'

ကျင်စွ သည် မြေခွေးကြီးအား ရှေ့သို့ ဆန့်ထုတ်ကာ ခေါင်းနီကြီးအား တိုက်ရန်ပြင်၏။

ခေါင်းနီကြီး ကျန်းချင်ကလည်း သူ၏ ပုဆိန်ကြီးအား ကြောက်ကြောက်လန့်လန့်နှင့် ဝှေ့ယမ်း၏။

'ဝှစ် ဝှစ် ဝှစ်'

'ထန် ထန် ထန်'

သွေးရူးသွေးတန်းနှင့် ပြေးဝင်လာသောပုဆိန်နှင့် ပေါက်ချက်များအား ကျင်စွံက မြွေခါးကြီးနှင့် ရိုက်ပုတ် ဖယ်ရှား ပစ်လိုက်နိုင်သည်။

ထို့နောက် လျှပ်တစ်ပြက်ပင် မြွေပွေးပေါက်ချက် ခါးကွက်အား အသုံးပြုပြီး တန်ပြန်တိုက်ခိုက်လိုက်၏။

မြွေပွေးပေါက်ချက် ခါးချက်ကား အလွန်လျင်မြန်သော ခါးချက်မျိုး ဖြစ်၏။

ယင်ကောင်ပင် ထပျံပြေးလည်း မလွတ်နိုင်သည့်လျင်မြန်တိကျလှသော ခါးကွက်မျိုး ဖြစ်သည်။

ထို့ကြောင့် လျှပ်တပြက် ရောက်ရှိလာသည့် ခါးချက်အား မရှောင်တိမ်းနိုင်ရှာဘဲ ထိတ်ထိတ်ပျာပျာပင် ကျမ်းမဟာ ကိုင်ထားသည့်လက်နှင့် လှမ်းကာကွယ်လိုက်မိ၏။

'ဝှစ်'

'ဒုတ်'

'အ အ အ'

ကျမ်းမဟာ ကိုင်စွဲထားသောလက်မှာ တံတောင်ဆစ်မှ ပြတ်ထွက်သွားပြီး လေထဲသို့ မြောက်တက် သွား လေသည်။



ကျမ်းမဟာမှာလည်း ကိုင်လျက်တန်းလန်း ပါသွားလေသည်။

မြွေခါးရှင်က လေထက်သို့ ခုန်တက်လိုက်ပါ၍ ထိုလက်ပြတ်ကြီးအား လက်ကောက်ဝတ်မှ ထပ်မံ၍ ခုတ်ဖြတ်လိုက်လေသည်။

'ဝှစ်'

'ဘုတ်'

'ဖတ်'

ထိုအခါ လက်ပြတ်ကြီး ကိုင်ဆုပ်ထားသော ကျမ်းမဟာမှာ လွတ်ထွက်သွားပြီး လေထဲမှ ကျလာ၏။

မြွေခါးရှင်က လွယ်ကူစွာပင် ဖမ်းဆီးလိုက်သည်။

ထိုမြင်ကွင်းများအား တစ်စုံတစ်ယောက်သောသူက ကြည့်၍ ပြုံး၏။

ခေါင်းနီကြီးမှာကား တံတောင်ဆစ်မှ ပြတ်ထွက်သွားသည့် လက်ကို အခြား လက်တစ်ဖက်မှ ပိတ်၍ ကိုင်ဆုပ်ထားသော်လည်း သွေးများက တသွင်သွင် စီးယိုကျဆင်းလျက် သူ၏ မျက်နှာမှာ တဖြည်းဖြည်း မဲ့ရွဲ့ ရှုံ့တွလာကာ ပြာနှမ်းလာလေတော့သည်။

'အီး.... အီး.... အဆိပ်.... အဆိပ်တက် တက်.... တက် .. တက်'

စကားကို ဆုံးအောင် မရှုတ်နိုင်တော့ဘဲ မြေပြင်ပေါ်ဝယ် လဲကျ ငြိမ်သက်သွားတော့၏။

မြွေခါးရှင် ကျင်စွံကား ရေလေမီးသေ သိုင်းကြေကျမ်းမဟာ ပေထုပ်ကြီးအား ကိုင်ဆုပ်၍ ငေးငိုင်နေမိ၏။

အနိဋ္ဌာရုံတို့က မိုးထိတောင်ထွတ်ပေါ်ဝယ် ဖြစ်ပေါ်နေခဲ့ပြီး အလောင်းသုံးလောင်းက တောင်ထွတ်၌ မြင်၍ မကောင်းအောင် ရှိနေ၏။

တကယ်တော့ သည်ကျမ်းကြီးအား ဆရာကြီး ဝူစေ့ပေါင်က သူ့အား ပညာအမွေ ပေးရန် ရွေးချယ်ပြီး အခေါ်လွှတ်လိုက်သောကြောင့် သည်တောင်ထွတ်သို့ တက်ရောက်လာခြင်း ဖြစ်ပေသည်။

သိုင်းလောကဝယ် သူ၏ ပညာရပ်များကို အမွေခံရန် နှစ်ပေါင်းများစွာ ဝူစေ့ပေါင်က စောင့်ကြည့်၍နေခဲ့သည်။

မိုးထိတောင်ထွတ်ပေါ်၌ နေထိုင်ပြီး တောင်အောက်သို တော်ရုံတန်ရုံ မဆင်းဟု သိုင်းလောက၌ ကြေညာထားခဲ့သော်လည်း အမှန်မှာ ဆရာကြီး ဝူစေ့ပေါင်မှာ သိုင်းလောကတွင်းဝယ် ရုပ်ဖျက်၍ အစဉ်အမြဲ စုံစမ်း စောင့်ကြည့်နေခဲ့သည်ကို မည်သူမှ မသိရှိခဲ့ကြချေ။

ထို့ကြောင့် မြွေဓားရှင် ကျင်စွိ၏ တရားသောအကျင့်ရပ်တည်မှု၊ ရိုးစင်းဖြောင့်စင်းမှု၊ သိုင်းစွမ်းထက်မှု၊ မြွေဓား၏ ဆန်းကြယ်မှု၊ ပါရမီရှိမှု စသည်စသည်တို့ကို နှစ်ပေါင်းများစွာ စောင့်ကြည့်ပြီးကာမှ သူ၏ ပညာအမွေကို ပေးအပ်သင့်သူဟု ဆုံးဖြတ်လျက် ရွေးချယ်ခဲ့ခြင်း ဖြစ်၏။

သည်အကြောင်းကို မည်သူ တစ်ဦးတစ်ယောက်မှ အသိမခံဘဲ လျှို့ဝှက်ထားခဲ့၏။



သည်နေ့ ခေါင်းနီကြီးနှင့် ခါးကုန်းကြီးတို့၏ဖျားယောင်းမှုအား ခံလိုက်ရသည်မှာလည်း မြွေဓားရှင် ကျင်စွိအပေါ် စေတနာ လွန်ကဲစိတ် ယိုဖိတ်သွားသည့် တွက်ကြောင့်သာလျှင် ဖြစ်သည်။

အတွင်းအားဆေးကို မြွေဓားရှင်အား ပေးအပ်လိုလှ၍ ဆန္ဒစောပြီး သူတို့စကားကို ယုံကြည်ခဲ့ခြင်း ဖြစ်သည်။ သို့ဖြင့် ဆရာကြီး ဝူစေ့ပေါင်မှာ လူမိုက်လူဆိုး နှစ်ယောက်ကြောင့် အသက်ဆုံးပါးခဲ့ရလေသည်။

'အေးလေ....ငါနဲ့တိုက်လို့ ဒီသိုင်းကျမ်းကြီး လက်ဝယ်ပြန်ရခဲ့တာပဲ'

ထိုသို့ စိတ်ကို ဖြေသိမ့်ကာ မြွေဓားရှင် ကျင်စွိသည် သိုင်းကျမ်းကြီးအား အမြတ်တနိုး ရင်ဝယ်ပိုက်လျက် တောင်ခြေသို့ ဆင်းသက်သွားလေတော့သည်။

တောင်ထွတ်မှ မြွေဓားရှင် ကွယ်သည်နှင့် သောချင်ယောင်ဆောင်နေသော ခါးကုန်းကြီး ဂေါ်ကျင်ခုန်းမှာ ပြုတ်နေသော သူ၏ လက်တစ်ဖက်နှင့် ဓားကို ကောက်ကိုင်ဆွဲလျက် ကျောကုန်းမှ နွားသားရေချပ်ကြီးကို ဆွဲယူ ချွတ်ပစ်လိုက်တော့သည်။

တကယ်တော့ သူ့အဖို့ ခေါင်းနီကြီးကို မယုံသဖြင့် လိုလိုမည်မည် နွားသားရေစအား ရင်ဘတ်နှင့် ကျောဝယ် ခုခံလျက် အသက်အန္တရာယ်ကို ကာကွယ်ထားခဲ့လေသည်။

တင်သည့်အတိုင်းပဲ ခေါင်းနီကြီးက ဂူဒစ့ပေါင်အား ယမ်းလုံးနှင့် လုပ်ကြံပြီး သူ့အား ပုအိန်နှင့် ကျောပြင်အား ပေါက်ကာ လျှပ်တစ်ပြက် တိုက်ခိုက်ခဲ့လေသည်။

ထို့ကြောင့် ကျောကုန်းမှ နွားသားရေမှာ ထက်ခြမ်းကွဲသွားခဲ့ရ၏။ လူက ဒဏ်ရာရချင်ယောင် ဆောင်လျက် ရန်သူအလစ်ဝယ် တိုက်ခိုက်မည်ဟု အခွင့်အလမ်းကို စောင့်ဆိုင်းနေခဲ့သည်။

သို့ရာတွင် ခေါင်းနီကြီး ကျန်းချင်က သူ့ထက် လိမ္မာပါးနပ်ကာ ခြောက်ဖက်သွားဓားနှင့်အတူ လက်ကိုပါ ဖြတ်တောက်ပစ်နိုင်ခဲ့ပြန်သည်။

ထိုအချိန်ဝယ် သူလုံးဝ မျှော်လင့်မထားသည့် မြေခွေးရှင် တစ်ယောက် တောင်ထွတ်ပေါ်သို့ ရောက်ရှိလာသောအခါတွင်မူ သူ့အဖို့ သေချင်ယောင် ဆောင်နေရုံမှအပ မည်သို့မျှ တတ်နိုင်ခြင်းမှာ မစွမ်းသာတော့။

သို့ဖြင့် လူသေအလောင်းတစ်ယောက်ပမာ ဟန်ဆောင်၍ သေနေရတော့သည်။

သို့သော် ခေါင်းနီကြီးနှင့် မြေခွေးရှင်တို့၏ တစ်ဦးချင်း တိုက်ပွဲအား အစအဆုံး သူမြင်တွေ့နေရလေသည်။

ထို့ကြောင့်လည်း သူ့လက်ကို ရက်ရက်စက်စက် ဖြတ်တောက်ခဲ့သည့် ခေါင်းနီကြီး၏လက်အား မြေခွေးရှင်က ဖြတ်တောက်ပစ်နိုင်သောအခါ သူက အားရဝမ်းသာစွာ သေလျက်က ပြုံးလိုက်မိခြင်းဖြစ်သည်။



ခုတော့ 'ရေလေမီးသေ သိုင်းကြေကျမ်းမဟာ'ကား မြေခွေးရှင်နောက်သို့ ပါသွားလေပြီ ဖြစ်သည်။

သူ့အဖို့ လုပ်စရာ တစ်ခုပဲရှိ၏။ ဒါက မြေခွေးရှင်အား သိုင်းလောကမှ အထင်လွဲအောင် ချောက်တွန်းဖို့ပဲ ရှိတော့သည်။

ဟုတ်ပြီ၊ သည်နည်းသည်သာ မြေခွေးရှင် တစ်ယောက် သိုင်းလောကမှ ထာဝရ လွင့်သွားနိုင်သည့် အကြောင်းဖြစ်လေမည်။

သို့နှင့် ခါးကုန်းကြီးမှာ သူ၏ လက်ပြတ်ကို သွေးသံရဲရဲဖြင့် ပြန်လည် ကောက်ယူကာ တောင်အောက်သို့ အသော့ကလေး ဆင်းသက်သွားတော့၏။

သူ့အဖို့ မြေခွေးရှင်နှင့် အလျင် ရောက်အောင် သိုင်းလောကသို့ သွားရောက်တော့မည် မဟုတ်ပါလား။

သိုင်းဂိုဏ်းချုပ်များ စုဝေးရာသို့ အလျင်သွားပြီး လုပ်ကြံဇာတ်တစ်ဇာတ်ကို ခင်းကျင်းလိုက်ပါက တောင်ထွတ်မှ ပြန်လာမည့် မြေခွေးရှင်အဖို့ လက်ပူးလက်ကြပ် မိနေတော့မည်လေ။

ထို့အတူ အနက်ရောင် သိုင်းလောကသို့လည်း ကျောက်ပင့်ကူ ဂိုဏ်းချုပ်ကြီး ခေါင်းနီကြီး ကျန်းချင်ကို သတ်ဖြတ်လျက် ရေလေမီးသေ သိုင်းကြေကျမ်းမဟာအား လုယက်ယူဆောင်သွားသည်ဟု သတင်းပေးလိုက်ရုံပင်။

တောင်ထွတ်ပေါ် သွားကြည့်ကြပါက ခေါင်းနီကြီးရဲ့ အလောင်းကို တွေ့ရဦးမည်လေ။

မြေခြားရှင်အတွက် မြည်သည့်ဘက်ကမှ လွတ်လမ်းမမြင်၊ သူ့အဖို့ ယုတ္တိရှိရှိ ပိပိရိရိ ပြောပြဖို့သာ လိုပေသည်။

ခါးကုန်းကြီး ဂေါ်ကျင်ခုန်းကား ပင်ပန်းရမှန်းမသိတော့။

တောင်ထွတ်ပေါ်မှ တရကြမ်း ဆင်းသက်နေမိလေတော့သည်။

[ ၄၉ ]

## လွတ်မြောက်ခြင်း

ကောင်းကင်ဖြူသို့ မြေခြားရှင် ပြန်ရောက်တော့ နေဝင်ကာစ အ်ချိန်ပင်ရှိနေပြီ ဖြစ်သည်။

တစ်ဦးနှင့်တစ်ဦး ညီအစ်ကို မသိတသိအချိန်အခါမျိုးပင်။

သူ့စိတ်ထဲ မြူထဲသို့အဝင်၌ တစ်စုံတစ်ရာသော အသိတစ်ခုက ဝင်ရောက်လာသလိုရှိ၏။ လေးလံနေသလိုလို၊ စိုးရိမ်နေသလိုလို ဖြစ်နေမိသည်။

ထို့ကြောင့် သားသားရှိုးကျလမ်းအတိုင်းမသွားဘဲ မှောင်ရိပ်ခိုကာ ပြန်လာခဲ့၏။ ဒါကလည်း သူ့လက်ဝယ်ပါလာခဲ့သော ကျမ်းမဟာအား စိုးရိမ်စိတ်နှင့် ထိန်းထိန်းသိမ်းသိမ်း သတိစိရိယာတားခဲ့ခြင်းသာ ဖြစ်၏။

ထိုသတိဝီရိယရှိမှုကပင် သူ့အား ကံကြမ္မာက တစ်ပတ်လည်ပေး၍ မျက်နှာလိုက်ခဲ့ခြင်း ဖြစ်မည်။

အကြောင်းမူ သူနေထိုင်ရာအရပ်သို့ အဝင်ဝယ် မမျှော်လင့်ဘဲ မြင်းခွာသံအချို့ကို ကြားလိုက်ရသဖြင့် မှောင်ရိပ်မှ မထွက်ဘဲ အသာစောင့်ကြည့်နေမိ၏။

ထိုစဉ် သူ့မျက်လုံးအစုံမှာ ပြူးကျယ်သွားရတော့၏။ မှောင်ရိပ်ရှေ့ အလင်းမှ ဖြတ်သွားကြသော မြင်းစီးသမားအချို့ကို သူတွေ့ရှိလိုက်ရသောကြောင့်ပင် ဖြစ်သည်။

မြင်းမှာ ၁၀ ကောင်ခန့်ရှိမည် ထင်၏။

အဖြူရောင်ကိုဏ်းများဖြစ်သော ငွေဗျိုင်းဖြူဂိုဏ်းမှ ဂိုဏ်းချုပ် ရွှေလှဖက်ကျင်ယံ၊ ရွှေကျားမျှံဂိုဏ်းမှ ဂိုဏ်းချုပ်ကြီး ကျောက်တင်းပုတ်လင်ပိန်းရှောင်၊ ပျံကျဂိုဏ်းမှ ဂိုဏ်းအုပ်သံထော့ကျိုး တန်ချူကွန်း၊ တေလေဂိုဏ်းမှ လက်ထောက်ဂိုဏ်းမှူး သံကွင်းရှင်ချိုက်ဝေး၊ နဂါးညီနောင် ဂိုဏ်းမှ ဂိုဏ်းချုပ်အမြွာ ဟိုင်ကျင်းပိုနှင့် ဟိုင်ကျန်းပိုညီအစ်ကို စသည် စသည်ဖြင့် လူစုံတက်စုံနှင့် သူနေထိုင်ရာသို့ လျင်မြန်စွာ စီးနင်း သွားကြ၏။

ထိုမြင်းစီးသမားထဲ၌ လူအမိုထူးဆန်းအံ့ဩဖွယ်လူတစ်ဦးကို တွေ့ရှိလိုက်ရသဖြင့် အမှောင်ထဲမှထွက်မည့် သူ့ခြေလှမ်းများမှာ တွန့်ဆုတ်သွားခဲ့ရသည်။

ထိုသူကား မိုးထိတောင်ထွတ်ဝယ် ဘိုးဘိုး ဥမစေ့ပေါင်းနှင့်အတူ သေဆုံးကျန်ရစ်ခဲ့သည့် နဂါးနက်ဂိုဏ်းချုပ် ခါးကုန်းကြီး ဂေါ်ကျင်ခုန်းပင် ဖြစ်လေသည်။



သူ၏လက်တစ်ဖက်ကား ငုံးတိတိ ပတ်တီးအဖြူစကို စည်းနှောင်လျက် သူတို့အားလုံး၏မျက်နှာများမှာ ဒေါသဖြစ်ခြင်း၊ နာကြည်းခြင်း ရှုံမှုန်းခြင်းစသည်ဖြင့် မှုန်ကုပ်သွားကြသည်ဟု မြွေခားရှင် ထင်နေမိ၏။

သူသည် ခါးကုန်းကြီး ဂေါ်ကျင်ခုန်းကား တောင်ပေါ်ဝယ် အဘယ်ကြောင့် သေဆုံးနေချင်ယောင် ဆောင်ရသနည်း။

ထို့နောက် သူ့ထက်အလျင်ဦးအောင် မြို့ကို ပြန်ရောက်နေရသနည်း။

ထို့ပြင် အဘယ်ကြောင့် ဂိုဏ်းချုပ်ကြီးများအား ညတွင်းချင်း စုစည်း၍ သူ့နေထိုင်ရာ လိုက်လာကြသနည်း စသည်ဖြင့် တွေးကြည့်မိတော့ သူ၏ကံကြမ္မာက ကောင်းသောအနေအထားနှင့် မရှိသည်မှာ သေချာနေလေပြီ။ သူ ဘာလုပ် ရမည်နည်း။

လက်ထဲရှိ ရေ လေ မီးသေ သိုင်းကြေမဟာကျမ်းအား ငုံ့ကြည့်မိပြန်သည်။

ထိုစဉ် မြင်းတစ်အုပ်၏ခွာသံများအား ကြားရပြန်သဖြင့် မှောင်ရိပ်ထဲသို့ အသာတိုးဝင်နေမိပြီး စောင့်ကြည့် နေလိုက်သည်။

'ဟင်'

သိုင်းသမားနှစ်ဆယ်ခန့် လက်နက်စီဖြင့် စီးနင်းလာကြသည်ကို တွေ့ရပြန်သည်။

ကျောက်ပင့်ကူဂိုဏ်း၊ ကင်းမြီးကောက်မဟူရာဂိုဏ်း၊ ကျားသစ်နက်ဂိုဏ်းနှင့် စံပုလွေစွယ်ဂိုဏ်းတို့မှ ဂိုဏ်းချုပ်များနှင့် သက်ထောက်များအားလုံးမှာ အနက်ရောင် သိုင်းလောကမှ ဒုစရိုက်ဂိုဏ်းသားတို့သာလျှင် ဖြစ်ကြ၏။

စကားများကိုလည်း ဆူညံစွာ ပြောဆိုကြိမ်းဝါးလာခဲ့ကြကုန်သည်။

'တောက်....တို့ဂိုဏ်းချုပ်ကြီး ကျန်းချင်ကိုသတ်ပြီး သိုင်းမဟာကျမ်းကို လုယူသွားတာတဲ့ကွ၊ နောက်ပြီး သိုင်းဘိုးဘိုး ဝူစေ့ပေါင်ကိုလဲ ရက်ရက်စက်စက် သတ်သွားသေးသတဲ့။'

'ဟင်း....မြွေခေါင်းနဲ့သိုင်းလောကမှာ လူဝါးဝနေတဲ့ သိုင်းသမား ဒီတစ်ကြိမ်တော့ မင်းထွက်ပြေးစရာ မြေမရှိတော့ဘူး၊ အဖြူရောင်သိုင်း ဂိုဏ်းချုပ်တွေကလဲ သတ်ဖို့လိုက်ရှာနေကြရောပေါ့ကွာ'

'အေး....ဘာပဲဖြစ်ဖြစ် မြွေခေါင်းရှင်နဲ့ တွေ့ဆုံရင်ဆိုင်ရင်လဲ သတိလေး ဘာလေးထားကြဦး၊ သူ့ခေါင်းချက်ကို အခြစ်အရှလေးတောင် မခံရစေနဲ့၊ အသေဆိုးနဲ့သေလိမ့်မယ်။'

'တစ်ယောက်ချင်း တစ်ဦးချင်းမတိုက်ကြနဲ့၊ အသေခံပြီး သရကြမ်း တစ်ပြိုင်နက်ဝင်တိုက်ကြမှဖြစ်မယ်ကွ'

တစ်ဦးကလည်း စိုးရိမ်စွာ ဝင်ရောက်သတိပေးပြန်သည်။

'အို...ကျုပ်တို့ကတော့ မြွေခေါင်းရှင်မကလို့ မြွေပါခေါင်းရှင်ဖြစ်ဖြစ် ဒီတစ်ပွဲတော့ သေသေကျေကျေ တိုက်ဖို့ ဆုံးဖြတ်ပြီးပြီဗျ၊ သူ့ကိုအနိုင်ယူမယ့်နည်းတွေလဲ ရှာထားတယ်ဗျို့'



ဓားသမား တစ်ယောက်ကလည်း အသားလွတ် ကြိမ်းမောင်းနေသဖြင့် မြွေခေါင်းရှင်က လှမ်းကြည့်လိုက်ရာ မီးခရောင်နှင့် မျက်နှာအား ရုတ်တရက် တွေ့ရှိလိုက်ရလေသည်။

'အိုး... ဒါကြောင့်ကိုး'

တစ်ခါက သူ့ထံမှ ထွက်ပြေး လွတ်မြောက်သွားသည့် ကျောက်ပင့်ကူဂိုဏ်းသား ဖြစ်နေလေသည်။

နှစ်တွေများစွာ ကြာညောင်းခဲ့သော်လည်း ထို ဓားသမားခမျာ သူ့အား မကျေနပ်နိုင်၊ အခဲမကျေနိုင်သေးဟု ထင်သည်။

သည်လိုဆိုလျှင်ဖြင့် သူကလည်း ထိုကဲ့သို့သော သူများအား တွေ့ဆုံရင်ဆိုင်ပေးချင်သည်ပေါ့လေ။

သူတို့က အယောက်၂၀ခန့် ရှိကြမည်ဖြစ်သည်။

သူ့အဖို့ အဖြူလောကရော အနက်လောကပါ ရန်သူများ ဖြစ်သွားခဲ့လေပြီ။

သည်မြို့ သည်ဒေသ သည်နေရာမှ ထွက်ခွာမှသင့်တော်လေတော့မည်ဟု တွေးမိကာ....

'ဟိတ်'

အမှောင်ရိပ်မှ အလင်းသို့ တိုးထွက်လိုက်၏။

သူ့အသံကြောင့် အနက်ရောင်ဂိုဏ်းသားတို့ လှည့်ကြည့်ကြကုန်သည်။

သို့သော် သူ့အား မည်သူမှန်း ရုတ်တရက် မသိနိုင်ကြချေ။

'ခင်ဗျားတို့ ဘယ်သူ့ကိုရှာနေကြတာတုံးဗျ'

'မြွေခေါးရှင်ဆိုတဲ့ သိုင်းသမား'

တစ်ယောက်က စိတ်မရှည်ဘဲ လျင်မြန်စွာ ပြန်ဖြေ၏။

'ကျုပ်ပဲ'

'ဟေ....မြွေခေါးရှင်'

တိုတိုပြတ်ပြတ် ပြောလိုက်သော ကျင်စွံ စကားကြောင့် အနက်ရောင်သိုင်းသမားများ လှုပ်လှုပ်ရွရွဖြစ်ကုန်ကြလေ၏။

'ခုနက ကျုပ်ကိုတွေ့ရင် တိုက်ချင်တယ်ဆိုတဲ့လူ ထွက်ခဲ့လေဗျာ၊ တိုက်ကြည့်ရအောင်'

မြွေခေါးရှင်က သူ့ထံမှထွက်ပြေးသွားသော လွန်ခဲ့သော နှစ်များစွာက ကျောက်ပင့်ကူဂိုဏ်းသားကြီးအား ဖိတ်ခေါ်လိုက်၏။

ထိုလူကား ရုတ်တရက် ထွက်မလာသေးဘဲ တွန့်ဆုတ်သွားရှာ၏။

'ကျုပ်ကိုတိုက်မယ့် နည်းလမ်းတွေလဲ ပါတယ်ဆိုဗျ၊ လုပ်စမ်းပါဦး စမ်းကြည့်ရတာပေါ့'

ထိုလူက ထွက်မလာသဖြင့် ကျင်စွံက ရှေ့သို့ချဉ်းကပ်သွား၏။

'ကျုပ် ကျုပ် ကျုပ်ရဲ့နည်းလမ်းက ယတြာပါဗျာ၊ ဟော ဟောဒီမှာ မြွေပါရုပ်လေး ဆောင်လာတယ်'

ထိုသူက သူ့အင်္ကျီထဲမှ 'မြွေပါရုပ်လေးအား ထုတ်ပြသည်။

ကျင်စွံက ထိုအရုပ်အား မြွေခေါးနှင့် လှမ်းလွှဲခုတ်လိုက်ရာ အပိုင်းပိုင်းအစစ ဖြစ်သွားလေသည်။



'တိုက် တိုက်ကြဟေ့....မလွတ်စေနဲ့ကွ'

နောက်ဘက်မှ အသံက စူးခနဲ ပေါ်ထွက်လာသဖြင့် ကျင်စွံသည် ရှေ့မှ မြွေပါရုပ်နှင့်လူအား ခေါးနှင့် ခပ်ဆတ်ဆတ်လေး ဆွဲချလိုက်၏။

'အ အ အ'

ထိုပုဂ္ဂိုလ်မှာ ကြောက်လန့်အော်ဟစ်ပြီး မြင်းပေါ်မှ ထိုးကျသွားတော့၏။

မြင်းအုပ်ကြီးမှာ အမှောင်ထဲ၌ ဖရိုဖရဲနှင့် ရှုပ်ထွေးကုန်သည်။

'ဝုန်း ဝုန်း ဝုန်း'

'ထန် ထန် ထန်'

မြွေခေါးရှင်က ထိုမြင်းအုပ်ထဲသို့ ထိုးဖောက်ဝင်လျက် တစ်ဦးပြီးတစ်ဦး မြွေခေါးနှင့် တိုက်ခိုက်သွားခဲ့သည်။

အနက်ရောင် သိုင်းသမားများမှာ သူ့လူ ကိုယ့်လူ မကွဲတော့ဘဲ မည်းမည်းမြင်ရာ လှမ်းခုတ်နေကြသဖြင့် အချင်းချင်း ထိမှန်ကုန်ကြ၏။

'ဝုန်း ဝုန်း ဝုန်း'

'ထန် ထန် ထန်'

'အား'

ဝရုန်းသုန်းကားနှင့် သိုင်းသမားများ တစ်ဦးပြီးတစ်ဦး လဲပြိုကျနေ၏။

မြွေခေါးရှင်ကမူ သူ၏ခေါးကြီးအား ခေါးစကြာအသွင် ဖတ်ချာလည် ဝှေ့ယမ်းထိုးခုတ်လျက် လွန်းပျံထိုးဖောက်

လှုပ်ရှားနေလေရာ တဝုန်းဝုန်းနှင့် မြင်းရောလူပါ အော်ဟစ်ညည်းညူပြီး လဲကျနေသည်မှာ သွေးပျက်စရာ ကောင်းနေ၏။

မြေခွေးရှင်၏ ခေါးကွက် သုံးလေးကွက်မျှနှင့် ရန်သူသိုင်းသမား [၁၀၂]ဦးခန့် မြေပြင်ဝယ် လူးလှိမ့်နေကြပြီ ဖြစ်သည်။

ကျန်မြင်းထက်မှ ဓားသမားများမှာလည်း ဆောက်တည်ရာ မရ ဓားဦးတည်ရာထိုးခုတ်ရင်း နောက်ဆုတ်နေကြရလေသည်။

ထိုစဉ် မြင်းခွာသံတဖြောင်းဖြောင်း အသံများ မြေခွေးရှင်၏ နားဆီသို့ လာရောက်ရိုက်ခတ်၏။

'ဟာ....ဟိုဘက်က အဖြူရောင်သိုင်းသမားတွေ ပြန်လှည့်လာကြပြီ ထင်တယ်'

ထင်သည့်အတိုင်းပင် အဖြူရောင် သိုင်းအဖွဲ့တစ်စု၏ မြင်းအုပ်စုကြီးပင် ဖြစ်နေသည်။

ထိုသိုင်းဆရာကြီးအုပ်စုကိုတော့ ကျင်စွံက မတိုက်လိုပေ။

အဘယ်ကြောင့်ဆိုသော် အဆင့်မြင့် သိုင်းဆရာကြီးများအား အကြောင်းမဲ့ အသက်မဆုံးရှုံးစေလိုသည့် ဆန္ဒကြောင့်ပင် ဖြစ်၏။

ထို့ကြောင့် အနက်ရောင် သိုင်းသမားများအကြားမှ ထိုးဖောက် ထွက်လိုက်၏။ နှုတ်မှလည်း ကျယ်လောင်စွာ ဟစ်အော်လိုက်မိသည်။



'ဟိတ်...သေချင်ရင် လိုက်ခဲ့ကြဟေ့'

ထို့နောက် မြင်းကို ကစုန်စိုင်းကာ ထိုနေရာမှ စီးနှင်ပြေးထွက်ခဲ့တော့သည်။ သူ့နောက်မှ မြင်းအုပ်နှစ်အုပ်က ဒုန်းစိုင်း လိုက်ပါလျက်....။

## [ ၄၇ ]

## မြွေခါးရှင်၏နိဂုံး သို့မဟုတ် တစ်ကောင်ကြွက်၏ နိဒါန်းအစ

တစ်ကောင်ကြွက် ချန်ယီသည် ရှည်လျားစွာ ပြန့်ပြောင်းပြောပြနေသော မြွေခါးရှင် ကျင်စွ ဆိုသည့် သိုင်းသမားကြီးအား အံ့ဩငေးမောလျက် ကြည့်ရှုနေမိ၏။

'အဲဒါ ငါ့အကြောင်းပဲကွ ချန်ယိ'

သူ့ထံမှ တိုးသက်ညင်သာသော စကားအား ကြားရလေသည်။ သည်တော့မှ ချန်ယိလည်း သက်ပြင်းမော တစ်ချက်ကို ချမိ၏။

'ဟူး....ဆရာကြီးအကြောင်း နားထောင်ရတာ ရင်ထဲဖိုနေတာပဲ၊ ဒါနဲ့ ဒီကလေးကရော ဆရာကြီး ဘယ်ကဘယ်လို....'

'အေး... ပြေးရင်းလွှားရင်းရခဲ့တာပဲပေါ့ကွာ၊ သူ့အသက်လေးကို ကယ်တင်ခဲ့တယ်ဆိုပါတော့၊ ဒါကြောင့်လဲ မကြာခင် ငါသေရတော့မှာပါကွယ်၊ ငါ့ကိုယ်စား မင်းပဲ မွေးမြူရစ်ခဲ့ပေတော့ ချန်ယိရယ်'

သည်သိုင်းသမားကြီးထံမှသေဆုံးတော့မည်ဆိုသည့်စကားကြားရတော့ ချန်ယိလည်း စိတ်မကောင်းဖြစ်မိသည်။

'ဒီလူကြီး မသေမီ တွေ့ဆုံရရင်အကောင်းသား၊ ခုတော့ သေခါနီးမှ တွေ့ကြုံရတယ်....ဟင်း'

သူ၏စိတ်ထဲ ထိုသို့ တွေးလိုက်မိသေး၏။ နှုတ်ကမူ သိုင်းသမားကြီး စိတ်ချမ်းသာစေရန် ပြောဆိုရပြန်၏။

'စိတ်ချပါ ဆရာကြီး၊ ကျွန်တော် စောင့်ရှောက်သွားပါ့မယ်'

'အေး....အေး....ခုလိုကြားရတော့ ငါလဲအသေဖြောင့်တာပေါ့ သူငယ်ရယ်၊ ကဲကဲ....ဟောဒီမှာ 'ရေခလမီးခသ သိုင်းကြေကျမ်းမဟာ' ဆိုတဲ့ သိုင်းကျမ်းကြီး၊ မင်းအဖို့ ထိုက်သင့်လို့ရတာပဲ မှတ်ကွယ့်။

'နောက်ပြီး ဒီမှာ ငါ့ရှဲ့မြွေဓား မင်းနဲ့မကွာထား၊ မင်းအသက်ကို စောင့်လိမ့်မယ်၊ သိုင်းကျမ်းကြီးကို လေ့ကျင့်ဖို့တော့ ဝီရိယလိုလိမ့်မယ်၊ မြွေဓားကို အသုံးချဖို့တော့ သတိအမြဲရှိရမယ်၊ အဲ....ကလေးငယ်ကို စောင့်ရှောက်ဖို့တော့ မေတ္တာလိုမယ်ကွယ့်'

'အားလုံး ကျွန်တော် ဆောင်ရွက်ပါ့မယ် ဆရာကြီး၊ ကတိလဲ ပေးပါတယ်'



ကျင်စွိက သူ၏ မြွေဓားနှင့် သိုင်းကျမ်းကို ချန်ယိထံ အပ်နှင်းလိုက်သည်။

'ကဲ....ကျောက်ခွက်ထဲက လူလေးကို ပွေ့ချီခဲ့ပါဦးကွာ၊ ငါ နှုတ်ဆက်ခဲ့ချင်တာကွ'

ချန်ယိက ကလေးအား သွားရောက်ပွေ့ချီလာသည်။ ကလေးက သဘောကောင်းစွာ မငိုကြွေးဘဲ လိုက်ပါလာ၏။ သိုင်းသမားကြီး မြွေဓားရှင်မှာ ကလေးအား တစ်ချက်နမ်းရှုပ်ကာ....

'အဘိုးသွားတော့မယ် လူလေးရယ်....နော်'

ထိုသို့ နှုတ်ဆက်ပြီး ခေါင်းလည်ကျသွား ရှာတော့၏။ တိုက်တိုက်ဆိုင်ဆိုင် ကလေးလည်း စူးစူးဝါးဝါး အော်ဟစ်ငိုကြွေးလိုက်လေသည်။ ချန်ယိရင်ထဲ၌ ကြေကွဲဆို့နစ်နေတော့သည်။

သူ သွားလေပြီ။ ကျန်ရစ်သူက သူနှင့် မွေးကင်းစလေး။

★

တစ်ကောင်ကြွက် ချန်ယီမှာ မွေးကင်းစ ကလေးအား ကျောတွင်ပိုး၍ ရေလေမီးသေ သိုင်းကြေကျမ်းမဟာပေထုပ်ကြီးကိုမူ ရင်ဘတ်ဝယ်အပ်ပြီး ခါး၌ မြေခွေးကြီးအား ချိတ်လျက် ရှေ့ခရီးကို ဆက်နှင်ရပြန်တော့သည်။

ယခင် တစ်ကောင်ကြွက်ချန်ယီနှင့် လုံးဝမတူတော့၊ များစွာ များစွာ ကွာခြားသွားပြီ ဖြစ်၏။

မူလ သူ့၌ ပိုင်ဆိုင်ခဲ့သည့် ဦးထုပ်အစုတ်တစ်လုံး၊ လွယ်အိတ် အစုတ်တစ်ခုနှင့် ဖိနပ်အစုတ်တစ်ရန်အပြင် ခုတော့ မွေးကင်းစကလေးတစ်ဦး၊ သိုင်းကျမ်းမဟာ တစ်စောင်နှင့် မြေခွေးတစ်လက်တို့ဖြင့် ကြီးပွားတိုးတက်နေပြီ ဖြစ်၏။

ချန်ယီမှာ ယခင်ကနှယ် 'တစ်ကောင်ကြွက်' မဟုတ်တော့ဘဲ 'နှစ်ကောင်ကြွက်' ဖြစ်လာခဲ့ပြီ။ ကြွက်သေးသေးတစ်ကောင်က သူ့ကျောထက်ဝယ် တွယ်ကပ်လိုက်ပါနေခဲ့ပြီ ဖြစ်သည်။

ချန်ယီ တစ်ယောက် သူ့ဘာသာ တွေးမိပြီး သဘောကျစွာ ပြုံး၏။ လောက၌ မည်သူမှ ဂရုစိုက်စရာ မလို၊ သူ့တွင် ပြည့်စုံနေပြီလေ။

အန္တရာယ်ကို ကာကွယ်နိုင်ရန် ခါး၌ ဓားတစ်လက်ရှိပြီး စကားပြောရန် အဖော်ဆိုလည်း ကျောဝယ် လွယ်ထားသည့် ကြွက်ကောင်စုတ်လေးလည်း ရှိပြီ။

အဲ....ပျင်းလျှင် လေ့လာဖတ်ရှုလိုက ရင်ဝယ်စည်းနှောင်ထားသည့် သိုင်းကျမ်းဆိုသည့် ပေထုပ်လည်း ရှိနေပြီ။ သည့်ထက်ပို၍ အချိန်ရသေးလျှင် သိုင်းပညာဆိုတာကို လေ့ကျင့်ကစားနိုင်ပြန်လေသည်။ ဘာမှ မလိုတော့။



ပြည့်စုံပြီး ဖြစ်သည်။ ချင်ယီမှာ မကြုံစဖူး တက်ကြွနေသည်။ ထို့ကြောင့် ခြေလှမ်းတိုင်းမှာလည်း မြောက်ကြွမြောက်ကြွနှင့် ဖြစ်နေ၏။

ရင်ကိုကော့လျက် လျှောက်၏။ ထိုအခါ ကျောမှ ကြွက်စုတ်လေးက တအဲ့အဲ့နှင့် အော်ဟစ်ပြန်သည်။ ထို့ကြောင့် ခါးကို ပြန့်ညွတ်ပေး ရပြန်သည်။ ကိုယ်တော်ချောလေးက အနေရခက်သည် ထင်၏။

သို့ဖြင့် အသံပြုနှင့် ပါးစပ်ထဲတွေ့ရာ သီချင်းတစ်ပုဒ်အား အော်ဟစ် သီဆိုမိ၏။ ကလေးက အငိုမတိတ်ဘဲ ပို၍ ငိုကြွေးသည်။

သူက ကလေးအသံကို ဖုံးနိုင်ရန် သည့်ထက်ပို၍ ကျယ်လောင်စွာ အော်ဆိုပြန်၏။ ကလေးကလည်း အသံစူးစူးနှင့် အရှိန်ဖြင့် ငိုပြန်၏။

သူကလည်း ထပ်မံ၍ အသံရှိန်မြှင့်ကာ အော်သည်။ ကလေးကလည်း ငိုသည်။ တစ်လမ်းလုံး သူတို့နှစ်ဦး၏ အသံများနှင့် ဆူညံလို့သွား၏။

လမ်းဝယ် တွေ့သော ခရီးသွားအချို့က သူတို့နှစ်ဦးအား ပြုံးသွားကြသည်။ အချို့ကလည်း မဲ့၍သွား၏။

မဲ့မဲ့ပြုံးပြုံး သူက လုံးဝမမှု။ နောက်ဆုံးတော့ ကလေးလည်း မော၍ တိတ်သွားသည်။ သူလည်း အသံဝင်၍ဆက်ဆိုလို့ မရတော့ပြီ။ ထိုအခါမှ သူတို့ခရီးကတိတ်ဆိတ်ငြိမ်သက်စွာ ဆက်လက်ချီတက်နေပြန်သည်။

ရွာက ထွက်လာစဉ်တုန်းက သူ့၌ ခရီးပန်းတိုင်ဆိုတာ မရှိ။ ရည်ရွယ်ချက်ဆိုတာ နတ္ထိ။ခုတော့ သူ့၌ သွားရမည့် ခရီးက ရှေ့ဝယ်ရှိနှင့်ပြီ။အကြောင်းအရာတို့ကလည်း ထိုနေရာ ဝယ် ရှိနေခဲ့ပြီ။

သူ့ကိုမသိသော ထိုဒေသအား သူသိထားသည်။ထို့အတူ သူ့ကိုမသိသောလူတွေကိုလည်း သူ သိနှင့်နေပြန်၏။

ဒါကိုက သူ့ဘက်က တစ်ပန်းသာသည်ဟု သူထင်၏။ သူ့အတွက် ဘဝ၌ အလွန်ခင်မင်လေးစားစရာ ကောင်းသည့် ပုဂ္ဂိုလ်အား အသေစော၍ နှမြောမိသေးသည်။

သူ့အဖို့ ပထမဦးဆုံး တလေးတစား စကားပြောခံရဖူးသည်မှာ ထိုလူကြောင့်ပင် မဟုတ်ပါလား။

အရေးတယူ လုပ်ခဲ့ရဖူးတာ သည်တစ်ကြိမ်သည်သာ အဦးဆုံး ဖြစ်၏။ သူ့အား ကြီးပွားတိုးတက်အောင် အဝမွပေးခဲ့သည့်လူ မဟုတ်ပါလား။

ထို့ကြောင့် ကျေးဇူးရှင်ဆရာနှင့် ပတ်သက်သည့် အရေးအကြောင်းများကို သူ ရှင်းလင်းရမည် ဖြစ်၏။

သည်ကျေးဇူးရှင်ဆရာနှင့် ပတ်သက်သည့် ကျောပေါ်မှ ကောင်စုတ်လေးအား သူ စောင့်ရှောက်ရမည် ဖြစ်သည်။ သည်လိုနှင့် တောင်တွေးမြောက်တွေး တွေးလျက် သူ ခရီးဆက်သည်။လမ်း၌ တွေ့သည့်အပင်ပေါ် တက်၍ ခူးဆွတ်စားသည်။



တွေ့သည့်ရေကို ဝင်သောက်သည်။ ပိုသေးလျှင် လက်ဆေးသည်။ ပိုသေးလျှင် မျက်နှာသစ်သည်။ ထပ်၍ ပိုသေးလျှင် ခြေကိုပင် ဆေးခဲ့တော့သည်။

အဲ....ကြွက်စုတ်ကလေး ဆာလောင်လျှင်တော့ သူပြဿနာတက်လေပြီ။ နို့ချိုဆိုတာက နေရာတိုင်းမှာမရှိ။ သို့သော် တွေ့သည့် တိရစ္ဆာန်၏ နို့ရည်ကို အတင်းညှစ်၍ တိုက်သည်။ ဆိတ်နို့၊ နွားနို့၊ ကျွဲနို့ စသည်ဖြင့် ကံကောင်းလျှင် ကောင်းသလို ရရှိသည်။ မရသည့်အဆုံး ခွေးတွေ့သည်း ခွေးနို့တိုက်ကျွေးရသည်။ သည့်အတွက် ခွေးကိုက်ခံရသည့် ဒုက္ခကတော့ သူ့အဖို့ပိုသည်။

တစ်ခါတစ်ရံ အလွန်ကံကောင်းပါက လမ်း၌ လာသည့် အမေတစ်ဦးဦးကို တွေ့ကြုံရလျှင် တကွတ်တွတ်ဖြင့် နို့လေးတိုက်ကျွေးသွားပါရန် နားပူနားဆာ လုပ်ရသည်။

အချို့က ကလေးကို သနား၍ တိုက်ကျွေးသော်လည်း အချို့ကမူ လူကြီးကို အမြင်ကတ်၍ တိုက်ကျွေးရသည်။ အဘယ်ကြောင့်ဆိုသော်, မတိုက်မချင်း တကွတ်တွတ်နှင့် နားငြီးအောင် တောင်းခံနေသောကြောင့် ဖြစ်သည်။

မည်သို့ပင် ဖြစ်စေ ကြွက်စုတ်လေးကတော့ နို့တစ်လုံးစို့လိုက်ရသည်သာချည်း။ ထိုအခါ နို့ဝပြီး ကိုယ်တော်က ကျောထက်ဇိမ်နှင့် အိပ်စက်လိုက်ပါတော့သည်။

အဲ....တစ်ခါတလေ ငတိလေး ကံဆိုးမိုးမှောင်ကျလျှင်တော့ နို့တိုက်သတ္တဝါလည်း မတွေ့ နို့တိုက်သူလည်းမတွေ့

ဖြစ်လျှင် တကျည်ကျည်တကျာကျာနှင့် ငိုကြွေးနေရှာသည့် ကလေးအား သူ့တံတွေးတို့ကို ထွေးထည့်ပေးရတော့သည်။

တွေ့ရာစားပြီး သွားမတိုက်ပလုတ်မကျင်းသည့် သူ့ခံတွင်းအား နံသည်ပုပ်သည်ဟု ကလေးက အတင်းမပြော၊ တပြွတ်ပြွတ်နှင့် မြိန်ရေရှက်ရေ စုပ်မျိုနေတတ်ပြန်သည်။

သူ၏ တံတွေးပင်လျှင် ခန်းလုလု၊ လူကြီးတွေပြောစကားအရဆိုလျှင်ဖြင့် သည့်နှယ် တံတွေးထွေးထည့်ပါကကိုယ့်စကားနားထောင်သည်ဟု ဆိုသည်။ ကောင်းသည်အလွန်ကောင်းသည်။

ကြီးလာလျှင် ကိုယ့်စကားများအား သည်ကောင် နားထောင်ပေလိမ့်မည်။

သည်လိုနှင့် တစ်ရွာဝင်တစ်ရွာထွက် တစ်တောဝင်တစ်တောတက် တစ်ကောင်ကြွက် ချန်ယီတစ်ယောက် ခရီးပေါက်ခဲ့သည်။ ရောက်ရာအရပ်အား ကိုယ့်ဒေသ အောက်မေ့၍ ရသည့်အရိပ်မှာလည်း ကိုယ့်အိပ်ရာအမှတ်နှင့် အိပ်စက်တတ်ခဲ့ပြန်သည်။

ကြွက်စုတ်ကလေးငိုလျှင် ချော့မြူကာ အိပ်နေလျှင်မူ ကျမ်းမဟာကြီးကို ဖတ်ဖြစ်ခဲ့သည်။ စိတ်ပါလျှင် လိုက်လံ လေ့ကျင့်ကြည့်သည်။

သည့်ထက်ပို၍ စိတ်ဝင်စားလျှင်တော့ မြွေဓားကြီးနှင့် လေ့ကျင့် ကစားကြည့်မိပြန်သည်။ သို့ဖြင့် တစ်ကောင်ကြွက် ချန်ယီမှာ နှစ်ကောင်ကြွက်ချန်ယီဖြစ်လာမှ အချိန်ကုန်မှန်း မသိ ကုန်လာခဲ့ရသည်။



ယခင်ကနှယ် အချိန်တွေမပိုခဲ့တော့ မငြီးငွေ့အား မပျင်းရိအား အလကား အချိန်ဆိုတာမရှိ။ အချိန်တိုင်း အလုပ်တွေနှင့် ရှုပ်နေခဲ့သည့်ချန်ယီ။

နှစ်နှစ်ဆိုတာ ခဏလေးသာ ကြာလိုက်သည်ဟု ထင်မိ၏။ ကျောထက်မှ ကြွက်စုတ်ကလေးမှာ ခုတော့ တောက်တောက် တောက်တောက်နှင့် လမ်းလျှောက်နေတတ်လာပြီ။

ညောင်း၍ အော်ငိုပြန်လျှင် ပခုံးပေါ်တင်ပြီး ခရီးဆက်နိုင်သည်။ ကျောပေါ်ချီပြီး သွားနိုင်သည်။ အလျင်ကထက်ပိုပြီး ခရီးတွင်လာသည်။ သိုင်းကြေကျမ်းမဟာမှ ပေရွက်များမှာလည်း တစ်ရွက်ပြီးတစ်ရွက် ဖတ်၍ကုန်လာသည်။ လေ့ကျင့်၍ ပြီးပြီးလာသည်။

မထင်မှတ်ဘဲ သူ့၌သိုင်းပညာအကွက်တွေ အတော်အတန် ရရှိလာခဲ့သည်။ တစ်ခါတစ်ရံ သူ့ဘာသာသူ အံ့သြနေမိ၏။ သိုင်းကျမ်းကြီး တစ်ဝက်ကျော်ကျော် သူတတ်ကျွမ်းနေခဲ့ပြီ။

ထိုအခါ တစ်ကျမ်းလုံး သူတတ်မြောက်ချင်လာသည်။ အပြင်းအထန် လေ့လာ ဖတ်ရှုသည်။ လေ့ကျင့်ကစား၏။ ကောင်စုတ်လေးကိစ္စပြီးစီးလျှင် အချိန်တိုင်း ကျမ်းမဟာနှင့်သာ လုံးထွေးနေတော့သည်။

တစ်ခါတစ်ရံ ခရီးမဆက်သဖြင့် အစာမစားဖြစ် မအိပ်ဖြစ်။ ကြွက်စုတ်ကလေးက တငိုငိုတရယ်ရယ်လုပ်လည်း သူက အရေးမလုပ်။ ငိုချင်ငို ရယ်ချင်ရယ်၊ ကြိုက်တာလုပ် သူကတော့ သိုင်းကြေကျမ်းနှင့် ဖတ်လိုက် လေ့ကျင့်လိုက်အလုပ်ရှုပ်နေ၏။

ကြာတော့ ကြွက်စုတ်ကလေးကိုယ်တိုင် သူ့လေ့ကျင့်မှုထဲ ပါဝင်လာသည်။ သူက ကြွက်စုတ်ကလေးအား အလွယ်တကူ ရှပ်ဆိုးလေးဟု ခေါ်ဝေါ်သည်။ ကလေးက အမှန်တကယ်လည်း အကျည်းတန်လှသည်။

အဖေရှပ်ဆိုးလား အမေရှပ်ဆိုးလားမသိ။ သည်ကောင်ကတော့ ရှပ်ဆိုးတာ အမှန်။ မျက်လုံးမှေးမှေး နှာခေါင်းလန်လန် ပါးစပ်ထော်ထော် ပါးဖောင်းဖောင်းနှင့် တကယ့်ဝက်ကလေးတစ်ကောင်လိုပင်။

သည်တော့ နာမည်ပေး ကင်ပွန်းတပ်စရာ အထူးမလိုအပ်တော့ဘဲ ရှပ်ဆိုးပေါ့။ သည်လိုနှင့် ကြွက်စုတ်လေးနာမည် ရှပ်ဆိုးဟုတွင်လာသည်။ သူက ရှပ်ဆိုး၍ ရှပ်ဆိုးဟုခေါ်သည်မှာ သစ္စာတရားကျမည်ဟု ထင်သည်။

ဒါကအရေးမကြီးနိုင်။ အရှပ်ဆိုး၍ ရှပ်ဆိုးဟု ခေါ်ဆိုခဲ့သည်ပဲ၊ စိတ်ဆိုးစရာ မဟုတ်။ လူတွင် အရှပ်ဆိုးလည်း လူဝင်ဆံ့နိုင်၏။ လူကောင်းဖြစ်နိုင်၏။

စိတ်ဆိုးလျှင်သာ လူကြားထဲမတိုးနိုင်၊ လူကောင်းမဖြစ်နိုင်ဟု သူယုံကြည်သည်။

မည်သို့ဖြစ်စေ ရှပ်ဆိုးလေးကိုတော့ သူချစ်မိ၏။ ကိုယ့်သွေးသား မဟုတ်သော်လည်း မမွေးရရှိတစ်မည် ကျွေးမွေးပြုစုလာခဲ့ရသဖြင့် သံယောဇဉ် တွယ်ရသည်။

ရှပ်ဆိုးကလည်း သိသည်။ သူ့အား ပါပါဟု ချစ်စနိုးခေါ်သည်။ အနောက်က တကောက်ကောက်လျှောက်လိုက်သည်။



သိုင်းကျွမ်းဖွင့်လျက်လေ့ကျင့်နေလျှင် တစ်နေရာ၌ ငြိမ်ငြိမ်ထိုင်ကာ ကြည့်ရှုနေတတ်သည်။ အတန်ကြာလျှင် ချန်ယီလေ့ကျင့်သမျှ ခြေမြှောက် လက်မြှောက်နှင့် လိုက်လံအတုခိုး လုပ်လေတော့သည်။

ဒါတွေကြောင့်လည်း ချန်ယီက ရှပ်ဆိုးလေးအား ပို၍ ငြိတွယ်သည်။

ကဒလားလုပ်နိုင်သည့် ကျွမ်းထိုးခြင်း ခုန်ပေါက်ခြင်း ကင်းမြီးကောက် ထောင်ခြင်း၊ သစ်ပင်ပေါ်တက်ခြင်း၊ ခြေလက်များကို သန်မာအောင် လေ့ကျင့်ပေးခြင်း စသည်ဖြင့် သင်ကြား၏။

ထို့ကြောင့် ရှပ်ဆိုးလေးမှာ အရွယ်နှင့် မလိုက်အောင် အံ့ဩရသည့် ထူးခြားသော ကလေးငယ်တစ်ဦး ဖြစ်လာခဲ့သည်။ အဖေသိုင်းသမား၊ သားသိုင်းသမား ဟူ၍ အနီးပတ်ဝန်းကျင်မှ လူများ မျက်မှန်းတန်းမိလာ၏။

ချန်ယီက ခပ်ပျော်ပျော် နေတတ်သော်လည်း ရုပ်ဆိုးလေးကဲမှ မျက်မှောင်ကြုတ်၍ ခပ်တည်တည်ရှုသိုးသိုးနေလေ့ရှိ၏။

'ဟော့....သားရဲ့၊ မင်းကြည့်ရတာ အမြဲမျက်မှောင်ကြုတ်ပြီး တစ်လောကလုံး မင်းရဲ့လုပ်စာ စားနေရသလိုပဲကွာ၊ တစ်ခါတလေ ပြုံးဖယ် ရွှင်ဟယ် ပျော်ပျော်ပါးပါး နေကြည့်စမ်းပါကွာနော်'

တစ်ခါတလေတော့ ရုပ်ဆိုးအား သူ ဤသို့ပြောကြည့်သိမ်းသွင်းကြည့်၏။ ကလေးက ခေါင်းကိုသာ တွင်တွင်ခါလေသည်။

ထို့ကြောင့် သူ့အပြောကို လက်လျှော့ပြီး တိတ်တိတ်နေလိုက်ရသည်။

သူ့စရိုက် သူ့အကျင့်က မွေးကတည်းက ပါလာခဲ့သည်ပဲလေ။ မတင်းနိုင်တော့၊ စိတ်ချမ်းသာသလို နေတော့ဟုသဘောပိုက်ကာ ဥပက္ခာပြုနေရတော့သည်။

ရုပ်ဆိုးရသည့်အထဲ ထိုသို့သော အမူအရာ သွင်ပြင်မျိုးနှင့်ဆိုတော့ ပတ်ဝန်းကျင်က ပြောကြတော့သည်။

'အင်း....ကလေးက နာမည်နဲ့လိုက်အောင် အကျည်းတန်တာပဲ၊ ဒီကြားထဲ အမြဲတစေ မှုန်တေတေနေတော့ပိုဆိုးတယ်၊ ဆော့လိုက်တာလဲ မျောက်ငိုရဟဲ့ကလေးပဲ၊ မျောက် တစ်ကောင်တောင် သူ့လောက်လုပ်နိုင်မှာ မဟုတ်ဘူး'

သည်လိုကျတော့ ပထမတော့ ချန်ယီ စိတ်ဆိုး၏။ နောက်တော့ ပြန်တွေးတောကြည့်လျှင်....



'ဒါဟာအမှန်ပဲ ဘာစိတ်ဆိုးစရာရှိလို့လဲ၊ အေး....ငါ့သားကို မျောက်ထက်တော်တယ်လို့ ချီးကျူးခဲ့တာပဲ၊ မျောက်တောင် ထိုင်ငိုရမယ်လို့ပြောကြတာ၊ ဟဲ....ဟဲ့ ဟုတ်တယ်၊ ငါ့သားဟာ လူတော်တစ်ဦး ဖြစ်လာမှာတော့ သေချာပါတယ်'

ချန်ယီ ထိုသို့ဖြေသိမ့်တွေးတောကာ အဆိုးထဲမှအကောင်းကို ယူလိုက်သဖြင့် စိတ်ချမ်းသာသွားတော့သည်။ ရေလေမီးသေ သိုင်းကြေကျမ်းမဟာအား လေ့ကျင့်နေစဉ် ကာလ၌ ပထမဦးဆုံး ရန်ပွဲတစ်ပွဲကို ချန်ယီ ဆင်နွှဲခဲ့ရ၏။

ထိုရန်ပွဲကား ဒုစရိုက်သမားများ ထွန်းကားသည့် ရွှေခေါင်းလောင်းအမည်ရှိ မြို့လေးတစ်မြို့၌ ဖြစ်သည်။

ဖြစ်ပွားပုံကလည်း ရယ်မောဖို့ကောင်းသည်။ ထိုနေ့က ရွှေခေါင်းလောင်းမြို့သို့ နံနက် နေရောင်ခြည်နှင့်အတူ သူတို့သားအဖ ရောက်ရှိသွားကြသည်။

မြို့သို့ဝင်ပြီး မကြာမီမှာပင် စည်ကားသော ဈေးလေးတစ်ဈေးကို ရောက်ရှိသွားကြ၏။

ရောင်းချသူများနှင့် အတော်လေး စည်ကားသည့်မြို့ဈေးလေး တစ်ဈေးဖြစ်သည်။ ချန်ယီက ဦးထုပ်အစုတ်ကို ဆောင်းလျက် လွယ်အိတ်အစုတ်ကို စလွယ်သိုင်း၍ ဖိနပ်အပြဲကို တဖတ်ဖတ် နင်း၍ လျှောက်၏။

ခါး၌လည်း ဓားရှည်ကြီးတစ်လက်ကို ချိတ်လို့ သိုင်းကြေကျမ်းမဟာကိုတော့ အဝတ်အိတ်တစ်အိတ်နှင့် ထည့်ပြီး ကျော

ပိုးသွား၏။ လက်က ရှပ်ဆိုးလေးအားဆွဲကာ ဈေးထဲသို့ ဝင်ရောက်ခဲ့၏။

ချန်ယီမှာ ဈေးဆိုင်များရှိ စားသောက်ဖွယ်ရာများကား သွားရည်ကျလျက် ငေးမောလာခဲ့သဖြင့် ရှပ်ဆိုးလေးအား မေ့လျော့ခဲ့မိသည်။

ရှပ်ဆိုးက လမ်းတစ်လျှောက်လုံး ကျွမ်းထိုးလိုက် ကင်းမြီးကောက်ထောင်လျှောက်လိုက် ခုန်လိုက်ပျံလိုက်၊ ခြေကား လက်ကား လုပ်လိုက်နှင့် မျောက်တစ်ကောင်ကဲ့သို့ ကမြင်းကြော ထလာခဲ့၏။

ထိုသို့ ကလေးတစ်ဦးက အငြိမ်မနေဘဲ တစ်လမ်းလုံး ဆော့ကစားလာသဖြင့် မြင်ရသူအပေါင်းမှာ ရယ်သူရယ် ပြုံးသူပြုံး သဘောကျသူကျနှင့် အံ့သြစွာ ငေးမော ကြည့်ရှုသွားကြသည်။

ရှပ်ဆိုးလေး၏ အင်္ကျီ အဝတ်အစားများမှာလည်း ညစ်နွမ်း ပေကျံနေ၏။

ထို့ကြောင့် ရှပ်ဆိုးအား အချို့ လမ်းသွား လမ်းလာများက မျောက်တစ်ကောင်ပဲဟု ထင်မိကြသည်။ ထိုစဉ် ဈေးထဲသို့ သိုင်းသမား ငမူးနှစ်ဦး ဝင်ရောက်လာကြသည်။ သူတို့က ချန်ယီတို့သားအဖကို တွေ့ရှိသွားကြ၏။

ရှပ်ဆိုးလေး၏ ခုန်ပျံ ဆော့ကစားနေခြင်းအားလည်း မျောက်တစ်ကောင်ဟု အထင်ရောက်ကြသည်။ ချန်ယီအား



လည်း မျောက်ကိုလိုက်လံပြသပြီး ငွေစများ တောင်းစားသောသူ တစ်ဦးထင်သည်။

လှိုင်စာပေ

ချန်ယီအားလည်း မျောက်ကိုလိုက်လံပြသပြီး ငွေစများ တောင်းစားသော သူတစ်ဦးဟုထင်သည်။ ထို့ကြောင့် လူစည်ကားရာ ဈေးထဲသို့ ဝင်လာကြခြင်းဖြစ်မည်ဟု ထင်မှတ်ကာ....

'ဟေ့....ဟိုမှာမျောက်ပွဲပြတဲ့လူကွ၊ အပျင်းပြေမျောက်ကက ခိုင်းရအောင်၊ ငွေစနည်းနည်းပေးလိုက်တာပေါ့၊ ဘယ့်နှယ်လဲ'

တစ်ယောက်သောအမူးသမားက ပြဿနာဖြစ်ရန် စတင်လိုက်၏။

'ကောင်းသားပဲ ခေါ်လိုက်လေကွာ၊ ငွေစမပေးလဲရပါတယ်၊ နည်းနည်း ပါးပါး ခြောက်လှန့် လိုက်တာပေါ့ ဟဲ....ဟဲ'

ဒုတိယအမူးသမားကလည်း ထပ်မံ ဘေးတီးလိုက်သဖြင့် ပထမလူက ချန်ယီအား လှမ်းခေါ်လေတော့သည်။

'ဗျို...မျောက်ဆရာကြီး လာပါဦးဗျ၊ မျောက်ပွဲ တစ်ပွဲလောက် လုပ်ခဲ့ပါဦး၊ ဟီး ဟီး အေ့'

ချန်ယီက အခြားလူတစ်ဦးဦးအား ခေါ်သည် ထင်၍ ဘေးတီပတ်ဝန်းကျင်သို့ လှည့်လည်ကြည့်ရှုလိုက်မိသည်။ မည်သူမှ မရှိ။ သူသာလျှင် အထီးတည်း။ ချန်ယီက အမူးသမားအား လှမ်းကြည့်လိုက်ပြန်သည်။

'ခင်ဗျားကိုခေါ်တာပါ၊ ဟို...မျောက်လေးကို ကျွမ်းထိုးခိုင်းပါဦးဗျ ဟဲ ဟဲ'

ချန်ယီ မျက်မှောင်ကြုတ်သွားမိ၏။ ဒါမူးမူးနှင့် သူ့ကို ရန်စခြင်းဖြစ်မည်။ ဒေါသ ဟည်း ဘောင်းခနဲ ထွက်သွားမိသည်။

သို့ရာတွင် သူတို့ကနှစ်ယောက်။ ပြီးတော့ သူ့ထက် နှစ်ဦးစလုံးက အသက်အရွယ်ရော ဗလများပါ ကြီးမားသည်။ သူ နိုင်မှာမဟုတ်။ ထို့ကြောင့် မကြားချင်ယောင်ဆောင်ပြီး ရှေ့ဆက်သွား၏။

'ဟေ့....မျောက်ဆရာ...ဆရာ ခေါ်နေတာ မကြားဘူးလားကွ'

နောက်မှ ငမူးတစ်ယောက်က အသံခပ်မာမာနှင့် အော်ဟစ်ခေါ်ပြန်သည်။ ချန်ယီလှည့်မကြည့်ဘဲ ဆက်သွားပြန်သည်။



'ဟိတ်... ရပ်စမ်း၊ မရပ်ရင် ကုပ်ဆွဲပြီး ရပ်ခိုင်းရမယ်နော်၊ ဒါပဲ'

ချန်ယီက ရန်မဖြစ်ချင်၊ ရန်ဖြစ်လျှင်လည်း သူကလူကောင်ဘာမှ ထွားကျိုင်းလှသည်မဟုတ်။ နာစရာရှိ ကိုယ်ပဲနာလိမ့်မည်ကို စဉ်းစား၏။ သို့နှင့်ခြေလှမ်းကိုမရပ်ဘဲ ဆက်လျှောက်ပြန်လေသည်။

ခြေလှမ်း လေးငါးဆယ်လှမ်းပဲ လျှောက်လှမ်းရသေးသည်။ သူ၏ကုပ်မှ အင်္ကျီစအား တစ်စုံတစ်ယောက်က လာရောက် ဆွဲသည်ကို ခံရလေသည်။

'ခင်ဗျား ခေါ်နေတာ မကြားဘူးလားဟင်'

အမူးသမားက သူ့အင်္ကျီကိုဆွဲဆုပ်ထားပြီး ဟိန်းဟောက်၏။ သည်လို ကိုယ်ထိလက်ရောက်ကျူးလွန်လိုကတော့ ချန်ယီ မခံနိုင်ပြီ။

အလိုအလျောက် သူ့အင်္ကျီစအား ဆွဲထားသည့် အမူးသမား၏လက်ကို ဖမ်းဆွဲလိမ်လိုက်ကာ ပခုံးပေါ်မှကိုင်ပေါက်ချလိုက်၏။

'အ အ အ'

'ဝုန်း'

အမူးသမားခမျာ လေဝယ်မြောက်တက်သွားပြီး မြေပြင်သို့ ခွေးကျဝက်ကျ ကျရောက်သွားသည်။ ချန်ယီလည်း အံ့အားသင့်သွားသည်။

သည်လောက်ကြီးတဲ့ ခန္ဓာကြီးအား သူ ကိုင်ပေါက်နိုင်လိုက်တာပဲ၊ ဟဲ ဟဲ၊ အတော်ဟုတ်တဲ့ငါပါလား။

သွေးတို့နားထင်သို့ ရောက်သွားသည်။ သူ့ကိုယ်သူ မယုံမရဲ ရှိရာက ယုံကြည်လာမိ၏။ သူ အချို့သော သိုင်းကွက်များကို အလွတ်ရနေပြီပဲ။

ဒါကြောင့်လည်း အလိုအလျောက် ရန်သူအား ကိုင်ပေါက်လိုက်နိုင်ခြင်းဖြစ်သည်။ ငမူးသမားမှာ မြေဝယ်ကော်ရှုံ့ပြန်မထနိုင်မှာ။ ကုန်းကုန်းကွကွနှင့် တအင်းအင်း အသံထွက်နေ၏။

စည်ကားနေသောဈေးလမ်းဖြစ်၍ လူတွေ စုပြုံကြည့်ရှုလာခဲ့ကြသည်။ ထိုစဉ် နောက်အမူးသမား တစ်ယောက်က ခပြေးဝင်လာပြန်၏။

သည်တစ်ယောက်ကိုလည်း ချန်ယ ကြိုတင်စီစဉ်စိတ်ကူးထားခြင်းမရှိဘဲ လွတ်ခနဲ လေထက်ခုန်ပျံကာ မေးဖျားအား ခြေဖျားနှင့် ခတ်လိုက်မိ၏။

'ဟိတ်'

'ခွပ်'

အမူးသမားမှာ သူ့အရှိန်နှင့်သူ နောက်ပြန်လန် လဲကျသွားလေသည်။

'ဟေ့ ဟေ့'

ပတ်ဝန်းကျင်မှ လူများက သူ့အား ဩဘာပေး အော်ဟစ်ကြလေသည်။

'ဟဲ ဟဲ'

သူကလည်း ထိုလူများအား သွားကိုဖြဲကာ တဟဲဟဲနှင့် တုံ့ပြန်လိုက်၏။



'ဟီးဟီး'

ရှပ်ဆိုးလေးကလည်း မရယ်စဖူး ရယ်မောလျက် ကျွမ်းထိုးနေလေသည်။ ကင်းမြီးကောက်ထောင်နေလေသည်။

'ဖြောင်း ဖြောင်း ဖြောင်း'

သူ့အားလည်း ပရိသတ်က အားပေးလက်ခုပ်တီးကြ၏။ ထိုစဉ် ပရိသတ်တစ်ဦးက သူ့နောက်ဘက်သို့ လက်ညှိုးညွှန်ကာ....

'ဟော့....ဟော့....ဟိုမှာ....ဟိုမှာ'

ချန်ယီ လည်ပြန် ကြည့်ရှုလိုက်ရာ အမူးသမားများနှင့် တစ်အုစ်စုတည်းထင်ရသော လူအချို့ ပြေးလာကြသည်ကို တွေ့ရ၏။ သုံးလေးယောက်ရှိမည် ထင်၏။ လက်ထဲ၌ ဓား ကိုယ်စီနှင့်ဖြစ်သည်။

'ဟင်....ဓားတွေနဲ့'

သူ့လက်က အလိုအလျောက် မြွေခေါင်းကြီးကို စမ်းသပ်မိသွားသည်။

'ဝှစ် ဝှစ် ဝှစ်'

'ထန် ထန် ထန်'

သူတို့က ဓားများနှင့် ဝင်ရောက်တိုက်ခိုက်ကြ၏။ ချန်ယီက လျှပ်တစ်ပြက်ပင် မြွေခေါင်းကြီးကိုထုတ်ကာ ကာကွယ်ခုခံလေသည်။

လေးဦးသော ဓားသမားတို့၏ ဓားချက်များကိုတစ်ပြိုင်နက် ခုခံမိသဖြင့် သူကိုယ်တိုင်ပင် အံ့ဩမှင်တက်သွားမိလေသည်။

ထို့နောက် သူ့လက်တို့က အလိုလိုပင် ဓားကွက်များကို ဖန်တီးသွားရာ ဓားသမားများခမျာ ပထမ ဓားကွက်၏ ဓားချက်များနှင့်ပင် ဒဏ်ရာအသီးသီးရရှိသွားကြကုန်တော့သည်။

ပို၍အံ့ဩစရာ ကောင်းသည်မှာ သူ့ဓားသွားလေးနှင့် ခြစ်ရှမိသူပင် အလူးအလဲခံစားနေရသည်အား တွေ့ရှိရခြင်းပင်။

မကြာမီပင် တစ်ကိုယ်လုံး ပြာနှမ်းလာကြသည်ဖြစ်ရာ ကြည့်ရှုနေကြသူများက သူ၏ဓားကြီးအား စူးစိုက် ကြည့်ရှုကြလေသည်။ စိတ်ဝင်စားသူအချို့က ကိုင်တွယ် ကြည့်ရှုမတတ် အနီးသို့ချဉ်းကပ်လာကြသည်။

ထိုစဉ် လူကြီးတစ်ယောက်က သူ့အနားသို့ တိုးကပ်၍ လေသံနှင့် သတိပေးလာ၏။

'ဒီမှာ ဓားသမားလေး သူတို့လူတွေသေလို့ကတော့ မင်းလဲ အရှင်ထားကြမှာ မဟုတ်ဘူး၊ ဒီမြို့မှာ သူတို့ဂိုဏ်းက သြဇာ အကြီးဆုံးကွယ့်၊ မကြာခင် ဂိုဏ်းချုပ်ကြီးကိုယ်တိုင် လိုက်လာပြီး တိုက်လိမ့်မယ်၊ ဒီနေရာက အမြန်ဆုံးသာ ထွက်ခွာပေတော့ သူငယ်ရေ'

'ဟုတ်ကဲ့ ခင်ဗျာ၊ ကျေးဇူးတင်ပါတယ် ဦးရယ်၊ ဒါနဲ့ အဲဒီဂိုဏ်းရဲ့နာမည်က ဘယ်လိုခေါ်သတဲ့လဲ ခင်ဗျာ'

'ပုလဲနက်ဂိုဏ်းတဲ့၊ ဂိုဏ်းချုပ်က မဟူရာလက်မည်းကြီး ချန်ကွမ်းချင်းလို့ခေါ်တယ်၊ သူ့လက်ဝါးဒဏ်က သာမန်



သိုင်းသမားဆိုရင် တစ်ချက်စာပဲကွယ့်၊ အန္တရာယ်ရှိတယ် မြန်မြန်သာပြေးတော့'

ချန်ယီလည်း ပုလဲနက်ဂိုဏ်းချုပ်ကြီး မလာမီ တစ်ချိုးတည်း ရှပ်ဆိုးလေးကိုဆွဲကာ ထိုနေရာမှ သုတ်ခြေတင် ပြေးခဲ့တော့သည်။

စည်ကားလှသော ဈေးအတွင်းဖြစ်၍ ရန်ပွဲမှ လူသေအလောင်းများကြောင့် ရုတ်ရုတ်သဲသဲ ဖြစ်ကုန်လျက် ဈေးတန်းလည်း ပျက်လုနီးပါး ဖြစ်သွားခဲ့လေသည်။

မကြာမီ ပုလဲနက်ဂိုဏ်းချုပ်နှင့် သူ့လူများ မြင်းကိုယ်စီနှင့် ထိုနေရာသို့ ရောက်ရှိလာကြသောအခါ တစ်ကောင်ကြွက် ချန်ယီနှင့် ရှပ်ဆိုးလေးတို့မှာ ထိုရွှေခေါင်းလောင်းနှင့်အလှမ်း ကွာလှသော တောအုပ်လေးအတွင်းသို့ ဝင်ရောက်သွားမိကြပြီ ဖြစ်၏။

[ ၅၀ ]

## အတိတ်၏အရိပ်

တစ်ကောင်ကြွက်ချန်ယီနှင့် ရှပ်ဆိုးလေးတို့မှာ ရေးလှည့်လည် သွားလာရင်း သိုင်းကျမ်းကြီးကို လေ့ကျင့်ခဲ့လေရာ ရှပ်ဆိုးလေး ငါးနှစ်ရွယ်သို့ရောက်ရှိသွားသောအခါ ချန်ယီလည်း ရေ လေ မီးသော သိုင်းကြေ ကျမ်းမဟာကြီးအား အပြီးတိုင် တတ်မြောက်သွားခဲ့တော့သည်။

ထိုရက်များအတွင်း ရွှေခေါင်းလောင်းမြို့၌ ဖြစ်ခဲ့သော ရန်ပွဲမျိုးများစွာ ဖြစ်ခဲ့ရလေသည်။

ထိုသို့ဖြစ်လည်း တစ်ကောင်ကြွက် ချန်ယီသာလျှင် အနိုင်ရရှိတတ်ခဲ့၏။ ထို့ကြောင့် ချန်ယီမှာ နာမည်တဖြည်းဖြည်း

ထင်ရှားလာခဲ့သည်။ သိုင်းသမား အတော်များများက သိကျွမ်းလာ၏။

သူ၏သိုင်းစွမ်းနှင့် ခေါးစွမ်းကို တဖွဖွ ပြောကြားတတ်လာကြ၏။ ချန်ယီမှာ ယခင်ကနှယ် သိုင်းလောကထဲ ဝင်မဆံ့သောသူ မဟုတ်တော့။

အရွယ်အားဖြင့် အသက်နှစ်ဆယ်ကျော်ရှိသေးသော်လည်း သိုင်းပညာ အဆင့်မြင့်သိုင်းသမားကြီးတစ်ဦးအသွင် ဖြစ်နေသေရာ သိုင်းသမားတိုင်း လေးစားရိုသေရသော သူအဖြစ် ရပ်တည်နေနိုင်ခဲ့၏။

သို့သော် ချန်ယီမှာ ရေ လေ မီးသေ သိုင်းကြေ ကျမ်း မဟာကျမ်းမှ အစွမ်းအစများကို နေရာတကာ တိုက်ပွဲတာဘွဲ့ ထုတ်မသုံးဘဲ အထူးလျှို့ဝှက်ထားခဲ့၏။

သူနှင့်ယှဉ်ပြိုင်လာသော ရန်သူဟူသမျှကား မြေခွေးကြီး၏ အစွမ်းနှင့်ပင် အရှုံးပေးတတ်ကြသည်။

တကယ်တော့ အသက် [၂၀] ကျော်ကျော်လေး၌ ရေ လေ မီးသေ သိုင်းကြေကျမ်းမဟာကြီးအား ကျေညက် တတ်မြောက်နေသူအဖို့ သိုင်းလောကဝယ် ဆရာတစ်အဆူအဖြစ် ရပ်နိုင်စွမ်း ရှိခဲ့မည်ဖြစ်သည်။

မည်သည့်စရိုက်မဆို ထိုပညာနှင့်ဂိုဏ်းချုပ်တစ်ဦးလုပ်ကိုင်နေနိုင်ပြီ ဖြစ်သည်။

ချန်ယီက သာမန်အဆင့်မြင့် သိုင်းသမားအနေအထားကို သာလျှင် ရယူထားခဲ့၏။ ရှပ်ဆိုးလေးကိုပဲ သိုင်းပညာများအား ဂရုတစိုက် သင်ကြားပေးနေခဲ့သည်။



တစ်နေ့တော့ ရှပ်ဆိုးနှင့်အတူ သိုင်းလေ့ကျင့်ရင်းပြောသည်။

'အင်း...သားရေ၊ ပါပါတို့မှာ ဆောင်ရွက်ရမယ့်တာဝန်တစ်ရပ် ရှိသေးတယ်ကွယ့်'

ရှပ်ဆိုးလေးက ဖခင်ဖြစ်သူချန်ယီမျက်နှာအား မော့ကြည့်ပြီး မေးသည်။

'ဘာများပါလိမ့် ပါပါရဲ့'

'ဪ...ပါပါရဲ့ ကျေးဇူးရှင် ဆိုင်းဆရာကြီးအပေါ်မှာ ထားခဲ့တဲ့ ကတိကို ပြည့်ဝစေချင်လို့ပါပဲ သားရယ်၊ အဲဒါက သူ့အပေါ် သိုင်းလောကက အထင်လွဲခဲ့တာ တလွဲမြင်ခဲ့တာတွေကို ရှင်းပြ ပြောပြဖို့ပါပဲ၊ နောက်ပြီး သူ့အပေါ် အကောက်ကြံခဲ့တဲ့ သိုင်းသမားတွေကို လက်စားချေပေးရဦးမယ်ကွယ်'

'သားလဲ လိုက်မယ်နော်'

ရှပ်ဆိုးလေးက ဖခင်နှင့် မလိုက်ရမည်စိုးသဖြင့် ကြိုတင်ပူဆာသေး၏။

'ဟ ဟ ဟ လိုက်ရမှာပေါ့ သားရယ်၊ မင်းပါပါနဲ့မလိုက်ခဲ့လို့ ဘယ်သူနဲ့ နေရစ်ခဲ့မှာလဲကွ ဟား ဟား ဟား၊ မပူပါနဲ့ကွ ခုနေ ငါသေရင်တောင် အသေဖြောင့်မှာ မဟုတ်လို့ သားကိုလဲ သင်္ချိုင်းဆီ ခေါ်သွားရမလို ဖြစ်နေပြီ သားရဲ့။

'ဘယ့်နှယ်လဲ သားလိုက်မလားကွ'

'အို...သားကတော့ ပါပါ ဘယ်ခေါ်ခေါ် ဘယ်သွားသွား လိုက်မှာပဲဗျ'

'အေး အေး၊ သားက ပါပါ့သားပဲကွာ ခေါ်ရမှာပေါ့'

'ဒါကြောင့် သားကလဲ ပါပါ့ကိုချစ်တာဗျ'

ရှပ်ဆိုးလေးတို့ သားအဖမှာ ထိုသို့ တစ်ဦးကိုတစ်ဦး သံယောဇဉ်တွယ်ပြီး ခွဲမရခွာမရ ဖြစ်နေခဲ့ရ၏။

သွေးမတော် သားမစပ်ပေမယ့် လူသားချင်း အနေနှီးသောအခါ သွေးသားနှင့်မခြား ချစ်ခြင်းများစွာ ဖြစ်ခဲ့ကြရသည်။

သူနှင့် ရှပ်ဆိုးလေးတို့၏ သံယောဇဉ်အကြောင်းတွေးရင်း ချန်ယီမှာ သူ့ဖခင်၏ ရက်စက်မှု စိမ်းကားမှုတို့ကို ဆက်စပ်မိကာ နှာကြည်းပြီး တက်တစ်ချက် ခေါက်လိုက်မိ၏။

'တောက်'

'ဟင်.... ဘာဖြစ်လို့လဲ ပါပါ'

'ဩြော်....ဟို....ဟိုသင်း မနက်ဖြန် တို့သားအဖ ကောင်းကင်ဖြူမြို့ကို ခရီးထွက်မလို့ကွယ့်၊ အဲဒီမြို့မှာ ရန်သူတွေကို ပါပါချေမှုန်းဖို့ စိတ်ကူးနေတာ အသံပါ ထွက်သွားတယ်၊ ဟား ဟား ဟား ဟား'

## [ ၅၁ ]

ကောင်းကင်ဖြူမြို့သို့ ချန်ယီတို့သားအဖ ရောက်တော့ မိုးစုံးစုံး ချုပ်ပြီ ဖြစ်သည်။

'အင်း... တို့သားအဖအတွက် စားသောက်ဆိုင်က တည်းခိုခန်းထက် သချိုင်းတစ်ခုက ပိုသင့်လျော်မယ် ထင်တယ်သားရေ'

'ဘာဖြစ်လို့လဲ ပါပါရဲ့'

ရှပ်ဆိုးလေးက နားမလည်စွာ မေးမြန်းလိုက်သဖြင့်....

'ဟာ တည်းခိုခန်းဆိုတာ အခကြေးငွေ ပေးရတယ်ကွာ၊ သချိုင်းဆိုတာကတော့ ဘယ်ညှော်သည်လာလာ လူမျိုးမရွေး ဘာသာမရွေး'

'ဒါဆိုလဲ ငွေစေ့ပေး တည်းလိုက်ပေါ့ ပါပါရာ၊ လွယ်လွယ်လေးရယ်'

'ဟေ....ဘယ်မှာလဲ ငွေစ၊ ခြူးတစ်ပြားမှ မကျန်တော့တဲ့ဟာ၊ ကုန်ပြီကွ....နားလည်လား'

'ဟဲ ဟဲ သိပါဘူး၊ သားက ရှိသေးလားလို့'

ရုပ်ဆိုးလေးက စပ်ဖြဲဖြဲနှင့် ချန်ယီအား နောက်ပြောင်နေမြန်သဖြင့် ချန်ယီမှာ သားဖြစ်သူအား မနာအောင် ခြေနှင့် ဖွကန်လိုက်သည်။

'ဒါဆိုလဲ သွားကြဲတာပေါ့ ပါပါရာ၊ ပါပါပြောဖူးတယ် မဟုတ်လား၊ ဘုရင်တောင် သားကို သချိုင်းအပါ ခေါ်မယ်ဆို၊ ခုတော့ မသေဘဲနဲ့တောင် သားကို ပါပါက ခေါ်နေပြီနော်၊ ဟီး ဟီး ဟီး ရှုပ်'

ရုပ်ဆိုးလေးက အင်မတန် ပါးနပ်၏။ စကားလည်းတတ်၏။ ငယ်စဉ်က စကားနည်းသလောက် ကြီးလာတော့ လူရည်လည်သည်။

လူကြီးစကား ပြောသည်။ ခုလည်းကြည့်၊ ချန်ယီစကားကို အရွယ်နှင့် မလိုက်အောင် မှတ်ထားပြီး တုံ့ပြန်နေပေသည်။

နောက်ပြီး လှောင်လိုက်သေးသည်။ ဟီး ဟီး ရှုပ်တဲ့ ငိုပြတာတဲ့။

'ရုပ်ဆိုးနော်....ရုပ်ဆိုး၊ မင်းဟာ ရုပ်ဆိုးလို့ပဲ လှရင် မလွယ်ဘူး'

'ဟီး ဟီး ဟီး'



ကလေးက ဖခင်၏ စကားအား သဘောကျစွာ ရယ်မောနေ၏။

မည်သို့ဖြစ်စေ ထိုညက သားအဖနှစ်ဦး သချိုင်းဂူတစ်ဂူထက်ဝယ် လရောင်ကို အဖော်ပြုလျက် အိပ်စက်ကြရသည်။ ဘော်ငွေရောင် လလုံးကြီးအောက်ဝယ် မအိပ်မီ သားအဖနှစ်ဦး ပေါက်ကတတ်ကရ ပြောဖြစ်ကြသေး၏။

'ပါပါ့ကို သားတစ်ခု မေးမလို့၊ ပါပါဖြေမလား'

'ဘာများလဲကွ'

'သားမှာ ပါပါရှိလို့ ပါပါ့မှာလဲ ပါပါမရှိဘူးလား ဟင်'

ဘယ်ကဘယ်လို အတွေးရသည် မသိ။ ရုပ်ဆိုးလေးက မေးချလိုက်သည့်အတွက် ချန်ယီခမျာ တိတ်ဆိတ်သွားမိသည်။ မည်သို့ ဖြေရပါ့။ အမှန်ကို ဖြေမလား၊ လုပ်ကြံဖြေမလား၊ ချန်ယီ စဉ်းစားသည်။ အို....ကိုယ့်သားတစ်ဦးပဲ မှန်ရာကို ဖြေတာ အသင့်မြတ်ဆုံး။ သို့နှင့် သူ့အဖြစ်မှန်ကို ပြောပြလိုက်သည်။

'သားမှာက ပါပါရှိသေးတယ် သားရဲ့၊ ပါပါ့မှာက မွေးကတည်းက ပါပါမရှိဘူးကွယ့်၊ ပါပါ့ရဲ့ ပါပါက အဝေးကြီးကို ထွက်သွားတယ်၊ ပါပါ့ကို မချစ်လို့ပေါ့'

'ဒါဖြင့် မာမာကော ဟင်....သားလိုပဲ မရှိဘူးပေါ့'

'အင်း....မာမာကလဲ သားလိုပဲ၊ ပါပါကို မွေးကတည်းက သေသွားရော၊ ဒါကြောင့် ပါပါ့မှာ ပါပါမရှိ မာမာမရှိနဲ့ ကြီးပြင်းလာခဲ့ရတာ'

'အို....သားက တော်သေးတာပေါ့နော်'

'ဒါပေါ့သားရဲ့၊ သားက ကံကောင်းတာပေါ့'

'ပါပါတို့ မွေးတာ ဘယ်မှာလဲ၊ အဝေးကြီးလား'

'ဟုတ်တယ် .. အဝေးကြီးမှာ၊ ယူနန်နယ်လို့ ခေါ်တယ်၊ ဟိုဘက်မှာ မြန်မာပြည်ဆိုတာပဲ ရှိတော့တယ် သားရ'

ထိုစဉ် တစ်ဖက်ဂူထက်မှ အရိပ်တစ်ရိပ်က ခေါင်းထောင်ထလာ၏။ ချန်ယီတို့သားအဖက မသိကြ။ ထို့နောက် ပြန်လည် ခေါင်းချသွားပြန်၏။

'ပါပါ့ မာမာနာမည်က ဘယ်သူတဲ့လဲဟာ'

'လှရှုလှမ်တဲ့ သားရဲ့'

တစ်ဖက်မှ အရိပ်မည်းက မတ်ခနဲ ခေါင်းထောင်လာပြန်သည်။

'ပါပါရဲ့ ပါပါနာမည်ကရော'

'အဲဒါတော့ ပါပါ့သဲ မသိပါဘူး၊ ချန်မျိုးလို့ ပြောတာပဲကွ'

'ဩော်....ဒါကြောင့် ပါ့ပါ့နာမည်လဲ ချန်ပါတာကိုး'

'ပါပါ မလိုချင်ပါဘူး သားရယ်၊ တတ်နိုင်ရင် ဘာမျိုးရိုးနာမည်မှ မလိုချင်ဘူး၊ နာမည်မရှိတာပဲ ကောင်းတယ်'

'တစ်ကောင်ကြွက် ဆိုရင်ကော'

'အေး....အဲဒါကောင်းတယ်၊ ပါပါလဲကြိုက်တယ်'

တစ်ဖက်ဂူထက်မှ အရိပ်မည်းမည်းက အသာအယာ ထွက်ခွာသွား၏။ ခြေသံတရှပ်ရှပ်ကြောင့် ချန်ယီတို့ သားအဖက သိသွားကြသည်။



'လှုနဲ့တူတယ်'

'ဟုတ်မှာပေါ့ကွယ်၊ ပါပါတို့ စကားတွေကို နားငြီးလို့ တခြားသွားအိပ်ပြီထင်တယ်၊ ကဲ ကဲ....အိပ်ချေတော့၊ မနက်စောစောထပြီး မြို့ထဲလျှောက်သွားကြရဦးမှာ'

'ဟုတ်ကဲ့ ပါပါ'

သားအဖနှစ်ဦးမှာ မကြာမီပင် ခရီးပန်းပြီး တရှူးရှူးနှင့် ဂူထက်၌ နှစ်ခြိုက်စွာ အိပ်ပျော်သွားကြ၏။

သူတို့အိပ်ပျော်သွားစဉ်ဝယ် အရိပ်မည်းမည်း တစ်ရိပ်က ဂူအနီးသို့ကပ်လာကာ အင်္ကျီအတွင်းထဲမှ တစ်စုံတစ်ရာကို ထုတ်ယူလိုက်၏။

ထို့နောက် ထိုအရာအား ချန်ယီတို့သားအဖ ခေါင်းရင်း၌ ချထားလျက် ပြန်လည်ထွက်ခွာသွားလေသည်။

သချိုင်းတစပြင်အလား လရောင်အောက်ဝယ် တိတ်ဆိတ်ငြိမ်သက်၍ သစ်ပင်အထက်ဆီမှ လေတိုက်၍ သစ်ရွက်သံတရှဲရှဲတို့သာ ထွက်ပေါ်နေ၏။

ရွှေလမင်းကြီးကား တိမ်တိုက်ဖျားနှင့်အတူ တရွေ့ရွေ့။ ချန်ယီတို့သားအဖ နှစ်ဦးအပေါ် ငွေရောင်တို့ ပက်ဖျန်းသွန်းလောင်းနေစဉ်ခိုက် ခပ်လှမ်းလှမ်းရှိဂူတစ်ဂူထက်မှ အရိပ်မည်းမည်းတစ်ခုက လှမ်းမျှော် ကြည့်ရှုနေလေ၏။

အရှက်ဦး မိုးသောက်အလင်းစုတို့ ရောက်သည်နှင့် ဝေါက်ခနဲ ချန်ယ ထလိုက်ဖြစ်သည်။

'အား....မိုးတောင်လင်းပြီပဲ၊ ဟော့....ရှပ်ဆိုး ထစမ်း နေဖင်ထိုးနေပြီကွ'

ရှပ်ဆိုးလေးက တအားအား တအင်းအင်းနှင့် အပျင်းဆန့်သေး၏။

'ဟင်....ခေါက်ဆွဲကြော်ထုပ်တွေ နှစ်ထုပ်ဟ'

'ဘယ်....ဘယ်မှာလဲ ပါပါဟင်'

ရှပ်ဆိုးလေး ငေါက်ခနဲ ကောက်ထကာ မေးလိုက်လေသည်။

'ဟောဒီမှာ သားရဲ့ ဘယ်သူလာချ သွားတာလဲ မသိဘူး၊ ကြည့်စမ်း ပူနွေးနေသေးတယ်၊ ကြက်နဲ့ တစ်ပွဲ ဝက်နဲ့ တစ်ပွဲ'

'သရဲတစ္ဆေတွေ လာချသွားတာလားမသိဘူးနော် ပါပါ'

'ဟာ....သရဲတစ္ဆေဆိုတာ လူတွေဆီကတောင့် လုစားနေတဲ့ သတ္တဝါတွေကွ၊ အငတ်အပြတ်တွေ၊ သူတို့မှာ ဒီလိုခေါက်ဆွဲကောင်းကောင်း ဘယ်ရှိမှာလဲ'

'ဒါဖြင့် ဘယ်သူထားသွားတာလဲ ပါပါရဲ့'

'ဘယ်သူထားထားကွာ၊ ဆာနေတာနဲ့ အတော်ပဲ၊ စားကွာ၊ မနေ့ကညစာ တို့သားအဖ ငတ်ခဲ့တာ မဟုတ်လား၊ စားရက်ကြုံတော့ မုတ်ဆိတ်ပျားစွဲတာ။

'ဒါကို ပြောဘာဖြစ်မယ် သားရေ၊ ဟား....ဟား....ဟား'

ချန်ယိမှာ ဝမ်းသာအားရ ပလုတ်ပလောင်း ပါးစပ်ထဲထိုးထည့်ပြီး စားနေတော့သည်။

သူ့ဖခင်နည်းတူ ရှပ်ဆိုးလေးလည်း ထပ်တူစား၏။

'ဟော့ကောင် နည်းနည်းလုပ်ကွ၊ စားပိုးနင့်နေမယ်'

ချန်ယိက ဟန့်လိုက်သဖြင့် ရှပ်ဆိုးလေးက မကျေမချမ်းဖြင့် တုံ့ပြန်၏။

'ပါပါလဲစားတာပဲဟာ၊ ပါပါကျတော့ စားပိုးမနင့်ဘူးလား'



'ဟ....ငါကလူကြီးကွာ'

'အို....သားလဲကလေးပဲဟာ'

'အေး....ကောင်းကွာ၊ စားထား၊ နင်နေလို့ကတော့ ရေမရှိဘူး'

'တံတွေးရှိပါတယ် ပါပါရဲ့'

'တယ် ငါထလုပ်လိုက်ရ ဆင်ခြေချည်းပဲ'

'ဟီးဟီး ပါပါ ထလို့မရသေးပါဘူး၊ ခေါက်ဆွဲမှမကုန်သေးတာပဲနော်'

'အား....ဒီကောင် လူကြီးကို နောက်လားပြောင်လားနဲ့၊ စားငမ်းမြန်မြန်'

သားအဖနှစ်ဦး၏ မိုးသောက် ခေါက်ဆွဲ စားပွဲကား အော်သံငေါက်သံ ကြိမ်းမောင်းသံများနှင့် တက်တက်စင် ပြောင်တလင်း ခါသွားလေတော့၏။

တစ်စုံတစ်ယောက်သော သူကတော့ ထိုသားအဖနှစ်ဦး၏ မိုးသောက်စာ စားပွဲကို တစ်နေရာမှ ချောင်းမြောင်းကြည့်ရှုလျက် ကြည်နူးပီတိဖြစ်လျက်ရှိလေ၏။

ထိုနေ့နံနက်က ချန်ယိတို့ သားအဖသည် ရည်ရွယ်ထားသည့်အတိုင်း အဖြူရောင်သိုင်းကိုဏ်းများ တည်ရှိရာသို့ထွက်ခွာလာခဲ့ကြ၏။

ကောင်းကင်ဖြူဝယ် အဖြူရောင် သိုင်းကိုဏ်းများသည် အရေးအကြောင်းရှိက စုစည်းလို့ရရန် ကိုဏ်းပေါင်းစုံ စုဝေးကြသည့် စုရပ်တစ်ခုကို ဖွင့်လှစ်ထားရှိသည်။

ထိုစုရပ်အား ဂိုဏ်းချုပ်ကြီးများ အဖွဲ့ဟုခေါ်ဝေါ်ကြ၏။ အနည်းဆုံး သိုင်းဂိုဏ်းချုပ် နှစ်ဦး သုံးဦးခန့် ရှိနေတတ်ကြသည်။

ထိုအချိန်ကာလ၌ ကောင်းကင်ဖြူတွင် သိုင်းနာယက အဖြစ် ငွေဗျိုင်းရွှေလှ ဖက်ကျင်ယံကို တင်မြှောက်ထားကြသည်။

သိုင်းဦးသျှောင်အတိုး ဝူခေ့ပေါင် မရှိသည့်နောက်ပိုင်း ငွေဗျိုင်းဖြူ ဂိုဏ်းချုပ် ရွှေလှကာ တာဝန်ယူ ဖြေရှင်းပေးနေရ၏။

တစ်ကောင်ကြွက် ချန်ယိမှာ အဖြူရောင် သိုင်းပေါင်းစုံ အဖွဲ့သို့ သွားရောက်လျက် မြွေခေါင်းရှင်၏ အဖြစ်အပျက်များ ကို ပြောပြပြီး ရေလေမီးသော သိုင်းကြေမဟာ ကျမ်းကြီးကို ပြန်လည်အပ်နှံရန် ဖြစ်လေသည်။

မြွေခေါင်းရှင်အား အကောက်ကြံသည့် နဂါးနက် ဂိုဏ်း ချုပ် ခါးကုန်းကြီး ဝေါ်ကျင်ခုံး၏ ယုတ်မာသည့်အကြံစည် အားလည်း ဖွင့်ချရန်ဖြစ်သည်။

သူတို့နှစ်ဦးက သိုင်းဂိုဏ်းပေါင်းစုံ တည်ရှိရာအရပ်အား မေးမြန်းစုံစမ်းနေစဉ် သူတောင်းစားကြီးတစ်ဦးကတစ်ကောင် ကြွက် ချန်ယိအား ဝင်ရောက်တိုက်မိသည်။

'ရှေ့မှာသတိထား၊ မင်းအတွက် အန္တရာယ်ရှိတယ်'

သူတောင်းစားကြီးထံမှ လေသံတိုးတိုးနှင့် ထိုစကားအား ကြားလိုက်သဖြင့် ချန်ယိ အံ့အားသင့်သွားမိ၏။



သူတောင်းစားအဘိုးကြီးကမူ ထော့နဲ့ ထော့နဲ့ဖြင့် သူ့ အနီးမှ ဣန္ဒြေမပျက် ထွက်ခွာသွား၏။

'အင်း....ဘယ်လိုအဓိပ္ပာယ်ပါလိမ့်၊ သတိတော့ထားတာ မမှားဘူးလေ'

သို့ဖြင့် ရုပ်ဆိုးအား သူက မှာကြားသည်။

'ကဲ....သားရေ...အန္တရာယ်က တွေ့လာပြီ၊ ဟောဒီအထုပ် ကြီးကိုယူပြီး လာလမ်းအတိုင်း သုသာန်ကိုပြန်သွားနှင့်ချည်၊ ညက ပါပါတို့အိပ်တဲ့ဂူခပေါ်ကစောင့်နေ။

'ပါပါ ဒီကောင်တွေနဲ့ တိုက်ပြီးပြီးချင်း အရောက်ပြန်လာ ခဲ့မယ်....ကြားလား သား'

ရုပ်ဆိုးလေးက ဖခင်၏စကားကြောင့် မျက်မှောင်ကြုတ် သွားသည်။

[ ၃၉ ]

'ပါပါနဲ့တူတူ သားလဲ ရန်သူတွေကို တိုက်မယ်'

ချန်ယိမှာ မျက်ခုံးနှစ်ဖက် မြင့်တက်သွားတော့၏။

'မဖြစ်ဘူးသား၊ ပါပါပြောတဲ့အတိုင်း လာလမ်းအတိုင်း ပြန်ပါကွယ်၊ ပါပါ့ကို ချစ်တယ်မဟုတ်လား၊ ပါပါ့စကားကို နားထောင်မယ် မဟုတ်လား။

'အဲလို နားထောင်အောင် သားငယ်ငယ်တုန်းက ပါပါ တံတွေးတွေကို သား ပါးစပ်ထဲ တွေးထည့်ခဲ့တယ်လေ၊ သား က လိမ္မာပါတယ်၊ဟုတ်လား သွား....သွားနော်'

သူက သိုင်းကျမ်းထုပ်ထားသည့် အိတ်ကြီးကို ပခုံးပေါ်တင်ပေးလိုက်ကာ ခြေ့မော့သွားခိုင်းသည်။

သည်တော့မှ ကိုရှပ်ဆိုးက မသွားချင်သွားချင်နှင့် သွားသည်။

နှုတ်ကမူ ပြောဖြစ်အောင် ပြောလိုက်သေးသည်။

'ပါပါ့ကိုချစ်လို့ သားသွားတာ သိလား၊ နောက်ဖြစ်ဆို မသွားဘူး....ဟင်း'

ချန်ယ° ပြုံးလိုက်မိသေး၏။ ကိုရှပ်ဆိုးကို စောင့်ကြည့်နေလိုက်သည်။

ထို့နောက် ခရီးကို ဆက်ပြီးလှမ်း၏။

နားရွေမျက်စိရေဖွင့်ကာ သူဓ ◌ာင်းစားကြီး သတိပေးသည့် နေရာအရောက် လျှောက်နေလိုက်သည်။

လမ်းဆုံတစ်နေရာ ရောက်သည်နှင့် လမ်းအချိုးအကွေ့မှ မြင်းတစ်အုပ်က ဒုန်းစိုင်းနှင်လာသည်။

'ဟိတ် ဟိတ် ဟိဘ်'

'ဝူး ဝူး ဝူး'

ဩသံပေးလျက် သူ့ထံ ဦးတည်ပြီး ခွာသံ တဖြောင်းဖြောင်းဖြင့် စီးနင်းလာကြ၏။

လက်ထဲ၌လည်း လက်နက်မျိုးစုံ ကိုင်မြှောက်ကာ အဆင်သင့် ပြင်လာကြသည်။

ချန်ယ°က ကြိုတင်တွေးဆပြီးသား ဖြစ်သည်။

မြင်းအုပ်ကြီးက အရှေ့တည့်တည့်သို့ တိုးထွက်လိုက်၏။ ရန်သူများပင် အံ့သြသွားကြဟန် ရှိသည်။



မြင်းများက ဒုန်းစိုင်းပြေးနှင်လာနေကြဆဲ။

ချန်ယ°သည် လက်ဝါးနှစ်ဖက်ကို သူ့မျက်နှာဘက်သို့ လှည့်ကာ အတွင်းအားများကို စုစည်းလိုက်၏။

မျက်နှာကြီးမှာ အကြောအခြင်များ ထောင်ထလာ၍ နီရဲနေသည်။

လက်၊ ရင်၊ ခါး၊ ခြေထောက် စသည်ဖြင့် အကြောမျှင်များမှာ မြွေ့ကြီးများသဖွယ် တစ်ကြောကိုတစ်ကြော လိမ်ယှက်နေကြ၏။

'အီး အီး အီး'

လက်ဝါးနှစ်ဖက်အား မျက်နှာအနီးသို့ တဖြည်းဖြည်းချင်း ဆွဲယူသည့် လက်မောင်းနှစ်ဖက်မှာ တဆတ်ဆတ် တုန်ယင်နေလေသည်။ မြင်းအုပ်က တစ်စထက်တစ်စ နီးလာခဲ့ပြီ။

'ဝူး ဝူး ဝူး'

အနက်ရောင် ဂိုဏ်းသားများ၏ ဩသံပေးသံများက ပို၍ကျယ်လောင်လာသည်။

သူတို့က သူ့အား မြင်းနှင့် နင်းခြေရန် အားသွန်ပြေးနှင်လာကြ၏။ လက်ဝါးနှစ်ဖက်စလုံး သူ့မျက်နှာအနီးသို့ရောက်ရှိလာခဲ့ပြီး မြင်းများမှာလည်း ဝါးတစ်ပြန် သာသာခန့်သာ ◌ာလှမ်းတော့၏။

ရုတ်တရက် လက်ဝါးနှစ်ဖက်ကို ရှေ့တူရှူသို့ပြန်လှည့်လိုက်ကာ အတွင်းအားများနှင့် ဆောင့်တွန်းပစ်လိုက်ရာ....

ဝုန်း

မြင်းအုပ်ကြီးမှာ တစ်စုံတစ်ရာနှင့် ပြင်းထန်စွာ တိုက်မိသွားပြီး နောက်ပြန်လန် လဲကုန်ကြတော့သည်။

'အ အ အ'

'အီး အီး အီး'

'အင်း အင်း အင်း'

တစ်ကောင်ကိုတစ်ကောင်၊ တစ်ယောက်ကို တစ်ယောက်နှင့် ကစဉ့်ကလျား ဖရိုဖရဲဖြင့် မြင်းအုပ်ကြီးမှာ အလဲလဲအပြိုပြို ဖြစ်နေကုန်တော့သည်။

လက်နက်ကိုင်မြင်းစီးသမားများမှာလည်း ကိုယ့်မြင်းကိုယ် ဖိ၍ ညည်းညူအော်ဟစ်နေကြကုန်လေသည်။

သေးရှူးသေးတန်းနှင့် ထ၍ ပြေးကြသော ဓားသမားများမှာလည်း ချန်ယီ၏ မြွေဓားနှင့် ရင်ဆိုင်ကြရပြန်သည်။

အချိန်အားဖြင့် အနည်းငယ်သာ ကြာညောင်းသည်။ ထိုနေရာတစ်ဝိုက်ဝယ် မြင်းရောလူရော အတုံးအရုံး ပြန့်ကျဲလဲနေကြလေပြီ။

လွတ်မြောက်သွားသူမှာ၍ နဂါးနက်ဂိုဏ်းချုပ် ဂေါ်ကျင်ခုန်းသာလျှင် ရှိ၏။

သူက စတင်ပြေးနှင့်စဉ်ကပင် နောက်ဆုံးမှ ပါလာသူဖြစ်သည်။

ပြတ်နေသော လက်တစ်ဖက်ဝယ် မြင်းကြိုးကို ချည်နှောင်ပြီး ကျန်လက်တစ်ဖက်က မြောက်ဖက်သွား ဓားရှည်ကြီးအား ကိုင်ဆောင်ကာ နောက်ဆုံးမှ လိုက်ပါလာခြင်း ဖြစ်သည်။



ချန်ယီ၏ 'ရေလေမီးသေ သိုင်းကြေကျမ်းမဟာ' တိုက်ကွက်တစ်ခုဖြစ်သော လေပြင်းနှင့် သိုင်းကွက်ကြောင့် လေဟုန်ကြီး တစ်ခုက သူတို့ မြင်းအုပ်စုအားဆောင့်တွန်းခြင်းပြုလိုက်ရာ နောက်ဆုံး၌ရှိသော သူ၏မြင်းသည်လည်း နောက်လန်လဲပြိုကျသွား၏။

သို့ရာတွင် ခေါင်းကုန်းကြီး ဂေါ်ကျင်ခုန်းမှာ လျင်မြန်ဖျတ်လတ်စွာပင် မြင်းပေါ်ရောက်အောင် ပြန်လည်တက်သွားနိုင်ပြီး နောက်ပြန်လှည့်ပြေးသဖြင့် ချန်ယီ၏ မြွေဓားနှင့် ကင်းလွတ်သွားခဲ့ရလေသည်။

တကယ်တော့ ဂေါ်ကျင်ခုန်းမှာ ကျောက်ပင့်ကူ ဂိုဏ်းသားများနှင့် သူ၏ နဂါးနက်ဂိုဏ်းသားများကိုစုစည်းလျက် ချန်ယီအား ရှုတ်တရက် ဝင်ရောက်တိုက်ခိုက်ခြင်း ဖြစ်သည်။

မမျှော်လင့်ဘဲ တစ်ကောင်ကြွက်ချန်ယီထံမှ ရေလေမီးသေ သိုင်းကြေကျမ်းမဟာ တိုက်ကွက်နှင့် ပြန်လည်တုံ့ပြန်ခံရသဖြင့် အသက်ဘေးမှ သီသီလေး လွတ်မြောက်ခဲ့ရသည်။

ချန်ယီအဖို့၌လည်း သည်တိုက်ကွက်အား ပထမဦးဆုံးအကြိမ်အဖြစ် ထုတ်ဖော်အသုံးပြုတိုက်ခဲ့ခြင်း ဖြစ်လေ၏။ ရန်သူအင်အား များလှသည့်အပြင် မြင်းအုပ်ကိုပါ အသုံးပြုကြသဖြင့် ထိုတိုက်ကွက်အား ဟန်ပြင်လိုက်ရခြင်း ဖြစ်သည်။

တပ်ကောင်ကြွက်ချန်ယ်မှာ အနက်ရောင် သိုင်းသမား များအား တစ်ဦးပြီးတစ်ဦး သုတ်သင်၍ တစ်ယောက်မှလေ တောင် မကျန်ရှိတော့မှ လာလမ်းအတိုင်း ပြန်လှည့်ခဲ့တော့ သည်။

ထိုတိုက်ပွဲသတင်းကား ကောင်းကင်ဖြူ မြို့တွင်းဝယ် တောမီးကဲ့သို့ ပျံ့နှံ့သွားလေတော့သည်။

ရေလေမီးခေါ သိုင်းကြေကျမ်းမဟာတိုက်ကွက်နှင့် တိုက် ခိုက်သွားသော တစ်ကောင်ကြွက်ချန်ယ် အကြောင်း ပြော မဆုံး အောင် ဖြစ်နေကြလေသည်။

အနက်ရောင် သိုင်းလောကနှင့် အဖြူရောင် သိုင်းလောက မှ သိုင်းဆရာကြီးများပါ တုန်လှုပ် ချောက်ချားကုန်ကြတော့ သည်။

အကယ်တော့ သည်သိုင်းကွက်ကား တစ်ချိန်က မိုးထိ တောင်ထွတ်ဝယ် အသက်ခံလိုက်ရရှာသော အဘိုးဦးသျှောင် ဖူဇေ့ပေါင်၏ သိုင်းကျမ်းမဟာတိုက်ကွက်များပင် မဟုတ်ပါ လား။

ထို့ကြောင့် အရေးပေါ် အစည်းအဝေးပြုလုပ်ရန် သိုင်း ဂိုဏ်းချုပ်ကြီးများအား ချက်ချင်း ဖိတ်ခေါ်ကြရလေသည်။

အဖြူရောင် သိုင်းလောကတွင်းရှိဂိုဏ်းချုပ်များ မပျက် မကွက် တက်ရောက်ရန် အရေးတကြီး လိုက်လံဖိတ်ကြားရလေ



သည်။ယင်းတိုက်ပွဲကား သိုင်းလောကကြီးအား ဆွဲကိုင် လှုပ် လိုက်သကဲ့သို့ ဖြစ်သွားစေတော့သည်။

## ၂၄

### မမျှော်လင့်သော လူတစ်ဦး

တစ်ကောင်ကြွက်ချန်ယီသည် အနက်ရောင် သိုင်းသမား များနှင့် ရင်ဆိုင်တိုက်ခိုက်ပြီး သူ၏သား ရုပ်ဆိုးရှိရာသချိုင်း တစပြင်သို့ အမြန်ဆုံးပြန်လာခဲ့၏။

ကလေးငယ်တစ်ဦးတည်းဖြစ်သည့်ပြင် 'ရေ လေ မီးသေ သိုင်းကျမ်းမဟာ' ပေထုပ်အိတ်ကြီးကလည်း ရှိသေးသဖြင့် စိုးရိမ်ပူပန်လျက်ရှိသည်။

ထို့ကြောင့် သချိုင်းနေရာအား ဖြတ်လမ်းများမှ ပြန်ချ လာခဲ့သည်။ သို့ရာတွင် တစ်ကောင်ကြွက်ချန်ယီ သချိုင်းမြေ နင်းလိုက်မိသည်နှင့် အခါနှောင်းသွားပြီကို သိရှိလိုက်၏။

အဘယ်ကြောင့်ဆိုသော် သူ၏သားငယ် ရုပ်ဆိုးလေး အပါး၌ လူကြီးတစ်ဦးက လက်တစ်ဖက်ကိုအိတ်ထဲနှိုက်လျက် တွေ့ရှိလိုက်ရသောကြောင့်ဖြစ်သည်။

ထိုလူလက်ထဲ၌ သိုင်းကျမ်းအိတ်ကြီးအား ကိုင်ဆောင်ခဲ့သည်ကို တွေ့ရှိရသေးသည်။

ချန်ယီက ထိုလူအနီးသို့ သတိကြီးစွာသွားလျက် ချဉ်းကပ်သွား၏။ မြွေစားကိုလည်း အသင့်ကိုင်ဆောင်ထားခဲ့၏။ ရုပ်ဆိုးလေးကမူ မည်သို့မှ မဖြစ်သလို စိုးရိမ်ထိတ်လန့်ခြင်းကင်းလျက် သူ့အား ကြိုဆို၏။

'ဖေဖာ...ပါပါတော့ ပြန်လာပြီ'

လူစိမ်းက တည်ငြိမ်စွာ ချန်ယီအား စူးစိုက်ကြည့်နေသည်။

ထို့နောက် လက်ထဲမှ သိုင်းကျမ်းအိတ်ကို လှမ်းပေးကာ....

'ဘယ့်နှယ်လဲ.... ရန်သူတွေကို တော်တော် သတ်နိုင်ခဲ့ရဲ့လား'

တိုက်ပွဲသတင်းကို ဆီးကြို မေးမြန်းသဖြင့် ချန်ယီ အံ့အားသင့်သွားလေသည်။

'တစ်ယောက်ပဲကျန်တယ်'

ချန်ယီကလည်း ပြန်လည်ဖြေကြားလိုက်သည်။

'နဂါးနက်ဂိုဏ်းချုပ် ခါးကုန်းကြီး ဂေါ်ကျင်ခုန်းပေါ့ ဟုတ်လား'

ဒုတိယအကြိမ် ချန်ယီ အံ့သြသွားရပြန်၏။



'ဟုတ်တယ်'

ချန်ယီမှာ ပြန်လည်ဖြေကြားနေခဲ့သော်လည်း လူစိမ်းအပေါ် မယုံကြည်နိုင်မိသေးချေ။

'ကလေးက ဘယ်သူ့ ကလေးလဲ'

'ကျုပ်ကလေးပါ'

'အတော်သွက်လက်တာပဲကွ၊ ကြောက်စိတ်လဲ မရှိဘူး၊ ကောင်းတယ်'

ကလေးက လူစိမ်းအား ခင်မင်နေပုံရလေသည်။ လူစိမ်းကလည်း ကလေးအပေါ် ချစ်ခင်နေဟန်ရှိ၏။

'ဒါနဲ့ ခင်ဗျားက ကျုပ်လုပ်ရပ်တွေကို သိနေသလိုပဲ'

'ဟုတ်တယ်'

'ဒါဖြင့် သူတောင်းစားကြီးဟာ ခင်ဗျားပေါ့'

'မှန်တယ်'

လူစိမ်းက တိုတိုပြတ်ပြတ် ပြန်လည်ပြောကြားနေ၏။

ချန်ယီ မျက်မှောင်ကုတ်ကာ စဉ်းစားပြန်သည်။

'ဒါဆို မနက်က ခေါက်ဆွဲနှစ်ထုပ်လာချခဲ့တာလဲ ခင်ဗျားပဲပေါ့'

လူကြီးက ခေါင်းကို ဖြည်းညင်းစွာညိတ်ပြ၏။

'အင်း ညက ဟိုဘက်ဂူက ထသွားတာလဲ ခင်ဗျားပဲဖြစ်မှာနော်'

'ဟဲ ဟဲ ဟဲ'

လူကြီးမှာ သည်တစ်ခါတော့ ချန်ယီကို ကြည့်ပြီး ရယ်သည်။

'မင်းက အတော်လျှင်တာပဲကွ၊ လူငယ်သလောက် ဉာဏ်ရော ပညာရော သွားလှတယ်နော်'

'ဟုတ်မှာပေါ့'

'ဟုတ်မှာပေါ့ မဟုတ်ဘူးလေ၊ ဟုတ်တယ်လုပ်ပါကွာ'

'ခင်ဗျား ထင်နိုင်တာပဲ'

'အထင်မဟုတ်ပါဘူးကွာ၊ အမြင်ပါရှိခဲ့ပါတယ်'

လူစိမ်းကြီးက သူ့အား အကဲခတ်လျက် ပြောပြန်၏။

'ဘာတွေဖြစ်ခဲ့လို့လဲ'

'ရွှေခေါင်းလောင်းမြို့မှာ ခေးသမားလေးဦးကိုမြွေခေါးနဲ့ အနိုင်ယူခဲ့တာပဲ'

ချန်ယီက ချက်ချင်းပင် ခါးမှ မြွေခေါးကို ထုတ်ရန် ပြင်လိုက်၏။

'အို... အို... ဆန္ဒမစောပါနဲ့၊ မြင်ခဲ့တာကို ပြောရတာပါကွယ်'

ချန်ယီမှာ ထိုလူစိမ်းကြီးအား မယုံသင်္ကာရှိလာသဖြင့်....

'ခင်ဗျား ဘယ်သူလဲ'

ချန်ယီ၏အမေးအား လူစိမ်းကြီးက ရုတ်တရက်မဖြေ။ သူ့ကိုသာ ငေးကြည့်နေ၏။

'ပြောလေဗျာ၊ ခင်ဗျားဘယ်သူလဲ'

ထိုအခါကျမှ လူကြီးက သက်ပြင်းချလျက် ဖြည်းညင်းစွာ ဖြေ၏။

'ပုလဲနက်ဂိုဏ်းချုပ် မဟူရာလက်မည်းကြီး ချန်ကွီးချင်း'

'ဘာ'



ချန်ယီက မြွေခေါးကို လျှပ်တစ်ပြက်ထုတ်လိုက်ကာ ပိုင်းချလိုက်၏။

[ ၅၅ ]

'ဝှစ်'

'ဟေ့ ဟေ့ နေပါဦးကွ'

လူစိမ်းကြီးကလည်း လျင်မြန်ဖျတ်လတ်လှသည်။

ချွန်ယ၏ တိုက်ခိုက်မှုအား ပွတ်ကာသီကာ ရှောင်တိမ်းသွားနိုင်လျက် တခြားဂူထဲသို့ ရောက်ရှိသွား၏။

'မင်း....မင်း....မင်းသားလေးရုပ်ဆိုးကို မေးကြည့်ပါဦးကွယ်'

ထိုဂူပေါ်မှ ရုပ်ဆိုးလေးအား လက်ညှိုးထိုးကာပြောပြန်သည်။

ထိုအခါဝယ် သူ့လက်မှာ မည်းနက်နေသည်ကို တွေ့ရှိရသည်။

ထို့ကြောင့် အင်္ကျီအိတ်ထဲကို လက်ကိုဝှက်ထားခဲ့သည်ပဲ။

'ပါပါ....အဲဒါ ပါပါရဲ့ ပါပါတဲ့'

'ဘာဗျ'

ချန်ယိ နှုတ်မှ ကျယ်လောင်စွာ အော်ဟစ် လိုက်မိသည်။

'ဟုတ်တယ်၊ ငါဟာ မင်းအမေ လူရှုလွှမ်ရဲ့ယောကျ်ားပဲကွ'

ချန်ယိ၏ရင်ထဲ တစ်စုံတစ်ခုသော ခံစားမှုကြောင့် မျက်နှာမထားတတ်အောင် ဖြစ်သွားမိသည်။

သို့ရာတွင် နာကြည်းသော စိတ်တို့က ရှုန်းကြွလာပြန်သည်။

'မဟုတ်ဘူး၊ မဟုတ်နိုင်ဘူး'

ချန်ယိက မျက်မှောင်ကြီး ကြုတ်ကာ ငြင်းလိုက်သည်။

'ကဲ....ဒါဖြင့် မင်းရဲ့ သားလေးကို မေးကြည့်မယ်၊ သူ ဖြေလိမ့်မယ်ကွယ့်၊ ကဲ....သားရေ မင်းရဲ့ပါပါနဲ့ ဘိုးဘိုးနဲ့ ရုပ်ဆင်တူသလားကွယ့် ပြောစမ်း'

'တူတယ်....ဒါပေမယ့် ပါပါက ပိုချောတယ်၊ ဘိုးဘိုးက အိုနေတယ်....ဟီဟိ'

ရုပ်ဆိုးလေး၏ အဖြေကြောင့် ချန်ယိ သူ့ဖခင် ဆိုသူ မဟူရာလက်းမည်းကြီးအား အသေအချာ ကြည့်ရှုလိုက်မိ၏။



အင်း....ဆင်သူသလိုလိုရှိ၏။ သူကြည့်ရှုနေမှန်းသိ၍ မဟူရာလက်မည်းကြီးက ပြုံးနေလေသည်။

'မင်းအမေလူရှုလွှမ်နဲ့ မေတ္တာမျှပြီး ငါရွှေခေါင်းလောင်းရောက်သွားတော့ ပုလဲနက်ကို ဖွဲစည်းဖို့ ဖြစ်လာတယ်၊ အဲဒီမြို့မှာ ဂိုဏ်းသြဇာ ထက်မြက်ရေးလုပ်ရင်း သူ့ဆီ ငါပြန်မရောက်တော့ဘူးပဲ။

'သိုင်းလောကက တို့များ အိမ်ထောင်ရေးကို ခွဲခြားလိုက်တာပေါ့၊ ပြန်တောကြည့်တော့ ငါ့ရဲ့အဖြစ်က အလွန်ပဲ နှမြောဖို့ ကောင်းတာပဲလေ'

မဟူရာလက်မည်းကြီးက တစ်နေရာသို့ ငေးစိုက်ကြည့်ပြီး နောင်တရသလို ပြောနေသည်။

'အေး....တို့များသားအဖ ပြန်ဆုံချင်တော့ မင်းရွှေခေါင်းလောင်းမှာ ငါ့ဂိုဏ်းသားအချို့ကို သတ်သွားတာဟာ တစ်ချိန်က နာမည်ကြီးခဲ့တဲ့ မြွေခါးရှင်ရဲ့ လက်ရာတွေကို သွားတွေ့တယ်။

'အဲဒီမှာ ငါ ဒီဇကောင်းလင်ဖြူကို လိုက်လာဖို့ဖြစ်တာ၊ ဒီမြွေခါးရှင်ဟာ ကောင်းကင်ဖြူက နောက်ဆုံး ပျောက်သွားခဲ့တာပဲလေ။

'အဲ....ငါက အနက်ရောင်လောကမှာဆိုတော့ ငါ့မိတ်ဆွေ ကျောက်ပင့်ကူဂိုဏ်းကတစ်ဆင့်နဂါးနက်ဂိုဏ်းချုပ် ခါးကုန်းကြီးနဲ့ ဆက်မိတယ်၊ သူနဲ့တိုင်ပင်ပြီး မင်းရောက်လာရင် လုပ်ကြံဖို့ စီစဉ်ကြတယ်။

‘မင်းမှာက မြွေဖားလက်နက်ရှိနေတယ် မဟုတ်လား၊ တစ်နေ့ဒီမြို့ကို ကျိန်းသေ ရောက်လာမယ်ဆိုတာ ခါးကုန်းကြီးက တွက်ပြီးသား၊ မြွေဖားရှင်နဲ့မင်း ဘာတော်သလဲ ဘယ်လိုရလာသလဲ မြွေဖားဆီမှာ ပါသွားတဲ့ ကျမ်းကြီးရော မင်းနဲ့အတူ ရှိနေမလား စသည်ဖြင့်ပေါ့။

‘အဲ...ငါကတော့ မြို့ရဲ့ဒီလိုသချိုင်းတို့ ဇရပ်တို့လို နေရာတွေမှာ သတင်းထောက်လှမ်းဖို့ တာဝန်ယူထားတယ်၊ မင်းတို့ နှစ်ဦးကိုလဲ ငါ စောင့်ကြည့်နေခဲ့တာပဲလေ။

‘အဲ ..ကံကောင်းချင်တော့ မနေ့ညက လသာသာမှာ မင်းတို့သားအဖပြောကြတဲ့ စကားတွေထဲ ယူနန်နယ်တို့ လူရှုလှမ်းတို့ပါလာပြီး ငါ့သား တစ်ကောင်ကြွက် ချန်ယီဆိုတာ ငါ့ရန်သူတစ်ဦး ဖြစ်နေတာကို သိလိုက်ရတော့တယ်’

မဟူရာလက်မည်းကြီးက ရှည်လျားစွာ ရှင်းလင်းနေရာ ချန်ယီလည်း မသိမသာဖြင့် ဖခင်ဖြစ်သူ၏ မျက်နှာကို အသာခိုးကြည့်သည်။

‘ညက တစ်ညလုံး ငါအိပ်လို့မရပါဘူး၊ မင်းကို လုပ်ကြံဖို့နဲ့ ကယ်တင်ဖို့ ငါ့မှာ လွန်ဆွဲနေခဲ့ရတယ်၊ နောက်ဆုံးတော့ မင်းဘက်က အနိုင်ရသွားတာပဲပေါ့၊ ဒါကြောင့်လဲ တို့တွေ စီစဉ်ပြီးကြတဲ့အကြံကို မင်းဆီ အချိန်မီရအောင် သူတောင်းစားလို ဟန်ဆောင်ပြီး ပြောရတော့တာပဲကွ’

ခုမှ ချန်ယီလည်း ဇာတ်ရည်လည်ရလေတော့သည်။

‘ဒါဖြင့် အဲဒီခါးကုန်းကြီး ဘယ်မှာရှိတယ်ဆိုတာမသိနိုင်ဘူးလား’



မဟူရာလက်မည်းကြီးက ခေါင်းကို ယမ်းခါသည်။

‘ဘယ်သိနိုင်တော့မလဲကွယ်၊ ခါးကုန်းကြီးက အင်မတန်ပါးနပ်တဲ့ ပုဂ္ဂိုလ်ပဲ၊ လုပ်ကြံမှု ပျက်ဘယ်ဆိုတာနဲ့ သာစွာဖောက်လို့ဆိုတာ တွက်မိမှာပေါ့၊ သူနဲ့ငါ ဆုံစည်းကြတဲ့နေရာ ဘယ်လာတော့မလဲ။

‘နောက်ပြီး ကောင်းကင်ဖြူကို မင်းရောက်လာတာနဲ့ တစ်ချိန်က သူ့ရဲ့ ယုတ်မာမှုတွေ လူကြီးတွေရှေ့မှောက်မှာ ပေါ်ပေါက်သွားနိုင်တယ်လေ ပြေးရောပေါ့။

‘သူမျှော်လင့်ထားတဲ့သိုင်းကျမ်းကိုလဲမင်းက တတ်မြောက်ထားပြီဆိုတော့ သူ့ခမျာ စိတ်လျှော့လိုက်ရောပေါ့ကွာ၊ ငါ့အနေနဲ့ကတော့ ငါမရလဲ ငါ့သူ့သား မင်း ရလိုက်ပြီပဲ၊ ငါ ကျေနပ်ရမှာပေါ့၊ မဟုတ်ဘူးလားသားရယ်’

မဟူရာလက်မည်းကြီးရဲ့ နောက်ဆုံး နိဂုံးချုပ်ပြောသွားသော စကားများက တုန်လှုပ်နေခဲ့ရှာသည်။

ချန်ယီပင် နှလုံးသားထဲ နူးညံ့ကြည်နူးသွားရသည်။

ဖခင်ဖြစ်သူ၏မျက်နှာကို သူရဲရဲကြည့်ရှုလိုက်သည်။

မဟူရာလက်မည်းကြီး၏ မျက်လုံးအိမ်ဝယ် မျက်ရည်ကြည်များ ရစ်ဝဲစို့သီလျက်ရှိသည်ကို တွေ့ရှိလိုက်ရသည်။ သူကိုယ်တိုင်လည်း မျက်လုံးအစုံမှာ စိုစွတ်နေသည်ဟု ထင်မိသည်။

‘အဖေရဲ့ ပျက်ကွက်မှုတွေအတွက် ခွင့်လွှတ်ပါသား’

ချန်ကွေချင်းက ကြေကွဲဆို့နစ်စွာ တောင်းပန်သည်။

ချန်ယီ မည်သို့မှ မတုံ့ပြန်ဘဲ တစ်ဖက်သို့ မျက်နှာလွှဲလိုက်သည်။

ရုပ်ဆိုးလေးက လူကြီးနှစ်ဦး၏ မျက်ရည်ပေါက်များကို ထူးဆန်းစွာကြည့်ရင်း တိတ်ဆိတ်နေရှာသည်။

'သား ခွင့်မလွှတ်လဲ အဖေ ကျေနပ်ပါတယ်ကွယ်'

အသံက တိုးဖွဖွလေးပင် ဖြစ်သည်။ သို့သော် ချန်ယီ၏ နားထဲ၌မူ ကျယ်လောင်မြည်ဟည်းလှန်းလှသည် ထင်သည်။ ခံနိုင်ရည်မရှိတော့။ စိတ်လျှော့လိုက်မိတော့သည်။

'ခွင့်လွှတ်ပါတယ် အဖေရာ'

[ ၅၆ ]

သိုင်းဂိုဏ်းချုပ်ကြီးများ စုဝေးရာ စုရပ်ဆီသို့ တစ်ကောင်ကြွက် ချန်ယီနှင့် သူ့ဖခင်ဖြစ်သူ ပုလဲနက်ဂိုဏ်းချုပ် မဟူရာလက်မည်းကြီး ချန်ကွီးချင်း၊ သားဖြစ်သူ ရုပ်ဆိုးလေး တို့ သုံးဦးသား ရောက်ရှိသွားကြ၏။

ထိုအချိန်ဝယ် ယင်းနေရာ၌ ကောင်းကင်ပြူတစ်နေရာတွင် ရေလမ်းသေ သိုင်းကြေကျမ်းမဟာကျမ်းမှ သိုင်းကွက်အား အသုံးပြုသွားသည့် တစ်ကောင်ကြွက် ချန်ယီ ဂေ ၃၁ ဆွေးနွေးနေကြစဉ် ဖြစ်၏။

ငွေကျိုင်းဖြူဂိုဏ်းချုပ် ရွှေလှ မယ် ဖက်ကျင်ယံ အမှူးပြုသည့် ဂိုဏ်းချုပ်များဖြစ်သည့် ရွှေကျားပျံဂိုဏ်းမှ ကျောက်တင်းပုတ် လင်းပိန်းရှောင်၊ ပျံကျဂိုဏ်းမှ ဂိုဏ်းချုပ် သံဆော့ကျိုး တန့်ချူကွန်း၊ တေလေဂိုဏ်းမှ လက်ထောက် ဂိုဏ်းမှူး သံကွင်းရှင် ချိုက်ဝေး၊ နဂါးညီနောင်ဂိုဏ်းမှ အမြွာညီအစ်ကို ဟိုင်ကျင်းပိုနှင့် ဟိုင်ကျန်းဖိုတို့အပြင် အခြား သိုင်းအဖွဲ့အစည်းများမှ ခေါင်းဆောင်များလည်း တက်ရောက်လာကြ၏။

ထိုသိုင်းသမားက သည်သိုင်းကျမ်းအား မည်သူ့ ဆီမှမည်သို့ ရရှိသည်ဆိုသော ပြဿနာဖြစ်လေသည်။

ပထမဦးစွာ သိုင်းလောက၏ နာယကဖြစ်သော ရွှေလှ မယ် ဖက်ကျင်ယံက စတင်ပြောကြား၏။

'ခု တက်ရောက်လာတဲ့ ဂိုဏ်းချုပ်များကို ကျွန်မ ရှင်းပြပါ့မယ်၊ ပြီးတော့ ဆွေးနွေးကြပေါ့၊ မနေ့က ကျွန်မတို့ကောင်းကင်ဖြူမှာ တိုက်ပွဲတစ်ပွဲ ဖြစ်သွားပါတယ်၊ အနက်ရောင်သိုင်းသမားများနဲ့ တစ်ကောင်ကြွက်သိုင်းသမားချန်ယိ ဆိုတဲ့ သိုင်းသမားတို့ တိုက်ကြတဲ့ပွဲ ဖြစ်တယ်။

'အဲဒီမှာ ချန်ယိ ဆိုတဲ့သိုင်းသမားက တစ်ချိန်က ကျွန်မတို့ရဲ့ သိုင်းဦးသျှောင်ဆရာကြီး ဝူဇေ့ပေါင်ရဲ့ ရေလေမီးသေ သိုင်းကြေကျမ်း လေပြင်းနှင်တိုက်ကွက်ကို ထုတ်ဖော်သုံးစွဲသွားပါတယ်။



'တကယ်တော့ အဲဒီကျမ်းဟာ ကျွန်မတို့ သိုင်းဦးသျှောင် ဝူဇေ့ပေါင်ကို ယမ်းလုံးနဲ့ လုပ်ကြံပြီး လုယက်သွားတဲ့ မြေခွေးရှင် ကျင်စွံ လက်ထဲ ပါသွားခဲ့တာ ကြာပါပြီ။

'နောက်ပြီး တစ်ခု ထပ်သိရသေးတယ်၊ ဒီတစ်ကောင်ကြွက် ချန်ယိ ဆိုတဲ့ သိုင်းသမားကိုင်ဆောင်တဲ့ ဓားဟာလဲ မြေခွေးရှင်ရဲ့ဓားကြီး ဖြစ်နေပြန်ပါတယ်။

'ဒီတော့ ဒီသိုင်းသမားဟာ ရာဇဝတ်မှုကျူးလွန်သွားတဲ့ မြေခွေးရှင်နဲ့ ဆက်စပ်ပတ်သက်နေတာ သေချာပါတယ်။'

'ခု သူဟာ ကောင်းကင်ဖြူမြို့ရဲ့ တစ်နေရာမှာ ရောက်ရှိနေပါပြီ၊ သူ့အန္တရာယ်က အလွန်ကြီးမားနေပါတယ်၊ ဘာဖြစ်လို့လဲဆိုတော့ သိုင်းဦးသျှောင်ရဲ့ သိုင်းကျမ်းကို တတ်မြောက်သူဆိုလို့ သူတစ်ဦးတည်း ရှိနေခဲ့တယ်၊ သူ့ကို တစ်ဦးချင်း ဖက်ပြိုင် ယှဉ်နိုင်ဖို့ဆိုတာ မလွယ်ပါဘူး။

'ဒီတော့ ကျွန်မတို့တစ်တွေ သူ့ကို ရန်သူလိုသဘောထားပြီး ဝိုင်းဝန်းတိုက်ကြမလား၊ ဒါမှမဟုတ် မယှဉ်နိုင်တဲ့အတူတူ သိုင်းလောကရဲ့ ဦးသျှောင်အဖြစ် ဖိတ်ခေါ်ပြီး တင်မြှောက်ကြမလား၊ ဆုံးဖြတ်စေချင်ပါတယ်၊ အများသဘောအရ လုပ်ဆောင်ကြရပါ့မယ်ရှင်'

ရွှေလှ မယ် ဖက်ကျင်ယံက စကားချီးပြောပြီး ထိုင်သွားသည်နှင့် သိုင်းဆရာကြီးများမှာ တစ်ယောက်တစ်ပေါက် ကိုယ်ထင်ရာကိုယ် ပြောဆိုနေကြရာ တစ်ခန်းလုံးဆူညံနေတော့သည်။

'ရာဇဝတ်ကျူးလွန်တဲ့ မြွေခေါင်းကျင်စွယ်ထံက ဆက်ခံရယူသူဆိုတော့ သူလဲ ရာဇဝတ်သား ဖြစ်မနေဘူးလား'

'သူ့လို လူစိမ်းတစ်ဦးကို သိုင်းဦးခေါင်း တင်မြှောက်လို့ ဖြစ်ပါမလား'

'အခုပဲဖြစ်ဖြစ် သိုင်းပညာအရာမှာတော့ သူဟာ အထက်မြက်ဆုံး ဖြစ်နေပြီပဲ၊ သူ့ပဲ မြှောက်ရမှာပေါ့'

'ကျုပ်တို့တော့ စိုင်းဝန်းသား တိုက်ပစ်ချင်တယ်ဗျာ'

စသည်စသည်ဖြင့် ဝေဖန်ပြောဆိုနေကြသည်။

ထိုအခိုက် အခန်းဝသို့ ချန်ယီနှင့်အနက်ရောင် ဂိုဏ်းတစ်ဂိုဏ်းဖြစ်သည့် ပုလဲနက်ဂိုဏ်းချုပ် မဟူရာ လက်မည်းကြီးချန်ကွမ်းချင်းအား တွေ့မြင်လိုက်ကြရာ သိုင်းဆရာကြီးအချို့မှာ ဝုန်းခနဲ ထရပ်လိုက်မိကြ၏။

ဓားများကိုလည်း လျှင်မြန်စွာ ဆွဲထုတ်လိုက်ကြပြန်သည်။

ချန်ယီက ကက်ကာပြုပြီး မေတ္တာရပ်ခံစကားကိုဆိုလိုက်သည်။

'သည်းခံကြပါ ဆရာကြီးတို့၊ ကျွန်တော့်ရှေ့စကားကို ကျေးဇူးပြုပြီး နားထောင်ပေးကြပါခင်ဗျာ'

ဂိုဏ်းချုပ်ကြီးများမှာ ချန်ယီအား မြင်ဖူးကြသူ မရှိ၍ မည်သူမှန်းမသိ။ မဲဟူရာလက်မည်းကြီး ချန်ကွမ်းချင်းကိုသာလျှင် အနက်ရောင် သိုင်းသမားတစ်ဦးဟု သိရှိထားကြသည်။

'မင်းက ဘယ်သူလဲကွ'



'တစ်ကောင်ကြွက်ချန်ယီပါခင်ဗျာ'

ဝုန်းခနဲ ဖြစ်ကြပြန်လေသည်။ ဓားကို ဝင့်သူဝင့်၊ ဆွဲသူဆွဲ နေရာယူသူယူနှင့် ဝရုန်းသုန်းကားဖြစ်သောကြောင့်နာယကဖြစ်သူ ရွှေလှံမယ် ဖက်ကျင်ယံက ထရပ်ကာပြော၏။

သူမကလည်း လက်ထဲ၌ ရွှေလှံတံအား ကိုင်ဆောင်ထားလေသည်။

၁၄

'သူပြောတာ အလျစ်နားထောင်ကြပါဦးနော်'

အသံမာမာထန်ထန်နှင့် အော်ငေါက်လိုက်သဖြင့် တစ်ခန်းလုံး ငြိမ်သက်တိတ်ဆိတ်သွားလေသည်။

'ကျေးဇူးပါပဲခင်ဗျာ'

ချန်ယီက ယဉ်ကျေးသိမ်မွေ့စွာ စကားခံလိုက်ရင်းသိုင်းဆရာကြီးများကို အကဲခတ်ကြည့်လိုက်သည်။

သူတို့ကလည်း သူ့အား မမှိတ်မသုန် မျက်ခြည်ပြတ်မခံဘဲ စိုက်ကြည့်နေကြသည်။

ချန်ယီက စကားကို ဆက်လက်ပြောကြား၏။

'ကျွန်တော် ကောင်းကင်ဖြူကို ရောက်လာခြင်းဟာ လူတစ်ဦးရဲ့ အမှန်တရားကို ဖော်ထုတ်ပြောကြားဖို့သက်သက်ပဲ ဖြစ်ပါတယ်ခင်ဗျာ'

သူက လူကြီးများကို သိမ်မွေ့စွာပြောပြမှ အဆင်ပြေမည်ဟု ယူဆသဖြင့် စကားလုံးများအား ရွေးချယ်ပြီး ထုံ့ပိုင်းထုံ့ပိုင်းနှင့် ဖြည်းဖြည်းချင်း ပြောကြား၏။

'အဲဒီလူကတော့ မြွေခါးရှင်ကြီး ကျင်စွ°ပဲ ဖြစ်ပါတယ်'

အားလုံးသော လူများက တိတ်ဆိတ် ငြိမ်သက်နေကြသည်။

'သူဟာ သိုင်းလောကမှာ ထင်မြင်နေသလို လူဆိုးကြီး၊ လူ့ကောက်ကျစ်ကြီး၊ လူသတ်ကောင်ကြီးတစ်ဦး မဟုတ်ပါဘူးခင်ဗျာ၊ အင်မတန်မှ စိတ်ထားမွန်မြတ်တဲ့ မေတ္တာကြီးမားတဲ့ လူပုဂ္ဂိုလ်တစ်ဦးပဲ ဖြစ်ပါတယ်။

'ဟောဒီကလေးဟာ သူ့အသက်နဲ့ရင်းပြီး ကယ်တင်ခဲ့တဲ့ လူလေးဖြစ်ပါတယ်၊ သူဟာ ဒီကလေး လူ့ဘဝထဲ အသက်ရှင်ခွင့်ရဖို့အတွက် သူ့အသက်ကို စွန့်သွားခဲ့တဲ့သူပါပဲ'

ချန်ယ°က ကလေး၏ ဦးခေါင်းကို ပွတ်သပ်ပြီး ပြောလိုက်ရာ ဂိုဏ်းချုပ်ကြီးများ၏ မျက်လုံးအစုံမှာ ကလေးထံ ရောက်ရှိသွားကြ၏။

'ယူနန်ပြည်နယ်တွင်းက အင်မတန် ခေတ်နောက်ကျနေတဲ့ မျိုးနွယ်စုတစ်စုက ကလေးတစ်ဦးပါပဲ၊ သူ့ကို သူတို့မျိုးနွယ်ရဲ့ ဓလေ့စရိုက်အရ သေသွားတဲ့မိခင်နဲ့အတူ သတ်ပစ်ကြဖို့ စီစဉ်နေတုန်းမှာ မြွေခါးရှင် ဆရာကြီး ရောက်ရှိသွားပြီးလုယက်ခဲ့



ရတယ်၊ အဲဒီအတွက် သူလဲ အဆိပ်မိပြီး ကွယ်လွန်ခဲ့ရှာပါပြီခင်ဗျာ'

'အို ကျွတ် ကျွတ် ကျွတ်'

ကရုဏာသက်သံအချို့ ထွက်ပေါ်လာသဖြင့် ချန်ယ°အား [illegible]က်သွား၏။

'တစ်ကိုယ်တော် မြွေခါးရှင်ဟာ မိုးထိတောင်ထွတ်ပေါ်က သိုင်းဦးသျှောင် အဘိုး ဝူစေ့ပေါင်ရဲ့ ပညာအမွေ ဆက်ခံဖို့ ရွေးချယ်ခံထားရတဲ့ သိုင်းသမားကောင်းကြီး တစ်ဦးပဲ ဖြစ်ပါတယ်။

'အဘိုးဟာ တောင်ပေါ်က အောက်ကိုမဆင်းဘူးလို့ ကြေညာထားပေမယ့် သိုင်းကျမ်းကြီးကိုပြုစုရင်း သိုင်းပညာများကို ရှပ်ဖျက်ပြီး လေ့လာအကဲခတ်နေခဲ့တယ်ခင်ဗျာ၊ ကောင်းကင်ဖြူရဲ့ သိုင်းသတင်းအစုံကို အမြဲတမ်း သိရှိနေခဲ့သူဖြစ်ပါတယ်'

အဆောက်အအုံဘေးရှိ မြစ်ပြင်မှလေက ပြတင်းမှ တစ်ဆင့် တိုးဝင်လာသဖြင့် နားထောင်သူများမှာ အနည်းငယ် အေးမြသွားကြသည်။

'ကံဆိုးချင်တော့ အဘိုးဝူစေ့ပေါင်က သိုင်းကျမ်းကို ပေးမလို့ခေါ် ဆိုတဲ့နေ့မှာပဲ ယုတ်မာတဲ့ သိုင်းသမားကြီး နှစ်ယောက်ဟာ မိုးထိတောင်ပေါ်ကို ရောက်ရှိခဲ့တယ်။

'သူတို့နှစ်ယောက်ဟာ တစ်ယောက်က အနက်ရောင်သိုင်းသမားကြီးဖြစ်ပြီး တစ်ဦးက အဖြူရောင် သိုင်းသမားများ ဖြစ်ကြတယ်၊ သူတို့က အဘိုးကို အမျိုးမျိုး လှည့်စားပြီး

လုပ်ကြံနိုင်ခဲ့ကြပေမယ့် မြွေခေါင်းရှင်ဆရာကြီးနဲ့တွေ့ပြီး တစ်ဦးက အသေဆိုးနဲ့သေရရှာတယ်။

'တစ်ယောက်ကတော့ သေချင်ယောင်ဆောင်ပြီး ကောင်းကင်ဖြူကို အမြန်ဆုံးပြန်လာလို့ သိုင်းလူကြီးတွေကို မြွေခေါင်းရှင်ဟာ ဆရာကြီးဝူစေ့ပေါင်ကိုသတ်ပြီး ကျမ်းကို လုယက်သွားပါတယ်လို့ ချောက်တွန်းခဲ့တာပါပဲ။

'ဖြေရှင်းခွင့် မရတော့ဘဲ မြွေခေါင်းရှင်ဟာ ကျမ်းကြီးနဲ့အတူ ယူနန်နယ်ဘက်ကို ထွက်ပြေးလာခဲ့ပါတယ် ခင်ဗျာ'

ဟုတ်တာပေါ့၊ သူအထင်လွဲခံရရှာတာပဲ၊ အင်း...မြွေခေါင်းရှင် မြွေခေါင်းရှင်'

ဝမ်းနည်းကြေကွဲသံ တစ်စက ထွက်ပေါ်လာခဲ့ပြန်လေသည်။

'အဲဒီယူနန်ပြည်နယ်ထဲမှာ ကျွန်တော်နဲ့ တွေ့ဆုံပါတယ်၊ သူ သေဆုံးခါနီးနေပါပြီ၊ မွေးကင်းစ ဟောဒီကလေးက ရက်သားလေးပဲရှိပါသေးတယ်ခင်ဗျ၊ ကျွန်တော့်ထံ ကလေးကို အပ်နှံတယ်။

'ကျွေးမွေးစောင့်ရှောက်ဖို့၊ ပြီးတော့ သူ့ရဲ့မြွေခေါင်းကြီးကို ပေးတယ်၊ နောက်တော့ အဘိုး သိုင်းဦးသျှောင်ရဲ့သိုင်းမဟာကျမ်းကြီးကို လက်ဆင့်ကမ်းပေးသွားတာပါပဲ။

'ကျွန်တော်နဲ့ပတ်သက်လို့ကတော့ ဒါလောက်ပါပဲ၊ ဆက်လက်ပြီး ကျွန်တော်ဖခင်ဖြစ်သူ မဟူရာ လက်မည်းကြီးက ပြောပြပါ့မယ် ခင်ဗျာ၊ ကျေးဇူးပြုပြီး ဆက်လက်နားထောင်ပေးကြပါ'



တစ်ကောင်ကြွက် ချန်ယီက ရှည်လျားစွာ ပြောကြားပြီး ဖခင်အား ဆက်လက် တာဝန်ပေးလိုက်၏။

ထို့နောက် သူ့မျက်လုံးအစုံကို ပြတင်းမှ မြစ်ပြင်ဘက်ဆီ မှိုလွှတ်ထားလိုက်သည်။

ထိုမြစ်ပြင်အလယ်ဝယ် ဆရာကြီး မြေခွေးရှင်၏ မျက်နှာကို သူမြင်ယောင်နေလေသည်။

မဟူရာ လက်မည်းကြီး ချန်ကွိုးချင်းက မတ်တတ်ရပ်လိုက်သည်။

'ကျွန်တော့်သား ချန်ယိကြောင့် ဒီအဖြူရောင် သိုင်း

၃၆ ဆရာကြီးများရှေ့ ကျွန်တော်လာဝံ့တာပါ ခင်ဗျာ၊ ကျွန်

တော်က ရွှေခေါင်းလောင်းမြို့က အနက်ရောင် သိုင်းသမား ပါ။

'ကျွန်တော့်ဂိုဏ်းသားတွေကို ဟောဒီ တစ်ကောင်ကြွက် ချန်ယီ ဆိုတဲ့ သိုင်းသမားက အနိုင်ယူ သတ်သွားလို့ မခံချင် စိတ်နဲ့ ကောင်းကင်ဖြူကို လိုက်လာခဲ့တာပါ၊ ဘာဖြစ်လို့လဲ ဆိုတော့ တစ်ချိန်က နာမည်ရကျော်ကြားခဲ့တဲ့ မြွေဓားရှင်ရဲ့ ဒဏ်ရာ ဒဏ်ချက်များနဲ့ ကျွန်တော့်လူတွေ သေဆုံးခဲ့ကြ လို့ပဲ'

သူက သိုင်းဆရာကြီးများကို အကဲခတ် ကြည့်လိုက်ပြန် သည်။

အားလုံးသောသူတို့ သူ့စကား၌ စိတ်ဝင်စားနေကြသည် ကိုသိ၍ ဆက်လက်ပြောကြားပြန်သည်။

'ဒီမြို့ရောက်တော့ ကျောက်ပင့်ကူဂိုဏ်းကသာစ်ဆင့် အနက် ရောင် နဂါးနက်ဂိုဏ်းချုပ် ခါးကုန်းကြီး ဂေါ်ကျင်ခုန်းနဲ့ ဆက်သွယ်မိတယ်၊ သူက ဒီချန်ယီ ဆိုတဲ့ကောင်မှာ မြွေဓား တောင် ရှိနေရင် သိုင်းကျမ်းလဲရှိနေရမယ်လို့ ပြောကယ်။

'တစ်ချိန်က လွတ်ထွက်သွားတဲ့ သိုင်းကျမ်းကို ပြန်ရဖို့ တိုင်ပင်ကြတယ်၊ ဒီကောင် ကောင်းကင်ဖြူရောက်လာတာနဲ့ အလစ်ဝင်တိုက်ပြီး ကျမ်းကိုလုဖို့ပဲ၊ ဒါပေမယ့် သူ့ကံဆိုး ချင်တော့ သူသာန်မှာအိပ်စက်ကြတဲ့ တစ်ညမှာ ချန်ယီဟာ ကျွန်တော်ပစ်ပယ်ထားမိတဲ့ သားအရင်းမှန်း သိလာရတော့ တယ်။



'အဲဒီမှာတင် ကျွန်တော်နဲ့ ဂေါ်ကျင်ခုန်းတို့ စီစဉ်ထားတဲ့ ချန်ယီကိုလုပ်ကြံမှုတွေပျက်အောင် ကျွန်တော် ချန်ယီကို အသိပေးပါတယ်၊ ဒါကြောင့်လဲ ချန်ယီက သူတို့ရဲ့လုပ်ကြံမှု ကို အနိုင်ရချေမှုန်းနိုင်ခဲ့တယ်။

'သိုင်းကျမ်းမဟာက တိုက်ကွက်တွေကိုလဲ ထုတ်သုံးပြီး တိုက်ရတယ်၊ ဒါကြောင့် ဂေါ်ကျင်ခုန်းတို့ရဲ့ လူတွေရှုံးပြီး သူကတော့ လွတ်မြောက်သွားလေရဲ့ဗျာ'

'ဟောဒီမှာ အတိုးသိုင်းဦးသျှောင် ဝူဇေ့ပေါင်ရဲ့ သိုင်း မဟာကျမ်းကြီး လူကြီးမင်းတို့ထံ ပြန်လည်အပ်နှံခဲ့ပါတယ်၊ ကွယ်လွန်သူ မြွေဓားရှင်ရဲ့ ဆန္ဒအရပါပဲခင်ဗျာ'

'ဟာ'

'ဟင်'

မဟူရာလက်မည်းကြီး ချန်ကွမ်းချင်းက ရှပ်ဆိုးလေးရဲ့ ကျောတွင် သယ်ပိုးလာသည့် ကျမ်းကြီးထည့်ထားသောအိတ် အား စားပွဲပေါ် တင်ပေးလိုက်သည်။

သိုင်းလူကြီးများ၏ မျက်လုံးများက ရှေးရေလာမီးသော သိုင်းကြေကျမ်းမဟာ' ကျမ်းကြီးထံ ရောက်ရှိနေကြတော့ သည်။အမှန်တကယ်လည်း မည်သူမှ သည်ကျမ်းကို မြင်ဖူးကြ သည် မဟုတ်။ ထို့ကြောင့် စိတ်ဝင်စားစွာ ကြည့်ရှုစစ်ဆေး ကြသည်။

အခန်းထဲရှိ လူအားလုံးမှာ သိုင်းကျမ်းကြီးတွင် စိတ် ရောက်နေကြလေရာ အခန်းပေါက်ဝ၌ ရောက်ရှိလာသော ရန်သူများအား သတိမထားမိကြပေ။

ထိုရန်သူများကား နဂါးနက်ဂိုဏ်းချုပ် ခါးကုန်းကြီး ဂေါကျင်ခုန်းနှင့် သူ့နောက်လိုက် ဓားသမားအချို့ပင် ဖြစ်သည်။

ဂေါကျင်ခုန်း၏လက်ထဲ၌ သိုင်းဦးသျှောင်အဘိုး ဝူစေပေါင် သေဆုံးခဲ့ရသည့် ယမ်းဗုံးမျိုး၊

'ဘယ်သူမှမလှုပ်နဲ့၊ လှုပ်တာနဲ့ ဟောဒီယမ်းဗုံးကို အခွဲပဲ၊ မင်းတို့ရဲ့ သိုင်းဦးသျှောင်ကြီး အသေဆိုးနဲ့ သေသွားခဲ့တာ ဟောဒါလေးကြောင့်ကွ ဟား ဟား ဟား'

သိုင်းဂိုဏ်းချုပ်ဆရာကြီးများမှာ မျက်နှာပျက်နေကြ၏။ သိုင်းနာယကကြီး ရွှေလှုံမယ် ဖက်ကျင်ယံက လှံတံကို ကျစ်ကျစ်ပါအောင် ဆုပ်နေမိသည်။

'ကျေးဇူးပဲ မဟူညာရေ့၊ ကျမ်းကြီးကို ခုလိုယူလာပေးရတော့ မောင်ရင် သစ္စာဖောက်တာတွေကို မေ့ပစ်လိုက်ပါပြီ ဟဲ ဟဲ ဟဲ၊ ရေလေမီးသေ သိုင်းကိုလေ့ကျင့်ပြီး တစ်ချိန်ကျရင် ကျုပ်ပြန်လာခဲ့ပါ့မယ်၊ အဲဒီအခါကျရင် ခါးကုန်းကြီး ဂေါကျင်ခုန်း မဟုတ်တော့ဘူးနော်၊ သိုင်းဦးသျှောင် ဂေါကျင်ခုန်း ဖြစ်မှာဗျို့'

သူက ပြောပြောဆိုဆို သိုင်းကျမ်းအိတ်ကြီးကို ဆွဲယူလိုက်၏။ ထိုအခွင့်အရေးကို မလွှတ်တမ်း အသုံးချလိုက်သည်က မဟူရာလက်မည်းကြီး ချန်ကွေးချင်းသာ ဖြစ်သည်။

သူက သူ၏ လက်မည်းကြီးနှင့် ယမ်းဗုံးအား ကိုင်ဆောင်ထားသည့် ဂေါကျင်ခုန်း၏ လက်အား ရိုက်ချလိုက်ခြင်း ဖြစ်သည်။



'ဝုန်း'

'ဝုန်း'

ပေါက်ကွဲသံက ကျယ်လောင်စွာ မြည်ဟည်းသွားခဲ့သည်။ တစ်ခန်းလုံး သေသွေးသံရဲရဲဖြစ်သွား၏။

## ၃၉

### အနိဋ္ဌာရုံ

ယမ်းဗုံးပေါက်သည်နှင့် ရှေ့တွင်ရှိသောရုပ်ဆိုးလေးအား ချန်ယီကာ မြင်ခရထဲ ပစ်ချလိုက်ရသည်။ ပြီးတော့ သူကိုယ်တိုင်လည်း ယမ်းဗုံးနှင့် ဝေးနိုင်သမျှဝေးအောင် ခုန်ထွက်သွားခဲ့၏။

ယမ်းဗုံးကြောင့် ဗုံးဆန်သင့်ပြီး ဂေါ်ကျင်ခုန်းရော မဟူရာလက်မည်းရော သွေးသံရဲရဲနှင့် ပစ်လဲကျနေကြ၏။ မီးများပင် သူတို့အား လောင်ကျွမ်းနေခဲ့ပြီ။

ထို့အတူ 'ရေလေမီးသေ သိုင်းကြေကျမ်းမဟာ' ကျမ်းလည်း အစိတ်စိတ်အမြွာမြွာ တစ်စစီဖြစ်သွားခဲ့သည်။

ဂိုဏ်းချုပ်ဆရာကြီးအချို့လည်း ဒဏ်ရာရကြပြီး သေ့းများ ပေကျံစွန်းထင်နေကြကုန်သည်။

ဂိုဏ်းချုပ်ကြီးများ စုစည်းရာအခန်းကား အကျိုးကျိုးအပဲ့ပဲ့နှင့် ရစရာမရှိအောင် ပျက်စီးသွားတော့သည်။

'ပါပါရေ သားကိုကယ်ပါဦး'

မြစ်ထဲမှ ကလေး၏ အော်ဟစ် အကူအညီတောင်းခံသံက စီခနဲထွက်ပေါ်လာသည်။

ချန်ယီ မြစ်ထဲသို့ လှမ်းကြည့်မိ၏။ ရှပ်ဆိုးလေးက ယက်ကန် ယက်ကန်နှင့် မြစ်ထဲစီးမျောနေရှာ၏။

'သား.... ချန်ယီရေ၊ အဖေ့ကိုကယ်ပါဦးကွယ်'

အင်္ကျီဘောင်းဘီများအား မီးစတို့ကလောင်ကျွမ်းနေ၏။ ဖခင်ဖြစ်သူ၏ အော်ဟစ်ခေါ်ဆိုသံကြောင့် တုံ့ခနဲ ဖြစ်သွားရှာသည်။

'ပါပါရေ....ပါပါရေ'

မြစ်ရေက အစီးသန်လှသည်။ ကလေး၏ အော်ဟစ်သံက ဝေးဝေးသွားပြန်၏။

ချန်ယီမှာ ပြတင်းပေါက်ပေါင်ပေါ်၌ရှိသည်။

ဖခင်ထံသွားရမည်လား၊ သားလေးရှပ်ဆိုးထံ သွားရမည်လား၊ တစ်ယောက်ယောက်ကိုတော့ လွှတ်ရမည်ဖြစ်သည်။

အချိန်ဆွဲ၍မဖြစ် ချန်ယီ မြစ်ထဲသို့ ခုန်ချလိုက်ရသည်။ ထို့နောက် မြစ်ပြင်ကျယ်အား လက်ဝါးစောင်းနှင့် ခုတ်ချလိုက်ရာ မြစ်ရေမှာ ထူးဆန်းစွာ တန့်ရပ်သွားလေသည်။



ချန်ယီသည် ရှပ်ဆိုးလေးအား မြစ်ရေကျယ်မှ အလွယ်တကူ ဆယ်မ,ယူလိုက်ရ၏။

ရှပ်ဆိုးအား ပွေ့ချီပြီး အခန်းသို့ ပြန်လာသောအခါ မြင်ရသော မြင်ကွင်းကြောင့် ချန်ယီ၏ရင်ထဲဆို့သွားသည်။ ဖခင်ကား သူ၏မိတ်ဆွေ ခါးကုန်းကြီး ဂေါ်ကျင်ခုန်းထံ သွားရင်း လဲကျသေဆုံးနေခဲ့သည်။

ဂိုဏ်းချုပ်ကြီးများ၏ စုရပ်အခန်းမှာ သွေးများ အလိမ်းလိမ်း ပေကျံစွန်းထင်းနေသည့် အနိဋ္ဌာရုံအခန်းကြီး ဖြစ်နေလေတော့သည်။

ရေလေမီးသေ သိုင်းကြေကျမ်းမဟာ' ပေရွက်များမှာလည်း တစ်စစီ ဖွာဆန်ကြ၍ ပျက်စီးသွားခဲ့ပါပြီကော။

လူများစွာသေကျေကြလျက် နောက်ဆုံးတစ်နေ့ကျတော့ သူကိုယ်တိုင်ပင်လျှင် ပျက်စီးယိုယွင်းခြင်းနှင့် နိဂုံးချုပ်ခဲ့ရလေပြီဖြစ်၏။

'ဟိုမှာ ပါပါရဲ့ပါပါ၊ ဘိုးဘိုးလေ.... သွေးတွေနဲ့နော်'

'သူ သေရှာပြီ သားရယ်'

'ဟီး ဟီး'

သားလေး ရှပ်ဆိုးက - မပြောမဆို ငိုကြွေးလိုက်သဖြင့် ချန်ယီလည်း ကြေကွဲဆို့နစ်လာကာ မျက်ရည်များကျဆင်းလာသည်။

မွေးကတည်းက ဖအေဆိုတာ ဘာမှန်းမသိခဲ့ရသည့် မိမိမှာ ဖအေလည်းတွေ့ရော သေခြင်းတရားက ခေါ်ဆောင်သွားခဲ့ပြန်ပြီလေ။

'မငိုနဲ့သားရယ်၊ ယောကျ်ားဆိုတာ မငိုရဘူးကွယ့်'

'ပါပါလဲ မျက်ရည်တွေကျနေတာပဲမဟုတ်လား'

'အေး....ပါပါလဲ မျက်ရည်တွေ သုတ်လိုက်မယ်၊ သားလဲ တိတ်တော့နော် ဟုတ်လား'

ချန်ယိသည် ရှပ်ဆိုးလေး၏မျက်ရည်စများကို ယုယစွာ သုတ်လိုက်၏။

ရှား
င်ပေါ်
ာမ်း

[ ၆၀ ]

**အိမ်ပြန်လမ်း**

ကောင်းကင်ဖြူမြို့ပေါက်တွင် ဖြစ်သည်။ တစ်ကောင်ကြွက် ချန်ယိနှင့် သားလေးရှပ်ဆိုးတို့ မြင်းတစ်စီးပေါ်ဝယ် ခရီးထွက်ရန် အဆင်သင့်ဖြစ်နေကြပြီ။

မြင်း၏နောက်ဘက်၌ ဖခင်ဖြစ်သူ မဟူရာလက်မည်း၏ ရုပ်အလောင်းကို ဆွဲချိတ်ထား၏။

အလောင်း၏အောက်ဘက်မှ သစ်သားပြားနှင့် ခံထားပေးသည်။ အလောင်းအား ပိတ်ဖြူတစ်စ အုပ်မိုးထားခဲ့၏။

'အားလုံးပဲ သွားတော့မယ်နော်'

တစ်ကောင်ကြွက် ချန်ယိက လိုက်ပို့ကြသူများအား နှုတ်ဆက်လိုက်သည်။

'နောက်တစ်ကြိမ် ကောင်းကင်ဖြူကို ပြန်လည်လာရင် အဖော်ပါအောင် ခေါ်ခဲ့ကွယ့်'

ရွှေလုံမယ် ဖက်ကျင်ယံက ချန်ယီအား နောက်ပြောင် နှုတ်ဆက်သည်။ သူမက ချန်ယီအား လက်ပြ၍ ယမ်း မနှုတ်ဆက်နိုင်ပေ။ လက်တွင် ယမ်းစထိမှန် ဒဏ်ရာရထားသဖြင့် ပတ်တီးစည်းထားရ၏။

'သွားတော့ဟေ့....နှစ်ကောင်ကြွက်ရေ'

ကျားပျံဂိုဏ်းချုပ် ကျောက်တင်းပုတ်ကြီး လင်ပိန်းချောင်ကလည်း ချန်ယီ့ကျောကို ပုတ်လျက်နှုတ်ဆက်သည်။

သူ့နှုတ်ဆက်သံက ခပ်လေးလေး မပီသပီ။

သူ့နှုတ်ခမ်း တစ်ဝိုက်တွင်လည်း ယမ်းများ လောင်၍ ပါးစပ်ပင် မဟနိုင်ရှာ။

'ငါမင်းတို့ယူနန်နယ်ထဲ လာခဲ့ဦးမယ်ကွ'

ပျံကျဂိုဏ်းချုပ် သံထော့ကျိုး တန်ချူကွန်းကလည်း ချိုင်းထောက်အသစ်တစ်ချောင်းနှင့် ဖြစ်နေပြန်သည်။

သူလည်း ထိုနေ့က ခြေထောက်၌ ယမ်းစမှန်ပြီး ခွဲစိတ်ကုသထားရရှာသည်။

'ကောင်းသွားပါ၊ ကျွန်တော်တို့ရွာမှာ ဘိုးဘွားရိပ်သာရှိပါတယ်ခင်ဗျ....ဟဲ ဟဲ'

ချန်ယီက ပြန်လည် နောက်ပြောင်လိုက်မိသည်။ ခြေနှစ်ချောင်းထောက်နှင့်လူအဖို့ ဝေးလံလှသော ယူနန်နယ်ထဲ ရောက်ဖို့ဆိုသည်က အတော်ခက်ခဲမည်လေ။



'ဟိတ်....ရုပ်ဆိုး၊ နောက်တစ်ခါ ကောင်းကင်ဖြူလာရင် လှအောင်ပြင်ခဲ့ကွာ၊ တို့မြို့က ရုပ်ဆိုးရင် ပေးမဝင်ဘူး'

သံကွင်းရှင်ချိုက်ဝေးက ကျီစယ်လိုက်ရာ ပြန်ပြောလိုက်သည့် စကားကြောင့် တေလေဂိုဏ်းခွဲမှူးကြီးခမျာ တိတ်သွားတော့၏။

'မြို့ထဲပေးမဝင်လဲ ဦးသမီးနဲ့ မြို့ပြင်ချိန်းတွေ့ရင် ရပါတယ်ဦးရဲ့ ဟဲ ဟဲ'

'တို့မျှား ကောင်းကင်ဖြူက စိတ်ထားဖြူတဲ့ လူတွေများပါတယ် ချန်ယီ၊ ခါးကုန်းကြီး ဂေါ်ကျင်ခုန်းကလွဲရင်ပေါ့ကွာ၊ ကောင်းကင်တောင် မေးကြည့်လိုက်စမ်း၊ အမြဲတမ်းဖြူနေတယ်ကွ၊ နောက်တစ်ခါလာခဲ့ဦးနော်'

နဂါးညီနောင်ဂိုဏ်းမှ အမြွှာကြီး ဟိုက်ကျင်းပိုက ဝင်ပြော၏။ အမြွှာငယ် ဟိုင်ကျန်းပိုကတော့ စကားနည်းသူပီပီ ပြုံးနေ၏။

သူတို့ညီအစ်ကိုလည်း ခြေထောက်နှင့်လက်တွင် ဒဏ်ရာ ကိုယ်စီနှင့်ဖြစ်နေကြသည်။

'ဒီတစ်ခါ တကယ်သွားတော့မယ်ဗျို့'

ချန်ယီက မြင်းကိုခြေဖနောင့်နှင့် ဆတ်လိုက်ပြီး စတင်စီးနှင်သည်။

ကောင်းကင်ဖြူမှ သိုင်းဂိုဏ်းချုပ်များက ဒဏ်ရာကိုယ်စီနှင့် နှုတ်ဆက်ကြ၏။

မကြာမီ သူတို့လူစုမှာ ကောင်းကင်ဖြူနှင့်အတူ ဝေး၍ဝေး၍ ကျန်ရစ်ခဲ့၏။

'ဟင်း....'

သည့်တော့မှ ချန်ယီမှာ သက်ပြင်းတစ်ချက် ချဖြစ်သည်။ ဒါကို ရှစ်ဆိုးလေးက သတိထားမိပြီး မေး၏။

'ပါပါ....ဘာဖြစ်လို့သက်ပြင်းချတာလဲဟင်'

'ကြော်...တာဝန်တစ်ရပ်ပြီးဆုံးလို့ပေါ့သားရယ်'

ချန်ယီက အဆင်ပြေအောင်ဖြေလိုက်ရ၏။

သူတို့တွေ ဝိုင်းဖန်းထားနေသည့်ကြားက ထွက် လာခဲ့ရသည်ကိုတော့ တမကောင်းဖြစ်မိ၏။

ကောင်းကင်ဖြူမှာပဲ သားအဖနှစ်ဦး သိုင်းဂိုဏ်း ဟစ်ဂိုဏ်း ထူထောင်၍နေရန် ဝိုင်းတိုက်တွန်းကြသည်။

ချန်ယီက မြေခွားရှင်ကဲ့သို့ပင် ဂိုဏ်းထူထောင်၍ အသက်မမွေးချင်။ တတ်ထားသည့်သိုင်းပညာက ကောင်းကင်ဖြူဝယ် လူဝင်ဆံ့ပြီး နေထာရနိုင်သည်မှာ သေချာ၏။

ထိုရာတွင် ဒါကို သူ စိတ်မဝင်စား။ ယယ်စဉ်က 'ဖခင်မဲ့သား' 'အဖေမရှိတဲ့ကောင်' စသည့် ပြောဆိုခံရမှုများကို ချေဖျက်လိုသည်လေ။ ခု သူ၌ ဖခင်အရင်းကြီးပါလာပြီ ဖြစ်သည်။

ဖခင်အား ရွာတွင် ကောင်းမွန်စွာ သင်္ဂြိုဟ်ရမည် ဖြစ်သည်။

တစ်ကောင်ကြွက် ချန်ယီမဟုတ်တော့ကြောင်း ပြသရမည်လေ။

သူ၌ သားတစ်ဦးလည်းရှိပြီ။ သိုင်းပညာမှာလည်း လူတကာကို ဆရာလုပ်နိုင်သည့်အဆင့်မျိုးလည်း ရခဲ့ပြီ။



သူ့အား မည်သူက တစ်ကောင်ကြွက် ချန်ယီဟု ခေါ်ကြတော့မည်နည်း။

သိုင်းလောက တစ်ခုလုံးက အသက်ပေါင်းများစွာ အသေခံပြီး လိုချင်တပ်မက်ခဲ့သည့် 'ရေ လေ မီးသေ သိုင်းကြေ ကျမ်းမဟာ' အား ဓပတစ်အုပ်လုံးကုန်အောင် လေ့ကျင့် တတ်မြောက်ခဲ့လေသူ ချန်ယီသည် ရွာမှ သူငယ်ချင်းများအား သူ့၌ဖခင်ရှိပြီး သားတစ်ဦးလည်း ရှိပြီဆိုတာကို ပြောချင် ပြချင်သည်မှာ စိတ်ထဲဝယ် မရိုးမရွ ဖြစ်လွန်းလှသဖြင့် မြင်းကိုသာ ဒုန်းစိုင်းနှင်နေမိတော့၏။

ဇာတ်သိမ်းပိုင်းပြီး။

ရဲမာန်အောင်